# ဆယ့်နှစ်ကြိုးဝတ္ထုတိုများ

*မိမိစိတ်ကြိုက်ဝတ္ထုတိုစုစည်းမှု*

နေဝင်းမြင့်




http://www.mmcybermedia.com
စာအုပ်ဝင် မန်ဘာများမှ စာစဉ် စာရိုက်ပြီး အများဖတ်ရှုနိုင်ရန်
pdf ထွက်သည်အထိ ကြိုးပမ်းထားပါသည်။




# မြန်မာဆိုက်ဘာမီဒီယာ စာအုပ်စင် မန်ဘာများ၏ ကြိုးစားအားထုတ်မှု

MMCYBERMEDIA
COMMUNITY FOR ALL

စာမူခွင့်ပြုချက်အမှတ်

၅၀၀၇၇၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၀၁၁၀၈၀၉

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် (၅၀၀) အုပ်၊ ဩဂုတ်၊ ၂၀၀၉

မျက်နှာဖုံးနှင့် အတွင်းပန်းချီ

ကိုကိုနိုင်

အတွင်းဖလင်

A Seven Group

A ဖုံးဖလင်

Star

ကွန်ပျူတာစာစီ

Dream City

တန်ဖိုး

၂၁၀၀ ကျပ်

ရှုဝံစာA ပ်တိုက်

၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့ကထုတ်ဝေ၍

ဒေါ်ချိုချိုငA း (ရှုဝံပုံနှိပ်တိုက်) A မှတ် (၈၈)၊ ၅၁ လမ်း၊ ရန်ကုန်မြို့က

A တွင်းစာသားများနှင့်

မျက်နှာဖုံးကို ပုံနှိပ်ပါသည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

# မာတိကာ

မြစ်ဆိပ်ရဲ့သီချင်း
သီပေါခင်ကြိုင်
အတောင်ကျွတ်ငှက်
နှင့် အင်မတန် ပလီတယ်ဆိုရင်ဖြင့် ခံရမှာပါမလွဲ
တိုက်-၁၃၊ အခန်း-၄
ဝတ်လဲတော်ပုဆိုး ပိုးမျိုးငယ်ပါပါစေ
လမ်းကျဉ်းကလေး
မြေခွေး
ဟွန်းတယော
ကြော်ငြာလှည်း
ထဘီဖာ လိုပါသေးရဲ့…
ကွဲအက်နာရီ

http://www.mmcybermedia.com

# မြစ်ဆိပ်ရဲ့သီချင်း

-၁-

မျက်နှာကိုတိုးဝှေ့နေသော လေတွေထဲမှာ ဆားငွေ့တွေ ပါသည်။ ပြီးတော့ ရွှံ့နှစ်နံ့လိုလို ညှီစို့စို့အနံ့တွေ ပါသည်။

မြစ်ရေသည် အကျဖြစ်၍ ဇောတံတားသည် ဦးစောက်ဖင်ထောင် ဖြစ်နေသည်။ ရေကျ ဖြစ်သဖြင့် ရွှံ့နှစ်နိမ့်လျှောသည် ညစ်ပတ်နေလေသည်။ ဇောတံတားပေါ်မှာတော့ လူတွေက သစ်လွင်တောက်ပ နေပြန်သည်။

သင်္ဘောထွက်တော့မည်။ ကျွန်တော်က ဇောတံတားအစပ်မှာ ထိုင်ရင်း ရောင်စုံခရီးသည်များ၊ ငါးမျှားသူများ၊ ကုန်ထမ်းဝန်ထမ်းများ အားလုံးကို ငေးကြည့်နေမိလေသည်။

ဇောတံတားအောက်က ဘော်ယာပေါ်မှာတော့ လူတွေ သိပ်များများစားစား မရှိလှ။ လှေသမားတချို့ ရှိသည်၊ ဖွဲလှေတွေ ရှိသည်၊ ရေခဲလှေတွေ ရှိသည်။

"အမေတို့ကတော့ ခက်တာပဲအမေရာ... သုံးရာဆိုတဲ့ ပိုက်ဆံက နည်းတာမှတ်လို့။ ဒီတစ်ခါလာမေးရင် သမီးကတော့ ရောင်းမှာပဲ"

"တော်စမ်းပါအေ... ဒီတစ်ခါထပ်ပြောရင် ညည်းပါးထပ်ကျိုးမယ် မှတ်ထား။ မိန်းမယုတ်မ... အလေနတောမ..."

"ဘာဖြစ်လို့မပြောရမှာလဲ။ အမေတို့က ကျွန်မရှာတာစားနေရတော့ ထမင်းဘယ်လိုရှာရသလဲ အမေမှ မသိတာ"

"ဘာအေ... ညည်း ဘာစကားပြောတာလဲ။ ငါက ထမင်းဘယ်လိုရှာရတာ မသိဘူး ဟုတ်လား... ကန်းမ... ဒါ ကျေးဇူးဆပ်တာပေါ့လေ"

အသံတွေက အားလုံးကိုထွင်းဖောက် ပေါ်နေခြင်းဖြစ်သည်။ ကျွန်တော်က ဇောတံတားအောက်ကို လှမ်းကြည့်လိုက်သည်။ မြင်နိုင်သလောက်က မိန်းမရွယ်တစ်ယောက်၊ အသက်ကြီးကြီး မိန်းမတစ်ယောက်။ နောက် စောင်ပုခက်တစ်လုံး။ ဘော်ယာအလယ်မှာ ဒန်အိုးပိန်လေး နှစ်လုံး ရှိသည်။ မှောက်ထားသော ချိုင့်အဟောင်းကလေး တစ်လုံးရှိသည်။

"ကိုင်း... ထွက်ဦးဟဲ့... ထမင်းမစားရသေးဘူး"

"အမေ ဆာပြီလား"

"သင်္ဘောကြီးတောင် ထွက်တော့မယ်အေ့... လေးနာရီ ထိုးတော့မယ်။ အချိန်မနည်းတော့ဘူး"

"မနက်က ဆီ နှစ်ပုလင်းကို မအေးတို့ကိုပဲ ပေးလိုက်မယ်။ ဈေးတော့နိမ့်တယ် အမေရဲ့၊ ဒါပေမဲ့ မတင်းရဲပါဘူး။ ရသလောက်ပေါ့"

"ပေးလိုက်ပါအေ... ညည်း ပိုက်ဆံတက်ယူလိုက်။ နည်းနည်းလိုတဲ့ ဆီ တက်စုကြည့်ပါဦးလား"

MMCYBERMEDIA
COMMUNITY FOR ALL

"အင်းပါ"

"ဒီမယ်… နောက် ထမင်းဝယ်ရင် ငါးဖယ်ငါးဆုပ်ဟင်းပဲ ဝယ်ပါဟယ်။ ဟင်းရည်များများ ဆမ်းခိုင်းကြားလား… မနေ့က ညည်းဝယ်တာ ခြောက်ခြောက်ကြီး"

"အင်းပါ"

မိန်းမရွယ်က တံတားအောက်က အပြင်ကိုထွက်လာသည်။ ဖိနပ်မပါသော သူမ၏ခြေထောက်တွေက ရွှံ့နှစ်တွေကို တစွက်စွက် နင်းဖြတ်လာခြင်း ဖြစ်သည်။ လက်ထဲမှာ နို့မှုန့်ဘူးခွံတစ်လုံး ပါလာသည်။ ရေမြှုပ်တစ်စ ပါသည်။

သူတို့သားအမိကို ငေးကြည့်နေသော ကျွန်တော့်ကို သူမ သတိပြုမိသွားသည်။ ပြုံးပြသည်။ ထိုအပြုံးတွေကို ကျွန်တော် နားလည်သည်။ သူမက ခပ်လှမ်းလှမ်းက ဆီတိုင်ကီတွေဆီကို သွားနေသည်။ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့၏ အမည်တွေ ရေးထိုးထားသည့် ဆီတိုင်ကီတွေ ဖြစ်သည်။

ဆီပုံးတွေကို စောင့်သောလူတစ်ယောက်နှင့် သူမ စကားပြောသည်။ ထောင်တချို့ လဲတချို့ ဒီဇယ်ပုံးတွေက ဒီဇယ်ဆီတွေ ဖိတ်အန်ကျနေတာ ရှိသည်။ သူမက ရေမြှုပ်နှင့် စုပ်သည်။ နို့မှုန့်ဘူးခွံထဲ ညှစ်ထည့်သည်။

သင်္ဘောကြီး ထွက်တော့မည်။ အချက်ပေး ခေါင်းလောင်းသံကြောင့် လူတွေ ပိုမိုလှုပ်ရှားပြေးလွှားနေကြသည်။ ရန်ကုန်မြစ်သည် ဆည်းဆာနေရောင်ခြည်အောက်မှာ ရယ်မောနေလေသည်။

* * *

-၂-

ရေပြင်ညီနေလုံးသည် မြစ်ကွေ့နှင့်တည့်တည့် အနားစွန်းမျဉ်းကြောင်းထဲမှာ နစ်ဝင်တော့မည်။ လေတွေ ပိုတိုက်လာသည်။ မည်းမှောင်ကာ ပိုမို လှုပ်ခါ ပွက်ထနေသည်။

ဆိပ်ကမ်း လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေဆီက ကက်ဆက် သီချင်းသံသည်ပင် တိတ်ဆိတ်သွားပြန်ပေါ့။ သည်နေရာလေးမှာ လူရှင်းသွားပြီး။ ဂိုဏ်းသိမ်းအလုပ်သမားတချို့ ရှိနေသည်။ တချို့က ပိုက်ဆံခွဲနေသည်။

လက်တွန်းဈေးသည်တွေလည်း သိမ်းစပြုပြီ။ ကျွန်တော် မပြန်ဖြစ်သေး။ သည်နေရာကလေးမှာ နေလို့ရသလောက် (ထိုင်လို့ရသလောက်) ထိုင်နေဦးမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ မိမိသည်ပင် လာတုန်းက ငါးမျှားဖို့သက်သက်သာ ဖြစ်သည်။ သို့သော် ငါးမမျှားဖြစ်၊ လူတွေကိုပဲ ထိုင်ကြည့်နေမိသည်။

သူမ ပြန်ရောက်လာသည်။ ကျွန်တော့်ဘေးနားက တမင်ကပ်ကာ သီချင်းညည်းရင်း တံတားအောက်ကို ဝင်သွားသည်။ ပြီးတော့ လှည့်ကြည့်ကာ ပြုံးပြပြန်သည်။ လက်ထဲကနို့မှုန့်ဘူးခွံထဲမှာ ဒီဇယ်တစ်ဝက်လောက် ပါလာဟန်တူသည်။ တံတားအောက်ကို လှမ်းကြည့်တော့ မှောင်နေလေသည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ကလေးငိုသံနှင့် ကလေးချော့သံတွေ မှောင်ထဲက လွင့်ပျံလာပြန်သည်။ သီချင်းက လက်ဖက်ရည်ဆိုင်တွေမှာ ခဏခဏကြားရသော စတီရီယိုသီချင်းတစ်ပုဒ် ဖြစ်နေသည်။

ခဏကြာတော့ သူမ ပြန်ထွက်လာပြန်သည်။ သည်တစ်ခါတော့ နှုတ်ခမ်းနီတွေ ညှိုရင့်နေအောင် ဆိုးထားသည်။ အဆီတွေပြန်နေသော မျက်နှာပေါ်က နှုတ်ခမ်းနီသည် အဆက်အစပ်မဲ့ လှပနေသည်။ သည်တစ်ခါတော့ ကျွန်တော့်ဆီ တည့်တည့်လာခြင်း ဖြစ်သည်။ လက်ထဲမှာ ကျွတ်ကျွတ်အိတ်တစ်လုံး။

"လာလည်မလို့လား"

"ဗျာ"

ကျွန်တော့်ကို စကားပြောလိမ့်မည်မထင်သဖြင့် ဘာဖြေရမှန်း မသိ။

"ဩော်... လာလည်မလို့လား လို့ပါ"

"ဘယ်ကိုလဲ"

"ဟောတော့"

သူမက ရုပ်ရှင်ထဲက မိန်းမပျက်သရုပ်ဆောင်တစ်ယောက်နှင့် ပိုတူနေလေသည်။

ညှို့ရီသော မျက်ဝန်းတွေနှင့်အတူ အတန်ငယ် ဖွံ့ထွားသော ကိုယ်ခန္ဓာတစ်ခုလုံး လှုပ်နေအောင် တမင် ရယ်မောနေသည်ကလည်း ကြည့်မကောင်းလှချေ။

"လာလည်မလား ဆိုတာ ရှင်မသိဘူးလား။ ဒါဖြင့် လှေစီးမလား ဆိုတာကော သိရဲ့လား။ ဟင်း ဟင်း... ဒီတံတားအောက်ကို လာလည်မလား လို့ မေးတာပါ"

"ဩော်... အင်း..."

"နေဦး... ကျွန်မ ထမင်းသွားဝယ်ဦးမယ်၊ ခဏစောင့်နော်"

ကျွန်တော် ဘာမှပြန်မပြောနိုင်မီမှာပင် သူမသည် သစ်ရွက်တစ်ရွက်လို ပြေးထွက်သွားသည်။ သိပ်မကြာလှ၊ ခဏလေးအတွင်းမှာပဲ ပြန်ရောက်လာသည်။ ကျွတ်ကျွတ်အိတ်ထဲမှာ ထမင်းတွေဟင်းတွေ ရောထွေးထည့်လာသည်။

"လာလေ... လိုက်ခဲ့..."

ကျွန်တော်က တံတားအောက်ကို လိုက်ဖို့မလိုက်ဖို့ စဉ်းစားနေမိသေးသည်။ နောက်တော့ တံတားအောက်ကို လိုက်ဖြစ်သွားသည်။ တံတားအောက်က အတန်အသင့်ကျယ်သော ဘောယာပေါ်မှာ သူတို့ နေခြင်းဖြစ်သည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

တံတားအောက်မှာ အတော်မှောင်မည်းနေလေသည်။ မျက်နှာကို ပထမဦးဆုံး လာရောက်တိုးထိနှုတ်ဆက်သူတွေမှာ ခြင်တွေဖြစ်သည်။ ကုန်းပေါ်က လှမ်းမမြင်ရသော ပစ္စည်းအချို့ တံတားအောက်မှာတွေ့သည်။ သံသေတ္တာဟောင်း တစ်လုံး၊ ထဘီဟောင်းတွေက ပြန့်ကျဲနေသည်။

အသက်ကြီးကြီးအဘွားအိုက ကလေးငယ်တစ်ယောက်ကို ပွေ့ချီထားသည်။ တံတားသံပေါင်မှာ သံကြိုးတစ်ဖက်၊ အဝတ်ကြိုးတစ်ဖက် ချည်ထားသော အဝတ်ပုခက်၊ နောက် သံပန်းကန်ပြား နှစ်ချပ် သုံးချပ်၊ ပလတ်စတစ်ခွက်ကလေး တစ်လုံး။ သူမက ထမင်းအိတ်ကို အဘွားအိုလက်ထဲ ပေးလိုက်သည်။

"အမေ... ဒီအစ်ကိုက သမီးတို့ဆီ လာလည်မလို့ တဲ့"

သူ့အမေက သူမကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ကြည့်သည်။ ကလေးကို ပုခက်ထဲပြန်ထည့်သည်။ ပြီးတော့ အသာအယာ လွှဲပေးနေပြန်သည်။

"အစ်ကို... အချိန်ရတယ်မဟုတ်လား"
"ဪ... အင်း... ရပါတယ်"
"မဟုတ်ဘူး... မြန်မြန်ပြန်ချင်တာလား၊ အေးအေးဆေးဆေးလား မေးတာ"

ကျွန်တော့်ကို သားအမိနှစ်ယောက်စလုံးက ရေခြားမြေခြား သတ္တဝါတစ်ကောင်လို ကြည့်နေကြသည်။

သူမက သူ့အမေကိုကြည့်တော့ အဘွားအိုက တံတားအောက်က ထွက်သွားသည်။ အပြင်မှာ လုံးဝမှောင်သွားပြီ။ အတွင်းမှာ ပိုမို မှောင်မည်းလာသည်။

မြစ်ရေသည် လက်တစ်ကမ်းမှာ ရှိနေသည်။ လှမ့်လှေတွေက ဆက်ကာဆက်ကာ ထိစပ်ရင်း ရှည်မျောနေသည်။ လှေတွေကိုကျော်၍ မြင်ရသော မြစ်ရေပြင်သည် ကြောက်မက်ဖွယ်ကောင်းနေသော်လည်း ရေပြင်ပေါ်ကို ဖိတ်အန်ကျနေသော အလင်းရောင်တွေက ရေပြင်ကို တလက်လက် အရောင်ထွက်နေစေသည်။

"အစ်ကို... လာလေ..."

ကျွန်တော်က နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးဖြစ်သွားသည်။ နှုတ်ခမ်းနီဆိုး နှုတ်ခမ်းတွေကို သဲသဲကွဲကွဲ မမြင်ရသော်လည်း တံတားမှောင်ရိပ်ထဲမှာ နှုတ်ခမ်းနီရနံ့သည် မွှန်စူးနေသည်။

"မဟုတ်ပါဘူး။ ကျွန်တော် ရိုးရိုးလာလည်တာပါ"
"ရှင်..."
"ဪ... ကျွန်တော် ရိုးရိုးလာလည်တာပါ လို့..."
"ဒီတံတားအောက်ကို ရိုးရိုးလာလည်တယ် ဟုတ်လား..."

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"တံတားအောက် ဆိုတာလည်း ခင်ဗျားတို့အိမ်ပဲ မဟုတ်လား။ ခင်ဗျားတို့ရဲ့ နေစရာပဲ မဟုတ်လား။ ကျွန်တော် ခင်ဗျားတို့ကို ခင်လို့ လာလည်တာပါ"

"ဟောတော့… အမေရေ…"

သူမက အသံကိုမြှင့်အော်လိုက်သဖြင့် အဘွားအို ပြန်ဝင်လာသည်။ ကျွန်တော့်ဘေးမှာ ထိုင်သည်။

သစ်သား မီးခြစ်ဆံတစ်ချောင်းကို ထုတ်ကာ ဆေးလိပ်ကို မီးညှိသည်။ မရ။ ပြန်ခြစ်သည်၊ မြစ်လေကြောင့် မီးငြိမ်းသွားသည်။ ကျွန်တော်က အိတ်ထဲက ဓာတ်ငွေ့မီးခြစ်ကို ထုတ်ကာ လက်နှင့်လေကွယ်ရင်း ခြစ်ပေးလိုက်သည်။

တံတားအောက်မှာ ခဏကလေး လင်းကျင်းသွားသည်။ ပြီးတော့ မှောင်သွားပြန်သည်။

"သမီးတို့ဆီကို ရိုးရိုးလာလည်တာတဲ့ အမေရဲ့…"

သူမက ရိတာလား၊ အတည်လား မသိရသည့် အသံမျိုးနှင့် ပြောနေခြင်း ဖြစ်သည်။

"သြော်… လူလေးက လာလည်တာလား"

"ဟုတ်ပါတယ်၊ အမေ့သမီးက လာလည်မလား ဆိုတာနဲ့ လာလည်တာပါ"

သူမထံက ခစ်ခနဲ ရယ်သံ ကြားရသည်။

"အမေတို့ အရင်က ဘယ်မှာနေတာလဲ"

"ကြည့်မြင်တိုင်ကမ်းနားက ကျောက်ကွင်းစပ်မှာ။ အဲဒီကနေ ဒီရောက်လာတာ"

"ဒီနေရာ ရေရောက်တယ် မဟုတ်လား"

"ရေတက်ချိန်တို့၊ မိုးတွင်းတို့ ဆိုရင်တော့ ဒီနေရာကလည်း မြင့်လာတာပေါ့။ ရေကျတော့ ဇောကြီးက လိုက်ကျသွားပြန်ရော။ ရေမြင့်တော့ ကြာမြင့် ဆိုသလိုပေါ့"

ပုခက်ထဲက ကလေးငိုသံ ထွက်လာပြန်သည်။ မိခင်ဖြစ်ဟန်တူသူ မိန်းမရွယ်က ထမကြည့်။

"ဟဲ့ကောင်မ… နို့တိုက်ဦး"

"သောက်ကလေးက လုပ်ပြီ…"

"ညည်း တစ်နေ့လုံး နို့မတိုက်ရသေးပါဘူးအေ။ ကျုပ်မြေးလေး နို့ဆာရောပေါ့။ ထပါအေ…"

ရေပြင်က ပြန်ဟပ်သော အလင်းရောင်ပဲ ရှိသည်။ ခြင်တွေက သဲသဲမဲမဲ။ လှေတွေကို ရေတိုးသံက တဖျပ်ဖျပ် မြည်ဟည်းနေသည်။

"ဒီနေရာမှာနေလို့ ရလား"

"ဘယ်ရမလဲ။ ဒါပေမဲ့ ဒီလိုပဲ နေရတာပဲ"

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"စားတော့ကော"

"တစ်ခါတလေလည်း ချက်တာပဲ။ ဝယ်စားတာက များပါတယ်"

"မဟုတ်ဘူး… ဝင်ငွေကိုပြောတာ"

"ဝင်ငွေလား… နေ့ခင်းဘက် ဆီ လိုက်စုတယ်။ ဟိုဘက်တံတားတွေမှာ ဘိလပ်မြေ လိုက်စုတယ်။ ပဲစေ့တွေ ကောက်စုတယ်"

ညနေတုန်းက ဆူညံပွက်ထနေသော သည်နေရာက အခုတော့ ငြိမ်သက်တိတ်ဆိတ်နေသည်။ တစ်ခါတစ်ခါ သဘော်ဥသြသံအချို့ကို ကြားနေရသည်။

ရွှံ့နှစ်နံ့၊ မြောင်းပုပ်နံ့၊ သစ်သီးပုပ်နံ့၊ ညှီပြွပြွရနံ့… ရနံ့ဆိုးတွေ ဝေ့ဝဲနေသည်။

"ကျွန်တော် ပြန်တော့မယ်နော်… ခလေးဖို့ မုန့်ဖိုးပေးချင်လို့"

ကျွန်တော်က ဆယ့်ငါးကျပ်တန်တစ်ရွက် ပေးတော့ အဘွားအိုက လှမ်းယူသည်။ ထမင်းထုပ် ဝယ်ထားသော်လည်း သူတို့ ထမင်းမစားရသေးတာကို သတိရသည်။

"ထမင်းစားကြဦးလေ"

"ရပါတယ်… နောက်မှပဲ စားတော့မယ်"

ကျွန်တော် တံတားအောက်က ထွက်လိုက်သည်။ အသက်ကို တဝကြီး ရှုပစ်လိုက်သည်။ ဇောတံတားပေါ်ကို ပြန်တက်လိုက်သည်။ ဆိပ်ကမ်းတစ်လျှောက် တစ်မျှော်တစ်ခေါ် ထိန်ညီးနေလေသည်။ တံတားပေါ်နှင့် တံတားအောက်၊ အလင်းနှင့် အမှောင်က ရက်စက်စွာ စည်းခြားနေလေသည်။

* * *

-၃-

မာကျူရီမီးရောင်အောက်က ကွမ်းယာဆိုင်ကလေးမှာ စီးကရက်တစ်ဘူး ဝယ်လိုက်သည်။

တစ်လိပ်ထုတ်ကာ ဓာတ်ငွေ့မီးခြစ်နှင့် ညှိလိုက်သည်။

"အစ်ကို… ပြန်တော့မယ် ဟုတ်လား"

သူမ…

အဘွားအိုက ကလေးတစ်ဖက်ကိုချီကာ ခပ်လှမ်းလှမ်းမှာ ရပ်နေကြသည်။ ကျွန်တော်ထွက်လာပြီး သူတို့ ထွက်လိုက်လာမှန်း ကျွန်တော် မသိ။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"အင်း… ဟုတ်တယ်… သွားတော့မယ်… အဲ… နေပါဦး၊ ညနေက သုံးရာနဲ့ရောင်းမယ် ဆိုတာလေ… ကျွန်တော်ကြားတယ်။ အဲဒါ မမေးမိသေးဘူး"

စင်စစ် သည်မေးခွန်းက ရိုင်းသွားမှန်း ကျွန်တော် သိသော်လည်း ရင်ထဲမှာရှိနေသဖြင့် မေးလိုက်မိသည်။ တံတားအောက်က သူတို့အိမ်ကလေးထဲမှာ သုံးရာတန်ဆိုလို့ ဘာမှမတွေ့ခဲ့ရ။

သူတို့အတွက် ငွေသုံးရာသည် များလှသောငွေကြေး ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ငွေသုံးရာလောက် သူတို့ဆီမှာရှိသည်ဆိုလျှင်ပင် အတိုက်အလျောက် အဆင်ပြေနိုင်သည်။

"အလကားပါအစ်ကိုရာ… အဲဒီအကြောင်းပြောရင် ဒေါသဖြစ်ရတယ်။ အမေပေါ့… ကပျက်ယပျက် သိပ်လုပ်တာ"

အဘွားအိုက ကလေးကိုပွေ့ချီရင်း မြစ်ပြင်ကို ငေးနေဆဲ။ တစ်ခွန်းတလေမှ ဝင်မပြော။

"အင်းပါ… ပစ္စည်းကိုမေးတာပါ။ ဘာပစ္စည်းလဲ လို့…"
"ဩော်… ကလေးပါ… ဟောဒီ ကလေးပါ"

သူမက ဘွားအေချီထားသောကလေးကို မေးငေါ့ပြသည်။ ပြီးတော့ ခံစားချက်မဲ့ မျက်နှာဖြင့် ဆက်ပြောသည်။

"အစ်ကို ဝယ်မလား။ ဝယ်ပါ အစ်ကိုရဲ့… သုံးရာပဲ ပေး။ မိန်းကလေးတော့ မိန်းကလေးနော်။ တစ်လောက ရေထဲကျသေသွားတဲ့ ကလေးက ယောက်ျားလေး။ ချောက ချောသနဲ့။ အစ်ကိုတွေ့ရင် သဘောကျမှာ… ယူပါအစ်ကိုရဲ့…"

အဘွားအိုကမူ မြေးငယ်ကို ပိုမိုတင်းရစ်စွာ ပိုက်ပွေ့ထားသည်ဟု ထင်သည်။ ပြီးတော့ တံတားအောက်ထဲသို့ ပြန်ဆင်းသွားသည်။

လမ်းပေါ်က မာကျူရီမီးအောက်မှာ နှုတ်ခမ်းနီတွေရဲနေအောင် ဆိုးထားသောသူမ ရှိသည်။

တံတားအောက်မှာတော့ သံသေတ္တာဟောင်း တစ်လုံးရှိမည်၊ သံပန်းကန် နှစ်ချပ်ရှိမည်၊ အဝတ်ဟောင်း ပုခက်တစ်လုံးရှိမည်၊ ကလေးချော့ စတီရီယိုသီချင်းတစ်ပုဒ် ရှိမည်၊ ခြင်တွေ ရှိမည်၊

ပြီးတော့…

မျက်ရည်တချို့ ရှိနေမည်။

မာကျူရီညထဲမှာ ရန်ကုန်မြစ်ရေသည် ထုံးစံအတိုင်း တသိမ့်သိမ့် ရယ်မောနေလေသည်။

*(၁၉၉၁-ဧပြီ၊ ရင်ခုန်ပွင့် မဂ္ဂဇင်း)*

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

# သီပေါခင်ကြိုင်

-၁-

တကယ့် သူ့နာမည်အရင်းက ခင်ကြိုင်တင် ရယ်။ လူက ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေး သဲ့သဲ့နဲ့ ခပ်နွဲ့နွဲ့ နေတတ်တယ်။ သူက သူ့ကိုယ်သူ ဘဝစုံတယ်လို့ လူထူရင် ပြောနေတတ်တဲ့လူ။

တကယ်လည်း စုံပါတယ်။ စာရင်းငှားလုပ်ဖူးတယ်၊ ကောက်ရိတ်ဖူးတယ်၊ လက်သမားလေး ဘာလေး လုပ်ဖူးတယ်၊ ရွာစဉ်ကိုးပေါက် ဖဲလည်ရိုက်ဖူးတယ်၊ ဒိုးပတ်မင်းသား၊ ပုံရှည်မင်းသား လိုတယ်ဆိုရင်လည်း သူပဲ။ ဖိုးစိန်ကြီးသီချင်းများ ဟဲရဦးမလား၊ အဆိုကောင်း။ အဲဒီအခံကလေးနဲ့ တောဇာတ်ကလေးတစ်ဇာတ်မှာ ဆီးသီးကောက် ခေါ်မလား ဝင်လုပ်တယ်။ အများအားဖြင့်ကတော့ သီပေါ ပါတော်မူ က,ရင် သူက သီပေါ လုပ်ရတယ်။ ရွာနီးချုပ်စပ်က ကွဲ့တီ၊ ကပြည့်၊ ဇီးတော၊ လက်ပံနွယ်၊ ကျောင်းစု၊ ဉယျာဉ်ကျစ်၊ ညောင်ကျိုး၊ မဲဒေါင့်၊ သမင်ခြံ၊ မင်းဖုံ စတဲ့ရွာတွေမှာ သူတို့ဇာတ်က နာမည်ရတယ်။ တောဘုရားပွဲတွေဆိုရင် သူတို့ဇာတ်ပဲ ငှားတယ်။ ငှားတိုင်းလည်း ပါတော်မူ ပါအောင် က,တယ်။ က,တိုင်းလည်း သူက သီပေါပဲ။ အဲဒီကတည်းက သူ့နာမည် သီပေါခင်ကြိုင် ဖြစ်ရော။ သီပေါခင်ကြိုင် လို့ နာမည်တွင်တာလည်း မပြောနဲ့၊ ဘုရင်စာတွေလည်း သူက ပိုင်တယ်၊ ကျက်လည်းကျက်တယ်။ လေးတန်းစာလောက် တတ်ပေမယ့် ကျပင်းဆရာဖိုး တို့၊ ဆရာခို တို့၊ မင်းသားကြီးကျော်အုန်းလှိုင် တို့၊ ဆရာရှံ တို့၊ ဝစနာဆရာလင်း တို့ စာတွေကို ရှာလည်းရှာ၊ ကျက်လည်းကျက်တဲ့ လူမျိုး။ တခြားဇာတ်ရုပ်တွေက ကိုယ့်စာကိုယ် ပိုင်ချင်ပိုင် ကျက်ချင် ကျက်၊ သူကတော့ သေချာတယ်၊ ကျက်တယ်။ 'ကျုပ်က အနုပညာသမား စစ်စစ်ဗျ' လို့ လူထူရင် ပြောရတာလည်း ခဏခဏ။

သိတဲ့အတိုင်းပဲ ဇာတ်ဆိုပေမယ့် တောဇာတ်ဆိုတော့ တောသူ တောင်သားတွေပဲ ကြည့်တာ မဟုတ်လား။ တောသူတောင်သား ဆိုတာက ဘယ်သူမှ မြို့မှာလို ပွဲကြည့်ရင်း လတ်လျားလတ်လျား ထွက်တာ တို့၊ အကြော်ထွက်စားတာ တို့၊ အပေါ့အပါးကို အကြာကြီးသွားနေတာ တို့ မရှိဘူး။ ဗလာဇာတ် ဆိုပေမယ့် အစအဆုံး ထိုင်ကြည့်တာ။ တစ်ကွက်တလေမှ အပျက်မခံဘူး။ သီချင်းတစ်ပုဒ်မှ အလွတ်မခံဘူး။ စာတစ်လုံး၊ စကားတစ်လုံးမှ အကျော်မခံဘူး။ တစ်ခါတလေလာတဲ့ဇာတ် ဝအောင်ထိုင်ကြည့်တာပဲ။ ဝေဖန်စရာရှိရင်လည်း အားမနာဘူး။ ပြောစရာရှိရင်လည်း ပြတ်ပြတ်ပဲ။

မြို့နဲ့တော့ ကွာတာပေါ့။ မြို့က ဝန်လည်း မြန်မြန်ထွက်၊ ဘုရင်လည်း မြန်မြန်လုပ်၊ မြို့တည်နန်းတည်တွေ ဘာတွေလည်း သိပ် အာလူးမပေးနဲ့၊ မကြည့်ချင်ဘူး။ နှစ်ပါးသွားသာ မြန်မြန်ထွက်။ တောနဲ့တော့ ကွာတယ်။ တောသူတောင်သားက သီချင်းလည်း မှတ်တယ်၊ စာလည်း မှတ်တယ်။ ခင်ကြိုင်က တောဇာတ်ကဘုရင် ဆိုပေမယ့် မြို့ဇာတ်ဘုရင်လို မခိုဘူး။ ဖြစ်သလို စခန်းမသွားဘူး။ ကြာတော့ သူကလည်း သူ့ကို 'ခင်ကြိုင်' ခေါ်ရင်တောင် မကြိုက်ချင်တော့ဘူး။ 'သီပေါခင်ကြိုင်' ခေါ်မှ ကြိုက်တော့တယ်။ တွင်လည်း တွင်သွားတာပါပဲ၊ ဒီနားကရွာတွေမှာ သီပေါခင်ကြိုင်ပဲ။ ညီလာခံတို့ဘာတို့ ဆိုရင်လည်း ခပ်ညံ့ညံ့ပန်းချီဆရာနဲ့ ဆွဲထားတဲ့ နန်းကားရှေ့က ဇာတ်သေတ္တာပေါ် ထိုင်တဲ့ပြီး...

MMCYBERMEDIA COMMUNITY FOR ALL

"ခြောက်ယောက်ကညာ၊ ပြပွဲဇာတ်တို့ ခါတော်ဆက်သည့် ပန္နက်ကျိုန်စာ၊ တက္ကန္ဒာ၏။ သိင်္ဂါနဖူး၊ မကိုဋ်မှဦးဝယ်၊ ဖြူးဖြူးတည်တည်၊ ရှုတလီသို့၊ စသည် ပဋိညာဉ်၊ တိသေယဉ်သည်၊ ရာဇင်ပဝရ၊ နရပတိ၊ တွင်ရှိဥက္ကင့်၊ ငါမင်းမြတ်သည်၊ ရှစ်ရပ်ရာဇဂုဏ်၊ ပြည်လွှမ်းခြုံ၍၊ ရွှေဘုံရွှေနန်း၊ ရွှေကြငှန်းကို၊ သိမ်းမြန်းတော်မူသည့်နေ့မှစ၍ ထွန်းပကြေညာ၊ နိုင်ငံဝဠာရွှေမိုး၊ သုံးကြိမ်ဖြိုးလျက်၊ မညှိုးသာယာ၊ ဝပြောစွာဖြင့်၊ သတ္တဝါဗိုလ်လူ ပေါပါစေ... ... ... သူခိုးမထ၊ ဒုက္ခမှဒိမ်း၊ စစ်မက်ငြိမ်း၍၊ ခပ်သိမ်းရန်သူ ဝေးပေါစေ... ... ... စတုမုခ၊ မြို့မချက်နာ၊ လေးဒီပါဠ်၊ လူကာသဘင်၊ ကောင်းချီးယင်၍၊ မွမ်းဖြင်မပြတ်၊ သဒ္ဒါမနေး၊ အစာရေးကို၊ ကျွေးမွေးပေးကမ်း လှူပါစေ... ... ..."
တို့ ဘာတို့ ဆိုတာကို အထစ်အငေါ့မရှိ ရွတ်နိုင်တာ။ ရွတ်တော့လည်း တစ်လုံးချင်း ဌာန်နဲ့ရွတ်တာ။ ဒါပေမဲ့ သူကသာ တခမ်းတနားရွတ်တာ၊ ဇာတ်က တခမ်းတနား မရှိနိုင်ဘူးလေ။ ဖြစ်သလိုလုပ်ရတာတွေ ရှိတယ်။ ဖြစ်သလို ပြောရတာတွေ ရှိတယ်။ ဖြစ်သလို ဝတ်ရစားရတာတွေ ရှိတယ်။ ဇာတ်ရုပ်တွေကို စာတွေချထားပေမယ့် အရပ်သုံးစကားတွေနဲ့ အုပ်ထည့်လိုက်ရတာတွေ ရှိတယ်။

ခင်ကြိုင်ကတော့ ရှင်းတယ်။ ဇာတ်ခုံပေါ် ရောက်ပြီးမှ စာရင်းငှား ပြန်မလုပ်ချင်ဘူး။ လက်သမားနောက်လိုက် မလုပ်နိုင်ဘူး။ ညံ့လို့ ဇာတ်ကထွက်ရတယ် ဆိုတာ အဖြစ်မခံနိုင်ဘူး။ ဒီတော့ ကြိုးစားတယ်။ ဇာတ်သေတ္တာပေါ်ရောက်ရင် သူက ဘုရင်စိတ်ကို ဝင်သွားတော့တာ။ သူ့ကိုယ်သူလည်း သီပေါမင်း လို့ ထင်တော့တာ။ သူနဲ့ တွဲကရတဲ့ မျက်ခမ်းစပ်စပ် ကလေး လေးယောက်အမေ မြသန်းကြည်ကိုလည်း စုဖုရားလတ် အောက်မေ့တော့တာ။ နားရွက်သနပ်ခါးတို့ပြီး စွပ်ကျယ်နဲ့ဝန်အင်္ကျီနဲ့ လူပြက်တွေကိုလည်း 'ကင်းဝန်' လောက်၊ 'တိုင်တာ' လောက် ထင်တော့တာ။

ဒါကြောင့်ပေါ့၊ သူတို့ဇာတ် လာရင် 'သီပေါ ပါတော်မူ' ပဲ။ ပါတော်မူမှာ သူပိုင်တဲ့အကွက်တစ်ကွက် ရှိတယ်။ ဗီရိုလှည်းတွေနဲ့ ဘာတွေနဲ့၊ အင်္ဂလိပ်စစ်သားတွေက ဖမ်းမယ် လုပ်တော့ တစ်လှမ်းချင်း လျှောက်ရင်းက သူ့နောက်က မြသန်းကြည်ကို ဖျတ်ခနဲ လှည့်ကြည့်တဲ့ အခန်း။ သီပေါမင်းကို တကယ်ဖမ်းတုန်းက ကြိုးတွေဘာတွေနဲ့ မတုပ်ပေမယ့် ဇာတ်ဆိုတော့ ဒီအခန်းက အပူတိုက်ကိုး၊ ကြိုးနဲ့တုပ်တယ်၊ ဆောင့်ဆွဲတယ်။ အောက်က တီးဝိုင်းကလည်း ရွှေဆိုင်ညွှန့်ရဲ့ ပါတော်မူ သီချင်းထဲက 'မြန်မာပြည် ဇာတ်လမ်းရှုပ်သမျှမှာ ရွှေကညစ်နဲ့ ရေးကာ စာကိုစီ ... ရာဇဌာနီ မြနန်းအယုတ်ဇာတ်မှာ ဧကရာဇ်နဲ့ ဝေးတာ ကြာလေပြီ... တို့၊ စကြာသိုက် ထဲက 'အောင်ပင်လယ်မတော့... ရေညိုခြောက်ခဲ့လေပြီ... ဆောင်ပလ္လင် ကွယ်ပြီးတော့... ရွှေဗဟိုရ် ပျောက်ခဲ့လေသည်...' တို့ ဘာတို့များ ကြေးသံကလေးနဲ့ ပို့ပေးရင် တချို့ဆို မျက်ရည်ကို ကျတော့တာ။

ဒါက ဇာတ်သမ္ဘာကိုး။ ဇာတ်ခွင်ကိုး။ သဘာဝ ကျတာ မကျတာ ဘေးဖယ်ထား၊ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ် ဟန်ကိုကျလို့။ မနက်လင်းတော့ 'သီပေါခင်ကြိုင် ကောင်းချက်က ရက်စက်သယ်' ဖြစ်ရော။

* * *

## -၂-

အခုတော့ သီပေါခင်ကြိုင် ဇာတ်မကရတာ ဆယ့်ငါးနှစ်လောက် ရှိရော့မယ်။ ဇာတ်လည်း ခေါင်းကွဲသွားတာ ကြာပြီ။ ဇာတ်တော်တော်များများလည်း နားကုန်ကြပြီ။ မြို့ကဇာတ်ကြီးတွေတောင်

http://www.mmcybermedia.com

မကနိုင်တဲ့ ဇာတ်က မကနိုင်တော့တဲ့အခါ တောဇာတ်ကလေးတွေက ဘာပြောကောင်းမလဲ၊ စဉ်းစားသာ ကြည့်တော့။

ဒီတော့ တချို့လည်း ဘဝဟောင်း ပြန်ရောက်ကုန်ရော။ တချို့လည်း ပျိုးနုတ်၊ ပဲနုတ်၊ စားရင်းငှားလုပ်၊ ဆိတ်ကျောင်း၊ သိုးကျောင်း၊ တချို့လည်း ထန်းတက်၊ လှေလိုက် ဖြစ်ကုန်ရော။

သူကတော့ တောက်လျှောက် ရွာနီးချုပ်စပ်မှာ သီပေါခင်ကြိုင် လုပ်လာတဲ့လူ ဘယ်လိုလုပ် အဲဒါတွေ ပြန်လုပ်ပါတော့မလဲ။ သူ့ရွာမှာလည်း သူ မနေဘူး။ တခြားရွာတစ်ရွာမှာ ကျောင်းကြီးရခိုင်နဲ့ သီတင်းသုံးနေတဲ့ ဘထွေးဘုန်းကြီး ကျောင်းမှာ ဝင်ခိုတယ်။

ဘထွေးဘုန်းကြီးကလည်း ကောင်းပါတယ်။ ကျောင်းဝေယျာဝစ္စကလေး လုပ် ပေါ့၊ တံမြက်စည်းကလေး ဘာလေး လှည်း ပေါ့။ ဒါပေမဲ့ နေသာနေရတာ သူ မပျော်ဘူး။ အခြေအနေမပေးလို့သာကိုး၊ ဖြစ်နိုင်ရင် ဇာတ်ပဲ က ချင်နေတာ မဟုတ်လား။

သူက...
အနုပညာသမား မဟုတ်လား၊
သီပေါခင်ကြိုင် မဟုတ်လား။

နစ္စ၊ ဂီတ၊ ဝါဒိတ ဆိုတဲ့နေရာနဲ့ သူနဲ့ မအပ်စပ်တာက တစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း တံမြက်စည်း လှည်းရမယ့်လူ၊ ဝေယျာဝစ္စ လုပ်နေရမယ့်လူ၊ ဆွမ်းဟင်းနွှေး ကပ်ရမယ့်လူ၊ မနက်စောစောထပြီး အရုဏ်ဆွမ်း ကပ်ရမယ့်လူအဖြစ် မနေချင်တာကတစ်ကြောင်းဆိုတော့ သူ မပျော်ဘူး။

တစ်ခုတော့ရှိတယ်၊ သူ ဇာတ်ကထွက်လာတော့ သူနဲ့အတူ ထင်းရှူးသေတ္တာသေးသေးတစ်လုံး ပါလာတယ်။

အဲဒီအထဲမှာ ဘာပါသလဲ ဆိုတော့ ဩဘာ မယ်ဒလင်ကလေးတစ်လုံး ပါတယ်။ ထွင်းအိုးကလေး။ အသံထွက် တော်တော်ကောင်းတယ်။ တိုက်နစ်လုံးကြိုးသစ်ကလေးများ လဲလိုက်လို့ကတော့ စောင်းသံကို ထွက်နေတတ်တာ။

နောက် ခါးရှည် မင်းသားဝတ်အင်္ကျီ နစ်ထည်(ရှိတော့ ရှိနေပြီ)၊ မင်းသားပုဆိုးက တစ်ထည်၊ နောက် ဘော်ကြယ်မွဲမွဲ လေးငါးလုံးပဲ ကျန်တော့တဲ့ ရှင်ဘုရင်ဆောင်းတဲ့ ယုန်နားရွက် တစ်စထောင်ဖော့လုံးကိုလည်း စိတ်ကူးရရင် စွပ်စွပ်ကြည့်ရတာ အမော။ နောက်တစ်ခုက သစ်သား သန်လျက်တစ်ချောင်း။ ထားပါ၊ ပြောချင်တာက မယ်ဒလင်ကလေး။ ဇာတ်ထဲတုန်းကတော့ မောင်းဆရာကိုခင်မောင် ဆီက ဘာရယ်တော့ မဟုတ်ဘူး၊ 'ဂျောင်ဂျောင်ဂျင်ဂျင်' သင်ထားလိုက်မိတဲ့ သီချင်း သုံးလေးပုဒ် ရထားတာ ရှိတယ်။

'ပဗ္ဗတ ဟေမဝန်တောင်' ရယ်၊ 'ကက္ကရ ရွှေစည်' ရယ်၊ 'ဇေယျတု သဗ္ဗမင်္ဂလံ' ရယ်၊ နောက် ကာလပေါ်က တစ်ပုဒ် နစ်ပုဒ် ဆိုပါတော့။

MMCYBERMEDIA
COMMUNITY FOR ALL

တခြားသီချင်းတွေကိုလည်း ဟိုစမ်းစမ်း ဒီစမ်းစမ်း တီးနိုင်ပေမယ့် ဒီသီချင်းတွေလောက် မပိုင်ဘူး။ ဘုန်းကြီးကျောင်းမှာက တီးလို့မဖြစ်တော့ ခပ်ဝေးဝေးက ဘုရားပျက်နား၊ ဇရပ်ပျက်နား သွားသွားတီးရတယ်။

အဝါရောင်ပေါက်နေတဲ့ လက်လှည့်ကီးပြားလေးတွေကို ဘယ်ဘက်လက်က လှည့်ရင်း 'ဒုံ နန်နန်... ဒုံ နန်နန်...' အသံညှိပြီးရင် 'ပဗ္ဗတ ဟေမဝန်တောင်' ကို စကိုင်တာပဲ။ ပြီးရင် 'ဇေယျတု' ကို တီးတယ်။ 'ကဏ္ဍရ ရွှေစည်' ကတော့ သိပ်တီးချင်မှ တီးတယ်။ သူက နည်းနည်း အတီးကပ်ချင်တယ်။ အဆိုကလေးနဲ့မှလည်း ကောင်းတယ်လို့ သူ ထင်တာလည်း ပါတယ်။

ဒီ မယ်ဒလင်ကလေး ရှိနေလို့ တော်တော့တယ် လို့လည်း တစ်ခါတစ်ခါ သူ တွေးတယ်။ သူ့မှာ မိန်းမလည်း မရှိဘူး၊ အပေါင်းအသင်းလည်း မရှိဘူး။

ဘယ်ကာလသား ဘုန်းကြီးကျောင်း သက်သက် လာလည်တယ် ရှိမလဲ။ တစ်ခါတစ်ခါ ကိစ္စရှိမှ လာကြတာ မဟုတ်လား။ လူကြီးတွေ လာတယ် ဆိုဦးတော့၊ သူနဲ့က ဓာတ်မကျဘူး၊ ဘာသာစကားချင်း မတူဘူး ဆိုပါတော့။

သူ့အလုပ်က ဝေယျာဝစ္စလုပ်ဖို့ရယ်၊ တစ်ခါတစ်ခါ ဖော့လုံး ခေါင်းစွပ်ကြည့်ဖို့ရယ်၊ မယ်ဒလင်ကို တိုင်ကဖြုတ်ပြီး 'ပဗ္ဗတ ဟေမဝန်တောင်' တီးဖို့ရယ် ဒါကလွဲရင် မရှိဘူး။

ကြာတော့ ငြီးစီစီဖြစ်လာတယ်။ ကြောင်တက်တက် ဖြစ်လာတယ်။ လူလည်း ပိန်ကျလာတယ်။ ဒီသီချင်းတွေလည်း တီးရဖန်များတော့ အီလာတယ်။ ဒါပေမဲ့ မတီးတာတော့ မဟုတ်ဘူး၊ သူ့မှာ အနုပညာသမားရယ်လို့ ဇာတ်ခုံပေါ်တက်ပြီး သီပေါ် လုပ်ရတာမျိုးကလည်း မရှိတော့ဘူး မဟုတ်လား။ သည် မယ်ဒလင်လေးနဲ့ စိတ်ဖြေရတော့တယ်။ သည်တော့ တီးဖြစ်တယ် ဆိုပါတော့။ နောက်တစ်ခုက သူ အရက်တွေ တော်တော်များများ သောက်ဖြစ်လာတာပဲ။

* * *

## -၃-

နှစ်ကလေးနည်းနည်းရလာတော့ တောအရက်တွေ အလွန်အကျွံသောက်လို့နဲ့ တူပါရဲ့ အသားအရေတွေက နီယောင်းယောင်း ပွစိစိ ဖြစ်လာတယ်။ ချဉ်စုတ်စုတ် ချွဲတဲတဲ ဖြစ်လာတယ်။ ကိုယ်ရေ တစ်ဝက်လောက် ချုံးကျသွားတယ်။ ဆံပင်တွေ ဖြူလာတယ်။

ဘထွေးဘုန်းကြီးက ဆူတယ်၊ မရဘူး။ ကျိန်းတယ် မဖြစ်ဘူး။ ချော့တယ်၊ တရားပြတယ် မတိုးတော့ဘူး။ သူလုပ်နေကျ ခါးတောင်းအကျီတွေ၊ သန့်လျက်တွေ၊ ဖော့လုံးတွေ ထုတ်ကြည့်တဲ့ အလုပ်လည်း မလုပ်ဖြစ်တာ ကြာပြီ။ မိုးချုပ်ရင် ဘုံဆိုင်ကို ပြေးတော့တာပဲ။

MMCYBERMEDIA
COMMUNITY FOR ALL

ပိုက်ဆံကတော့ ကျောင်းကိုလာတဲ့ လူတွေဆီက တောင်းလိုက်၊ ဆရာတော်ဆီက တခြားအကြောင်းပြပြီး တောင်းလိုက်ပေါ့။ တစ်ခု တိုးတက်လာတာကတော့ ရှိတယ်။ အဲဒီရွာက ကာလသားတွေက သူ့ကို တစ်ချိန်ကနာမည်ကြီးခဲ့တဲ့ 'သီပေါခင်ကြိုင်' ဆိုတာ သိလာကြတာပဲ။

သူကလည်း ဇာတ်ခုံပေါ်က သီပေါခင်ကြိုင်ရဲ့ ဘဝဟောင်းကို မထပ်အောင် ပြောတယ်။ ကြာတော့လည်း သူ့ရဲ့ ဩဘာ ထွင်းအိုးမယ်ဒလင်ကလေးနဲ့ 'ပဗ္ဗတ ဟေမဝန်တောင်' ကို စွဲလမ်းလာကြတယ်။ ဒီတော့ အရက်ဝယ်လာကြတယ်။ ကျောင်းနဲ့ဝေးဝေးမှာ တီးကြတယ်။ ကျောင်းရဲ့ ဆွမ်းစားဆောင် ဘေးက သူ့အခန်းကလေးမှာ စုကြတယ်။ စကားတွေ ပြောကြတယ်။ ပြောကြတယ်ဆိုတာက နားထောင်ကြတာပါ။ သူ့သေတ္တာထဲက ဖော့လုံးကို ထုတ်ပြတယ်။ သန်လျက်တွေ၊ ပုဆိုးတွေကို ပြတယ်။ ကာလသားတွေကလည်း ငေးလို့။

တစ်ညတော့ ကာလသားတစ်ယောက် သူ့အခန်းကျဉ်းကလေးထဲကို ရောက်လာတယ်။ နှစ်ယောက်စလုံးလည်း တော်တော်မူးနေကြပြီ။ ကာလသားက တိုင်မှာချိတ်ထားတဲ့ မယ်ဒလင်ကလေးကို တွေ့သွားတယ်။

"ကိုခင်... အဲ... သီပေါခင်ကြိုင်ကတော့ တကယ့် အနုပညာသမားစစ်စစ်ပဲဗျာ။ ကျုပ်တို့ရွာမှာ မယ်ဒလင်မရှိဘူး။ တီးတတ်တဲ့လူလည်း မရှိဘူး။ ခင်ဗျား ဇာတ်ကတုန်းက ကျုပ်တို့က ငယ်ငယ်ရယ်။ အဖေတို့ပြောတာကတော့ ခင်ဗျား တော်တော်ကောင်း ဆိုပဲ"

"ဒီလိုပေါ့ကွာ... အနုပညာသမားဆိုတာ ကျရာပေါ့။ လုပ်ရတာပေါ့။ သေတ္တာများ ဆွဲမှောက်လိုက်လို့ ကျတဲ့အရုပ် ကောက်ကိုင်နိုင်ရတယ် ဆိုသလိုပေါ့"
"ဒါနဲ့များဗျာ... ဒီပညာတွေတတ်ရဲ့နဲ့ ဘုန်းကြီးကျောင်းမှာ ရေညှိတက်ခံနေရသလား"

အဲဒီကာလသား ပြန်သွားတော့ သူ ငိုင်ပြီး ကျန်ရစ်တယ်။ အကြာကြီးလည်း စဉ်းစားတယ်။ ဟုတ်သားပဲ၊ တစ်ချိန်က သည်နယ်မှာ သီပေါခင်ကြိုင် ဆိုရင် ကရောင်းရိုက်တာနဲ့ လူတွေ ညို့နေရတာ။ ရွာဝင်တာနဲ့ 'ပါတော်မူ' တင်ရတော့တာ။ ရေညှိတက်ခံတော့မလား တဲ့။ ဒီပညာတွေ တတ်ရဲ့နဲ့ တဲ့။ ဆွမ်းစားကျောင်းဘေးက မီးခိုးလုံးရိုက်နေတဲ့ အခန်းကလေးထဲ သေတ္တာဟောင်းတစ်လုံးနဲ့ ဘဝ ဆုံးရတော့မလား။

ကြည့်စမ်း...
ဒီစကားမျိုး ဘယ်သူမှ မပြောဖူးဘူး။ မကြားရတာပဲ အနှစ်နှစ်ဆယ် ကျော်ပြီ။ ထင်းပုံကြားမှာ ဝှက်ထားတဲ့ တောပုလင်းကို ထုတ်တယ်၊ ထပ်သောက်တယ်၊ ပုလင်းတစ်ဝက်ကျိုးတော့ မယ်ဒလင်ကို ထ ဖြုတ်တယ်၊ ကြိုးတွေကို စစ်တယ်၊ ကျနေတဲ့ကြိုးတွေကို ပြန်ညှိတယ်၊ မယ်ဒလင်ကို ရင်ဘတ်ပေါ်တင်ပြီး ခဏမှိန်းနေတယ်။ မျက်လုံးတွေက သေတ္တာကလေးကို သွားတွေ့တယ်။ ငေါက်ခနဲ ထ,ထိုင်တယ်။ ဆုံးလည်း ဆုံးဖြတ်လိုက်တယ်။

ရေညှိတက်နေတဲ့ဘဝကို တိုက်ချွတ်ဆေးကြောရမယ်၊ အတိုင်းအဆမဲ့ သူ့အနုပညာတွေကို အရောင်ပြန်တင်ရမယ်။ ကနေ့ညမှာပဲ လုပ်ရမယ်၊ မနက်ဖြန် အကူးမခံဘူး၊ ကနေ့ညပဲ။ ပြောသာပြောရတာ၊

MMCYBERMEDIA
COMMUNITY FOR ALL

သူတစ်ယောက်တည်း ပါတော်မူ က,နေလို့ မရဘူး။ သူတစ်ယောက်တည်း 'ပဗ္ဗတ ဟေမဝန်တောင်' လုပ်နေလို့ မရဘူး။ ခံစားသူ ရှိရမယ်၊ နားလည်သူ ရှိရမယ်၊ အကဲဖြတ်သူ ရှိရမယ်၊ ဝေဖန်ဆစ်ပိုင်းသူ ရှိရမယ်၊ ဒါဆိုရင် ပရိသတ် ရှိရမယ်၊ ဘယ်မလဲ ပရိသတ်...

ပရိသတ်...

သူ့သေတ္တာကလေးကို တဆတ်ဆတ်တုန်နေတဲ့ လက်တွေနဲ့ ဖွင့်တယ်။

* * *

-၄-

သူရောက်သွားတော့ နာရီပြန်တစ်ချက်လောက်ရှိပြီ။ တောကျေးလက်က ညဆိုတာက လ ရှိရင်ရှိ၊ မရှိရင်လည်း ကိုယ့်လက်ကိုယ်တောင် မြင်ရတာ မဟုတ်ဘူး ဆိုတာကတော့ ထားပါတော့၊ ဆိုးတာက အဲဒီညက လေတွေတိုက်နေတယ်။ လေသံကလွဲလို့ တခြားအသံ မကြားရဘူး။ သူ မကြောက်ဘူး။ သူ ရည်ရွယ်ခဲ့တဲ့နေရာပဲ။

လမ်းမြောင်ကလေးကို တော်တော်ဝင်မိတော့ ညောင်မှတ်ဆိတ်ပင်အောက်ကို ရောက်တယ်။ ခနော်နီခနော်နဲ့ ဇရပ်ပျက် စောင်းစောင်းကြီးက သူ့ကိုကြည့်နေတယ်လို့ ထင်တယ်။ ဝေါခနဲ ထပုံတဲ့ ငှက်တချို့ကလွဲရင် လေတိုးသံတွေပဲ ရှိတယ်။

ဝိုးတဝါးမြင်ရတဲ့ မြေမို့မို့တွေကို သူ စမ်းပြီး ကျော်ဖြတ်လိုက်တယ်။ တချို့မှတ်တိုင်တွေကို အားပြုရတယ်။ သူ့နားထဲကလည်း လေတွေ တအားတိုးထွက်နေတယ်။ တော်တော်ဝင်မိတော့မှ အုတ်ဂူတစ်လုံးကို သူ တွေ့တယ်။ ဒီသင်္ချိုင်းကို သူ တစ်ခါမှမရောက်ဖူးဘူး။ သူ့ရွာက သူ့သင်္ချိုင်းလည်း မဟုတ်ဘူး။ အုတ်ဂူပေါ် တက်လိုက်တယ်။ ဖော့လုံးကို စွပ်တယ်၊ သန်လျက်ကို ကိုင်တယ်၊ လက်တစ်ဖက်က မယ်ဒလင်ကလေးကို ခပ်တင်းတင်း ကိုင်ထားတယ်၊ ပြီးမှ မြေကမူ မြေပုံတွေဘက်ကို လှည့်တယ်။

"အဟမ်း... ဒီည ကျုပ် ဒီကိုလာရတာနဲ့ ပတ်သက်လို့ စကားနည်းနည်း ပြောမယ်။ ကျုပ် ခင်ဗျားတို့ကို သနားတယ်။ ခင်ဗျားတို့ဟာ အထီးကျန်ဖြစ်နေတယ်ဆိုတာ ကျုပ် သိတယ်။ ခင်ဗျားတို့အထဲက ကျုပ်ကို သီပေါခင်ကြိုင်ဆိုတာ တချို့ မှတ်မိလိမ့်မယ်"

သူက ခဏနားပြီး နားထောင်ကြည့်တယ်။ လေသံကလွဲလို့၊ ဇရပ်ပျက်ဆီက သွပ်ပြားရိုက်သံ တဖန်းဖန်းကလွဲလို့ ဘာသံမှ မကြားရဘူး၊ ငြိမ်လို့။ သူ ကျေနပ်သွားတယ်။ သူ့စကားကို အလေးအနက်ထားကြတယ် လို့ သူ ထင်တယ်။

"ဒီတော့ ဒီည ကျုပ်တစ်ယောက်တည်းပဲ ခင်ဗျားတို့ကို ဖျော်ဖြေမယ်။ ကျုပ်ရဲ့ အနုပညာနဲ့ ဖျော်ဖြေမယ်။ ကျုပ်ရဲ့ ကြေးတွေညှော်တွေနဲ့ အနုပညာကို ဒီည ပွတ်တိုက်ဆေးကြောမယ့်ကာလနဲ့ ခင်ဗျားတို့ တိုက်ဆိုင်တာဟာ ခင်ဗျားတို့အဖို့ သိပ်ကံကောင်းတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

'ခင်ဗျားတို့ သိပ်ကံကောင်းတယ်' ဆိုတဲ့အသံဟာ သင်္ချိုင်းထဲမှာ ကျယ်လောင်သွားတယ်။

"ကိုင်း... ဘေရီတဖန်မှာ ရွှေပြည်မသန်ကတည်းက ရွှေစည်သံ ဆိုတာလည်း ပျောက်ခဲ့ကြပြီ။ အဲဒါကြောင့် နောက်နောက်က ကြငှန်းမှျော်ရှုပြီး နန်းတော်အတု အချုပ်ကြံတဲ့သူက... ဟဲ့... စမုန်ခံတီး... ..."
* * *

-၅-

မနက်လင်းတော့ သင်္ချိုင်းစပ် ယာတဲမှာနေတဲ့ ကိုမွှေးဆိုတဲ့လူ သီပေါခင်ကြိုင်ကို စတွေ့တယ်။ သူကြီးကတော် အုတ်ဂူပောင်းဘေးမှာ နန်းဝတ်နန်းစားကြီးနဲ့ လဲလို့။ လက်တစ်ဖက်မှာ ဩဘာ ထွင်းအိုးကလေး။ သန်လျက်ကတော့ ခပ်ဝေးဝေးမြေပုံတစ်ခုပေါ်မှာ တင်လို့ တဲ့။ ထုံးစံအတိုင်းပေါ့... လူတွေဆိုတာကတော့ ပြောကြဆိုကြတာပေါ့။

တချို့က အန်ဖတ်ဆို့တာ တဲ့၊ တချို့က သရဲ ကုပ်ချိုးတာ တဲ့၊ တချို့က အအေးပတ်တာနေမှာပါ တဲ့။ သူ့ဘထွေးဘုန်းကြီး အမိန့်ရှိတာကတော့ "သီပေါခင်ကြိုင် ဆိုတဲ့ကောင် ဘဝင်လေဟပ်သွားတာ" တဲ့။

*(အာကာဦး မဂ္ဂဇင်း၊ အတွဲ-၁၊ အမှတ်-၂။ ၁၉၉၀-ဇန်နဝါရီလ)*

MMCYBERMEDIA
COMMUNITY FOR ALL

# အတောင်ကျွတ်ငှက်

-၁-

ပိန်းပိန်းပိတ်ပိတ် မှောင်နေသည်လည်း မဟုတ်။ လျှော့ပါးသောအလင်း ယဲ့ယဲ့ကလေး ရှိနေသည်။ ပြီးတော့ သည်နေရာမှာမဟုတ်၊ သည်ကမ္ဘာမှာပင် မဟုတ် ဟု ထင်သည်။ ကမ္ဘာမြေနှင့် ဝေးလျားသော လွင့်မျောဥက္ကာခဲတစ်ခုနှင့် တစ်ခုအစပ်ကြား ဖြစ်ဟန်တူသည်။ ပြီးတော့ တစ်ကောင်တည်း မဟုတ်၊ နှစ်ကောင်။ တစ်ကောင်က နုနယ်သေးကွေးလွန်းသည်။ ပြီးတော့ သူ့အတောင်နှင့်သူ ပျံနိုင်တာလည်း မဟုတ်။ တစ်ကောင်၏ကျောပေါ်မှာ နုမျှင် သေးကွေးသော အတောင်ပံများနှင့် သိုင်းဖက်ကာ ပါလာခြင်း ဖြစ်သည်။ ကာလများစွာ ကြာခဲ့ပြီ။

အတောင်တွေလည်း ညောင်းလှပြီ။ အတောင်အလက်အချို့ ကျိုးပဲ့ပျက်စီးကုန်သည်။ တချို့ ပြုတ်ကျကျန်ရစ်သည်။ ငုံးတိတိ ပြောင်မွဲမွဲ အရေပြားနီကျင်ကျင်တို့ပင် ပေါ်နေပြီ။ အတောင်ပံမှ ငှက်မွေးငှက်တောင်တို့ ပြည့်စုံစွာ မရှိသဖြင့် ခတ်အားမကောင်းလှ။ ငြိမ်းချမ်းအေးမြသော နေရာကလေးတစ်ခုမှာ နားချင်လှပြီ။ သို့သော် နားနေရန်နေရာ မရှိ။ လှမ်းမျှော်ကြည့်လေ၊ မရှိ၊ ဘာမျှမရှိ... အမှောင်သာလျှင်ရှိ၏။ အလင်းဖန့်ဖန့်ကလေးသာလျှင် ရှိ၏။ အလင်းမျှင်များပေါ်တွင် ငှက်တစ်ကောင် နားနိုင်သည်လား... အတောင်ခတ်အား ကျလာပြီ။ ရှေ့ခရီးကို တစိုက်စူးစူး ကြည့်နေရသော မျက်လုံးတွေက သွေးစများ စီးကျလာသည်။ လေတိုက်နှုန်းက ပိုမိုပြင်းထန်လာသည်။

လေ... လေတိုက်နေသည်လား။ လေတိုက်လျှင် လေက ဘယ်က လာသလဲ။ သစ်ရွက်သစ်ခက်တွေရဲ့ လှုပ်ရှားမှုက လာသလား။ ဒါဆိုလျှင် နားစရာတွယ်စရာ ရှိနေသည်ပေါ့။ မတွေ့၊ ဘာဆိုဘာမှ မတွေ့။ သို့သော် လေသည် ဂူးဂူးဝေါဝေါ တိုက်နေဆဲသာ ဖြစ်သည်။ လေက အေဘ်သံတွေ ပါ ပါ လာသည်။ ကြောက်မက် ချောက်ချားဖွယ် တိုက်ခတ်လာခြင်းမျိုး ဖြစ်သည်။ ပြီးတော့ လေဆန်။ ပျံနေရခြင်းသည်ပင် လေဆန်။ ပိုပြီး အားကုန်လာသည်။ ကျောပေါ်က ငှက်ကလေးကတော့ အတောင်နှစ်ဖက်ဖြင့် သိမ်းကုပ်ဖက်တွယ်ထားဆဲ ဖြစ်သည်။

ငှက်ကလေးရယ်... လျှော့ပါဦး ဟု ပြောချင်သည်။ ပြော၍ မရချေ။ ပြော၍မရ။

အတောင်ပံပေါ်မှာ ငှက်အတောင် တော်တော်များများ ပြုတ်ကျသွားပြန်သည်။ လှပသော ငှက်တစ်ကောင် မဟုတ်တော့။ အကျည်းတန်သော ကျက်သရေမဲ့ ငှက်တစ်ကောင်။ ဒါမှမဟုတ် လင်းတတစ်ကောင်နှင့် တူနေသည်။ ဟိုး ရှေ့မှာ ပြိုးပြက်သောကြယ်ပွင့်တွေကို တွေ့နေရသည်။ နီးသည် ဟု ထင်ရသော်လည်း အလင်းနှစ်ပေါင်းများစွာ ပျံရဦးမည် ထင်သည်။ ခရီးတစ်လျှောက် ရိုက်ခတ်လာခဲ့သော အဟုန်၊ ခွန်အားနှင့် မာန်များ လျှော့ပါးလာခဲ့ပြီ။ နားခိုအိပ်စက်ရန် တစ်နေရာသို့ ရောက်ချင်ပြီ။ အောက်ကို ငုံ့ကြည့်လိုက်သည်။ ဘာမျှမရှိ... မှောင်။ လေက ပိုမိုတိုက်ခတ်လာသည်။ ရင်ဝကိုဆောင့်တွန်းလိုက်သလို ခံစားရသည်။ ထိုအခါ အရှိန်နှင့် အောက်ကိုပြုတ်ကျသွားသည်။ အရှိန်နှုန်း မြင့်မားစွာ ပြုတ်ကျနေခြင်း ဖြစ်သည်။ ငှက်ငယ်ကလေးက တအားသိမ်းဖက်ထားဆဲ။

http://www.mmcybermedia.com

MMCYBERMEDIA COMMUNITY FOR ALL

မဆုံးနိုင်သေး... ကျဆဲ... ကျဆဲ။ ငှက်ကလေးက ကြောက်လန့်တကြား စူးစူးနစ်နစ် အော်ဟစ်လိုက်သည်။ သို့သော် ပြုတ်ထွက်မသွားသေး။ လေတိုက်သံနှင့် အော်သံတို့ ပြိုင်စူးသွားသည်။ ဦးစောက်ကျွမ်းပြန် ကျနေသည်။ ရိပ်ခနဲ ရိပ်ခနဲ ထိုးကျနေသည်။ ငှက်ငယ်၏ သိမ်းဖက်ထားသော အတောင်ကလေးနှစ်ဖက် ပြုတ်ထွက်သွားသည်၊ ကျတော့မသွားသေး။ ကျိုးကျဲကျဲအတောင်တချို့နှင့် ငှက်ငယ်၏ခြေသည်းများ ချိတ်စူးနေဆဲ ဖြစ်သည်။ အားကို တင်းလိုက်သည်။ မျက်ဝန်းထဲက သွေးတွေ လျှံကျလာပြန်သည်။ လေထဲမှာ မိမိကိုယ်ကို တန့်သွားအောင် ကြိုးစားကြည့်သည်၊ မရ။ အရှိန်ကို မတွန်းလှန်နိုင်။ ကျနေသည့် အရှိန်ကများသည်။ အတောင်ဖျားတချို့မှ မီးလောင်ညှော်နံ့ နံလာသည်။ ထိုအခါ ဝမ်းနည်းစွာ ငိုချလိုက်သည်။

မျက်လုံးအိမ်မှ သွေးစက်တို့က မည်းမှောင် နက်ရှိုင်းသော ဟိုး အောက်သို့ တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျနေလေသည်။

* * *

## -၂-

သွေးပုလင်းမှ သွေးစက်တို့ တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျနေလေသည်။

တစ်ကိုယ်လုံး လောင်မြိုက်ကျွမ်းချစ်နေသည်။ အပူရှိန်ကြောင့် ရေငတ်နေသည်။ လည်ချောင်းရိုးတို့ တစ်စစီ ကျိုးပဲ့ငေါထွက်နေပြီ ဟု ထင်သည်။

လည်မျိုပြွန်ဝအတွင်းသို့ တံတွေးပင် ဝင်၍မရချင်တော့။ လည်မျိုတစ်ခုလုံး ထက်မြသော ဓားပါးပါးလေးဖြင့် မွှန်းထားသလို အက်ကြောင်းရာ မွမွထနေပြီ။

တံတွေးတစ်ချက် မျိုကြည့်သည်၊ ထိထိခိုက်ခိုက် နာကျင်သွားသည်။ ရင်ထဲမှာ မောဟိုက်နေသည်မှာလည်း ပြောစရာပင်မရှိတော့။ မျက်လုံးတွေကို ကြိုးစားဖွင့်ကြည့်သည်၊ မရ။ ပါးစပ်ကတော့ ပွင့်ဟသွားမှန်း သိသည်။ အေးစက်သောရေအချို့ ဝင်လာသည်။

ရေ... ရေ... ရေဆာနေသည်ပဲ၊ ရေဆာနေတာကို သတိရသွားပြန်သည်။ အငမ်းမရ မျိုချလိုက်သည်။ နှလုံးသားတစ်ခုလုံးကို ဆွဲညှစ်လိုက်သလို နာကျင်သွားသည်။ ရေငတ် ပြေသွားသည်။ မျက်လုံးတွေကို ဖွင့်ဖို့ အားတချို့ ရလာသည်။ မျက်ခွံတွေက မှိုပိတ်နေသည်။ မျက်ခွံတွေပွင့်ဟဖို့အတွက်ပင် မျက်ကြောမျှင်ကလေးတွေ ဆိုင်းနေပြီလား။ အရည်မဲ့ မျက်ဝန်းတွေက နေရောင်အောက်က ကျောက်ခဲတစ်လုံးလို သွေ့ခြောက်မာကျောနေရော့မည်။

"သတိရပြီလား မေစီ..."

နားထဲက လေပူတွေ တရှဲရှဲ တိုးထွက်နေသည်။ မနည်း ကြိုးစားနားထောင်နေရသည်။ ဆရာမကလေးက ငုံ့ကြည့်နေမှန်း၊ နှုတ်ခမ်းစပ်က ရေစက်တွေကို တယုတယ သုတ်ပေးနေမှန်း

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

သိနေသည်။ ရေမချိုးရတာ ကြာပြီဖြစ်သော ကိုယ်ခန္ဓာက အနံ့ဆိုးတွေထွက်နေမှန်း သိသဖြင့် ဆရာမကလေးကို ဝေဒနာကြားက အားနာနေသည်။ ဆရာမကို တားချင်သော်လည်း အသံမထွက်နိုင်။

"မေစီ... သက်သာတယ်မဟုတ်လား။ ပျောက်သွားမှာပါ။ စိတ်ကလည်း အရေးကြီးတယ်။ စိတ်လည်း တင်းထားမှပေါ့"

ထောက်ကန်ဖွင့်ဟထားသော မျက်ကြောမျှင်တွေက ကြာရှည်ခွင့်မပြုပြန်တော့။ မျက်ခွံတွေကို ပိတ်လိုက်ရပြန်သည်။ နားထဲက လေတွေ တအူအူထွက်နေဆဲ။ ဘာဆိုဘာမှ မကြားရ။

မှန်းနေလိုက်သည်။ လွင့်မျောနေသော ငှက်သားအမိကို သတိရသွားပြန်သည်။ ငှက်တစ်ကောင်... ပြီးတော့ သူ့ကျောပေါ်မှာ ငှက်ကလေးတစ်ကောင်။ ဟင်းလင်း စကြဝဠာထဲကို ဦးစောက်ကျွမ်းပြန် ကျနေသော ငှက် နှစ်ကောင်။

ပြုတ်လုတဲတဲ ငှက်ကလေးက ဘာဖြစ်သွားသည်လဲ။ မီးလောင်သွားသလား၊ ဒါမှမဟုတ်...

"မေစီ... မေစီ..."

အသံ... အသံတွေက တုန်ခါနေသည်။ ဘယ်က အသံတွေပါလိမ့်။ တိုးညင်းသောအသံထဲမှာ ကရုဏာအမျှင်ကလေးတွေ ပါနေသည်။ အင်မတန်ရှားပါးသည့် သည်အမျှင်ကလေးတွေကကော ဘယ်ကကျလာသလဲ။ ထူးချင်သော်လည်း မရချေ။ သူနာပြုဆရာမကလေးပဲ ထင်သည်။

"မေစီ... ဒီမှာ နင့်သားလေး လာပြီလေ"

အို... သားလေး... သားလေး... ငှက်ကလေးထင်ပါရဲ့။ ဟုတ်နိုင်သည်။ သားလေးဟာ ငှက်ကလေးပဲပေါ့... လင်းတနဲ့တူတဲ့ငှက်ဟာ၊ အတောင်ကျွတ်ငှက်ဟာ၊ ဥက္ကာခဲတွေကြားက နားစရာမဲ့ ခရီးသည်ငှက်ဟာ...

မျက်လုံးတွေ ပွင့်ဟသွားပြန်သည်။ ကြေမွနေသော လည်ချောင်းပြွန်ဝထဲက အသံတစ်စ ထွက်ဖို့ ခဲယဉ်းလှသည်ကော။

"သားလေး..."
"ဗျာ"

ခုတင်ဘေး ရပ်နေသည့် မျက်လုံးစောင်းစောင်းနှင့် သားကလေး၊ ဆံပင်တွေက နီကျင်နေသည်။ အသားတွေက ညိုမှိုင်းနေသည်။

"သားလေး ဘယ်သွားနေတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"သား ပိုက်ဆံတွေသွားရှာနေတာပေါ့ မေမေ… မေမေ ဘာစားချင်သလဲ၊ သား ပေါင်မုန့်လေးချပ် ဝယ်လာတယ်။ သားမှာ တစ်ဆယ်တောင် ရှိတယ်။ သား ခိုးလာတာ မဟုတ်ဘူးနော်၊ ဘဘဦးလှထွန်းတို့ ပေးလိုက်တာဗျ"

"ပိုးရယ်… တောင်းရမ်းလာရသလား"

လေသံတွေထဲမှာ ဒေါသငွေ့တွေ ပါသွားသည်ဟု ထင်သည်။ ရှစ်နှစ်သားအရွယ် ကလေးတစ်ယောက်၏ တရားသဖြင့် ငွေရှာနည်းမှာ တောင်းရမ်းခြင်းကလွဲလျှင် အခြားမဖြစ်နိုင်။

"ဟုတ်တယ်… တောင်းလာတာပဲ။ မေမေပဲ မခိုးရဘူး ဆို၊ တောင်းရမယ် ဆို…"

မျက်လုံးတွေကို ပိတ်လိုက်သည့်အခါ မျက်ရည်ပူတွေ စီးကျလာသည်။ ငွေရှာသွားတာတဲ့လား ပိုးရယ်။

မျက်ဝန်းမှ ပါးပြင်ကိုဖြတ်ကာ နားထင်စပ်ဆီသို့ ကျနေသော မျက်ရည်၏လိမ့်ဆင်းမှုကို သိနေသည်။ ရင်ထဲမှာ လှိုက်၍လှိုက်၍ တက်လာသည်။ ရှိုက်ကြီးတငင် ငိုချလိုက်ချင်သည်။ ငို၍မရ။ ငိုလိုက်ဖို့ပင် အားမရှိ။ ရင်ထဲမှာ ထွက်ပေါက်မဲ့ ဆို့ကျပ်လာသည်။ မျက်ရည်တွေ ပိုမိုသွန်ကျလာသည်။ နှလုံးသားတစ်ခုလုံး အသားကြိတ်စက်ထဲက ထွက်လာသော အသားစတွေလို တစ်စစီ တစ်မျှင်စီ ဖြစ်ကုန်ပြီ ထင်သည်။

"မေမေ… မေမေ…"

ပိုး၏အသံကလေးကို တိုးတိုးကလေး ကြားနေရသည်။ နောက် ဝေး၍ ဝေး၍ သွားသည်။ အာခေါင်တွေ ခြောက်လာသည်။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ခိုက်လာသည်။ ပြီးတော့ မျက်ရည်တွေ ကျနေမှန်းလည်း သိနေသည်။ ဝေးလွင့်သွားမည့် အာရုံတွေကို လှတ်ပေးလိုက်ချင်သည်။ ပိုးခေါ်သံ တိုးတိုးမျှင်မျှင်ကလေးကိုတော့ ကြားနေရသည်။

"မေမေ…"

အသံလာရာဘက်သို့ လက်ကို ဆန့်ထုတ်လိုက်သည်။ ပိုး၏ ဆံစကလေးတွေကို ပွတ်သပ်နေချင်သည်။ လက်ကို ရုတ်တရက် မ၍ မရ။ အတော်ကြိုးစား၍ မ ယူရသည်။ သားဆံပင်တွေက ကြမ်းပြီး ခြောက်နေလိုက်တာကွယ်။

"သားလေး… ပိုး…"

"ဗျာ"

"မေမေ မရှိတော့ရင်…"

"မေမေ… ဒါကိုမပြောပါနဲ့"

တတ်လိုက်တဲ့ လူကလေးရယ်…

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ခဲတံချောင်းကလေးတွေနှင့် တူသော လက်ချောင်းကလေးတွေနှင့် တရှိုက်တငင ပွတ်သပ်ပေးနေမိသည်။ ပါးလွှာသော လေပြည့်ပူဖောင်းတစ်လုံး၏ ထုထဲမှုထက် မပိုသော အရေပြားလွှာများ ဖုံးအုပ်ထားသည့် လက်ချောင်းကလေးတွေက လိုချင်သလို ဖြန့်ကားဆုပ်နယ်ချင်၍ မရ။

"မောလိုက်တာ သားလေးရယ်..."
"ပေါင်မုန့်စားလိုက်ပါလား။ သား ဝယ်ထားတယ်"
"သား..."
"ဗျာ"
"အိမ်ပြန်သေးသလား ဟင်..."
"ဟုတ်ကဲ့"
"... ... ..."
"ဗျာ..."

မောဟိုက်နေသောရင်က မို့မောက်နေသည်။

အိမ်ပြန်သေးသလား မေးရသော်လည်း ကွင်းပြင်ကျယ်ကျယ်ကြီးထဲက ကုပ်ချိချိ လေးတိုင်စင် တဲကလေးတစ်လုံးကို မြင်နေရသည်။

အသက်ကို အားစိုက်၍ ရှူနေရသည်။ စကားသံတွေ မထွက်တော့။ အသာကလေး မှိန်းနေလိုက်သည်။ သားလေးရဲ့ အသံတွေကိုပဲ တခံမင်မင် တဝကြီး နားထောင်နေမိသည်။

"သားလေး ကျောက်ရေတွင်းက ရထားနဲ့လာတော့လေ၊ မြို့ပတ်ရထားပေါ်မှာ လက်မှတ်စစ်တဲ့ ဦးလေးကြီးတစ်ယောက်က သားကိုမေးတယ်။ 'မင်း ဘယ်သွားမလို့လဲ' တဲ့။ 'လူကြီးမပါဘူးလား' တဲ့။ 'ဈေးသည်လား' တဲ့။ သားက 'မေမေ ဆေးရုံတက်နေတာ သွားကြည့်မလို့' လို့၊ 'စားစရာလည်း မရှိပါဘူး' လို့၊ 'ဆင်းရဲပါတယ်' လို့ ပြောလိုက်တယ်"

စကားတွေက ဗလုံးဗထွေးဝင်လာသော်လည်း သိနေသည်။ အသံက ဝေးလံသောအရပ်က ပြောနေသလို တိုးလျနေသည်။

"အဲဒီ ဦးက ရန်ကုန်ဘူတာကြီးက တဲ့။ 'ဆေးရုံကို ငါ လာကြည့်မယ်' တဲ့။ မေမေနဲ့ သား နာမည်ကို မေးတယ်ဗျ။ 'မင်းပြောတာ မှန်ရင် မင်းကို ငါ မွေးစားမယ်' တဲ့။ သားကို မုန့်ဖိုးလည်း ပေးလိုက်တယ်။ ဆေးရုံနားက မီးပွိုင့်မှာ မီးရထားကြီးရပ်တော့ သားက ဟိုဆေးရုံမှာ လို့ ပြလိုက်တယ်။ သားက ရထားပေါ်မှာ ထိုင်ကန်တော့လိုက်တယ်"

ဘာတွေလဲ။ စက္ကူစတွေ... လက်ထဲကို စက္ကူစတွေ အတင်းထိုးထည့်ပေးနေသည်။ ငွေစက္ကူစ အနည်းအကျဉ်း ဖြစ်မည်။ ဆေးရုံခုတင်ထက်မှ ကြွေခါနီးသစ်သီးတစ်လုံးအဖို့ ငွေစက္ကူများ၏ တန်ဖိုးသတ်မှတ်ချက်မှာ သိပ်အရာမထင်နိုင်တော့။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

လက်ချောင်းတွေက ဝါကျင့်နေသော ဆေးရုံခုတင်ခေါင်းရင်း သံပိုက်လုံးတန်းကို မှန်းဆ ဆုပ်ကိုင်လိုက်သည်။ ကိုယ်ကို စောင်းလိုက်ဖို့ ကြိုးစားသည်။ မရ။ ပိုက်တွေက နေရာအနှံ့အပြားမှာ တပ်ဆင်ထားသည်။ လက်မှာ သွေးစက်တွေ တစ်ပေါက်ချင်း စီးဝင်နေသည်။ နှာခေါင်းအစပ်မှာ တိပ်နှင့်ကပ်ထားသော ပိုက်တစ်ချောင်း ရှိသည်။

ဝါးပိုးဝါးတစ်လုံးထက် မပိုသော ခန္ဓာ၊ မျက်လုည့်မှော်သေတ္တာထက်မှ မျောက်ခေါင်းခွံတစ်ခုထက် မပိုသော မျက်နှာ၊ နာနာဘာဝတစ်ကောင်လို ကြောက်စရာကောင်းနေသည့် မျက်နှာ။

"သား မုန့်သွားဝယ်ဦးမယ် မေမေ… မေမေ့ဖို့ လက်ဖက်ရည် ဝယ်ခဲ့မယ်။ ပုလင်းထဲကရေတွေ သွန်လိုက်မယ်"

ခြသေ့်တစ်ကောင်လို လုစ်ခနဲ ပြေးထွက်သွားသံကို ကြားနေရသည်။ ပိုးကို ယုန်ကလေး တစ်ကောင်လို၊ သိုးကလေး တစ်ကောင်လိုထက် ခြသေ့်ကလေး တစ်ကောင်လို လောကထဲမှာ ထားခဲ့ချင်သည်။ စောစောက စောင်းဖို့ကြိုးစားလိုက်သဖြင့် သွေးပုလင်းက သွေးကျမှု ရပ်ဆိုင်းသွားသည်ဟု ထင်သည်။ ချွေးတွေ စို့ထွက်လာသည်။ နှုတ်ခမ်းတွေက အက်ကွဲနေသည်။ သွေးမဆင်းတော့သော သွေးပုလင်းကို ငေးကြောင်ကြည့်နေမိပြန်သည်။ ခေါင်းကိုစောင်းငဲ့၍ သံဆန်ခါတပ်ပြတင်းမှ အပြင်သို့ ကြည့်လိုက်သည်။ မပီ… မြင်ကွင်းသည် မပီ။ သို့သော် သည်မြင်ကွင်းတွေကို အလွတ်ရနေသည်။ အုတ်တိုက်ဖြူဖြူလေး တစ်လုံး၊ ဘေးမှာ လှည်းတစ်စီး၊ သို့မဟုတ် ဆေးရုံရင်ခွဲရုံနှင့် အလောင်းသယ်လှည်း မည်းမည်း တစ်စီး။

ဒါကလွဲလျှင် အခြားမဖြစ်နိုင်။

* * *

-၃-

ဆေးသားမဲ့ကန်ကာရှက် လည်သံကပင် ချောက်ချားဖွယ် ကောင်းနေလေသည်။ မှုန်စူးသော ဆေးရုံနံ့၊ သို့မဟုတ် မွေးဖွားဆောင်ဘက်မှ မီးနေနံ့၊ သို့မဟုတ် ပြည်ပုပ်သွေးပုပ်နံ့တို့မှ ညှီပြုံပြုံ့နံ့။ သို့တည်းမဟုတ် လူသေတို့၏ အေးစက်သောအနံ့။ တစ်ခုခုတော့ ဖြစ်နိုင်သည်။

အနံ့တစ်ခုခုကို ရနေသည်။ လူသေတွေရဲ့အနံ့။ ဝေးလံသော အရပ်မှ လာသော အနံ့သာဆိုလျှင် ရင်ခွဲရုံဘက်ကလာသည့်အနံ့ကို ရရှိနေခြင်း ဖြစ်သည်။ အုတ်တိုက်ဖြူဖြူကလေးဆီက၊ သို့မဟုတ် လှည်းမည်းမည်းဆီက ဖြစ်မည်။

သူ့ကိုယ်သူ ဆေးရုံရင်ခွဲရုံထဲက ကျောက်စားပွဲကြီးပေါ်မှာ တွေ့နေရသည်။ ရင်ခွဲရုံထဲမှာ ကျောက်စားပွဲ ရှိသည်မရှိသည်ကို သူ မသိ။ ကျောက်စားပွဲပေါ်မှာ ဆန့်ဆန့်လျားလျား ငြိမ်သက်နေသော သူ့မခန္ဓာကိုယ်ကိုတော့ သူမ တွေ့နေရသည် အမှန်။ ရနေသောအနံ့က သူ့ကိုယ်မှအနံ့ ဖြစ်နေပြန်သည်။ စားပွဲပေါ်မှာ သူ မလှုပ မလျော့ရဲနေလေသည်။ ရင်ခွဲရုံထဲကို သူ ဘယ်လိုရောက်နေမှန်း မသိ။ သူ ဝင်လိုက်တော့ ရင်ခွဲရုံတံခါး ပြန်ပိတ်သွားသည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ကျောက်စားပွဲပေါ်ကသူမကို သူမကိုယ်တိုင် မြင်ရတော့ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ပြီးတော့ ယှဉ်ကာအိပ်လိုက်သည်။ ခဏကြာတော့မှ သူမ အသာအယာ ပြန်ထလိုက်သည်။ ကျောက်စားပွဲပေါ်မှ လျှောဆင်းကာ တံခါးနားမှာ လာရပ်တော့ တံခါးက အလိုအလျောက် ပွင့်သွားပြန်သည်။ ဆေးရုံရှေ့ ကျောက်ခင်းလမ်းကလေးမှ ထင်းရှူးပင်တန်းဆီသို့ ရောက်လာသည့်အခါ ညသည် အေးမြစွာ နှုတ်ဆက်လေသည်။ ထင်းရှူးပင်ကြီးတွေအောက်က သစ်သားထိုင်ခုံပေါ်မှာ ခဏထိုင်လိုက်ပြန်သည်။

မြင်ကွင်းထဲမှာတော့ ဆေးရုံကြီးတစ်ခုလုံးသည် မှော်အိမ်ကြီးတစ်အိမ်လို ကြောက်မက်ဖွယ် ကောင်းနေသည်။ သာဝန်းစ လသည် ဆေးရုံခေါင်မိုးပေါ်မှာ ချိတ်တွယ်နေသည်။ ထင်းရှူးရိပ်မှာ လရောင်ကျိုးကျဲ။ လေသည် ထင်းရှူးရွက်များကို ဖြတ်သန်းတိုက်ခတ်လာသောအခါ သာယာသံလိုလို၊ ညည်းသံလိုလို အသံတွေ ဖြစ်ပေါ်စေသည်။ ထင်းရှူးပင်ကြားက လသည် မှုန်ရီလွန်းသည်။

ဆေးရုံဟောင်းဘက်မှာ ဆရာမတစ်ဦးကို စင်္ကြံမီးရောင်အောက်မှာ မြင်နေရသည်။ သူ့ကိုတော့ မြင်ဟန်မရှိချေ။ သူ့ကိုယ်သူ သေးကျုံ့သွားအောင် ပြင်ထိုင်လိုက်သည်။ ဆရာမက သူ့ကိုလှမ်းမမြင်တော့ သူမ ဝမ်းသာသွားသည်။ ထို့နောက် ခုံပေါ်မှထကာ ဆေးရုံရှေ့ ကားလမ်းပေါ်သို့ လျှောက်လာခဲ့သည်။

ကျိုးပဲ့နေသော ဆေးရုံတံခါးကို ကျော်လိုက်သည်။ ဆေးရုံသည် ဝေးလျားစွာ နောက်မှာ ကျန်ရစ်ခဲ့သည်။ သူ့ခြေဖျားတွေက မြေကြီးနှင့် ထိစပ်နေသည် ဟု မထင်။ မှို့စကလေးတစ်စလို လွင့်မျောနေခြင်းမျိုး ဖြစ်သည်။ လွတ်ပြီ... အားပါးတရကြီး ရယ်ပစ်လိုက်သည်။ သူရယ်တာကို သူကိုယ်တိုင် ပြန်မြင်ရတော့ လန့်ဖျပ်သွားပြန်သည်။ သွားတွေ တစ်ချောင်းမှ မရှိတော့။ မျက်လုံးတစ်လုံးက အပြင်ဘက်ကို တွဲကျနေသည်။ ပါးတစ်ခြမ်းက ရွဲ့လိမ်နေသည်။ ရုပ်ရှင်ပိတ်ကားပေါ်က မိမိလှုပ်ရှားမှုကို မိမိ ပြန်ကြည့်နေရသော ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်လို ပြန်မြင်နေရခြင်းမျိုး ဖြစ်လေသည်။ ထိုအခါ သူမ ငိုချလိုက်သည်။

"မေစီ... မေစီ..."

တိုးညင်းသောအသံနှင့်အတူ သူ့ကိုကိုင်လှုပ်နေမှန်း ပထမဦးစွာ သိလိုက်သောအခါ သူ ငိုရှိုက်နေသည် ဟု ထင်သည်။

မာတောင့်သော ဆေးရုံကုတင်ထက်မှာ၊ မွှန်စူးသော အနံ့တွေကြားမှာ၊ တစ်ပတ်ချင်း မှန်မှန်လည်နေသော ပန်ကာရွက်အောက်မှာ သူမ ရှိနေမှန်း ပြန်သတိရလာသည်။

"မေစီ... ဘာဖြစ်လို့ငိုနေသလဲ။ နင်တို့သားအမိလည်း ဒုက္ခပါပဲဟယ်။ ကလေးကပါ ဆေးရုံတက်နေရတယ်၊ ခြင်တွေကိုက်ထားလိုက်တာ။ အို... အိုး... နေပါဦးကွယ်... ငါ စောင်ခြုံပေးစမ်းမယ်"

တာဝန်ကျ ဆရာမကလေး၏ အသံကြားတော့ သူမ လန့်နိုးသွားသည်။ လူနာမရှိသော ခုတင်လွတ်တစ်လုံးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သားလေးကို သတိရသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ချည့်နဲ့စွာလည်ပတ်နေသော ပန်ကာရွက်က ခြင်ကောင်တွေကို မောင်းနှင်မပစ်နိုင်။ ဆရာမက ထုံးစံအတိုင်း ဆေးထိုးပေးသွားပြီ ထင်သည်။ ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ သူမမှာ ခံစားမှု မရှိတော့၊

ထိ သိ မရှိတော့...

ရေဆာလာသည်။ နှုတ်ခမ်းတွေ တင်းခြောက်နေသည်။ ရင်တွေ ခုန်နေသည်။ ဆေးရုံခုတင်နှင့် ထိစပ်နေသော ကိုယ်ခန္ဓာအစိတ်အပိုင်း တော်တော်များများ ထုံကျဉ်နေသည်။ လေရှူရတာလည်း မဝချင်တော့။ တအားရှူသွင်းနေရသည်။ အဆုတ်ထဲကို လေနည်းနည်းပဲ ဝင်သည်။ အဆုတ်တစ်ခုလုံး ပြန့်ကားသွားအောင် ရှူသွင်းချင်သော်လည်း မရ။ သားလေးကို နိူးမည် ကြံသည်။ မနိူးရက်တော့။ အသံထွက်ချင်သော်လည်း စေးထန်းသော ခံတွင်းက ဖွင့်၍မရချေ။ သူမ သေသွားပြီလား... ဒါမှမဟုတ် သေတော့မှာလား... မသိချေ။

“ရေ... ရေ...”

အသံထွက်သွားသည် ဟု ထင်သည်။ ရေစက်အချို့ စီးကျလာမှန်း သိသော်လည်း ဘယ်သူက တိုက်နေမှန်း မသိ။ ရေစက်တွေက နှလုံးကို ဖြန်းခနဲ ဖြန်းခနဲ ထိစဉ်သွားသည်။

သူနာထဲမှာ စကားသံတွေ ကြားနေရသည်။ တဝေါဝေါ ဆူညံနေအောင် ပြောနေခြင်းမျိုး ဖြစ်သည်။ ထို့နောက် စကားတွေက ဝေး၍ ဝေး၍ သွားရုံမက နေးကွေးလေးတွဲ့စွာ ပြောနေသံမျိုး ဖြစ်သည်။ မိမိ၏ အမည်ကို တယုတယခေါ်နေမှန်း သိသော်လည်း မေးရိုးကို ဆတ်ခနဲ ဆတ်ခနဲ ထိုးကာ ကြားကြောင်း တုံ့ပြန်လိုက်သည်။ ဘယ်သူက ခေါ်နေတာလဲ၊ ဘယ်သူတွေလဲ၊ ဘယ်သူတွေလဲ...

* * *

## -၄-

သည်တစ်ခါ သူမ တက်လိုက်သော အဆောက်အအုံမှာ အုတ်တိုက်နီနီကြီး ဖြစ်လေသည်။ လှေကားထစ်ပေါင်းများစွာကို တက်နေရခြင်း ဖြစ်သည်။ အချိုးအကွေ့တွေ များလွန်းသဖြင့် ဘယ်နထပ်မှန်းလည်း မသိတော့။ နောက်ဆုံးအချိုးတစ်ခု အကွေ့လိုက်တွင် မွှေးကြိုင်သော ရနံ့တစ်မျိုးကို ရှူရှိုက်မိလေသည်။ နှင်းဆီရနံ့...

ချိုအီသောရနံ့သည် ခန်းမထဲမှာ ကြိုင်လှောင်နေသည်။ ဝင်းလက်သော အရောင်တင်ဆီသုတ် ကျွန်းသားခုံတန်းတွေကို တစ်တန်းပြီး တစ်တန်း ကျော်ဖြတ်လာခဲ့သည်။ လက်ဝါးကပ်တိုင်ပုံ ရိုက်နှိပ်ထားသော ယပ်တောင်တချို့။ ဓမ္မသီချင်းစာအုပ်များကိုလည်း တွေ့နေရသည်။ ယပ်တောင်ပေါ်က စာတွေကို လိုက်ဖတ်ကြည့်တော့ ‘ခရစ်တော်၌ အိပ်ပျော်ခြင်း၊ မေစီ... အသက် နှစ်ဆယ့်ခြောက်နှစ်’ ဟု ရေးထားသည်။ ရှေ့ကိုဆက်လျှောက်လာတော့ ရှေ့မှာ အနက်ရောင် သေတ္တာရှည်တစ်လုံး ရှိနေသည်။ လွှားခြုံထားသောဇာပဝါမှာ ဖြူဖွေးတောက်ပလွန်းသည်။ အုတ်တိုက်နံရံကို ရိုက်ခတ်၍ လှိုက်ခုန်နေသော စန္ဒရားသံနှင့်အတူ လူပေါင်းများစွာ၏ ဓမ္မသီချင်း ကျူးသံက လှိုင်းထနေလေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

'ကောင်းကင်မှာ မိတ်ဆွေများ တွေ့ရလိမ့်မည်။ ဝမ်းမြောက်ခြင်း မြစ်ရေသည် စီးလျက်နေ၏။ ကယ်တင်ရှင်ပြုံးရယ်ခြင်း မြင်ရပြန်လျှင် အနန္တကာလမှာ ဘုန်းတော်မြတ်ပင်'

ထိုင်ရာမှ ထလိုက်ကာ သေတ္တာနက်ဆီသို့ လျှောက်လာခဲ့သည်။ တောက်ပသောဇာပဝါကို ဖြတ်၍ သေတ္တာထဲငုံ့ကြည့်လိုက်တော့ များစွာ အံ့သြသွားလေသည်။ ခေါင်းတလားထဲမှာ အိပ်စက်နေသူကား သူမကိုယ်တိုင် ဖြစ်နေလေသည်။ လူတွေက သူမကိုမတွေ့သလို ဓမ္မသီချင်း၌ အာရုံစူးနစ်ထားကြသည်။ နှင်းဆီရနံ့သည် ပိုမိုမွှန်စူးနေသည်။ ကြောက်လန့်တကြား နောက်ဆုတ်လာခဲ့သည်။ လူတွေက သူမကိုမမြင်တာ သူမ အံ့သြနေသည်။

'အကျွန်ုပ်ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဖို့ စားပွဲကို ခင်းကျင်းတော်မူ၏။ အကျွန်ုပ်ခေါင်းကို ဆီဖြင့်လိမ်းကျံတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏'

သင်းအုပ်ဆရာတော်၏ ကရုဏာဖြင့် မွက်ကျူးသံသည် သူမနောက်မှာ လွင့်ဝဲ ပါလာသည်။ လှေကားထောင့်ချိုးကွေ့တစ်ခုမှာ သူမ ထိုင်ချလိုက်သည်။ ပြီးတော့ ဝမ်းပန်းတနည်း ငိုချလိုက်သည်။ ခဏကြာတော့မှ ငိုရင်း ဆင်းလာခဲ့သည်။ ကြီးမားသော သံပန်းတံခါးကြီးကို တွန်းဖွင့်ကာ လမ်းမပေါ်ကို ဆင်းလိုက်သည်။ လမ်းမပေါ်မှာ ကသုတ်ကရက် လျှောက်လာခဲ့သည်။ သည်မှာပင် ရှည်လျားသော လူတန်းကြီးကို သူမ တွေ့ရှိလေသည်။ အဆက်မပြတ် ကြားနေရသော ကြေးစည်ထိုးသံနှင့်အတူ လူတန်းကြီးသည် တရွေ့ရွေ့သွားနေခြင်း ဖြစ်လေသည်။ လူတန်းရှည်ကြီး၏ နောက်ဆုံးတန်းထဲသို့ သူမ တိုးဝင်လိုက်သည်။ သည်လူတွေကလည်း ယပ်တောင်ကလေးတွေ ကိုယ်စီကိုင်ထားသည်။ ယပ်တောင်တွေမှာ ထင်ထင်ရှားရှားမြင်ရသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည့် စာလုံးတွေကို တွေ့တော့မှ သူမ သဘောပေါက်သွားသည်။

သူမက လူတွေကို တစ်ရစ်ပြီးတစ်ရစ် ကျော်ကာ ဖြတ်တက်လာခဲ့သည်။

သူမ ရှေ့ဆုံးတန်းကို ရောက်လာတော့ လမ်းကျဉ်းကလေးတစ်ခုထဲကို လူတွေ တိုးဝင်နေကြသည်။ မြေစိုင်ခဲ စုပွပွပေါ်မှာ တင်ထားသော သေတ္တာရှည်တစ်လုံး။ အထဲမှာ သူမ ရှိနေလေသည်။ သေတ္တာပေါ်က ငွေရောင်ကနုတ်ကလေးတွေက ပြုံးပြက်နေသည်။

လူတွေကို တအားတိုးဖယ်ကာ သေတ္တာနှင့် အနီးဆုံးနေရာမှာ သူမ ထိုင်ချလိုက်သည်။ သူမ ထိုင်လိုက်သဖြင့် မြေစိုင်ခဲတချို့ ကျင်းထဲကို ကျသွားသော်လည်း လူတွေက သူမကိုမတွေ့သလိုပင်။

အဘွားအိုတစ်ဦးက လက်ထဲမှာ ချိန်ခွင်ကလေးတစ်လက်ကို ကိုင်ထားသည်။ တစ်ဖက်မှာ အင်္ကျီကလေး နစ်ထည်။ သည်ဘက်မှာတော့...

အို... သူမ နှစ်သက်ခဲ့ဖူးသော ရှန်အင်္ကျီကလေး။ ဒါဖြင့် ဟိုဘက်ကအင်္ကျီတွေကကော။

ပိုး၏အင်္ကျီတွေပင် ဖြစ်လေသည်။ ချိန်ခွင်လျှာသည် တည့်မတ်စွာ ရိုးဂုဏ်ကိုပြသနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကိုင်းပါကွယ်... သံယောဇဉ်တွေကို ဖြတ်လိုက်ပါတော့။ ကလေးက လူ့ဘုံမှာနေခဲ့ရမှာလေ။ ညည်းနဲ့က ဘဝခြားနေပြီပဲ။ ဒီတော့ ဒီအဖေလက်ထဲကိုသာ စိတ်ချလက်ချ ထားခဲ့ပါတော့။ သဘောတူရင် ညည်းဘက်က နှိမ့်ပြလိုက်။ နှိမ့်ပြလိုက်... နှိပ်ပြလိုက်ပါ အေရယ်"

သူ့အဖေ တဲ့၊ ပိုးရဲ့အဖေ ပေါ့။ အို... ပိုးရဲ့အဖေလက်ထဲကို ထားခဲ့ရမတဲ့လား။ မပေးဘူး... ဘယ်တော့မှမပေးဘူး။ မြေစိုင်ခဲတစ်လုံးကို ပိုး၏အကျီဘက်က ချိန်ခွင်ထဲ ထည့်လိုက်သည်။ ချိန်ခွင်လျှာသည် ငိုက်ခနဲ ထိုးကျသွားသည်။

"မဟုတ်တာအေ... ညည်းနယ်... ညည်း မကျွတ်မှာစိုးလို့ ပြောတာ အေရဲ့... သူတို့က ကလေးကို ရှင်ပြုပေးမယ် တဲ့။ ညည်းလည်း ဘဝကူးကောင်းရောပေါ့"

ချိန်ခွင်က ပြန်လည်တည့်မတ်သွားပြန်သည်။ အံကို တင်းတင်းကြိတ်လိုက်ကာ မြေစိုင်ခဲတွေကို လက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ထိုနေရာမှ ထွက်လာခဲ့သည်။

ထူးဆန်းသည်မှာ လူတွေက သူမကို မတွေ့ကြခြင်းပင် ဖြစ်လေသည်။ သချိုင်းဝသို့ ရောက်သောအခါ မြက်ခင်းစပ်မှာ လူတစ်ယောက် ရှိနေသည်။ တစ်ယောက်တည်း...

ပထမဆုံး သူမ မြင်ရသည်မှာ အနက်ရောင် ကတ္တီပါသဲကြိုးတပ် ဖိနပ်ကို စီးထားသော ခြေထောက်များ။ မျက်နှာကိုကြည့်လိုက်တော့ တင်းမာခက်ထန်သော မျက်နှာမျိုး။ အရက်ခိုးဝေနေသော မျက်ဝန်းများက တောက်လက်နေသည်။ ရက်ပေါင်းများစွာ ရင်းနှီးခဲ့ဖူးသော သည်မျက်နှာကို သူမ ဘယ်တော့မှ မမေ့။ ကိုညွန့်ဝေ...

သူမ ကြောက်လန့်တကြား နောက်ကိုဆုတ်လိုက်သည်။
ပိုး... ပိုးရဲ့ အဖေ... ကိုညွန့်ဝေ၊ ပထမအိမ်ထောင်။

မိမိဘဝ၏ ပထမဆုံးကြွေခဲ့ဖူးသော ဆွေးမြည့်သောသစ်ရွက် တစ်ရွက်။ ယမုန်နာမြစ်လယ်မှာ အဆွေခင်ပွန်းဖွဲ့ကြသော ကြေးအိုးနှင့်မြေအိုးတို့ အချင်းချင်း ရိုက်ခတ်မိသည့်အခါ မြေအိုးသာလျှင် နောက်ဆုံး တစ်စစီ တစ်ဖဲ့စီ ကွဲကြေသွားရသည့် ပုံပြင်ကို သူမ သတိရနေသည်။ အိမ်ထောင်သက် သုံးနှစ်အတွင်း ပိုးကိုမွေးပြီးစမှာပင် သူနှင့် လမ်းခွဲခဲ့သည်။

ထိုနေရာက သူမ ပြေးထွက်လာခဲ့သည်။ အတော် ခရီးပေါက်လာသည့်အခါ ခဏလေး ရပ်နားလိုက်သည်။ ချွေးတွေ ရွှဲနစ်နေသည်။ မောဟိုက်ပင်ပန်းလှပြီ။ လမ်းနှစ်ခွမှ တောင်ကမူကလေးပေါ် တက်သွားသော လမ်းကလေးကို သူမ ရွေးချယ်လိုက်သည်။ ထိုအခါ သူမ၏ပခုံးတွေကို တစ်စုံတစ်ယောက်က ဆွဲကိုင်ထားသဖြင့် ရှေ့တိုးလို့မရ။

"နေဦးလေ... ငါလည်း လိုက်မှာပေါ့"

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

လှည့်ကြည့်လိုက်တော့ ပိုး လေးနှစ်သားမှာ သူမ လက်ထပ်ယူခဲ့သော ဒုတိယအိမ်ထောင်ကို တွေ့သည်။

"မလိုက်နဲ့... နင့်မျက်နှာကို ငါ မကြည့်ချင်ဘူး။ ဘာထူးသလဲ... နင်လည်း အတူတူပဲ။ နင် ငါ့ကိုမချစ်ဘူး။ ငါ့သားလေးကိုလည်း နင် မချစ်ဘူး။ နင်က ပထွေးပဲ၊ ငါ့သားလေးကို နင် နှိပ်စက်တယ်။ ငါကလည်း ပင်ပင်ပန်းပန်း ရှာကျွေးရသေးတယ်၊ ငါ့သားလေးကိုလည်း နင် ရိုက်တယ်။ နင့်ကို မကြည့်ချင်ဘူး... မုန်းတယ်... မုန်းတယ်... မုန်းတယ်..."

တစ်တောလုံး၊ တစ်တောင်လုံး ဟိန်းသွားအောင် အော်ဟစ်လိုက်သည်။ ဒေါသဖြင့် တုန်ယင်နေသည်။ တောင်ကုန်းထိပ်က ကြည့်လိုက်တော့ သူက မော့ကြည့်နေဆဲ ဖြစ်လေသည်။

"သွား... နင် ငါ့ကိုမကြည့်နဲ့။ နင့်ကြောင့်၊ နင့်ကြောင့်... ငါ့ဘဝ..."

ရှိုက်ကြီးတငင် ငိုမိပြန်သည်။ လေသည် အေးမြစွာတိုက်ခတ်နေသည်။ သူမဘဝကိုသူမ နာကြည်းစွာ သတိရနေသည်။ စက်ရုံကြီးတစ်ရုံ ဘေးမှာ ဝါးတဲကလေးနှင့် နေရသည်။ ဒုတိယအိမ်ထောင်က သူမနှင့် ကွဲလိုက် ပေါင်းလိုက် ပြန်လာလိုက်။

စက်ရုံထဲက ဆီခဲပုံးတွေမှာ ယောက်သွားခွံနှင့် ခြစ်ကာ ဆီခဲ စုခဲ့ရသည်။ ထင်းတိုထင်းစ သံတိုသံစ ကောက်ရသည်။ တချို့က သနားသဖြင့် ခွင့်ပြုသည်။ တချို့က မသနားဘဲ ခွင့်ပြုသည်။ ကွင်းကျယ်ကြီးထဲက ဝါးတဲကလေးမှာ နေရသော သူမရဲ့ဘဝကို စောင့်ရှောက်ချင်သူတွေ များလာသည်။ ဒုတိယအိမ်ထောင်၏ မိဘတွေကလည်း သူမဆီ ပြန်မလွှတ်တော့။ ပြန်ပေါင်းဖို့လည်း မပြောတော့။ ဤသို့ဖြင့် စောင့်ရှောက်ချင်သူများနှင့် ဘဝသည် သာယာသလို ရှိလာသည်။ ထိုအခါ သူမ ဘဝကို ဇက်ကုန်ဖွင့်လိုက်သည်။

ဝါးအိမ်ကလေးသည် တစ်နေ့တခြား ဆွေးမြည့်သွားလေသည်။ အခြင်ဝါးတွေ ဆင့်ဝါးတွေ ပြုတ်ကျကုန်သည်။ ပိုးမှုန်တို့ဖြင့် ယိမ်းယိုင်စပြုလာသည်။ ချုံနွယ်ပိတ်ပေါင်းတို့ ဝါးမျိုစ ပြုလာသည်။

ဤသို့ဖြင့် နွေလ၏ရက်တစ်ရက်မှာ ဆေးရုံကို သူမ ရောက်ရှိလာခဲ့သည်။ ဆေးရုံကို... ဆေးရုံ... ဆေးရုံမှာပဲ... သူမ ဆေးရုံမှာ ရှိသေးသည်ပဲ။

"သားလေး... ပိုး..."

* * *

-၅-

"သားလေး... ပိုး..."
"အမေ..."
"အမေ..."

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

မျက်လုံးတွေကို ဖွင့်ကြည့်သော်လည်း မြင်ကွင်းသည် မှုန်ဝါးလွန်းသည်။ ဝေးလံသောအရပ်သို့ ပြေးလွှားနေသောစိတ်တွေကို ပြန်လည် စုစည်းမိလာသည်။ နဖူးနှင့်လည်ပင်းမှာ ချွေးစေးတွေ ကျနေသည်။ ပါးဟက်ဖြင့် ရှူရှိုက်နေရသော ပလိုင်းထဲကငါးတစ်ကောင်လို မွန်းကျပ်နေသည်။

"မမေစီ... သတိရပြီလား... သတိရပြီလား"

တည်ငြိမ်လေးနက်သော အသံတစ်စ... မျက်လုံးတွေကို ဖွင့်လိုက်သည်။ မျက်ရည်ပူတွေ လိမ့်လျှောကျလာသည်။

"မမေစီ... သတိရပြီလား... သေသေချာချာ နားထောင်ပါ မမေစီ... သေသေချာချာ နားထောင်ပါနော်"

ရှိသမျှခွန်အားတွေကို စုကျစ်ကာ နားထောင်လိုက်သည်။ ဝေးလျားသော တောင်ကြားလွင်ပြင် တစ်ခု၊ သို့မဟုတ် လှိုဏ်တစ်ခုထဲက အသံတွေလို တဖျပ်ဖျပ်ခါနေသည့် အသံများ။

"ကျွန်တော် ရန်ကုန်ဘူတာကြီးက မီးရထားအရာရှိတစ်ဦးပါ။ မမေစီရဲ့ သားလေးကို မမေစီ ခွင့်ပြုရင် ကျွန်တော် မွေးစားပါရစေ။ မမေစီ ကြားရဲ့လား။ ကျွန်တော့်ကို ယုံယုံကြည်ကြည် ပေးခဲ့ပါ။ ကျွန်တော် ဆရာဝန်ကြီးတွေရှေ့မှာ တရားဝင်အောင် ဆောင်ရွက်မှာပါ"

"အမေ... အမေ... သားပြောတဲ့ ဦးဦးလေ... ဆေးရုံကို လိုက်လာတာ တဲ့။ သားကို လာခေါ်တာ တဲ့"

"မမေစီ... ကြားရင် ခေါင်းညိတ်ပြပါနော်။ ကျွန်တော့်ကို ပေးမယ်ဆိုရင် ပါးစပ်က ကြိုးစားပြီး ပြောပါ"

မျက်လုံးကိုဖွင့်ထားသော်လည်း ဘာမှမမြင်ရတော့။ အသံတွေက ကြားတစ်ခါ တိုးတစ်လှည့်။ လေထဲမှာ သေးမျှင်သော ပင့်ကူမျှင်ကြိုးကလေးနှစ်ချောင်း တလက်လက် လွင့်မျောနေသည်။ တစ်ချောင်းက မိမိအသက်ဇီဝကြိုးမျှင်၊ တစ်ချောင်းက... တစ်ချောင်းက...

"အမေ..."

သူမ ခေါင်းကလေးတစ်ချက် ညိတ်လိုက်ဖို့၊ ဒါမှမဟုတ် မေးကလေးတစ်ချက် ဆတ်လိုက်ဖို့၊ ဒါမှမဟုတ် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ဖို့... သူမကို တင်းရစ်ထားသော ကြိုးကလေးတွေ ထောင်းခနဲ ထောင်းခနဲ ပြတ်တောက်သွားသည်။

ထို့နောက်...

*(ပေဖူးလွှာ မဂ္ဂဇင်း၊ အမှတ် ၁၁၂၊ ၁၉၉၈ ခုနှစ် - မတ်လ)*

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

# နင် အင်မတန် ပလီတယ်ဆိုရင်ဖြင့် ခံရမှာပါ မလွဲ

-၁-

ဘူတာရုံကလေးက ခပ်မြှောင်မြှောင်ကလေးဆင်းပြီး ဝါးတံတား ခနော်နီခနော်နဲ့ကို ဒယီးဒယိုင်နဲ့ ကူးဖြတ်လာတဲ့ ကိုမှန်ကင်းကို ဝိုင်းကြည့်နေကြတဲ့ ကလေးတွေက...
"ဦးမှန်ကင်းကြီး မိန်းမခိုးလာပြီ အဖေရေ"

အော်လိုက်ကြတဲ့ကလေးတွေဆိုတာ ပွက်ပွက်ကို ညံသွားတော့တယ်။

ကလေးတွေက အဖေရေ လို့သာ အော်ကြတာ၊ ထွက်ကြည့်တော့ အမေတွေချည်း ထွက်ကြည့်တယ်။ အဖေတွေက ထွက်ကြည့်လို့လည်း မြင်ရတာမှမဟုတ်တာ။ သည်တဲစုကလေးတွေမှာ နေကြတဲ့ အိမ်ထောင်ဦးစီး ဆိုတဲ့ ယောကျ်ားသား ဆယ့်လေးငါးယောက်ဟာ မျက်မမြင်တွေချည်းပဲ။

ဒါပေမဲ့ ကိုမှန်ကင်း မိန်းမခိုးလာတယ် ဆိုတော့ သူတို့လည်း မမြင်ရပေမယ့် ထွက်ကြည့်ကြတယ်။ မျက်နှာလေးတွေကလည်း ပြုံးလို့ရွှင်လို့။

သူတို့အားလုံးက ဆရာကြီးလို့ ခေါ်ကြတဲ့ ဦးကျီးညိုကတောင် 'ဟ... မှန်ကင်းကြီးရ... နှစ်ယောက်သား တွဲလို့၊ ဟုတ်လှချေလား ငါ့လူရ' တဲ့ လှမ်းအော်တယ်။

ဟုတ်လှချေလား သာ အော်တာ သူလည်း မြင်ရတာမဟုတ်ဘူး။ တကယ်က နှစ်ယောက်တည်းလည်း မဟုတ်ဘူး။ ဖိုးငိုလည်း ပါသေးတာ။ မနက်က ခုနစ်နာရီခွဲကောင်နဲ့ လိုက်သွားတုန်းက ကိုမှန်ကင်းရယ် ဖိုးငိုရယ် နှစ်ယောက်တည်း။ မယ်ဒလင်နဲ့ သွပ်လွယ်ဘူးကလေးတော့ ပါတာပေါ့လေ။ အခုညနေ ပြန်လာတော့ သုံးယောက်။ ကိုမှန်ကင်းကို မိန်းမ တစ်ယောက်က တွဲလို့။

တွဲတယ် ဆိုပေမယ့် မိန်းမက ရှေ့က ကိုမှန်ကင်းက အဲဒီမိန်းမ ပခုံးကို ကိုင်ရင်း စမ်းစမ်း စမ်းစမ်းနဲ့ ပြန်လာတာ။ ဖိုးငိုကတော့ ဟိုးဝေးဝေးနောက်က ကြံချောင်းတစ်ချောင်းစုပ်ရင်း လိုက်လာတယ်။

ကိုမှန်ကင်းကတော့ မယ်ဒလင်ကလေး ကျောမှာကပ်တဲ့ပြီး 'ဘူတာက ဆင်း၊ နည်းနည်း လမ်းလျှောက်၊ ဝါးတံတားကလေး တွေ့လိမ့်မယ် ဖြတ်၊ တဲစုကလေး တွေ့လား၊ ခေါင်စောက်စောက်တဲကလေး တည့်တည့်ကိုသွား' လို့ နောက်ကလိုက်ရင်း တတွတ်တွတ်နဲ့ လမ်းပြတယ်နဲ့တူပါတယ်။ ရှေ့ကမိန်းမက လူစိမ်းဆိုပေမယ့် သွားနေလိုက်တာ ဖြောင့်လို့။

တဲလေးပေါ် ရောက်တော့ ကိုမှန်ကင်းက မယ်ဒလင်ကို ကျောသိုင်းထားရာက ဖြုတ်ပြီး ထရံမှာညှပ်ထားတဲ့ နီးချောင်းမာမာကလေးမှာ ချိတ်တယ်။ သူ ခိုးလာတဲ့ မိန်းမကို လှမ်းပြီး ရေတစ်ခွက် ခပ်ပေးစမ်း တဲ့။ ရောက်ရောက်ချင်း ပိုင်စိုးပိုင်နင်း ခိုင်းနေတဲ့ ကိုမှန်ကင်းကို လာကြည့်ကြတဲ့ ကလေးတွေနဲ့ မိန်းမတွေက သဘောတွေကျလို့။ ကိုမှန်ကင်းရဲ့ တဲကလေးဆီကို ကသုတ်ကရက် လိုက်လာကြတဲ့ မိန်းမတွေထဲက တစ်ယောက်က...

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"အောင်မာ အမောအပန်းများ ဖြေပါစေဦးတော့။ မင်းနယ်...၊ ငါညီမ... မလုပ်နဲ့။ သူ့ဟာသူ ခပ်သောက်လိမ့်မယ်" တဲ့။

ကိုမှန်ကင်းကတော့ အိအိဖိုင့်ဖိုင့် ကိုယ်ခန္ဓာကြီးကို တသိမ့်သိမ့် ဖြစ်သွားအောင် ရယ်ရင်းက...

"မယားနေစ ဆင်သေမှ ဗျ"

ဆိုတော့ မိန်းမတွေက ဝိုင်းရန်တွေ့ကြတာ ကက်ကက်လန်ရော။ ခဏနေတော့ ကိုမှန်ကင်းက ဖိုးငိုကို လှမ်းခေါ်တယ်။ ဖိုးငိုက ကြွပ်ကြွပ်အိတ်နဲ့ ဝယ်လာတဲ့ ထမင်းသုံးထုပ်ကို သူ့ရှေ့မှာ လာချတယ်။

တကယ်က ဖိုးငိုက ကိုမှန်ကင်းရဲ့သား မဟုတ်ဘူး။ ဘာမှလည်း မတော်ဘူး။ သူ့လို ဘဝတူမျက်မမြင်ထဲက တစ်ယောက်ရဲ့ သားပဲ။ အသက်က ရှိလှမှ ဆယ်နှစ်သာသာပဲ။

ကိုမှန်ကင်းမှာက လူတွဲမရှိဘူး။ တစ်ယောက်တည်းသမား။ လူပျိုလား ဆိုတော့လည်း မဟုတ်ဘူး၊ မိန်းမနဲ့လား ဆိုတော့လည်း ရှိတာမဟုတ်ဘူး။ မိန်းမကတော့ ရဖူးတာပေါ့။

ဖိုးငိုကိုပဲ လောလောဆယ် လူတွဲလုပ်နေရတယ်။ ဆရာကြီး သော့ခတ်ပြီး လွှတ်လိုက်တဲ့ သွပ်လွယ်ဘူး လည်ပင်းချိတ်ပြီး တစ်နေကုန် မီးရထားလိုက်စီးနေလိုက်တာ မှောင်မှချည်း ပြန်ရောက်တယ်။ ရောက်တော့ ပိုက်ဆံခွဲ။

ဆရာကြီးက တချို့တစ်ဝက်နုတ်ပြီး ကျန်တာ ဖိုးငိုတစ်ချိုး၊ သူနှစ်ချိုး ယူနေကျ။ ဖိုးငိုကလည်း ကျေနပ်တယ်၊ ကိုမှန်ကင်းနဲ့ထွက်ရတာ သူ ပျော်တယ်။ ပိုက်ဆံလည်း ရတယ်။

ကိုမှန်ကင်းက အဆိုကောင်း၊ အတီးကောင်း။ အသံကတော့ ခပ်အစ်အစ် ရှတတ ကွဲပြပြကြီး။ ဆိုတတ်လို့သာ နားထောင်ကောင်းတာပဲ ရှိတယ်။ ဖိုးငိုက ကိုမှန်ကင်းနဲ့ လိုက်ချင်သလို ကိုမှန်ကင်းကလည်း ဖိုးငိုမှ ဖိုးငို။ တခြားကလေး တွဲလေ့မရှိဘူး။ အဆိုလေးရတဲ့ ကလေးမတွေ ရှိတာပဲ၊ ဘယ်တော့မှ မခေါ်ဘူး။ ဖိုးငိုကိုပဲ သံယောဇဉ် ဖြစ်နေပြီကိုး။

ဖိုးငိုပေးရတာကိုလည်း သူ ဝမ်းသာတယ်။ ဖိုးငိုတို့တဲက သူ့တဲနဲ့ သိပ်မဝေးပေမယ့် ဖိုးငိုက ကိုမှန်ကင်းနဲ့ပဲ ညအိပ်တယ်။ နှိပ်ပေး နင်းပေးသေးတယ်။ မျက်နှာသစ်ဆင်းတာ၊ ရေအိမ်ဆင်းတာကအစ ဖိုးငိုပဲ။ ဗျားလို့နာလို့ ချမ်းအေး လေး၊ လင်မော်ဂျင် လေး ပြေးဝယ်ပါဦးဟ ဆိုလည်း ဖိုးငိုပဲ။

ဖိုးငိုလာချပေးတဲ့ ကြွပ်ကြွပ်အိတ်ထဲက အင်ဖက်နဲ့ထုပ်ထားတဲ့ ထမင်း သုံးထုပ်ကို ကိုမှန်ကင်းခိုးလာတဲ့ မိန်းမက ဖြေတယ်။ မီးဖိုချောင်က ပစ္စည်းပစ္စယလေး၊ ပန်းကန်ခွက်ယောက်လေး တချို့ကို ဖိုးငိုက လိုက်ပြတော့ အဲဒီမိန်းမက လိုက်ကြည့်တယ်။

သူက ကိုမှန်ကင်းရဲ့ အိမ်ရှင်မ ဖြစ်သွားပြီကိုး။ ကိုမှန်ကင်းကိုသာ မကဘဲ ပစ္စည်းခန်း ဆိုတာလည်း သူနဲ့ဆိုင်သွားပြီကိုး။ ကိုမှန်ကင်း ခိုးလာတဲ့ မိန်းမကလည်း ကိုမှန်ကင်းရဲ့ ပိုင်ဆိုင်မှုကို ခဏလေးနဲ့ မြင်သွားပြီးသား ဖြစ်ကရော။ အိပ်စရာ ခေါင်းအုံး နှစ်လုံး၊ ဖျာ တစ်ချပ်၊ သံပန်းကန် သုံး လေး ချပ်၊

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ဒယ်အိုးလေး တစ်လုံး၊ သုံးဘူးဝင် ဒန်အိုးလတ်လတ် တစ်လုံး၊ ပုလင်း လေး ငါး လုံး၊ ရေညှိတက်နေတဲ့ သောက်ရေအိုး တစ်လုံးနဲ့ စစ်မတ်ခွက် ကြွေကွာ တစ်လုံး ပါပဲ။

ကိုမှန်ကင်း ပိုင်တာ ဒါပဲ။ ကိုမှန်ကင်းခိုးလာတဲ့ မိန်းမကလည်း ဒါလောက်ပဲ မျှော်လင့်ထားပုံပဲ။ ကိုမှန်ကင်းလိုလူဆီက သည့်ထက် ဘာမှ မျှော်လင့်မထားဘူး ဆိုတဲ့ မျက်နှာမျိုးပဲ။ သံပန်းကန်နှစ်ချပ် ယူပြီး ထမင်းတွေ ထည့်တယ်၊ သောက်ရေတစ်ခွက် ခပ်ပြီး ကိုမှန်ကင်းရှေ့ ချပေးတယ်။ ဖိုးငိုနဲ့ ကိုမှန်ကင်းကိုသာ ချပေးတာ၊ သူကတော့ မစားဘူး။

"အစ်ကို... စားလေ" ဆိုတော့ ကိုမှန်ကင်းက ပြုံးပြုံးကြီးနဲ့။ "မကြည်လည်း စားလေ" တဲ့။

မကြည် ဆိုတဲ့ နာမည်ကို သိကြတော့ ဝိုင်းကြည့်နေကြတဲ့ မိန်းမတွေက ဖိုးငိုကို စ,တယ်။

"နင်စားပြီး မြန်မြန်ပြန်တော့။ ကိုမှန်ကင်းနဲ့ နင်နဲ့ ကနေ့ ဘာမှ မပတ်သက်တော့ဘူး။ မကြည် ရောက်လာပြီ" တဲ့။

ဖိုးငိုကလည်း သူ့ဆရာသမား မိန်းမရလာတယ် ဆိုတော့ ပျော်နေပုံပဲ။ နှစ်ယောက်သား သံယောဇဉ်ဖြစ်နေကြတာ မှန်ပေမယ့် ကိုမှန်ကင်း မိန်းမရလာပြီ ဆိုတော့ သူ ဆက်နေလို့ မကောင်းတော့ဘူး ဆိုတာ ဖိုးငိုကလည်း သိပုံပေါ်တယ်။

"ကျုပ် ပြန်မှာပါဗျာ" တဲ့။

မိန်းမတွေက ရယ်တော့ ကိုမှန်ကင်းက မျက်နှာမကောင်းဘူး။ မပြန်ပါနဲ့ကွာ တဲ့၊ တို့နဲ့ပဲ နေပါ တဲ့ ပြောရှာပါတယ်။ ဖိုးငိုက မနေချင်ဘူး ပဲ ပြောပြီး ထမင်းဆက်စားတယ်။ ကိုမှန်ကင်း ထမင်းစားပြီးတော့ မကြည်က နောက်ဖေးဘက် ပန်းကန်ထွက်ဆေးတော့ မိန်းမတစ်ယောက်က မကြည်ကို ဘယ်က ခေါ်လာတာလဲ တဲ့ တိုးတိုးလေး မေးတယ်။

ကိုမှန်ကင်းက မဖြေပါဘူး၊ ဖိုးငိုကပဲ ဖြေတယ်။

"ပုဇွန်တောင်ဘူတာမှာ တွေ့တာပါဗျာ။ ဦးမှန်ကင်းနဲ့ခင်တဲ့ သူ့အဖွဲ့ဟောင်းက လူတွေ ထည့်ပေးလိုက်တာ။ ဦးမှန်ကင်းကလည်း ခေါ်လာရော"

အဲဒါ ကိုမှန်ကင်းနဲ့ မကြည်တို့ တွေ့ကြပုံပဲ။ သံယောဇဉ် ဖြစ်ကြပုံပဲ။ ညားကြပုံပဲ။

ခဏနေတော့မှ မကြည် ပြန်ဝင်လာတယ်။ လာကြည့်ကြတဲ့ မိန်းမတွေရော ဖိုးငိုရော ပြန်တော့မှ ကိုမှန်ကင်းက ခေါင်းရင်းဘက်က မှိုတောင်တက်နေတဲ့ ဝါးပတ္တလားဆီ ထသွားတယ်။ မကြည်က မီးတိုင်ခွက်ကလေး ထွန်းတယ်။ ကိုမှန်ကင်းက ပတ္တလားရွက်ပေါ် တင်ထားတဲ့ လက်ခတ်ကို ကောက်ကိုင်ပြီး ဟိုစမ်းဒီစမ်း တီးတယ်။ တော်တော်ကလေး တီးပြီးတော့မှ...
"နင် ဘာသီချင်းရသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ရပါတယ်"
"အာယားမ ရလား"
"အင်း"

ကိုမှန်ကင်း သူနဲ့တစ်သက်လုံး တွဲရမယ့်မိန်းမ သီချင်းဘယ်လောက်ရသလဲ ဆိုတာ ရောက်ရောက်ချင်း စာမေးပွဲစစ်တယ်၊ တစ်ပုဒ်ပဲ မေးကြည့်ရသေးတယ်၊ ရတယ် ဆိုတော့ ကိုမှန်ကင်း ကျေနပ်သွားတယ်။

အာယားမသီချင်း ခြေဆင်းလေး အသံပြုလိုက်တော့ မကြည်က ဝင်ဆိုရော။

"သူငယ် ရေဆိပ် တောင်ထိပ်သစ်ပင် ဉယျာဉ်ပန်းမန် ရေကန်ရေတွင်း ယမင်းပျိုစစ် ဝတ်စားသစ်နှင့် ပြုလုစ်ရိပ်ငြိမ် လူစည်းစိမ်ဝယ် အချိန်သာတောင်း ညနေစောင်း တဲ့ရှင်..."

ကိုမှန်ကင်းက သံကျလေးတွေပဲ လိုက်ခေါက်နေတာ။ ခြေဆင်းသက်သက်ကိုး။ မကြည်က အသံတော့ကောင်းပါရဲ့၊ အသံက မခိုင်ဘူး။ ယိုင်ချင်တယ် ဆိုတာ သူ သတိထားမိတယ်။

"ခရာဘယ်တင် အမှာစကားနဲ့ ပြရပါတော့... ရတနာတင်ဟာ အာယားမရယ်လို့ ကာလသားက မုန်းချင်မုန်းပစေတော့..."

ကိုမှန်ကင်းက ပတ္တလားကြောင်လေး သူ့မှာရှိပေမယ့် အရင်ညတွေက တီးဖြစ်တာ မဟုတ်ဘူး။ တစ်နေ့လုံး ရထားပေါ်မှာ မယ်ဒလင်တီးနေရတော့ အိမ်က ပတ္တလားကြောင်ကို မတီးဖြစ်တာ ကြာပြီ။

ကိုမှန်ကင်းမိန်းမခိုးလာတဲ့ညပဲ သီချင်းသံလေးနဲ့ ပတ္တလားသံလေးနဲ့ ဆိုတော့ ဘေးကတဲတွေက သဘောတွေကျလို့။ မကြည်ကလည်း မဆိုးဘူး ပေါ့။ ဘယ်ကဘယ်လို ဘာမှန်းမသိပေမယ့် သူ့ဟာနဲ့သူတော့ တွဲလို့ဖြစ်တာပဲ ပေါ့။

"နင် အင်မတန်ပလီတယ် ဆိုရင်ဖြင့် ခံရမှာပါမလွဲ... ညည်း အင်မတန်ပလီတယ် ဆိုရင်ဖြင့် ခံရမှာပါမလွဲ... အားလုံး မှန်ကြတာပါပဲ..."

အဲသည်နေရာရောက်တော့ ကိုမှန်ကင်း ဝါးပတ္တလားကို ရပ်လိုက်တယ်။

"နင့်ဟာက အသံတွေ ယွင်းနေတယ်ဟ။ ပတ္တလားအကျနားထောင်။ နေဦးဟ... ငါ့ပတ္တလားကလည်း နည်းနည်းတော့ ကြောင်နေတယ်။ ဆိုပေါက်... ဆိုပေါက်... ဒီမှာကြည့်..."

ကိုမှန်ကင်းက ခြေဆင်းအချပိုဒ်ကို ဆိုပြတယ်။ မကြည်ကလည်း လိုက်ဆိုတယ်။ ဒါပေမဲ့ မကြည်က သူဆိုနေကျအဆိုက အသားကျနေတော့ တော်တော်နဲ့ပြင်လို့မရဘူး။ ခဏခဏ ပြန်ဆိုပြတယ်။ မကြည်က ခဏခဏ မှားတော့...

"နင် အရင်က ဘယ်လိုဆိုခဲ့တာတုံး" ဆိုတော့၊ မကြည်က...

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"အို... အစ်ကိုကလည်း..." တဲ့။

အရင် ဘယ်လိုဆိုခဲ့တာတုံး ဆိုတာက မကြည် အရင် တွဲနေကျ ဆိုနေကျလူက သင်မထားဘူးလား လို့ မေးတာမျိုး ဖြစ်နေတာကိုး။ နင်ရဖူးခဲ့တဲ့ လင်တွေက ဒီလိုပဲ သင်ထားသလား ဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်နေတာကိုး။ ကိုမှန်ကင်းက သူ့စကားမှားသွားမှန်း သိတော့ သီချင်းတိုက်တာ ရပ်လိုက်ရော။ လက်ခတ်ကလေး ပတ္တလားရွက်ပေါ် အသာတင်တယ်။

ကိုမှန်ကင်းက မျက်စိသာမမြင်တယ်၊ မီးခွက်ထွန်းထားမှန်း သိတယ်နဲ့ တူပါရဲ့...
"မကြည်... နင့်မီးခွက်ကြီးက မပူဘူးလား။ မှုတ်လိုက်ပါလား" တဲ့။

* * *

## -၂-

ကိုမှန်ကင်းက သူ့တဲစုလေးမှာ လူချစ်လူခင်တော့ များတယ်။ သည်နေရာကလေးက အစုကို သူရောက်လာတာ ရှိလှမှ အလွန်ဆုံး တစ်နှစ်သာသာပေါ့။

အရင်က ပုဇွန်တောင်ဘက်မှာ နေတယ်။ သူ့အုပ်စုကလေးနဲ့ သူ နေတာပါပဲ။ အခုနေသလိုပါပဲ။ နောက်တော့ အပေါင်းအသင်းမင်ပြီး သည်မှာ နေဖြစ်တော့တာ။

ပထမ ရောက်စကတော့ အတွဲရယ်ဘာရယ် မရှိပါဘူး၊ တစ်ကိုယ်တော်ပဲ မြို့ပတ်ရထားပေါ် ကြုံသလိုလိုက်သွားတာပဲ။ ခြေထောက်ကလေးနဲ့ စမ်းစမ်းပြီး တစ်တွဲပြီးတစ်တွဲ ကူးနေတာပဲ။ လက်ကလည်း တီး၊ ပါးစပ်ကလည်း ဆို ပဲ။

ဘုရားလမ်းဘူတာလောက် ရောက်တော့ ဆင်း၊ အင်းစိန်ရထား ပြောင်းစီး၊ တာမွေလောက် ကန်ပဲ့လောက်မှာ ပြန်ဆင်း၊ လမ်းဘေးမှာ ထမင်းဝယ်စား၊ ဘူတာတစ်ခုခုမှာ ခဏနား၊ နှစ်ချက်ခွဲလောက် ရထားပြန်တက်ပြီးရင် မိုးကြီးချုပ်မှ ပြန်ရောက်ရော။ ရလည်း ရတယ်။ မရဘူးဆိုတဲ့နေ့ ခုနစ်ဆယ်လောက် ရတယ်။

တစ်ခုတော့ရှိတယ်။ ကိုမှန်ကင်း အရက်တော့ကြိုက်တယ်။ အသေကို ကြိုက်တာ။ ပြန်ရောက်ပြီ ဆိုတာနဲ့ ရေချိုးတယ်၊ အနားက ဘူတာရုံကလေး ဘေးမှာ တောအရက်ဆိုင်ကလေး တစ်ဆိုင်ရှိတော့ သူ့အဖို့ နီးနီးနားနား အဆင်ပြေတယ်။ နည်းနည်းလေး ထွေလာတော့မှ ပြန်လာတာ။ ပြန်လာတယ်ဆိုပေမယ့် သူ့ချည်းပြန်လာတာ မဟုတ်ဘူး။ ကလေးတစ်ယောက်ယောက်က လာကြိုမှ ပြန်လို့ရတာ။

သူလို ဘဝတူမိသားစုတွေထဲမှာ သားတွေသမီးတွေနဲ့ ဝေဝေစည်စည် ရှိနေတဲ့ မိသားစုတွေလည်း ရှိတာပဲ။ တချို့လည်း ငယ်ပေါင်း ရိုးရိုးသားသား ကျိုးကျိုးနွံနွံ သစ္စာရှိရှိပဲ။ ဘဝတူအချင်းချင်းက ခင်ကြတယ်၊ စာနာကြတယ်။ ကူညီကြတယ်။ ကလေးအချင်းချင်းလည်း သင့်မြတ်ကြတာပါပဲ။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

သူ့ကလေး ကိုယ့်ကလေး ခေါ်ခိုင်း၊ ခေါ်တဲ့ လုပ်နေကြတာပဲ။ ဘယ်သူ့ကလေးမှုရယ် မဟုတ်ဘူး၊ ကလေးတွေကလည်း ဘယ်သူဘယ်ဝါမှုရယ် မဟုတ်ဘူး၊ တွဲပြီးလိုက်ပို့တာပဲ။ ရှက်တယ်ဘာရယ် မရှိဘူး။ အရက်ဆိုင်မှာ ကိုမှန်ကင်း မူးလောက်ပြီဆိုရင် ကလေး တစ်ယောက်မဟုတ် တစ်ယောက် ရောက်လာတာပဲ။

“ဦးမှန်ကင်းကြီး... ထတော့” ဆိုရင် “ဟုတ်ပါပြီဗျာ” ဆိုပြီး ထတော့တာ။ မထလို့လည်း မရဘူးလေ။ သူများတွဲမှ သူ အိမ်ရောက်မှာကိုး။

နောက်တစ်ခုက ကိုမှန်ကင်းက ဖဲရိုက်ကောင်း။ သူ့မှာ ဖဲထုပ်တစ်ထုပ် ကိုယ်ပိုင်ရှိတယ်။ သူများဖဲထုပ်နဲ့ဆိုရင်တော့ သူ လက်မခံဘူး။ သူ့ဖဲထုပ်နဲ့သာရိုက်မယ် ဆိုလို့ကတော့ မျက်စိကောင်း မကလို့ မျက်စိသုံးလုံး ပါလာပါစေ၊ လာခဲ့ ပါ။ သူ့ဖဲထုပ်ကိုလည်း သူ ဘာမှလုပ်ထားတာတော့ မဟုတ်ပါဘူး၊ ရိုးရိုးဖဲထုပ်ပါပဲ။ မှတ်ထား၊ တေးထားတာလည်း မရှိပါဘူး။ တွဲရိုက်မယ့် မျက်စိကောင်းတဲ့လူက ရိုက်တော့မယ်ဆိုရင် ကြိုက်သလို စစ်ဆေး။

မသင်္ကာဘူး ထင်ရင် မရိုက်နဲ့။ သူကိုင်တွယ်နေကျမို့ သူ့အထာကလေးနဲ့သူ သိနေတာကလွဲလို့ ဖဲထုပ်ကို ဘာမှ ပြင်ထားတာမဟုတ်ဘူး။

တကယ်ရိုက်ဖြစ်ပြီဆိုရင်တော့ ကိုမှန်ကင်းက သူ့လူယုံကို ခေါ်လာရော။ ငွေအနုတ်အသိမ်း လုပ်ဖို့၊ တစ်ဖက်ကဖဲပွင့် ကြည့်ပေးဖို့ ဒါပဲ။ ကျန်တာ သူပဲ ကိုင်တယ်၊ သူပဲ ရိုက်တယ်။ သူခေါ်လာတဲ့လူက ကိုင်ပေးတာ မဟုတ်ဘူး။ လျော်စရာရှိရင် လျော်ပေးလိုက်၊ စားစရာရှိရင် စားလိုက်၊ ဒါပဲ ခိုင်းထားတာ။

ပိုင်းဖြစ်လို့များ ဆိုလို့ကတော့ ကိုမှန်ကင်းက ဒိုင်ပဲလုပ်တယ်။ သူများမှောက်ထားတဲ့ ဖဲချပ်တွေကို လိုက်စမ်းပြီး “ဖမ်းတယ်” လို့ အော်တော့တာ။

မျက်စိကောင်းတဲ့ ရိုက်ဖက်တွေက “အောင်မာ မှန်ကင်းရာ... သေချာမှလည်း လုပ်ပါဟ” လို့များဆိုရင် အောက်ဖဲတစ်ချပ် လက်နဲ့ပွတ်တဲ့ပြီး “ကုလားကွ” လို့ အော်လည်း အော်၊ ဖျောင်းခနဲလည်း ရိုက်ချ၊ ကြည့်လိုက်... ကုလား ပဲ။ “ပိုင်လှချေလား မှန်ကင်းရ” ဆိုတော့ “ကံပါဗျာ... မှန်ကင်းရဲ့ ကံပါ...” တဲ့ အမြဲပြောတတ်တယ်။

ဖဲရိုက်တင်ကောင်းတာ မဟုတ်ဘူး။ ကျားထိုးရင်လည်း ကိုမှန်ကင်းကို တော်ရုံလူ မနိုင်ဘူး။ ကောင်းလိုက်တဲ့ ခေါင်းကလည်း မပြောနဲ့တော့။ ကျားကွက်က စက္ကူကျားကွက်ဖြစ်ဖြစ်၊ သစ်သားကျားခုံနဲ့ဖြစ်ဖြစ် မကစားခင် သူ့လက်နဲ့ လိုက်စမ်းတယ်၊ ဒါပဲ... ပြီးပြီ။

ကျားကောင်တွေ ဖြောင့်နေအောင်စီတယ်။ သစ်သားခုံဆိုရင်တော့ သူ ပိုကြိုက်တယ်။ ကျားထိုးတယ်ဆိုလို့ ရေးတေးတေးမြင်ရလို့တော့ မထင်နဲ့၊ ဘာမှကို မမြင်ရတာ။ ဝိုးဝိုးဝါးဝါးလောက်ပဲ မြင်ရတာ။ နေသာနေသလား၊ မှောင်နေသလားဆိုတာပဲ သိတာ။

http://www.mmcybermedia.com

တစ်ဖက်ကလူရဲ့ကျားက ဂျစ် ဂျစ် နဲ့ တက်မယ် ဆိုရင် သူကလည်း ဂျစ် ဂျစ် နဲ့ တက်လိုက်တာပဲ။ သူ့ကျားကောင် တစ်ဖက်ကင်းနေရာရောက်လို့ မထည့်သေးဘူး ဆိုရင်လည်း "ကင်း ထည့်" လို့ အော်ရော။ သူက ကင်းထည့်ရမယ်ဆိုရင်လည်း ကင်းထည့်ပေးလိုက်ရော။ သူက ကင်းထည့်ရမယ်ဆိုရင် တစ်ခါတလေ သုံးကွက်လောက်များ ကျော်စားသွားတာ ဒေါင်း... ဒေါင်း... ဒေါင်း... နဲ့ လူကောင်း မျက်မြင်ဆိုတဲ့လူက ပါးစပ်အပေါင်းသားနဲ့ ကျန်ရစ်ခဲ့ရော။

ကိုမှန်ကင်းနဲ့ကစားရင် တစ်ကောင်ကျ ရင်လည်း ပေးမှ၊ နှစ်ကောင်ကျ ရင်လည်း ပေးမှ၊ သရေရှုံး ရင်လည်း ပေးမှ ကစားကြတော့တာ။ ကစားရင်လည်း များသောအားဖြင့် ကိုမှန်ကင်း နိုင်တာချည်းပဲ။ ကျားနိုင်တဲ့နေ့ ဆိုရင် ဘူတာရုံဘေးကဆိုင်ကို အစောကြီး ရောက်နေတတ်တယ်။ အဲဒီနေ့ ရထားမတက်တော့ဘူး။

ကိုမှန်ကင်း ဘောလုံးလည်း ကန်သေးတယ်။ ကန်တာမှ ကြေးကြေးမှ ကန်တာ။ ဂိုးကျဉ်း တစ်ယောက်ချင်း ကန်ချင်တယ် လို့ သူ့ကို တဲတွေနားက ဆိုက်ကားနင်းတဲ့ ကိုကျော်ခက အရက်ဝိုင်းမှာ စိန်ခေါ်တော့ ကိုမှန်ကင်းက သိပ်ရတာပေါ့ တဲ့။ ကြေးမပယ်ကြေး တဲ့။

မျက်နှာဝ နှစ်တောင်လောက် ကျယ်တဲ့ သစ်သားတိုင်ကလေး တစ်ဖက်တစ်ချက် စိုက်တဲ့ပြီး ကွင်းမကျယ့်တကျယ်လေးထဲမှာ ကိုမှန်ကင်းနဲ့ ကိုကျော်ခ ပိုက်ဆံကြေး ဘောလုံးကန်မယ် ဆိုတော့ ဘူတာရုံလေးဘေးက ကွင်းမှာ အဲဒီနေ့က လူတွေကို ညို့လို့။

ပွဲကြည့်ပရိသတ်ဆိုတာ ပြုံးလို့ရွှင်လို့။ ကန်မှာကလည်း ဂိုးကျဉ်း၊ ကန်မယ့်လူကလည်း တစ်ဖက်တစ်ယောက်၊ လောင်းကြေးကလည်း ငါးဆယ်ကြေး တဲ့။

ပွဲစမယ် လုပ်တော့ ဒိုင်လုပ်တဲ့ ဘူတာကစာရေးကြီးက မျက်စိကောင်းတဲ့ ကိုကျော်ခ မျက်စိကို အဝတ်စနဲ့ တင်းနေအောင်စည်းတယ်။ ကိုမှန်ကင်းက မျက်မမြင်ဆိုတော့ ကိုကျော်ခကိုလည်း မမြင်ရအောင် လုပ်ရတာလေ။ ဘောလုံးကိုလည်း ဆန်ခါကွက်ကျဲကျဲ ရက်ထားတဲ့ ဘောလုံးစွပ်တဲ့အိတ်နဲ့ စွပ်တယ်။ ဘောလုံးစွပ်မှာ ခြူကလေးတစ်လုံး မြည်နေအောင် ချည်တယ်။

လက်မှတ်စာရေးကြီးက နည်းနည်းကန်ကြည့်တော့ ခြူကလေးက တချွင်ချွင်နဲ့ ဘောလုံးပြေးရာမှာ မြည်နေရော။ အားလုံးအဆင်ပြေတော့မှ ဘောလုံးပွဲ စတယ်။

ကိုယ်ခန္ဓာ ဖိုင့်ဖိုင့်၊ အသားဖြူဖြူ ကိုမှန်ကင်းကြီးက ဘောင်းဘီအပွ တိုတိုကြီး ဝတ်ထားတော့ တကယ့် ဘောသမား ဆိုက်ပဲ။ ဒိုင်က ဘောလုံးကိုမြှောက်ပြီးလည်း ချလိုက်ရော ပြေးပြီးလုလိုက်ကြတာ၊ ဘောလုံးက ပြေးချင်တဲ့နေရာပြေးတော့ ခြူသံကိုနားထောင်ပြီး နှစ်ယောက်သား လိုက်လုလိုက်ကြတာ လဲကြ ကွဲကြနဲ့။ ဘောလုံးနားရောက်လို့ ချိန်ကန်တော့လည်း ဘောလုံးကိုထိတယ် မရှိဘူး။ လေပဲ ကန်မိတော့ ကွင်းဘေးကလူတွေက တဝါးဝါးနဲ့။

"ဟုတ်ပြီကွ... မှန်ကင်းကွ... ရှေ့မှာ နည်းနည်းတိုးဦး... ဟုတ်ပြီ... ကန်... ကန်တော့" ဆိုတဲ့ အသံတွေဆိုတာ ညံလို့။

MMCYBERMEDIA
COMMUNITY FOR ALL

နာရီဝက်လောက်အထိ ဘယ်သူမှ ဂိုးမရသေးဘူး။ တစ်ခါတော့ ကိုမှန်ကင်း ဘောလုံးရသွားတယ်။ သူသွင်းရမယ့် ဂိုးတိုင်ဘက်ကို ဘယ်လိုမှတ်ထားသလဲ မသိဘူး။ လှည့်ပြီးသား ဖြစ်သွားရော။

ကိုကျော်ခ လာလုတော့ ဘောလုံးကို အသာလေး နောက်ဆွဲလိုက်တော့ ကိုကျော်ခ အရှိန်နဲ့ လဲရော။ သည်တော့မှ ကိုမှန်ကင်း သူ့ခြေခုံပြားကြီးနဲ့ မြေလိမ့်ကန်လိုက်တာ ဘောလုံးက ခြူသံတချွင်ချွင်နဲ့ ဂိုးပေါက်ထဲ တည့်တည့်ကြီး ဝင်သွားတော့တယ်။

"ဂိုး..." လို့လည်း ဝိုင်းအော်ရော ပွဲလည်း ပြီးရော။ တစ်ဂိုးဂိန်းကိုး။

ကိုမှန်ကင်းက အဲသလိုလူမျိုး။ မကြည်နဲ့ညားတော့ ကိုမှန်ကင်း ကျားမထိုးဖြစ်တော့ဘူး၊ ဖဲမရိုက်ဖြစ်တော့ဘူး၊ ဘောလုံးလည်း မကန်ဖြစ်တော့ဘူး။ ရသမျှပိုက်ဆံလေး ကျစ်ကျစ်စုတယ်။ အရက်ကလေးတော့ သောက်သေးတယ်။ ညနေဘက် ပြန်ရောက်ရင် အရက်လေး သောက်လိုက်၊ ပတ္တလားလေး တီးလိုက်၊ သီချင်းလေး ဆိုလိုက် နဲ့။

* * *

## -၃-

မကြည် သူ့ဆီရောက်လို့ ဆယ်လလောက်နေတော့ ကိုမှန်ကင်း အိပ်ရာထဲ လဲတယ်။ အသည်းရောင် အသားဝါ ဖြစ်တာ တဲ့။

ဝဝဖိုင့်ဖိုင့်ကိုယ်ခန္ဓာကြီး ဆိုတာ စိန်ခလုတ်နဲ့တိုက်ချတဲ့ သဘော်သီးစိမ်းလို လုံးပါးပါးသွားလိုက်တာ အရိုးပေါ်အရေတင်ပဲ ကျန်တယ်။ စုဆောင်းထားတဲ့ ပိုက်ဆံလေးလည်း ဆေးဝယ်သောက်ရတာနဲ့၊ ဆေးထိုးရတာနဲ့ တစ်တိတစ်တိနဲ့ ပွန်းလှုပြီ။ စုထားတဲ့ငွေထုပ်ကလေးလည်း လျော့လိုက်လိုက်လာပြီ။

ဖြစ်ခါစ နှစ်ပတ်လောက်တော့ မကြည်လည်း ပြုစုပါသေးတယ်။ နောက်တော့ ဆရာကြီးက ငွေကုန်မှန်းသိတော့ ကိုတင်ဖေ ဆိုတဲ့ မျက်မမြင်တစ်ယောက်နဲ့ တွဲပေးလိုက်ရော။

မကြည် တစ်နေ့လုံး ရထားနဲ့လိုက်နေရတော့ အိမ်မှာ ကိုမှန်ကင်း တစ်ယောက်တည်း။ ဖိုင်လေး ပြန်ခေါ်ခိုင်းပြီး ခိုင်းချင်တာလေး ခိုင်းရတယ်။ မကြည်အတွက်ရလာတဲ့ ပိုက်ဆံလေးနဲ့ စားနေရတော့ ကိုမှန်ကင်းလည်း ကြာတော့ အားနာလာတယ်။

သက်သာတယ်၊ နာလန်ထတယ် ဆိုပေမယ့် နောက်တစ်လလောက်တော့ နားရှဉ်းမှာ သေချာတယ်။ မကြည်ကလည်း တစ်နေကုန်ပင်ပန်းလို့ တဲ့ ပြန်လာတာနဲ့ ရေချိုး၊ ထမင်းစား၊ အလှလေးပြင်ပြီး ဘူတာမှာ သွားသွားထိုင်နေတတ်တယ်။

တစ်ညတော့ မိုးကြီးသာချုပ်ရော မကြည်နဲ့ တင်ဖေက ပြန်မလာဘူး။ နောက်ဆုံးရထား သူတို့ဘူတာရုံကလေးက ထွက်သွားတဲ့ အသံသာ ပျောက်သွားတယ်၊ မကြည်နဲ့ တင်ဖေ ပြန်မလာဘူး။

http://www.mmcybermedia.com

တော်တော်လေးမှောင်တော့မှ ဆရာကြီးက လူတွဲကလေးနဲ့ ကိုမှန်ကင်းဆီ ရောက်လာတယ်။ ဒီသတင်းကြားတဲ့ မိန်းမနဲ့ ကလေးတွေလည်း ရောက်လာကြတယ်။

တင်ဖေက မိန်းမတော့ မရှိဘူး၊ ဒါပေမဲ့ ကလေးတွေ ကျန်ရစ်ခဲ့တယ်။ တင်ဖေ့ သားသမီးတွေကလည်း မျက်စိသူငယ် နားသူငယ်နဲ့ ထိုင်နေကြတယ်။ ကိုမှန်ကင်းရဲ့ ဘဝတူ သူငယ်ချင်းတွေကလည်း ဒေါသဖြစ်တဲ့လူက ဖြစ်၊ မူးတဲ့လူ မူး။

ကိုမှန်ကင်းကတော့ ငေါင်းစင်းစင်းကြီး။ ပိုက်ဆံ တစ်ပြားမှ မကျန်တော့တဲ့ အိတ်ရှုံ့ကလေး ဘေးချပြီး ငေါင်းစင်းစင်းကြီး ထိုင်လို့။ ခဏနေတော့မှ ဖိုးငိုကို "အရက်တစ်လုံး သွားဝယ်စမ်း" တဲ့။ သူ့နာမည်ပြောခဲ့ တဲ့။

အသည်းရောင်အသားဝါရောဂါနဲ့ နာလန်ထစလူက အရက်ပြင်းတွေ သောက်မယ်ဆိုတော့ ဖိုးငိုက ကလေးပေမယ့် တားတယ်။ ကိုမှန်ကင်းကလည်း "သွားသာဝယ်" တဲ့။ "သေပစေ" တဲ့။ ဖိုးငိုကတော့ "ဝယ်မပေးဘူး" ပဲ ငြင်းတယ်။

ဆရာကြီးနဲ့ တခြားလူတွေကလည်း အတင်း တားတယ်။ ဆရာကြီးက ကိုမှန်ကင်းကိုပဲ အပြစ်တင်တယ်။

"မှန်ကင်းရာ... မင်းမိန်းမ တင်ဖေနဲ့ တွဲပေးလိုက်တာ မင်းငွေကုန်မှန်း သိလို့ပါကွာ။ စေတနာပါ။ ဘယ်ကမိန်းမများ မင်းတွေ့လာတာလဲ ငါ့ကောင်ရာ... မျက်စိမမြင်တဲ့ယောက်ျားကို သေတစ်ပန် သက်တစ်ဆုံး ရှာကျွေးတဲ့ မိန်းမတွေ အများကြီးကွ။ ဆင်းရဲပေမယ့် သစ္စာမပျက်ကြဘူး။ အချစ်မပျက်ကြဘူး။ ကလေးတွေ မြေးတွေနဲ့... မင်းအတွေ့ပဲ။ တို့အထဲမှာ မင်းက အကင်းအပါးဆုံး။ ဖဲရိုက်မလား၊ ကျားထိုးမလား၊ ဘောလုံးကန်မလား... မင်းကျမှ ခံရတယ်လို့ကွာ။ အေးလေ... ဘောလုံးက ချုပ်ပါတာကိုးကွ၊ မိန်းမက ချုပ်မှမပါတာ"
ဆိုတော့ ကိုမှန်ကင်း ဘာမှမပြောတော့ဘူး။ အရက်လည်း မဝယ်ခိုင်းတော့ဘူး။ ခေါင်းရင်းထရံကိုမှီရင်း ထိုင်နေလိုက်တာ လူတွေအားလုံး ပြန်ကြတဲ့အထိပဲ။ ညဥ့်တော်တော်နက်တဲ့ အထိပဲ။

တော်တော်လေး တိတ်ဆိတ်သွားပြီ ဆိုတော့မှ ကိုမှန်ကင်း ပတ္တလားဆီကို ဖင်ရွှေ့ပြီး သွားတယ်။ ပတ္တလားလက်ခတ်ကို ကိုင်ပြီး ထင်းခွဲခြမ်းခွဲသလို တဖြောင်းဖြောင်းနဲ့ ရိုက်ရိုက်တီးတယ်။

နဂိုကအသံကြောင်နေတဲ့ ပတ္တလားက ကြောက်စရာအသံတွေ ထွက်လာတော့မှ သူဆိုနေကျ ခပ်ရှရှ အစ်တစ်တစ် အသံမျိုး မဟုတ်ဘဲ အသံနက်ကြီးနဲ့...
"နင် အင်မတန်ပလီတယ် ဆိုရင်ဖြင့် ခံရမှာပါမလွဲ... ညည်း အင်မတန်ပလီတယ် ဆိုရင်ဖြင့် ခံရမှာပါမလွဲ... အားလုံး မှန်ကြတာပါပဲ..." လို့ ကျုံးအော်ရော။

ပထမတော့ တဲစုကလေးက မျက်မမြင်တွေရော၊ မိန်းမတွေရော၊ ကလေးတွေရော လန့်နိုးကုန်ကြတယ်။ နောက်တော့လည်း အမှောင်ကြီးထဲမှာ တဲစုကလေး ငြိမ်သက်သွားပြန်ရော။

*(ရှင်ခုန်ပွင့် မဂ္ဂဇင်း၊ အမှတ် ၅၇၊ ၁၉၉၇ ပြည့်နှစ်-ဒီဇင်ဘာလ)*

MMCYBERMEDIA
COMMUNITY FOR ALL

# တိုက် ၁၃၊ အခန်း ၄

-၁-

ကံအားလျော်စွာ…

တကယ့်ကို ကံအားလျော်စွာပါပဲ။ သည်တိုက်ခန်းထဲက တစ်ခန်းခန်းကို နေထိုင်ခွင့်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်မှန်းခဲ့ဖူးကြောင်းကိုသာ ပထမဦးဆုံး ကျွန်မ ဝန်ခံရတော့မည်။

မောင်ကတော့ သည်တိုက်ခန်းလေးတွေထဲက အခန်းလွတ်ပေါ်လာတိုင်း ဖွဲကောင်းကောင်းနှင့် လျှောက်သည်ချည်း ဖြစ်၏။ များသောအားဖြင့် လစာနှုန်း အတန်အသင့်မြင့်မားသူကိုသာ (လုပ်ငန်းမှာ ဘယ်လောက်အရေးကြီးသလဲ၊ စက်ရုံနဲ့ နီးနီးနားနားနေဖို့ လိုအပ်တဲ့သူလား ဆိုတာကိုလည်း ထည့်တွက်လေ့ရှိပါသည်) နေရာချထားလေ့ရှိမှန်း ကျွန်မ သိထားနှင့်တော့ ရိုးရိုးစွဲစွဲ နေချင်သည့်ဆန္ဒသာ ရှိသော်လည်း ကျွန်မ မမျှော်မှန်းဝံ့ခဲ့ပါ။

မန္တလေးပုံစံ ဟု ခေါ်သော တစ်လုံး လေးဦးနေ တိုက်ခန်းနိမ့်ကြီးတွေ အလုံးနှစ်ဆယ်လောက်ကို ကန့်လန့်တစ်လုံး ဒေါင်လိုက်တစ်လုံး စီကာစဉ်ကာ တည်ဆောက်ထားသော သည်တိုက်စုကလေးကို 'တိုက်ဝင်း' ဟုပဲ ခေါ်တတ်ကြသည်။

တိုက်ခန်းတွေရဲ့အဦးထိပ်က သုံးထပ်သား ဆိုင်းဘုတ်ကလေးမှာတော့ 'ဝန်ထမ်းရိပ်သာ အမှတ် (၁)၊ ဖြတ်သန်းသွားလာခွင့်မပြု' လို့ ရေးထားတာ ဖတ်ရဖူးသည်။

အခုတော့ ထိုဆိုင်းဘုတ်ကလေးလည်း မရှိတော့ပါ။ 'ဝန်ထမ်းရိပ်သာ အမှတ် (၁)' လို့လည်း ဘယ်သူမှ ရှုံးဆန်ဆန် ခေါ်သံ မကြားရပါ။ 'တိုက်ဝင်း' ဆိုသည့် လူထုဘာသာစကားကသာ တွင်ကျယ်နေတော့သည်။

ကံအားလျော်စွာ သည်တိုက်ခန်းကလေးကို ကျွန်မတို့နေခွင့်ရသလို နောက်ထပ် ကျွန်မအတွက် ကံကောင်းတာ ရှိပါသေးသည်။ ကျွန်မတို့နေခွင့်ရသော တိုက်ခန်းလေးက ဘုတာရုံကလေးနှင့် နီးသောကြောင့် ဖြစ်ပါသည်။

ကျဲပါးသော မြို့ပတ်ရထား အပြာရင့်ရင့်ကလေးတွေ တိုက်အောက်က တဝေါဝေါဖြတ်သွားလျှင် ဘာရယ်မဟုတ်ဘဲ ကျွန်မ ပြတင်းပေါက် ဘေးကို ပြေးရပ်မိသည်သာ။

မောင်ကတော့ ဘူတာရုံနှင့် နီးနီးနေရတာကို သိပ်ကြိုက်လှပုံ မရပါ။ ဒါပေမဲ့ မောင်က ပြတင်းကတဆင့် အနောက်ဘက် မိုးကုပ်စက်ဝိုင်းကို တစ်ဆန့်တစ်လျား မြင်နေရတာကိုတော့ တစ်စုံတစ်ရာမပြောသော်လည်း ကျေနပ်နှစ်သက်ခြင်း ဖြစ်ဟန်ရှိပါသည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ဘူတာရုံနှင့် နီးခြင်း ဝေးခြင်း၊ အနောက်ဘက် မိုးကုပ်စက်ဝိုင်းကို မြင်ရခြင်း မမြင်ရခြင်းတို့မှာ ကျွန်မတို့နှစ်ဦး၏ တစ်ဦးချင်း ခံစားမှုသာဖြစ်၍ မောင်နှင့်ကျွန်မကြားတွင် သိပ်တော့ ပြဿနာမရှိလှပါ။ ဘာပဲဖြစ်ဖြစ် သည်တိုက်ခန်းကလေးကို စတင်ရောက်ရှိသည့်နေ့ကတော့ ကျွန်မတို့နှစ်ဦးစလုံး စိတ်ညစ်ညူးသွားခဲ့ရတာ အမှန်ပင်ဖြစ်၏။

အဲသည်နေ့က မောင်က ဘုရားစင်မှ ဘုရားကျောင်းဆောင်ကို ပင့်ဆောင်၍ ကျွန်မက သောက်ရေအိုးသစ်တစ်လုံးကို သယ် မ လာခဲ့ပါသည်။ အဲသည်နေ့က ရက်ရာဇာဖြစ်၍ နဂါးခေါင်းက တောင်ဘက်သို့ လှည့်သည်ဟု မောင်က ကျွန်မကိုရှင်းပြသောနေ့လည်း ဖြစ်ပါသည်။

* * *

-၂-

သည်တိုက်ခန်းကလေးပေါ်ကို ကျွန်မတို့နေထိုင်ခွင့် မရှိခင်တုန်းက သည်တိုက်တွေနှင့် တော်တော်လေးလှမ်းသော ခြောက်ခန်းတွဲတန်းလျားခန်းတွေမှာ ကျွန်မတို့ နေထိုင်ခဲ့ရပါသည်။ ဆယ်ပေခန်း ကျဉ်းကျဉ်းကလေး ခြောက်ခန်းကို တစ်ဆက်တည်း ဆောက်ထားလို့ 'တန်းလျား' လို့လည်း ခေါ်ကြပါသည်။

ဘယ်လိုမှကို စရိုက်ချင်းမတူနိုင်သော အိမ်ထောင်စု ခြောက်စုထဲမှာ ကျွန်မတို့က တစ်စု ဖြစ်သည်။ ဘေးအစွန်ခန်းတွေကတော့ ပျဉ်ချပ်တွေ စီကာထပ်ကာ ကာရံပေးထားရုံသာမက ဘေးပြတင်းပေါက်တွေပါ ဖောက်ပေးထားသဖြင့် ဘေးခန်းမှာ နေထိုင်ခွင့်ရသူတွေက အနည်းငယ် အဆင်ပြေသော်လည်း အလယ်ခန်းတွေကိုမူ ပါးလျသော ဝါးထရံချပ်တွေကို လျော့ရဲရဲကာပေးထားပါသည်။ ကျွန်မကတော့ ရနိုင်သမျှ စက္ကူစတွေကို ကော်သုတ်၍ စိတ်ရှည်လက်ရှည် ကပ်နေတတ်၏။

မည်သို့ပင်ဖြစ်စေ တစ်ခန်းကညှော်နံ့ကို လည်းကောင်း၊ တစ်ခန်းက ဟားတိုက် ရယ်မောသံကို လည်းကောင်း၊ တစ်ခန်းက မွှန်စူးစူး အရက်နံ့ကို လည်းကောင်း၊ တစ်ခန်းက ဖဲရွက်ပွတ်သံကို လည်းကောင်း၊ တစ်ခန်းက ကြေးစည်ရိုက်အမျှဝေသံကို လည်းကောင်း တစ်ခုမဟုတ်တစ်ခု ကျွန်မ ကြားနေရသည်သာ ဖြစ်၏။

တန်းလျားလေးက ခါးစောင်းလောက်သာ မြင့်ပါသည်။ လှေကားသုံးထစ်သဖွယ် ပြုလုပ်ထားသော အုတ်ခုံလှေကားလေးပေါ်မှာပဲ ညနေစောင်းလျှင် ကျွန်မ ထိုင်နေမိတတ်သည်။ ခပ်လှမ်းလှမ်းက မီးရထားသံလမ်းတွေကို ဖြတ်ကာ ပြန်လာမည့် မောင့်ကို စောင့်ရင်း အချိန်အတော်များများကို ကျွန်မ သည်အုတ်ခုံလေးပေါ်မှာပဲ ထိုင်ရင်း ဖြုန်းတီးပစ်ခဲ့သည်ချည်း ဖြစ်၏။

မောင်ကတော့ သည်တန်းလျားကလေးကို နေချင်စဖွယ် အိမ်ကလေးတစ်ခုအဖြစ် သဘောထားနိုင်သူ ဖြစ်၏။

'လူတွေနဲ့ ရောနှောနေထိုင်ရတော့ လူတွေအကြောင်း ပိုသိခွင့်ရတာပေါ့' ဟု လည်းကောင်း၊ 'တန်းလျားဆိုတာ လူ့လောက အငယ်စားလေးကွ။ စရိုက် သိပ်စုံတယ်' ဟု လည်းကောင်း

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ပြောတတ်သော်လည်း ကျဉ်းမြောင်းသော သည်အခန်းကလေးတွေထဲမှာ အသက်ရှူမဝဘဲ မွန်းကျပ်နေရသော ဝေဒနာကိုသာ ကျွန်မ အမှတ်မိဆုံးဖြစ်၏။

အခန်းကျဉ်းလေး နှစ်ခန်းပါသော သည်တန်းလျားမှာ တစ်ခန်းက အိမ်ရှေ့ ဘုရားခန်း (ဧည့်ခန်း)ဖြစ်၍ နောက်တစ်ခန်းက အိပ်ခန်း ဖြစ်သည်။ နောက်ဘက်မှာတော့ ကိုယ့်အစီအစဉ်နှင့်ကိုယ် ဆွဲဆန့်ကာ အခန်းရှည်ရှည်ကလေး တစ်ဆောင် ထပ်ချဲ့ထားရသည်။ မီးဖိုနှင့် ထမင်းစားခန်း ဖြစ်သည်။

သည်တန်းလျားခန်းတွေရဲ့ သက်တမ်းက နည်းလှသည်မဟုတ်။ တစ်ကြိမ်တည်းသာ သုတ်ခွင့် ရထားခဲ့သော ရေနံချေးမည်းမည်းတို့ပင် ဖြူရော်ကွပ်ရွသော မြေခြောက်ရောင်အဖြစ် ပြောင်းလဲနေခဲ့ပြီ။ ပြတင်းတံခါးတွေက တစ်ချပ်နှင့်တစ်ချပ် အံမကျသော်လည်း တအားဆွဲပိတ်ပစ်ဖို့ စိတ်ပင်မကူးဝံ့ပါ။

နီကြင်ကြင် ဝပ်အားနည်း မီးလုံးရောင်အောက်မှာ တစ်ခန်းက မီးခိုးတွေက တခြားအခန်းတွေမှာ ဝေ့ဝေ့ဝဲဝဲ ရှိနေတတ်တာလည်း ရှိသည်။ ညဥ့်နက်သန်းခေါင်မှ ပြန်ရောက်လာတတ်သော အိမ်လည်လွန်တစ်ဦးဦးက သူ့အခန်းတံခါးကိုသူ တဝုန်းဝုန်းထုလျှင် ကျန်အခန်းတွေက မိသားစုတွေပါ ရောယောင်နိုးနေရသည်။

တချို့ကတော့လည်း ညတစ်နာရီထိုးမှ ကြာနီကန်ဆရာတော် တရားခွေကို ဓမ္မဓါနအဖြစ် ခပ်ကျယ်ကျယ် ဝေငှနေကြတာလည်း ရှိသည်။ တစ်ခါတစ်ခါ ကျိတ်၍ ရန်ဖြစ်တတ်သော လင်မယားတွေဆီက ငိုသံတွေ ရောက်လာတတ်တာကတော့ ကျွန်မအတွက် ရိုးအီနေသော ဂီတ ဖြစ်လေသည်။

ဒါပေမဲ့ သည်တန်းလျားခန်းကလေးက လူတွေမှာ ချစ်စရာကောင်းသော၊ ခင်မင်နှစ်လိုဖွယ် ကောင်းသော၊ စွဲလမ်းတပ်မက်ဖွယ် ကောင်းသော စရိုက်တွေလည်း ရှိကြောင်းကို ကျွန်မ ဝန်ခံရပါမည်။ ဝိုင်းဝန်းကူညီတတ်ခြင်း ဖြစ်သည်။ လူမှုရေးတွေမှာ သိနားလည်လွန်းခြင်း ဖြစ်သည်။ ဘဝတူချင်း စာနာတတ်ခြင်း ဖြစ်သည်။

မိုးတွင်းတွေမှာ မိုးယိုတာက လွဲရင်၊ ရေအိမ်မှာ အညစ်အကြေးတွေ ပေကျံညစ်ပွနေတတ်တာက လွဲလျှင်၊ အများသုံးအုတ်ရေကန်ကရေကို ဝေးလံစွာ သယ်ယူရတာက လွဲလျှင်၊ မိန်းမချင်း မကြာခဏ ကျယ်လောင်စွာ ရန်ဖြစ်တာက လွဲလျှင်...

တန်းလျားခန်းကလေးကို ကျွန်မ သံယောဇဉ်ရှိပါသည်။

မွန်းကျပ်သည် မှန်သော်လည်း သည်တန်းလျားခန်းကလေးကို တကယ်တမ်း စွန့်ခွာကာ တိုက်စုကလေးထဲက တစ်ခန်းကို ကျွန်မ ရရှိသည်ဟု သတင်းရောက်လာသည့် အချိန်က လှေကားအုတ်ခုံကလေးမှာပဲ ကျွန်မ မရှက်မကြောက် ငိုဖြစ်ပါသည်။

* * *

MMCYBERMEDIA
COMMUNITY FOR ALL

-၃-

တိုက် ၁၃၊ အခန်း ၄...

မောင့်လက်ထဲက ရုံးမိန့်စာရွက်ကို ကိုင်ရင်းက သည်နံပါတ်တွေကို ကျွန်မ အကြိမ်ကြိမ်အထပ်ထပ် ရေရွတ်နေမိတော့သည်။ မောင်ကတော့ ရက်ရာဇာတွေ၊ ပြဿဒါးတွေ ပါသော ပြက္ခဒိန်ပေါ်မှာပဲ အာရုံရောက်နေသည်။

အင်္ဂလိပ်စာကို ရှေးခုနစ်တန်းလောက်တတ်သော ဖေဖေကတော့ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ရင်းက...

"သမီးတို့ ရတဲ့ အခန်းက နံပါတ်တွေကို ဖေဖေတော့ မကြိုက်လှဘူး။ ဆယ့်သုံးဂဏန်းက ကံမကောင်းတတ်ဘူး။ အင်္ဂလိပ်အယူကတော့ 'ဆယ့်သုံး' ဟာ ခိုက်တယ် လို့ကို ယုံကြည်ကြတယ်။ 'လေး' ဆိုတာလည်း မြန်မာလိုတော့ လေးလံခြင်း၊ စိတ်လေးရခြင်း စတဲ့ ဖိစီးနေတဲ့သဘောတွေ ပါတယ်။ မကောင်းဘူး... မကောင်းဘူး..."

ကျွန်မကတော့ ဖေဖေ့ကိုပဲ တအံ့တသြ ငေးကြည့်နေမိ၏။ တိုက် ၁၃၊ အခန်း ၄ ဟာ မကောင်းဘူးလား။ တကယ်ပဲ ခိုက်တတ်သလား။

မောင်ကတော့ ဒါတွေကိုကြားပုံမရပါ။

"တော်သေးတယ်ဟေ့ နဂါးခံတွင်းထဲ မဝင်လို့... နဂါးခေါင်းက တောင် လှည့်တယ်၊ 'နတ်၊ ပြာ၊ တွဲ - တောင်... နတ်၊ ပြာ၊ တွဲ - တောင်...' အိမ်ဆောက်တာမဟုတ်ပေမယ့် အိမ်ပြောင်းတာလည်း ဒီလတွေ ကောင်းသားပဲ"

ဖေဖေက ပက်လက်ကုလားထိုင်မှထကာ စက္ကူဖြူဖြူကလေးပေါ်မှာ Soft Pen ဖြင့် 'တိုက် ၁၂-က၊ အခန်း ၃-က' လို့ ခပ်ထူထူကလေး ရေးကာ ကျွန်မကို လှမ်းပေးပါသည်။ ကျွန်မက နားမလည်နိုင်စွာ ဖေဖေ့ကို ငေးကြည့်နေမိ၏။

"ဆယ့်သုံး မဟုတ်ဘူး၊ ဆယ့်နှစ် 'က' ကြီး ကွာ၊ လေး မဟုတ်ဘူး၊ သုံး 'က' ကြီး ကွာ။ ဘာဖြစ်သေးလဲ... သမီး စပြောင်းတဲ့နေ့ တံခါးဝမှာ အဲဒါလေးကပ်ထား။ ကြားလားသမီး..."

ဖေဖေကတော့ ရုံးအမိန့်စာထဲက တိုက် ၁၃၊ အခန်း ၄ ကို သူ့သဘောနှင့်သူ ပြောင်းပစ်လိုက်သည်။ ကျွန်မကတော့ တိုက် ၁၃၊ အခန်း ၄ လို့ပဲ စွဲမှတ်နေမိသည်။

အဲသလိုပြောင်းလိုက်လို့ ရလို့လား။ မောင်ကတော့ ဘာမှ မပြောပါ၊ နောက်ဖေးဘက်က သူစိုက်ပျိုးခဲ့သော စားပင်ကလေးတွေကို နမြောတသစွာ သွားငေးနေဟန်ရှိပါသည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"ဘာပဲဖြစ်ဖြစ်လေ၊ ရန်ကုန်လိုနေရာမှာ တိုက်ခန်းကျယ်ကျယ်ကလေး တစ်ခန်းရတာ သမီးတို့ကံကောင်းတာပဲ။ ဥပါဒါန်ကလည်း ဥပဒ်ဖြစ်တတ်သတဲ့။ အစွဲတော့လည်း မထားနဲ့ပေါ့ကွယ်"

ကျွန်မ မောင့်နောက်ကိုလိုက်သွားတော့ မောင်က ရွှေ့ပြောင်းလို့ရနိုင်သော သစ်ပင်ကလေးတွေကို လိုက်ပြသည်။ ကျွန်မ နမြောတသအဖြစ်ရဆုံးမှာ အသီးတွေ သဲသဲမဲမဲသီးတတ်သော မာလကာသီးပင်နှစ်ပင်ကိုပဲ ဖြစ်သည်။

ကျွန်မ၏မျက်နှာရိပ်ကို ဖတ်တတ်သော မောင်က ကျွန်မရဲ့ပခုံးတွေကို အသာအယာဖျစ်ညှစ်ပါသည်။

"နမြောလို့လား... တိုက် ၁၃၊ အခန်း ၄ ကျရင် ပြန်စိုက်တာပေါ့"

မောင်က သည်နံပါတ်တွေကို ကျွန်မ မုန်းတီးမုန်းသိ၍ နောက်ပြောင်လိုက်မှန်း သိသော်လည်း ကျွန်မ သိပ်မခံစားရပါ။ ကျွန်မအတွက် လက်ရှိအခြေအနေတွင် အလိုအပ်ဆုံးမှာ ပိုမိုကျယ်ပြောလွတ်လပ်သော နေရာတစ်ခုသာ ဖြစ်ပါသည်။ ကျပ်တည်းကျဉ်းမြောင်းသော သည်နေရာကလေးကို တစ်ခါတစ်ခါ သတိရသော်လည်း သည်နေရာကစွန့်ခွာဖို့ ကျွန်မ အကြိမ်ကြိမ် မျှော်လင့်ခဲ့ရသည် မဟုတ်လား။

'ဒီမာလကာပင်လေးကို နမြောတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ သူက ကျွန်မတို့စွန့်ခွာမယ့် နေရာမှာ ပေါက်နေတော့ ထားရစ်ခဲ့ရမှာပဲ မဟုတ်လား'... မောင့်လက်တွေက ကျွန်မပခုံးကို ပိုမိုတင်းကျပ်စွာ ဖျစ်ညှစ်လိုက်မှန်း ကျွန်မ သိလိုက်ပါသည်။

* * *

## -၄-

တိုက်ခန်းတွေက ဟောင်းမြင်းလှပြီ။ အဝေးကကြည့်လျှင် စီကာစဉ်ကာ လှပနေတတ်သော သည်တိုက်ခန်းတွေက အနီးကကြည့်လျှင် အတော်ပင် အကျည်းတန်နေတာကို ကျွန်မ ပထမဆုံး သတိထားမိပါသည်။

အောက်ထပ်နှစ်ခန်းက တစ်ဖက်သို့လှည့်၍ အပေါ်ထပ်နှစ်ခန်းက ဆန့်ကျင်ဘက်သို့ မျက်နှာမူထားသည်။ အတန်ငယ် မတ်စောက်သော လှေကားထစ်တွေကို တက်ရတိုင်း(နှောင်တွင်) ကျွန်မ မောဟိုက်နေတတ်၏။

ပထမဆုံးအခက်အခဲမှာ သည်တိုက်ကလေးမှာနေလက်စ မိသားစုက ရုတ်တရက်ဖယ်မပေးခြင်းပင် ဖြစ်သည်။ အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့ရန် အမိန့်တစ်စုံတစ်ရာ ရထားပြီးဖြစ်ပါလျက် ရသလောက် တွယ်ကပ်နေသည့် သဘောမျိုး ဖြစ်သည်။ တစ်ပတ်ခန့်စောင့်သော်လည်း ပြောင်းရွှေ့ပေးမည့် အရိပ်အယောင် မပြ။ အဆိုးဆုံးမှာ 'နေပါဦးလား။ တော်တော် ပြောင်းလာချင်ပြီလား၊ တိုက်နဲ့ သိပ်နေချင်တာပဲလား' ... ဆိုသည့် မအီမသာစကားတွေပင် ဖြစ်သည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ဒါပေမဲ့ ထူးဆန်းတာက အဲသည့်မိသားစု ပြောင်းရွှေ့သွားသည့်အခါ ဘယ်သူမှ မသိလိုက်ခြင်းပင် ဖြစ်သည်။ လမ်းမတန်းက ရုတ်တရက် မမြင်နိုင်သော ပြတင်းတံခါးတချို့ကို ဖြုတ်ယူသွားခဲ့သည်။ လျှပ်စစ်မီးခေါင်းနှင့် မီးခလုတ်တွေလည်း မရှိတော့။ ကြိုးစတန်းလန်းနှင့် သည်အတိုင်း ထားပစ်ခဲ့သည်။

မောင်က ဘုရားဆင်းတုတော်ကို ပင့်ဆောင်ရင်း ကျွန်မက ရေအိုးအသစ်ကလေးကို ချီ မလာသည့်နေ့က ပထမဆုံး သတိထားမိတာ ပြတင်းတံခါးတချို့ မရှိတာဖြစ်သည်။ မောင်ကတော့ ရောက်ရောက်ချင်း အိမ်ရေဆေးဖို့ လိုတယ်ဆိုကာ ရေချိုးခန်းထဲကို ဝင်တော့ ဘုံပိုင်ခေါင်း မရှိ။ ရေပိုက်အဆက် တော်တော်များများကို ဖြုတ်ယူသွားသည်။ ရေလာချိန်မဟုတ်သဖြင့် ရေတွေကျမနေလို့ တော်တော့သည်။

"ရေချိုးခန်းကို တော်တော် လုပ်ယူရမယ်ထင်တယ်၊ ရေပိုက်ကော၊ ပိုက်ခေါင်းကော မရှိဘာ။ အဆိုးဆုံးက ဒီမှာ... ကြည့်စမ်း..."

အိမ်သာကြွေခွက်နှင့် ကြမ်းခင်းတွေ ကွဲအက်နေခြင်း ဖြစ်သည်။ အညစ်အကြေးဆင်းရာ ကြွေပိုက်နေရာမှာလည်း သံတူရွင်းနှင့် ထိုးခွဲထားသလို ဖြစ်နေသေးသည်။ ရေအိမ်၏ခလုတ်တွေမှာ အဖုံးမရှိ။

မောင်ကတော့ ဘာမှမဖြစ်သလို ခံစားမှုမဲ့မျက်နှာဖြင့် ရှိသော်လည်း ကျွန်မ တော်တော် စိတ်ပျက်သွားမိပါသည်။

အဆိုးဆုံးမှာ တိုက်ခန်းကိုသုတ်ထားသော ဆေးရောင်တွေပဲ ဖြစ်သည်။ ပြာတောက်တောက် အရောင်တွေက သစ်လွင်တုန်းက လှပနေမည် မှန်သော်လည်း ယခုအခါ မွဲခြောက်ခြောက် အရောင်အသွေးဖြင့် ညစ်ထည်းထည်း ဖြစ်နေပြီ။ ကျွန်မကတော့ ဧည့်ခန်းရော၊ အိပ်ခန်းတွေကိုပါ အဖြူရောင် ပြောင်းပစ်လိုက်မည် စိတ်ကူးထားသည်။

"တိုက်ခန်းမျက်နှာစာက အနောက်ဘက်လှည့်နေတော့ ဘုရားစင်က တောင်ဘက်လှည့်မှ ကောင်းမယ် ထင်တယ်နော်..."

ကျွန်မကတော့ မောင့်စကားတွေကိုပင် ကြားနိုင်စွမ်း မရှိတော့ပါ။ ပြတင်းဝမှာ သွားရပ်နေလိုက်သည်။ မောင်က ဘုရားစင်ကို အုတ်နံရံမှာမြှုပ်ဖို့ လက်သမားဆရာ ခေါ်ရမည်ဟု ပြောရင်းက အောက်ဆင်းသွားပါသည်။ ကျွန်မကတော့ တိုက်ရှေ့က သရက်ပင်အုပ်အုပ်ကလေးကို လည်းကောင်း၊ အုန်းပင်မြင့်မြင့်ကြီးကို လည်းကောင်း ငေးရင်း အဲသည့်နေရာလေးမှာပဲ အကြာကြီး ရပ်နေမိသည်။

"ညီမတို့က ဒီအခန်းကိုရသလား"

MMCYBERMEDIA
COMMUNITY FOR ALL

ကျွန်မ ဆတ်ခနဲ တုန်ယင်သွားမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်ပါသည်။ အတန်ငယ် အသက်ကြီးရင့်နေပြီဖြစ်သော အမျိုးသမီးတစ်ဦးက ကျွန်မဘေးမှရပ်ရင်း ရုတ်တရက်မေးလိုက်ခြင်းကို ကျွန်မ လန့်ဖျပ်သွားခြင်း ဖြစ်သည်။

"ဩော်... ဟုတ်ကဲ့ရှင့်..."

"ကောင်းတယ်... ကောင်းတယ်... တို့ အိမ်နီးချင်းဖြစ်သွားပြီပေါ့။ ဒီမယ်... အခုရှုပ်မှ နောင်ရှင်း ပြောထားရဦးမယ်။ ဟောဒီ သရက်ပင် ငါးပင်မှာ ညီမတို့နဲ့ဆိုင်တာ နှစ်ပင်၊ ဟောဟိုးက သုံးပင်က အဒေါ်တို့အပင်တွေ"

"ဩော်..."

ကျွန်မက ကျွန်မပိုင်သည်ဆိုသော သရက်ပင်တွေကို ကြည့်လိုက်တော့ အသီးကင်းလေးတွေ တချို့ မြင်နေရပြီ၊ တချို့ ဖူးတုန်းပွင့်တုန်း၊ ဒါ ကျွန်မတို့ရဲ့အပင်တွေတဲ့။ အရင့်အရင် နေထိုင်ခဲ့သူတွေက အမြော်အမြင်ကြီးမားစွာ စိုက်ပျိုးခဲ့တဲ့ အပင်တွေပဲ။

"ဟောဒီတိုက်လှေကားနဲ့ တည့်တည့် မျဉ်းကြောင်းဆွဲပြီး နယ်ကန့်သတ်ထားတာ။ ဒီဘက်က အဒေါ်တို့၊ ဒီကွက်လပ်က ညီမတို့၊ ဟောဒီဘေးဘက်က အောက်ထပ်နဲ့ဆိုင်တယ်"

"ဩော်... ဩော်..."

"လူတွေက ခက်ပါတယ်ကွယ်။ ညီမတို့မလာခင် နေသွားတဲ့သူတွေက သရက်ဖူးတွေကို ရိုက်ချသွားတယ်။ ညီမတို့ကလည်း မလာသေး၊ အဒေါ်တို့ကလည်း ပြောလို့မဖြစ်နဲ့။ အုန်းသီးနုနုကလေးတွေကို တက်ခုတ်သွားတာလည်း ရှိရဲ့။ လူတွေ ပြောပါတယ်... မကောင်းတာ"

"ကျွန်မတို့က ဒီအပင်တွေဟာ ကျွန်မတို့နဲ့ မဆိုင်ဘူး ထင်နေတာ၊ ကိစ္စမရှိပါဘူး၊ ဒီအပင်တွေအတွက် ကျွန်မ ဘယ်လိုမှ မခံစားရပါဘူး"

"အိုကွယ်... မဟုတ်တာ... ကိုယ်နေတုန်း ကိုယ့်ဥစ္စာပေါ့။ ရှေ့လူက သက်သက်ဖျက်ဆီးသွားတာ၊ မစားရတဲ့အမဲ... လုပ်သွားတာ"

"ဟုတ်ပါရဲ့... အခုလည်း မီးခေါင်းတွေရော၊ မီးခလုတ်တွေရော တစ်လုံးမှ အကောင်းမရှိဘူး ဒေါ်ဒေါ်... ပြတင်းတွေလည်း ဖြုတ်ယူသွားတယ်"

"အမှန်ကတော့ အခန်းအပ်ရင် သက်ဆိုင်ရာ တာဝန်ရှိတဲ့ လိုင်းမှူးတွေကို ပြန်အပ်ရတာပါပဲ။ ဒါပေမဲ့ သူတို့က တခြားမြို့တစ်မြို့ကို အပြီးပြောင်းသွားတာဆိုတော့ တဖြည်းဖြည်းဖြုတ်ပြီး ယူသွားတာ။ စနစ်တကျ အပ်ခဲ့တာ မဟုတ်ဘူး။ အဒေါ်တို့လည်း တချို့ကိစ္စတွေ မြင်သားပဲ၊ မပြောသာဘူးလေ"

မောင်ပြန်လာတော့ မီးလုံးတွေ ပါလာသည်။ တန်းလျားခန်းက မီးချောင်းတွေ ဖြုတ်ယူလာခဲ့သည်။ မီးခလုတ်တွေ၊ မီးခေါင်းတွေ။

"မောင်တော့ မီးခလုတ်ကို အရောင်ကွဲသွားအောင် အဖြူကလေးတွေချည်း ဝယ်လာတယ်ဟေ့"

တစ်ဖက်ခန်းက အိမ်နီးချင်းနှင့် မောင့်ကို မိတ်ဆက်ပေးသည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်တော်တို့လည်း တဖြည်းဖြည်းပြုပြင်ရင်းနဲ့ နေသွားရမှာပဲ။ ရှေ့လူက ဖျက်ဆီးသွားလိုက်တာ တော်တော်ဆိုးတယ် အန်တီ..."

"အင်းလေ... အခုပဲ အဲဒါကို ပြောနေကြတာ။ ပြီးတော့ ဒီအခန်းကလည်း မကောင်းဘူး။ အဒေါ်တို့က နေလာတာကြာပြီ မဟုတ်လား... သိတယ်... ဒီအခန်းက ရာဇဝင်နဲ့..."

မောင်က ကျွန်မကို လှမ်းကြည့်ရင်းက ပြုံးသည်။

တစ်ဖက်ခန်းက အိမ်နီးချင်း ဆိုသူကလည်း စကားအစကလေးတစ်စ ထားရစ်ကာ ပြန်သွားသော်လည်း ကျွန်မစိတ်ထဲမှာ တစ်နေ့လုံး နောက်ကျူနေသည်။

*သည်အခန်းက ရာဇဝင်နဲ့... သည်အခန်းက ရာဇဝင်နဲ့...*

ဘာရာဇဝင်တွေလဲ၊ ဘာမကောင်းတာလဲ။ ထိုနေ့က ပြတင်းဝမှာပဲ ကျွန်မ အကြာကြီး ရပ်နေဖြစ်သည်။ တစ်ခါတစ်ရံ တိုက်အောက်က ဖြတ်သန်းသွားသော မြို့ပတ်ရထားတွေကို ငေးရင်း၊ အဝေး ဘူတာရုံကလေးကို ရီဝေစွာ လှမ်းကြည့်ရင်း ကျွန်မ ဘယ်လောက်တွေးငေးနေသည် မသိ၊ မောင်လာခေါ်တော့ အပြင်မှာ အလင်းစတွေ လျော့ပါးသွားပြီ။

"ဒီအခန်းကလေးက ရာဇဝင်တွေနဲ့တဲ့ မောင်..."

မောင်ကတော့ ခြောက်ကပ်ကပ် ရယ်သည်။ ကျွန်မရဲ့ နဖူးဆံစတွေကို သပ်တင်ရင်း...

"ကောင်းတာပေါ့... ရာဇဝင်နဲ့ဆိုတာ ဒီအခန်းရဲ့ ဖြတ်သန်းမှုကို ပြတာပေါ့၊ ဒီအခန်းရဲ့ ရင့်ကျက်မှုပေါ့"

မောင်ကတော့ အရာရာကို ချေဖျက်နိုင်စွမ်းသည်။ အေးချမ်းတည်ကြည်သော မောင့် စိတ်သဘောတွေကို ကျွန်မ အားကျသော်လည်း ကျွန်မကိုယ်တိုင် မွေးမြူ၍ မရခဲ့ပါ။

ကျွန်မကတော့ တိုက် ၁၃၊ အခန်း ၄ ရဲ့ ရာဇဝင် ဆိုတာတွေကိုပဲ သိချင်နေမိတော့သည်။ ဤသို့ဖြင့် ကျွန်မတို့ တိုက်ခန်းကလေးကို တစ်စတစ်စ ဖြည့်ဆည်း တည်ဆောက်ယူခဲ့ရသည်။ နှစ်ကာလ ကြာလာသည်နှင့်အမျှ သီးပင်စားပင်တွေ ဝေဝေဆာဆာ ဖြစ်လာခဲ့ရပြန်ပြီ။

ကျွန်မက ခပ်လှမ်းလှမ်းက ဘူတာရုံကလေးကို လည်းကောင်း၊ မောင်က တစ်ဆန့်တစ်လျား ဝေးလံသော ကွင်းပြင်ကျယ်ကျယ်ကို လည်းကောင်း၊ မနီးမဝေးက စက်ရုံမီးခိုးခေါင်းတိုင်ကလေးကို လည်းကောင်း၊ ရထားလမ်းကို ကန့်လန့်ဖြတ်သွားသော မြေနီလမ်းပေါ်က မြင်းလှည်းချြသံ လွင်လွင်ကလေးတွေနှင့် ဂေါက်ဂက်ဂေါက်ဂက်ဖြင့် မြင်းခွာသံဂီတကို လည်းကောင်း၊ ဆောင်းဝင်စ ရာသီတွေမှာ အပြိုင်းအရိုင်း ဖူးကြသော သရက်ပွင့်တွေကို လည်းကောင်း ကျွန်မတို့ ခံစားတတ်ကြပြီ။

* * *

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

-၅-

သည်တိုက်ခန်းကလေးမှာ ဖြစ်ခဲ့ဖူးသော ရာဇဝင်တွေကို ကျွန်မ သိခွင့်ရခဲ့သည်မှာ သိပ်မကြာလှသေးပါ။

ပထမဆုံးနေထိုင်ခဲ့သည့် ဂီတသမား လင်မယားအကြောင်းက စရလိမ့်မည်။ စောင်းသံ၊ စည်းသံ၊ ဝါးသံ၊ မဟာဂီတ သီဆိုသံတို့ဖြင့် ဝေစည်ခဲ့ဖူးသော ကာလတစ်ခုတုန်းကတော့ ချမ်းမြေ့ဆွတ်ပျံ့ဖွယ် ကောင်းနေမည်မှန်သော်လည်း ထို ဂီတသမား ဇနီးမောင်နှံ၏ ဇာတ်သိမ်းမှာ သူတို့ချင်း တစ်သက်တာထာဝရ လမ်းခွဲကြခြင်း ဖြစ်သတဲ့။ ဒုတိယမြောက် ရောက်လာသူကတော့ အရက်ကို လွန်စွာ ခုံမင်စွဲလမ်းသော လင်ယောကျ်ားနှင့် အရက်ကို လွန်စွာမုန်းတီးသည့် မိန်းမတစ်ယောက်တို့၏ ပဋိပက္ခဇာတ်လမ်းမျိုးပင် ဖြစ်၏။

တတိယအကြိမ် နှစ်ပေါင်းများစွာ လာရောက် နေထိုင်သူတွေကတော့ ကရင်အမျိုးသား ဇနီးမောင်နှံဖြစ်သည်ဟု ဆိုသည်။ ခရစ်ယာန် ဘာသာဝင်များပီပီ အလွန်အေးငြိမ်းသော သူတို့ ဇနီးမောင်နှံကလည်း သိပ်ကြာကြာ နေခွင့်မရခဲ့။ ပြင်းထန်သော မော်တော်ယာဉ်တိုက်မှု တစ်ခုမှာ ဇနီးဖြစ်သူ ပါသွားခဲ့သည်။ ဇနီးဖြစ်သူအတွက် ဆုတောင်းစည်းဝေးပင် မလုပ်ဘဲ ရုတ်တရက် ပြောင်းရွှေ့သွားသူ ကရင်အမျိုးသားမှာ ယနေ့အထိပင် မတွေ့ရတော့ ဟု ဆိုသည်။

ဤတိုက်ခန်းပေါ်သို့ လပေါင်းများစွာ လူသူလာရောက် နေထိုင်ခဲ့ခြင်း မရှိဘဲ ခြောက်ခြားဖွယ် ခြောက်သွေ့နေခဲ့ဖူးသည်။ လူသူမရှိသော သည်တိုက်ခန်းထဲက လမ်းလျှောက်သံ၊ စကားပြောသံ၊ ရေချိုးသံ၊ သနပ်ခါး သွေးသံ စသဖြင့် အသံမျိုးစုံကို ရက်တော်တော်ကြာကြာ ကြားနေရသည် ဟု ဆိုသည်။

သည့်နောက်မှာတော့ တခြိမ်းခြိမ်း ရန်ဖြစ်တတ်သော လင်မယား၊ စာရိတ္တပျက် ယွင်းဖောက်ပြန်သော လင်မယား၊ လူသူပတ်ဝန်းကျင်နှင့် အလိုက်တသင့်မရှိသည့် လင်မယား စသဖြင့် တိုက် ၁၃၊ အခန်း ၄ သည် ထာဝရညစ်ထည်းနေခဲ့သည် ဟု ပြောရလောက်အောင် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပျက်ခဲ့ရသော ထိုအဖြစ်အပျက်များကို ကြားစက ကျွန်မ တော်တော်တုန်လှုပ်သွားခဲ့ရသည်။

နေထိုင်ခဲ့ဖူးသော ဇနီးမောင်နှံတွေရဲ့ အသေးစိတ်အကြောင်းအရာတွေက လွမ်းမောဆွတ်ပျံ့ဖွယ်၊ ချောက်ချားကြောက်ရွံ့ဖွယ်၊ ဂုဏ်ယူအားကျဖွယ်၊ စိတ်ပျက်တုန်လှုပ်ဖွယ်၊ ရယ်မောရွှင်ပျဖွယ် စသည့် ရသများနှင့် ပြည့်နှက်နေသဖြင့် မောင်ကပင် 'တိုက် ၁၃၊ အခန်း ၄ ဆိုတဲ့ ဝတ္ထုရှည်ကြီး တစ်ပုဒ် ကြိုးစားရေးပါလား' ဟု ပြောယူရသည်အထိ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တိုက် ၁၃၊ အခန်း ၄ မှာ နေထိုင်ခဲ့သူတွေရဲ့ ဇာတ်သိမ်းကတော့ မကောင်းသည်ချည်း ဖြစ်နေတတ်တာကိုတော့ ကျွန်မ သတိထားမိပါသည်။

ဘာပဲဖြစ်ဖြစ် ရုပ်ဝတ္ထုအရရော၊ ဖြတ်သန်းမှုအရပါ မကောင်းခဲ့သော သည်ဖြစ်ရပ်တွေမှာ တိုက် ၁၃၊ အခန်း ၄ ဆိုသည့် ကိန်းဂဏန်းတွေက ဘယ်လောက်ထိ ပါဝင်ထိုးနှက်ခဲ့ပါသလဲ။ ကျွန်မကတော့ ထို ကိန်းဂဏန်းတွေကိုသာ ရွံရှာမုန်းတီးနေမိတော့၏။

http://www.mmcybermedia.com

တိုက် ၁၃၊ အခန်း ၄ မှာ ကျွန်မတို့ နေသားကျသွားခဲ့ပြီ။ ဤတိုက်ခန်းကလေး၏ ရာဇဝင်ဟောင်းတွေကို တစ်ခါတစ်ရံ သတိတရ ရှိတတ်သော်လည်း မေ့နေတာက များသည်။ ဖေဖေကတော့ တစ်ခါတစ်ရံ ရောက်လာတတ်၍ သူ့ Soft Pen ဖြင့် ရေးပေးသော နံပါတ်တွေကို မေးနေတတ်သေးသည်။ မောင် အသက် ၆၀ ပြည့်သည်အထိ နေခွင့်ရလျှင်တော့ ကျွန်မတို့ နောက်ထပ် သည်တိုက်ခန်းကလေးမှာ အနှစ်နှစ်ဆယ် ကျော်ကျော်နေရလိမ့်ဦးမည်။ မောင့်စိတ်ကြိုက် ပန်းနုရောင် ဖျော့ဖျော့ကလေး သုတ်ထားသော သည်တိုက်ခန်းကလေးမှာ ကျွန်မတို့ရဲ့ ရာဇဝင်ကကော ဘယ်လိုရှိလိမ့်မလဲ…

"တိုက်ခန်းဆေးသုတ်တာရော၊ သစ်ပင်ပန်းပင်တွေရော၊ မီးကြိုး၊ မီးခလုတ်၊ ရေဘုံပိုင်ခေါင်း၊ ပိုက်လုံး၊ ကြွေခွက်… အို… ဒါတွေအားလုံး တန်ဖိုးတွေက မနည်းဘူးနော် မောင်… နယ်ကိုပြောင်းရင်လည်း အကုန်ဖြုတ်ယူသွားရအောင်"

မောင်ကတော့ သံယောဇဉ်တွေ နှစ်မထားလိုက်ပါနဲ့ကွယ်။ တို့ရှေ့က လူတွေဟာ တို့ပြောင်းလာတုန်းက တော်တော်နဲ့ ဆင်းမပေးတာတို့၊ ဖျက်လိုဖျက်ဆီး လုပ်ခဲ့တာတို့၊ မချေမငံ ပြောခဲ့ဆိုခဲ့တာတို့ကို နွယ် သတိရနေတုန်းပဲလား။ မောင်ကတော့ စိတ်ကူးထားတယ်လေ။ ပင်စင်သွားရင် နေခွင့်ရမယ့် ခွင့် လေးလတောင် မနေတော့ဘူး လို့။ ချက်ချင်းဖယ်ပေးလိုက်မယ် လို့။ ပြီးတော့ ပစ္စည်းတွေလည်း သည်အတိုင်း ထားခဲ့မှာပါပဲ။ အရေးကြီးတာ ရာဇဝင်တွေနဲ့ တိုက် ၁၃၊ အခန်း ၄ ဟာ ထာဝရ အေးချမ်းငြိမ်သက်နေဖို့၊ လှပနေဖို့ပဲ မဟုတ်လား။ လူဆိုတာ ရွေးချယ်နေကြရတယ်။ ကိုယ်က ရွေးချယ်လို့ရတာ ရှိတယ်… ကံကြမ္မာကရွေးချယ်ပေးတာလည်း ရှိတယ်… တို့ကော ဘာကိုရွေးချယ်မလဲ…"

ကျွန်မနဖူးပေါ် ကျရောက်လာသော မောင့်နှုတ်ခမ်းနွေးနွေးရဲ့ ရှိန်းမြမြအထိအတွေ့က ကျွန်မ တစ်ကိုယ်လုံးကို ပိုမိုနွေးထွေးသွားစေခဲ့တာ အမှန်ပါပဲ။ ပြီးတော့ မောင်က ကျယ်ပြောလွတ်လပ်သော ကွင်းပြင်ကို ငေးနေလိုက်သေးတယ်။

*(ရင်ခုန်ပွင့် မဂ္ဂဇင်း၊ အမှတ် ၆။ ၁၉၉၁ ခုနှစ် - ဒီဇင်ဘာလ)*

# ဝတ်လဲတော်ပုဆိုး ပိုးမျိုးငယ်ပါပါစ

-၁-

ကျုပ်တို့အမေများ ပြောဖူးသာ ပြောပါတယ်။ ဇာတ်ထဲပွဲထဲ၊ ဒါမှမဟုတ် ရုပ်ထဲရွာထဲ ဓာတ်စက်ထဲ ဖျိုင်းတောင်သီချင်းများ ကြားလိုက်လို့ သီချင်းထဲက 'စားတော်ဦး ငါးလူးငယ် ပါပါစ' သောက်တော်အိုး မွှေးမျိုးငယ် ပါပါစ' 'ဝတ်လဲတော်ပုဆိုး ပိုးမျိုးငယ် ပါပါစ' တို့ ဘာတို့များ ကြားလိုက်လို့ကတော့ "ဖွဟဲ့... နိမိတ်မရှိနမာမရှိ မကောင်းသူ ပယ်၊ ကောင်းသူ ကယ်" ဆိုပြီး တံတွေးတစ်ချက် ပျစ်ခနဲ ထွေးပစ်လိုက်သာ တဲ့။ မင်္ဂလာမရှိတဲ့ သီချင်း နားနဲ့တောင်မကြားချင်ဘူး ဆိုတဲ့သဘော နေမှာပေါ့။

ကျုပ်တို့များတော့ သီချင်းတောင်မဟုတ်ပါဘူး၊ အကျိုးပေး မကောင်းပုံများ သင်္ချိုင်းထဲမှာကို နေရသာ။ သေတ္တာလာဝယ်ရင် ခေါင်းနဲ့ရွက်ပြီး လိုက်ပို့ရသာ။ သည်အလုပ်မျိုးကလည်း ဘုရားစူးရစေ့၊ တစ်သက်နဲ့တစ်ကိုယ် လုပ်ရလိမ့်မယ် တွက်ခဲ့သာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲ၊ ဘဝအကြောင်းဆိုတော့ လုပ်ရတော့သာပဲ။ ပိုက်ဆံ ငွေစကြေးစကလေး မြက်မြက်စက်စက်ရသာလည်း တစ်ကြောင်းပေါ့လေ။ တခြားအလုပ် မလုပ်တတ်သာလည်း တစ်ကြောင်းပေါ့။

"ဟဲ့ ဒါဆို ညည်း ခေါင်းရွက်ဗျပ်ထိုး ဈေးကလေးနာကလေး ရောင်းပါလား" လို့တော့ မပြောနဲ့၊ ရလု တစ်နေကုန် နေပူစပ်ခါး လျှောက်နိုင်မှ အစိတ်ပေါ့၊ သုံးဆယ်ပေါ့။ အကြွေးကလည်း ကျဦးမယ်၊ ပြီးတော့ ဘယ်မလဲ ငွေရင်း။

သည်အလုပ်က အကြွေးကျစရာလည်း မရှိဘူး။ ငွေရင်းလည်း မလိုဘူး။ မလုပ်ခင်က ငွေရနင့်သာ။ ရှစ်ဆယ်လည်း ဟုတ်သယ်၊ တစ်ရာလည်း ဟုတ်သယ်။ ဝေးလို့များတော့ ဝေးသလောက် တောင်း၊ ပါးစပ်ထဲကဈေးဟာ အတည်ပဲ။ လူကို လိုက်လို့၊ ခရီးအဝေးကိုလိုက်လို့ ကြည့်တောင်းရသာပဲ။

ရလည်း ရသယ်။ ရသမှ နေ့တိုင်းကို ရသာ။ လူက နေ့တိုင်း သေနေတာ မဟုတ်လား။ ရပ်ကွက်ထဲနေတဲ့လူကတော့ မသိသာလှဘူးပေါ့။ မယုံရင် သင်္ချိုင်းထဲ နေကြည့်ပါလား။ တစ်နေ့တစ်နေ့ သေတဲ့လူ နည်း မှတ်လို့။

* * *

-၂-

သင်္ချိုင်းစပ် ကုက္ကိုပင်စောက်ကြီးအောက်က တဲကြီးထဲ နေလာရတဲ့ နှစ်ကိုပဲ ကြို့ထိုးနေပြီ။ ကျုပ်အထင် အနှစ်သုံးဆယ်ကျော်ရှော့မယ်။

ကျုပ်အသက်လား၊ လေးဆယ်ကျော်လို့ ခြောက်နှစ်ထဲမှာ။ လင်လည်း သုံးဆက်ရှိပြီ။ တကယ်ပြောသာပါ။ ပထမဆုံးလင်က ဆုံးသွားရှာသာ။ သူဆုံးတော့ ကျုပ်က ငယ်ငယ်ရယ်။

နောက်လင်ကတော့ ကွဲကို ကွဲသာ။ ကျုပ် တစ်သက်နဲ့တစ်ကိုယ် လုပ်ရလိမ့်မယ်လို့ မတွက်ခဲ့တဲ့ သည်အလုပ်လည်း ဒင်းက ဇာတ်သွင်းခဲ့သာ။

အခုတော့ တစ်ခါတစ်ခါ ကျေးဇူးလည်းတင်ပါရဲ့၊ စိတ်လည်း နာသယ်။ ဘုရားစူး။ သေချင်းဆိုးလည်း ဘယ်ဆီရောက်နေမှန်းတောင် မသိဘူး။ ကျုပ်တို့သားအမိ သင်္ချိုင်းစပ်က တဲကြီးထဲ ထားပစ်ခဲ့ပြီး ထွက်သွားလိုက်သာ ဘယ်မှာ မြွေပွေးကိုက်နေသလဲတောင် မသိဘူး၊ တစ်ခါမှတောင် ပေါ်မလာဘူး။ ရှိလှပေ့ါ၊ လေးငါးနှစ်တော့။

ဒါပေမဲ့ ကိုစံမောင်က ကျုပ်တို့ကိုနှင်မထုတ်ရှာပါဘူး။ ‘မသောင်း လုပ်လက်စ ဆက်လုပ်ပေ့ါ’ တဲ့၊ ‘ဘယ်မှလည်း မသွားနဲ့’ တဲ့ ပြောရှာပါသယ်။ ကျုပ်ကလည်း မသွားပါဘူး။ တခြား ဘာသွားလုပ်တတ်မှာတုံး၊ ဟုတ်ဘူးလား။

ကိုစံမောင်တို့ကတော့ တတ်နိုင်သူတွေကိုး။ သူတို့လည်း သင်္ချိုင်းထဲနေသာပါပဲ။ ပိုက်ဆံရှိတော့ လေးပင်နှစ်ထပ်အိမ်ကြီးနဲ့ နေသယ်။ သေတ္တာမျိုးစုံကို လုပ်လည်းလုပ်၊ ရောင်းလည်းရောင်း ဆိုတော့ ချောင်လည်ပါသယ်။ အနီးအပါးက ကုက္ကိုပင်တွေ၊ မှိုပင်တွေ ချုပ်ဝယ်ပြီး ပျဉ်ချပ်တွေဖြစ်အောင် ခွဲ၊ စပ်ဟပ်ပြီး သေတ္တာရိုက်၊ အတွင်းနဲ့အပြင်ကို ဝါတာဖလူးစ ခပ်တင်းတင်းဆွဲကပ်ပြီး ငွေရောင်ဖောက်ပန်းတွေ ကပ်၊ ပြီးရင် သေတ္တာတွေကို စီထပ်ထားလိုက်သာပဲ။

ဈေးကတော့ အမျိုးမျိုးပဲ။ လူမှသေပြီ ဆိုမှတော့ သည်သေတ္တာတွေက မသုံးမဖြစ်တွေ မဟုတ်လား။ ဝယ်ရသာပဲ။ ကြိုက်ဈေးလည်း ပေးရသာပဲ။ အသုဘကြီး ဖျာလိပ်နဲ့ပတ်ချလို့ကလည်း ရသာ မဟုတ်၊ ခြေမကြိုးဆွဲချလို့ကလည်း မဖြစ်၊ ဟုတ်ဘူးလား… လူကိုး… လူက သေတာတောင် အလှအပ ကြိုက်တာကလား။

ဝယ်သူလာပြီဆိုရင် ကိုစံမောင်က မလှမ်းမကမ်းက ကျုပ်တဲဘက် လှမ်းခေါ်တော့သာပဲ။ ကျုပ်လည်း သိတယ်၊ သေတ္တာဝယ်သူလာပြီ၊ ကိစ္စတော့ ပေါ်နေပြီ၊ ကျုပ် ရွက်ပို့ရတော့မယ် ဆိုသာ…

သည်တော့ မနက် မိုးလင်းသာနဲ့ တဲရှေ့က တံခါးလုပ်ထားတဲ့ ဂုန်နီဖျင်စ အသာ မ တင်ပြီး ဆေးလိပ်တစ်တို မီးညှိရင်း ကိုစံမောင့်အိမ်ဘက် လှမ်းမျှော်ကြည့်နေလိုက်သာပဲ။

သေတ္တာဝယ်သူတွေကလည်း ဟိုအလုံး ချလိုက်၊ သည်အလုံး ကြည့်လိုက်နဲ့ မြေကြီးထဲ မြှုပ်ရမယ့် ပစ္စည်းတောင် အနာအဆာ ရွေးကြသေးသာ။ သေတ္တာတစ်လုံးတန်ဖိုးကလည်း သည်ခေတ် မသေးဘူး။ တကယ့်အနေကျုပ် အသေကျုပ်ကြီး။ တော်ရုံသေတ္တာတောင် ငါးရာကျော် ခြောက်ရာ တန်သယ်။ တချို့များ သဘော်ပုံ ခရစ်ယာန်သေတ္တာမှ ဝယ်သာ။

သူက နှစ်မျိုးရှိသယ်။ အဖြူနဲ့ အနက်။ အဖြူက အပျိုလူပျိုသေရင် သုံးသယ်၊ အနက်က အိမ်ထောင်ရှင် သေမှ သုံးသယ်။ ကြားဖူးသာပါ။ တချို့ ပိုက်ဆံရှိတဲ့လူများကျတော့လည်း သဘော်ပုံနဲ့မှ… လှလည်း လှသာကိုး… လက်ကိုင်တွေနဲ့၊ ပန်းဖွားကြီးတွေနဲ့၊ မှန်ရာနဲ့။ သည်မှာမို့လို့ပါ။ ကျုပ်တို့ အညာမှာများ ရိုးရိုးပါပဲ၊ သေသာကို ဟန်ချဲ့မနေပါဘူး။

MMCYBERMEDIA
COMMUNITY FOR ALL

ဘာပဲဖြစ်ဖြစ်လေ ဆေးလိပ်တစ်တိုနဲ့ ကိုစံမောင့်အိမ်ဘက် လှည့်မျှော်နေသာကိုက ကျုပ်အလုပ် မဟုတ်လား။ မျှော်ရသာပဲ။

လာလည်း လာသယ်၊ မနက် ခုနစ်နာရီ ရှစ်နာရီဆို ပေါက်လာသာပဲ။ ကိစ္စပေါ်ပြီ ဆိုရင် ပေါ်တဲ့နေ့ကတော့ သက်ပျောက်ဆွမ်း သွတ်ရတာ တို့၊ အိမ်အခင်းအကျင်း ပြင်ရရွှေ့ရတာ တို့ ဘာတို့နဲ့ မဝယ်ဖြစ်ကြဘူး။ ကျုပ်တို့လူမျိုး ထုံးစံကလည်း သုံးရက်၊ ငါးရက်၊ ခုနစ်ရက် ထားလေ့ရှိတော့ နောက်တစ်နေ့ ရောက်လာကြတော့သာပဲ။

ကာယကံရှင်ကတော့ လိုက်ခဲပါသယ်။ သည်ကိစ္စကျွမ်းကျင်သဲ့ လူ၊ ရပ်ကွက်ထဲ လုပ်ဖူးကိုင်ဖူးသဲ့ လူ လွှတ်လိုက်သာပဲ။ အဲသည်လူကလည်း ဝယ်ဖူးခြမ်းဖူးတော့ စကားသိပ် မပြောရပါဘူး၊ ဈေးနာပြောပြီးရင် ပြီးသွားသာပါပဲ။ သည်ကိစ္စ ဈေးမဆစ်ကောင်းဘူး ဆိုတော့ နည်းနည်းပါးပါး ညှိကြရုံပါပဲ။

ပြီးရင်တော့ ကိုစံမောင်က ဆေးလိပ်လေး တည်လို့၊ လက်ဖက်ရည်လေး တိုက်လို့... သောက်ပြီးကြရင် ကျုပ် လှမ်းခေါ်သာပဲ။

"မသောင်း... ကိုင်း... ကိစ္စပေါ်လာလို့ တဲ့။ ကိုးရပ်ကွက် ကားဂိတ်ဆုံးက ရထားလမ်းနားမှာ။ ရွက်ခ ပြောလိုက်ဦး"

"ရှစ်ဆယ် ပါ။ ဒါက ထုံးစံပဲဥစ္စာ"

တချို့ကလည်း ဒီလောက်လေး ပြောလိုက်သာနဲ့ ဟ... ရွက်ခက ရှစ်ဆယ်တောင်လား၊ မဟုတ်သေးပါဘူး ဆိုပြီး တုံးပေကပ်သတ် လုပ်ချင်ကြတာလည်း ရှိရဲ့။ တချို့ကလည်း လူမှ သေပြီ ဆိုမှတော့ မဆစ်တော့ပါဘူး၊ ရော့... အင့်... ပဲ။

ကျုပ်က ကိုစံမောင့် အားနာလို့ပါ၊ ပြောလိုက်ချင်သာ။ ဈေးများရင် တော်တို့ရွက်ကြည့်ပါလား လို့။ ဟုတ်သယ်လေ... ကားငှားကြည့်ပါလား လို့။ ကျုပ်သားတွေပြောသလို ဆိုရင် ပြာသွားမယ်...

တော်ရုံကားကလည်း မလိုက်ပါဘူး။ လိုက်ရင်လည်း ရာကျော်ပဲ။ သူတို့ကလည်း ဒါကြီးတင်ပြီးရင် ပရိတ်ရေ ပက်ရ၊ အမွှေးနံ့သာ ဖျန်းရ၊ ခေါင်းလျှော်ရည်နဲ့ တစ်ကားလုံး ဆေးရနဲ့ သိပ်သက်သာပုံ မရဘူး။

နီးရင်တော့ ဆိုက်ကားတွေက လိုက်ပို့ပါသယ်။ လူစီးဆိုက်ကားတွေကလည်း လိုက်ခဲသယ်။ ရေခဲဆိုက်ကား တို့၊ ပက်လက်ခုံဆိုက်ကားတို့မှ လိုက်သာပါ။ လိုက်ရင်လည်း လျှော့ယူဖို့ စိတ်တောင်မကူးဘူး။

ကျုပ်ရွက်ရသာကလည်း တကယ်တော့ သက်သာတယ် မထင်နဲ့။ တော်တို့ မရွက်ဖူးလို့ ရွက်ကြည့်စေချင်သယ်။

MMCYBERMEDIA
COMMUNITY FOR ALL

ထုံးစံအတိုင်းဆိုလို့ကတော့ သေတ္တာကို မှောက်ပြီး စ,ရွက်ကတည်းက လမ်းမှာချနားလို့ရတာ မဟုတ်ဘူး။ သေတ္တာအဖုံးကလည်း သေတ္တာပေါ် တင်ချင်တင်၊ မတင်ရင် ချိုင်းကြားညှပ်၊ လက်တစ်ဖက်က ပိုက်ပြီး ဖက်တောင့်တောင့်နဲ့ သွားရသာ တချို့အိမ်များ လေးငါးမိုင်လောက် ဝေးသယ်။ သွားရသာပဲ။

ရေဆာလို့ ချသောက်လို့လည်း မရဘူး။ ဒီဟာကြီးနဲ့ ဘယ်အိမ်က ရေတိုက်မှာလဲ။ ဖက်နာလို့လည်း ချနားလို့ မရဘူး။ နေပူလို့ သူများဈေးဆိုင်ရိပ် ခိုဖို့များ စိတ်တောင်မကူးနဲ့၊ ပါးရိုက်လိမ့်မယ်။ အယူကြီးတဲ့ ဒေသများ သေတ္တာဖုံးကို ဘယ်-ညာ ပြောင်းလို့တောင် မရချင်ဘူး။ သေတ္တာကြီးနဲ့နားရင် ရွာနာသယ် လို့ အယူရှိသာကိုး။

သွားရင်းက နောက်လည်းမလှည့်ရဘူး တဲ့။ သွားရင်းများ သူများကို တိုက်မိလို့လည်း မရဘူး။ သူများကလည်း ကိုယ့်ကို မတိုက်ရဲပါဘူး။ ကားတွေဆိုသာ ဘေးက ရှောင်မောင်းသယ်၊ ထိသွားမှာ စိုးလို့။ ကျက်သရေ မရှိလို့ ပေါ့လေ။

နောက်တစ်ခုက လိုက်ပို့ရမယ့် ရပ်ကွက်ရောက်လို့ သေတ္တာကြီး ထမ်းပြီး ဟိုအိမ်မေး သည်အိမ်မေး လို့လည်း ရသာမဟုတ်ဘူး။ ဒီတော့ ဝယ်စကတည်းက သေချာချိန်းထားရသယ်။ ကာယကံရှင်တစ်ယောက်က ထွက်ကြိုနှင့်ရသယ်။

ကာယကံရှင်က စောင့်ခေါ်သွားရင်တောင်မှ လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားက ခေါ်သွားလို့ မရဘူး။ လမ်းမက ဖြောင့်ဖြောင့် သွားရသာ။

ကာယကံရှင်အိမ် ရောက်ရင်လည်း 'လေးလိုက်တာ' လို့ မညည်းရဘူး ဆိုသာ ရှိသေးတယ်။ တချို့က အဲသလိုပြောရင် အားကြီး စိတ်ဆိုးသယ်။ ကျုပ်ကတော့ ရိုးရိုးပြောမိသာပါ၊ အဝေးကြီးက ရွက်လာရသာ ဖက်တွေဆိုသာ ပူထူနေသာမဟုတ်လား။

သေတ္တာထဲ ခေါင်းထည့်ရွက်သာ လေမတိုးဘာမတိုးနဲ့ ချွေးဆိုသာ ပြုတ်ထားတဲ့အတိုင်းပဲ။ သေတ္တာအဖုံးက တစ်ဖက် ဆိုတော့ စဉ်းစားသာကြည့်။ အဲသာကို လေးသယ် မပြောရဘူး တဲ့။

အကောင်းဆုံးက ဘာမှမပြောသာပါပဲ။ ကနားဖျင်းရိပ် ချပြီး ထိုင်နေလိုက်သာပဲ။ ရွက်ခပိုက်ဆံက ချေပြီးသားပါ။ ဒါပေမဲ့ လမ်းစရိတ်လေး၊ မုန့်ဖိုးလေး ပေးပါဦး ဆိုပြီး ပေထိုင်နေလိုက်ရင် ကာယကံရှင်က ထုတ်ပေးသာပဲ။

တချို့ကလည်း 'ပေးပြီးသားပဲဗျ' ဘာညာ နဲ့ မဆီမဆိုင် ဝင်ဟောက်ချင်သယ်။

ဘာပဲဖြစ်ဖြစ်လေ သည်လို မျက်နှာပြောင်ပြောင်နဲ့ တောင်းရသာပဲ။ ဘယ့်နှယ်လုပ်မလဲ၊ ရရင်လည်း အမြတ်၊ မရရင်လည်း ပြန်ရုံပေါ့။ မသကာ ဆေးလိပ်ခွက်ထဲက ဆေးလိပ် လေးငါးလိပ် နှိုက်ပြီး ထလာလိုက်ရင်လည်း တစ်ညစာတော့ ပြီးသွားသာပဲ။

* * *

MMCYBERMEDIA
COMMUNITY FOR ALL

-၃-

ကျုပ်ယောက်ျား နောက်ဆုံးကောင်အကြောင်း ကျုပ် မပြောရသေးဘူး။ နာမည်က မောင်ငယ် တဲ့။

တကယ်လည်း ကျုပ်မောင် အငယ်လောက် ရှိမှာပါ။ ကျုပ်ထက် တော်တော့်ကို ငယ်သယ်။ ဒါကြောင့်လည်း သေခြင်းဆိုးက ဆိုးချင်သာ ထင်ပါတယ်။

ယူစကတော့ သွားခေါခေါနဲ့ မျက်နှာ တင်းတိပ်တွေ ကွက်ချင်းထိုးပြီး ခါးတစ်ဖက် လိမ်၊ ခြေတစ်ဖက် ဆွဲနေသဲ့ ကျုပ်ကို သူ့ထက် အသက်ကြီးတဲ့ကြားက ယူထားသာကိုပဲ ကျေးဇူးတင်ရသေးသယ် အောက်မေ့သာ။ ဘယ်ဟုတ်မှာတုံး... မသာက အရက်သောက်ချင်သာရော၊ ဖဲကလေး ပွတ်ချင်သာရော၊ မိန်းမရှုပ် နှိုက်ချင်သာရော။

မနက်မိုးလင်းရင် အရက်နဲ့ အရင် မျက်နှာသစ်သာ။ အရက်နဲ့ ပလုတ်ကျင်းသာ။ မျက်ပေါက်တွေဆိုသာ ဘယ်တော့မှမပွင့်ဘူး။ အထက်မျက်ခမ်းနဲ့ အောက်မျက်ခမ်းများ တွဲချုပ်ထားသာကမှ ချုပ်ရိုးပေါ် နေနိုင်သေးသယ်။ ရေကတော့ သူလည်း မချိုးဘူး၊ ကျုပ်လည်း မချိုးဘူး။

သင်္ချိုင်းနဲ့ခပ်ဝေးဝေးက ရေဘုံပိုင်မှာ သောက်ရေတော့ ရသယ်၊ ရေချိုးခွင့် မပေးဘူး။ ချိုးရင် ရေကဲ့ချိုး ပဲ။ အံမာ... သူက ကျုပ်ကို ရိုက်သေးနက်သေးသာ။ ကျုပ်ကလေးတွေကိုလည်း နှိပ်စက်ချင်သေးသာ။ ဘာမှတ်လို့လဲ ဒင်းက... ဒင်းကိုယူတုန်းက ထမင်းတောင် နပ်မှန်သဲ့ကောင် မဟုတ်ဘူး။ မြေကျင်းအငှားတူးသဲ့ကောင်။ အရက်ပုလင်း ခါးထိုးပြီး နေပူကြီးထဲ ကျင်းအငှားတူးသဲ့ကောင်။ သင်္ချိုင်းထဲ နေ့တိုင်းတွေတော့လည်း နီးစပ်သွားသယ်ပြောပါတော့။ မရှိသေ့စကား မယူခင်က ဒင်းက ကျုပ်ကို အချောင်နှိုက်ချင်သာ။ ယူဖို့များ စိတ်ကူးခဲ့တာ မဟုတ်ဘူး။ ချဉ်ချဉ်တူးတူး သဘော ထားသာ။ ကျုပ်ကလည်း လင်နှစ်ယောက် ရခဲ့ဖူးသာပဲ၊ သိသာပေါ့။ ကျုပ်ကတော့ သံယောဇဉ်တွေဖြစ်လို့။

ကျုပ်တဲရိပ်ကလေး ခိုလိုက်၊ ကျုပ်သားလေး အရက် ဝယ်ခိုင်းလိုက်၊ ရတဲ့ပိုက်ဆံလေး ကျုပ်အပ်ထားလိုက်နဲ့ နေရင်းက ညားသာ။ ညားခါမှ ပိုဆိုးလာသယ် ပြောပါတော့။ ဘာမှကို မလုပ်တော့သာ။ မြေကျင်းတောင် မတူးတော့ဘူး။ ထိုင်စား ပဲ။ ကျုပ်သေတ္တာရွက်လို့ ရသာလေး ထိုင်စားရင်း အိမ်မှာ ဘုရင်လုပ်တော့သာ။ ကြာရင် ကြာပြန်ပြီ၊ ထမင်းဆာရင် ဆာပြန်ပြီ၊ ပိုက်ဆံမပေးရင် မပေးလို့၊ နည်းရင် နည်းလို့၊ မူးမူးနဲ့ နားအုံနားရင်း ထရိုက်ချင် ရိုက်သာ။

ကျုပ်ကတော့ ယူမိပြီကိုး၊ လင်သားကိုး။ ကျုပ်တို့မိန်းမတွေ တစ်သက်လုံး သည်လို အရိုက်အနက်ခံလာရသာပဲ၊ ဆန်း မှတ်လို့။ စိတ်တော့ နာသယ်၊ ဘုရားစူး... ညာမပြောဘူး။ အခုတော့ ကျုပ်က အသက်ကလေးကလည်း ရလာပြီ။ မောလည်း မောသယ်။ ဒင်းကတော့ နေ့မူး ညမူးပဲ။ မနက်လည်း နေမြင့်မှ ထသယ်။ သည်ကြားထဲ မနက် မနက် အမူးနာဖြေဖို့ တဲ့၊ အရက်တစ်ပိုင်းလောက်က ဝယ်ထားရသေးသာကလား။ စိတ်ပဲ ကုန်သယ်၊ တကယ်...

လင်ရယ်မယားရယ် လို့ တစ်အောင့်တစ်နား စကားပြောရသယ်၊ စိတ်ချမ်းသာရသယ် လို့ တစ်ခါမှ မရှိသာ။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

လင်ကံများ မကောင်းချက် ပြောသာပါ။ တစ်ခါတစ်ခါ သေသွားတဲ့အမေ့ကို သတိရသယ်။ သည်အလုပ်က ရှက်စရာလည်း မဟုတ်ပါဘူး၊ ကောင်းရောင်းကောင်းဝယ်ပဲ။ စာမတတ် ပေမတတ်နဲ့ သည်လောက်ပိုက်ဆံရသာ လုပ်ပျော်သဲ့ အလုပ်ပါ။

ဒါပေမဲ့ ဒါက ဒါပဲ၊ အမေများ သိရင် ရင်ကျိုးမှာပဲ။ အမေတို့က 'စားတော်ဦး ငါးလူးငယ် ပါပါစ' တောင် မကြားချင်ဘူး မဟုတ်လား။ ဘယ့်နှယ်လုပ်မတုံး၊ အညာကဆင်းလာကတည်းက ကိုယ့်ဘဝ ကိုယ့်အကြောင်း၊ ကိုယ့်အထုံ ကိုယ့်ရေစက် သံချိုင်းထဲနေရသာ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ လူပြုပြင်လို့ ရမှတ်လို့။

* * *

-၄-

အဲသည့်မနက်က ကိုစံမောင် သေတ္တာဆိုင်ရှေ့ လူသုံးလေးဦး တွေ့ကတည်းက ကျုပ် ရွက်ရတော့မယ်ဆိုတာ သိသားပဲ။ ရွက်လည်း ရွက်ရသာပါပဲ။ ခုနစ်ဆယ်နဲ့ တည့်သယ်။ သိပ်မဝေးဘဲ ခုနစ်ဆယ်ရသာ။

ဘာစိတ်ကူးပေါက်သယ် မသိဘူး၊ အိမ်ကမသာ အဲသည်မနက် အစောကြီး နိုးနေသယ်။ သူပါ လိုက်မယ် တဲ့။ လိုက် ပေါ့။ တစ်ခါမှတော့ မလိုက်ဖူးပါဘူး။ အဲသည်ညက အရက်လည်း ဝယ်မထားတော့ ကျုပ်နောက် လိုက်ရင်း အရက်ဝယ်သောက်ချင်သာလည်း ပါမှာပေါ့။

ထင်တဲ့အတိုင်းပဲ၊ သေတ္တာရွက်ဖို့တော့ သေတ္တာအဖုံးတောင် မကိုင်ချင်ဘူး၊ ရှက်လို့ တဲ့။ သေခြင်းဆိုးက မြေကျင်းတူးလာတဲ့ဘဝ မေ့သာ ပြောပါတယ်။ ဖောသွပ်ဖောရောင် မျက်နှာနဲ့ ခပ်လှမ်းလှမ်းက ခွာလိုက်ရင်း အရက်ဖိုးတစ်ဆယ် တောင်းတော့ ကျုပ်လည်း မောမောနဲ့ ပြောပစ်လိုက်သယ်။

"မောင်ငယ်ရယ်... နင့်ဟာက မလွန်ဘူးလား။ သက်သက်လိုက်လာပြီး ဒုက္ခပေးတာလား။ မိုးတောင် မလင်းသေးဘူး ကတဲ... ဒီအရေကို ဝမ်းကျချင်နေလိုက်သာ လွန်သယ်"

ဟုတ်ပ့ါတော်၊ စိတ်ထဲရှိသာ ပြောပစ်လိုက်ရမှ။ သင်းကတော့ မျက်ထောင့်နီကြီးနဲ့ ကျုပ်ကို ရန်လုပ်ချင်သေးတဲ့ပုံ။ နေပူထဲလုပ်ရလို့ ကျုပ်ခိုးစွဲနေတဲ့ အသားနဲ့ သွားခေါ်ခေါ်၊ ခါးစောင်းစောင်း၊ အသက်ကြီးကြီး မိန်းမကို သူ့မယားထင်မှာလည်း စိုးသယ်နဲ့ တူပါရဲ့။

ကျုပ်ကလည်း ခေါင်း ထည့် ရွက်ထားတဲ့ကြားကပဲ တစ်လမ်းလုံး မေတ္တာပို့သယ်။ သေတ္တာဖုံးကလည်း တစ်ဖက်က ချိုင်းကြားညှပ်ပြီး ပိုက်လာရတော့ ဒေါသတွေလည်း ထွက် ပေါ့လေ။ မသာက အကြင်နာ တစ်စက်မှမရှိသာများ ကမ်းကုန်ရော။

MMCYBERMEDIA
COMMUNITY FOR ALL

ပို့ရမယ့် အိမ်ရောက်လို့ ကနားဖျင်းအောက် ရောက်တော့ လူတွေဆိုသာ မနည်းဘူး။ ပိုက်ဆံကလည်း ဘာရှိသလဲ မပြောနဲ့၊ သေတ္တာမှာရေးထားတဲ့ နာမည်နဲ့ အသက်က ငယ်ငယ်ရယ်။ မီးတွေဆင်တဲ့လူက ဆင်လို့၊ အဖိုးတန်ခုံတွေချတဲ့လူက ချလို့၊ လုပ်တဲ့ကိုင်တဲ့လူက လုပ်လို့ကိုင်လို့။

တော်တော့်ကိုငိုထားတဲ့ မိန်းမငယ်ကလေးကလည်း ငိုတာတောင် လှနေသေးတာ မပြောနဲ့တော့။ အသားကလေးများဆိုတာ ဝင်းမွတ်လို့။ ဩော်... ငယ်ငယ်ရွယ်ရွယ်နဲ့ လင်ကံဆိုးရှာတဲ့ မိန်းကလေးနယ် လို့တောင် အောက်မေ့လိုက်သေးသယ်။

အတူတူပါပဲ၊ ကျုပ်နဲ့ဘာထူးလို့လဲ။ ကျုပ်လင်ကလည်း အသက်ရှင်နေသာပဲ ရှိသာပါ၊ သေသာနဲ့ ဘာမှမထူးပါဘူး။

"ရေလေးတစ်ပေါက်လောက် တိုက်ကြပါ"

မောလိုက်သာလည်း ဟပ်ထိုးလိုက်နေပြီ။

အဲသည်မိန်းကလေးကပဲ ရေယူပေးသယ်။ ပုလင်းထဲထည့်ထားသဲ့ ရေပါ။ ပုလင်းကရေသီးတွေ ကလည်း အေးလို့။

အေးလိုက်တဲ့ ရေ... အေးမြပြီး ချိုနေသယ်တောင် အောက်မေ့သယ်။ ဩော်... ပိုက်ဆံရှိတဲ့သူများ ရေတောင် အေးအောင်လုပ် သောက်ကြသာ ပြောပါသယ်။ လမ်းစရိတ် တောင်းတော့ လေးဆယ့်ငါးကျပ်တန် တစ်ရွက် ထုတ်ပေးသယ်။

အဲသည်နေ့ပဲ နောက်တစ်ခေါက် သေတ္တာပို့တော့ နေပြင်းလှပြီ။ ဒင်းက ဘာစိတ်ကူးရသယ် မသိဘူး၊ သည်တစ်ခေါက်လည်း လိုက်မယ် တဲ့။

သည်တစ်ခါပို့သဲ့ အိမ်ကတော့ ဆင်းရဲလိုက်တာ တာတေကို လံလို့။ ကနားဖျင်းလည်း မရှိဘူး၊ လူလည်း မရှိဘူး။ ကျုပ်ရွက်လာရတဲ့ သေတ္တာကြမ်းကို ကြည့်ကတည်းက အခြေအနေကို ကျုပ်က သိပြီးသားပါ။ ကာယကံရှင်ယောက်ျားကလည်း မူးနေလိုက်တာ လူမှန်းမသိဘူး။ ပါးစပ်ကလည်း အတင်ရေ... အတင်ရေ... လို့ ကျုံးကျုံးအော်နေတာက လွဲရင် ကူညီမယ့်လူလည်း မရှိဘူး။ အတင် ဆိုတာ သေသွားသဲ့ သူ့မိန်းမ နာမည်နဲ့ တူပါရဲ့။

လမ်းစရိတ်ဆိုတာလည်း ဝေးရော၊ ဘာဆေးလိပ်၊ ဘာကွမ်းစေ့မှလည်း မရှိပါဘူး။ ကျုပ်အဖို့ကတော့ မဆန်းပါဘူး။ မြင်နေကျပဲ၊ ဖြစ်နေကျပဲ။ မောင်ငယ်ကတော့ ဆန်းနေသလား မပြောတတ်ဘူး။ စကားလည်း မပြောဘူး၊ လမ်းမှာတော့ ပိုက်ဆံ ငါးကျပ် ငါးကျပ် နှစ်ခါ တောင်းပြီး အရက်တော့ ဝင်သောက်သယ်။ ဒါပဲ။ ချီသည်လည်း မပြောဘူး၊ ခါးသည်လည်း မပြောဘူး။

* * *

MMCYBERMEDIA
COMMUNITY FOR ALL

-၅-

ကြားသားမိုးကြိုး… ဘာတွေတွေးပြီး သည်စကားပြောမှန်းလည်း ကျုပ် မသိပါဘူး။ ကျုပ်နားလည်း ကျုပ် မယုံပါဘူး။ အဲသည်ညက ဒင်းပြောသာ ပြောပါသယ်။ မူးတော့ မူးနေသာပေ့ါလေ။ ဒါပေမဲ့ ညားကတည်းက တစ်ခါမှ အဲသလိုမပြောဖူးဘူး။ နေပါဦး… ပြောသာ… ဘာတဲ့…

“ကျုပ် စဉ်းစားမိတယ်။ ပိုက်ဆံရှိတဲ့လူလည်း သေတာပဲ၊ ဆင်းရဲတဲ့လူလည်း သေတာပဲ။ သေမှဝိုနေလည်း အလကားပဲ။ လင်နဲ့မယား အသက်ရှင်ရတုန်း ချစ်ကြဖို့ လိုတာပဲ… ” တဲ့။

မောင်ငယ်က ဒါလောက်ပဲ ပြောသာပါ။ ဒါပေမဲ့ ကျုပ် အဲသည်ညက တစ်ညလုံး အိပ်မပျော်ဘူး။ သိပ်တော့လည်း မယုံပါဘူး၊ ဒင်း သောက်ကောင်းအောင် ပြောသာပဲ လို့လည်း တွက်ပါသယ်။ အဲသည်ညက တန်းစီအိပ်နေသဲ့ ကျုပ်ကလေးတွေကို ကြည့်ရင်းက အရင်ယောက်ျားတွေကိုလည်း အောက်မေ့မိရဲ့။ ဘာပဲဖြစ်ဖြစ် ကျုပ်ချက်ကျွေးသာ စား၊ ကျုပ်တဲထဲမှာ နေ၊ ပြီးရင် အရက်မှန်မှန် ဝယ်ပေးနေသဲ့ ရက်တွေထဲမှာ မောင်ငယ် သည်စကားမျိုး တစ်ခါမှမပြောဖူးဘူး။ အောင်မယ်… ဟုတ်တော့လည်း ဟုတ်သား။ မနက်မိုးလင်းလို့ ကိုစံမောင်တို့အိမ်ရှေ့ သေတ္တာဝယ်သူတွေလာတော့ ကျုပ်က နိုးနေနင့်ပါပြီ။ မောင်ငယ်ကလည်း နိုးလို့ တော်ရေ့… ပြုံးပြုံးကြီး… သိလား။

အဲသည်နေ့က သေတ္တာရွက်တော့ နေပူပြင်းပြင်းထဲမှာ ကျုပ်က သေတ္တာရွက်လို့။ ကျုပ်ရှေ့က မောင်ငယ်။ သေတ္တာအဖုံးပျဉ် ချိုင်းကြားညှပ် လိုက်လို့။ ငိုက်စိုက် ငိုက်စိုက်နဲ့။ ဖောသွပ်ဖောရောင်နဲ့၊ ဖိနပ်လည်း မပါဘူး။ ကျုပ်ရင်ထဲမတော့ တလှပ်လှပ်နဲ့။ မောလို့ မဟုတ်ပါဘူး၊ ဘာရယ်လည်း မသိပါဘူး။

ဒင်းကို… အဲလေ… မောင်ငယ်ကို အရက်ဖိုးပေးရဦးမယ်လို့လည်း တွက်သယ်။ ခများ… မောနေရှာပြီထင်ပါရဲ့ ပေ့ါ။

MMCYBERMEDIA
COMMUNITY FOR ALL

# လမ်းကျဉ်းကလေး

-၁-

အစတုန်းကတော့ သည်နေရာကလေးမှာ လမ်းကျဉ်းကလေး မရှိခဲ့ဖူးပါ။

* * *

-၂-

အရင်က သည်နေရာလေးကို အာရ်ဒီးတီ ဂိတ်လို့ ခေါ်ခဲ့ကြဖူးသည်။ 'ရန်ကုန် လျှပ်စစ်ဓာတ်ရထား ကုမ္ပဏီ လီမိတက်' ဟု အဓိပ္ပာယ်ရလိမ့်မည် ထင်ပါသည်။ သို့သော် ဘယ်သူမှ အဲသလို ရှည်ရှည်ဝေးဝေး တခမ်းတနား မခေါ်ခဲ့ကြ။ အာရ်ဒီးတီ လို့ ပီပီသသ ခေါ်ချင်ခေါ်မည်၊ အားဒီးတီ လို့ ပေါ့ပေါ့ပါးပါး ခေါ်ချင်ခေါ်မည်။ သည်လိုနှင့် သည်နေရာကို အာရ်ဒီးတီ ဂိတ် ရယ်လို့ တွင်လာခဲ့သည်။

တကယ်ကတော့ အရင်က သည်နေရာမှာ ဓာတ်ရထား ရောက်ခဲ့သည် မဟုတ်။ အာရ်ဒီးတီ ကုမ္ပဏီပိုင် ဘတ်စ်ကားတွေ ပြေးဆွဲလို့ ခေါ်ကြတာပဲ ဖြစ်သည်။

သည့်နောက်တော့ ပုစွန်တံဆိပ် တို့၊ နဂါးတံဆိပ် တို့လို အကောင်ဗလောင်တွေကို ဂုဏ်ပြု ခေါ်ဝေါ်ခဲ့သည့် ဘတ်စ်ကားတွေ ပေါ်လာသည်။ အခုတော့ ဟီးနိုးကြီး၊ ဟီးနိုးလတ်၊ နှစ်စီးတွဲဟီးနိုး၊ ရေးနိုး(တချို့က တစ်ရေးနိုး လို့ ခေါ်သည်) စသည့် ခေတ်မီကားတွေ ပြေးဆွဲသည်။ ဒတ်ဆန်း၊ ဟိုင်းလတ် စသည့် သဘော်သားကားကလေးတွေလည်း ဆွဲသည်။ ဒါပေမဲ့ သည်ဂိတ်၊ သည်လမ်းဆုံက နာမည်တော့ ပြောင်းသွားခဲ့သည်။ အရင်က အာရ်ဒီးတီ ဂိတ်၊ အခု ဟီးနိုးဂိတ်။ အရင်က အင်္ဂလိပ်၊ အခု ဂျပန်။

* * *

-၃-

လမ်းဆုံ ဆိုမှတော့ အနည်းဆုံးက လမ်းနှစ်မြွာ ရှိရတော့မည်။ သည်လမ်းဆုံမှာက လမ်းလေးမြွာရှိသည်။

တစ်လမ်းက အနောက်ဘက်သို့ ခွဲထွက်သည်။ အင်းစိန်ဈေးကိုဖြတ်၍ အင်းစိန်ကမ်းနားကို သွားသည့်လမ်း ဖြစ်သည်။ လှိုင်မြစ် ကမ်းပါးမှာ လမ်းဆုံးသည်။ တစ်လမ်းကျတော့ အင်းစိန် ဘူတာရုံဘက်ကို ကွေ့ချိုးဝင်ရောက်သွားကာ တစ်နေရာမှာ ပြည်လမ်းမကြီးနှင့် သွားဆုံသည်။ မြောက်ဘက်စူးစူးကို ခွဲထွက်သွားသော လမ်းကတော့ ပြည်၊ မန္တလေး စသည့် မြန်မာပြည်တစ်နံတစ်လျားကို သွားရာလမ်း ဖြစ်သည်။ နောက်တစ်လမ်းကတော့ ရန်ကုန်ဘက်ကို။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

သည်လမ်းဆုံက နယ်ကလာသည့် ကားများအဖို့ ရန်ကုန်မြို့ဝင်ဖြစ်၍ အမြဲတမ်း စည်ကားနေတတ်သည်။ နောက်တစ်ခုက အင်းစိန်ဈေးဘက်သို့ ကွေ့ချိုးသော (ကမ်းနားမှ ဆုံးသော) လမ်း အဝင်မှာ မီးရထားလမ်းကူး ရှိနေခြင်းကြောင့် ဖြစ်သည်။ တစ်ခါတစ်ခါ ရထားက ဘယ်ဆီနေမှန်း မသိသေး၊ ရထားတံခါးက ကြာမြင့်စွာ ပိတ်ထားတတ်သည်။ ဒါကိုလည်း အပြစ်ဆို၍ မရ။ ကြီးမားသော ထိခိုက်မှုမျိုး မဖြစ်အောင် သည်လိုလုပ်ရတာ ဖြစ်မည်။

သို့သော် ရထားတံခါးပိတ်လိုက်တာနှင့် စက္ကန့်မလပ် တိုးဝှေ့မောင်းနှင်တတ်သော ကားတွေက အတောင့်လိုက် ပိတ်ဆို့နေတတ်ကာ ကားတွေ လူတွေ ယောက်ယက်ခတ်သွားတတ်သည်။ စိတ်မရှည်နိုင်သူတွေက ကားပေါ်မှ ဆင်းကာ ဈေးကို လမ်းလျှောက်ကြသည်။ ထိုရထားလမ်း ပိတ်ဆို့မှုကြောင့် ကျန်လမ်းသုံးသွယ်ကို အသုံးပြုရသည့် ကားတွေကပါ အထိုက်အသင့် ပိတ်ဆို့ကျပ်ညပ်ကာ ဟွန်းသံ တညံညံ၊ စက်သံ တဒီးဒီး၊ မီးခိုးတွေ တလုံးလုံး ဖြစ်လာရတော့သည်။

ပြီးတော့ အင်းစိန်မြောက်ပိုင်းမှာ စက်ရုံတွေ တော်တော်များများ ရှိသည်။ ကျောင်းတွေ ရှိသည်။ ရွာပေါင်းများစွာ ရှိသည်။ သည်လူတွေကလည်း သည်လမ်းဆုံကိုပဲ ဖြတ်ရသည်။ ဘူတာရုံနှင့် နီးသဖြင့်လည်း ရထားဆင်းသူတွေ ရှိသည်။ ဘူတာဈေး (ကုန်စိမ်းဈေး) နှင့် အင်းစိန်ဈေးကြီးက ဈေးပြန်တွေ ရှိသည်။

ဆိုလိုရင်းက သည်လမ်းဆုံမှာ လူတွေ အမြဲတမ်း ပျားတူအုံတုတ်ထိုး ဖြစ်နေတတ်တာပဲ ဖြစ်သည်။ ထို့ကြောင့်လည်း သည်နေရာကလေးမှာ ကက်ဆက်သီချင်းသံ တညံညံဖြင့် ဧည့်ကြိုတတ်သော ဈေးဆိုင်ကလေးတွေ လိုအပ်စွာ ပေါ်လာရခြင်း ဖြစ်သည်။

* * *

## -၄-

လူစည်ကားလာရခြင်းကို မှီ၍ နှစ် ခပ်ဝေးဝေးတုန်းက သည်နေရာမှာ ဈေးသစ်တစ်ခု ပေါ်လာခဲ့ရသည်။ 'ဟီးနိုးဂိတ် လေဟာပြင် ဈေးသစ်' (ဈေးထိပ်ကဆိုင်းဘုတ်အရ) ဟု ခေါ်သည်။ သည်ဈေးကိုလည်း အဲသည်လို တဖွဲ့တန္တဲ့ မခေါ်ကြပြန်။ 'ဟီးနိုးဂိတ်ဈေး' လို့ပဲ လွယ်လွယ်ခေါ်ကြသည်။

ဈေး ဆိုလို့ ဈေးအင်္ဂါရပ်နှင့် လျော်ညီစွာ ကုန်ပစ္စည်းမျိုးစုံ၊ အထည်အလိပ်၊ ရွှေငွေရတနာ၊ မီးဖိုချောင်သုံးပစ္စည်းများ ရနိုင်သည့် ဈေးမျိုးတော့ မဟုတ်။ အဓိကက စားကုန်တွေသာ များသည်။ လက်ဖက်ရည်ဆိုင် လေးငါးဆိုင်၊ စာအုပ်ဟောင်းဆိုင် နှစ်ဆိုင်၊ စာအုပ်သစ်ဆိုင် တစ်ဆိုင်၊ အိမ်ဆောက်ပစ္စည်းဆိုင်ကလေး တချို့၊ ပြီးတော့ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ မိတ္တူကူးဆိုင်၊ မျက်နှာစာတန်းမှာတော့ ကွမ်းယာဆိုင်၊ ဆေးမျိုးစုံဆိုင်၊ မုန့်မျိုးစုံဆိုင်တွေ ရှိသည်။

ရန်ကုန်ဘက်က ပြန်လာသူတွေရော၊ ရန်ကုန်ဘက်ကို သွားမည့်သူတွေပါ သည်ဈေးရုံထဲက ဆိုင်တစ်ဆိုင်မှာ ခေတ္တလောက်တော့ နားနေနိုင်သည်။ ဝါသနာပါသူတွေက တစ်ခွက်တစ်ဖလား ဝင်မော့နိုင်သည်။ စာအုပ်ဝါသနာပါသူတို့ကမူ စာအုပ်သစ်တွေကို တဝေးတမော ကြည့်နိုင်သည်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

စာအုပ်ဟောင်းဆိုင်တွေမှာ နစ်သက်ရာ ရှာဖွေနိုင်သည်။ စကားပြောဝါသနာပါသူတွေကလည်း သည်နေရာကလေးမှာ ဆုံကြ၊ ပြောကြ၊ ငြင်းကြခုံကြ၊ တိုးသဲ့ကြ၊ ကျယ်လောင်ကြ။

သည်ဈေးရုံ ကလေးမှာ စိတ်ညစ်စရာ သုံးခု ရှိသည်။

တစ်ခုက ကျယ်လောင်လွန်းသော ဂီတသံ ဖြစ်သည်။ တစ်ဆိုင်နှင့်တစ်ဆိုင် အပြိုင်အဆိုင် ဖွင့်ကြတုန်းက ပိုဆိုးသည်။ ဗီရိုသေးသေး တစ်လုံးစာလောက် ရှိတတ်သော Sound Box လေးငါးလုံး တစ်ပြိုင်နက် ဖွင့်တတ်ကြခြင်း ဖြစ်သည်။

နောက်တစ်ခု... ဈေးကို ပတ်ပတ်လည် ပိတ်ဆို့ကာရံထားသဖြင့် မွန်းကျပ်ပူလောင်နေတတ်ခြင်း ဖြစ်သည်။

အတန်ငယ် ညစ်ပတ်သော ရေအိမ် တစ်တွဲကလည်း မနီးမဝေးမှာ ရှိနေသေးသည်။

စိတ်နလုံး အပန်းဖြေဖို့ ဝင်လာသူတိုင်း သည်သုံးမျိုးကို ရရှိနေတတ်သည်။

ကျွန်တော်ကတော့ ဈေးရုံထဲက ကိုတင်ဝင်း၏ စာအုပ်ဟောင်းဆိုင်ကလေးကို ရောက်နေကျဖြစ်ရာ သည်အကြောင်းသုံးပါးနှင့် သဟဇာတ ဖြစ်နေရပြီ။

ကိုတင်ဝင်း ဆိုင်ကလေးနှင့် ကပ်လျက်က လက်ဖက်ရည်ဆိုင်ကလေးမှာ ထိုင်ရင်း၊ လမ်းသွားလမ်းလာတွေကို ငေးမောရင်း၊ တိုင်ကီတစ်ခွက်ကို လူသုံးယောက် မျှဝေ မျှသောက်ရင်း၊ အစီခံမပါသော ဒူးယားကို တစ်လိပ်ပြီးတစ်လိပ် ဖွာရင်း သည်နေရာကလေးမှာ မိုးကြီးချုပ်မျှ ထိုင်နေမိတတ်သည်။

တစ်ခါတစ်ခါတော့ လူဆုံမိတတ်သည်။ တစ်ခါတစ်ခါတော့လည်း လူမရှိ။ ကျွန်တော်နဲ့ ကိုတင်ဝင်း နစ်ယောက်တည်းပဲ ရှိသည်။

"ဒီနေ့ စာအုပ်ရောင်းရတယ်ဗျ။ လက်ဖက်ရည်သောက်ရအောင်..."

တစ်ခါတစ်ခါ ကိုတင်ဝင်းက အဲသည်လို စိတ်လိုလက်ရ ပြောတတ်သည်။ တစ်ခါတစ်ခါတော့လည်း...
"လက်ဖက်ရည်ဆိုင်သွားဖို့ အစီအစဉ် ရှိရဲ့လား"
ဟု မေးနေတတ်သည်။

"စာအုပ်ရောင်းရတာ အဆင်ပြေရဲ့လား"
"မရောင်းရဘူးဗျ။ အင်းလေ... လူတွေက စာအုပ်နောက်ကို မလိုက်နိုင်ကြတော့ဘူးနဲ့ တူပါရဲ့ဗျာ။ စာအုပ်ထက် ဦးစားပေးရတာတွေ ရှိသေးတယ်လေ။ တစ်ခါတစ်ခါ ရောင်းရနိုးနဲ့ ထည့်လာတဲ့ ထမင်းတောင် သိုးတယ်ဗျ။ မောင်ခိုင်မာကဗျာထဲကလိုပေါ့။ ဘာတဲ့... 'ထိလုမိလု၊ သတိပြုရင်း၊ ပစ်ကွင်းကိုချောင်း၊

ချက်ကောင်းကိုရွေး၊ လေးညှို့ပြင်ချိန်၊ နေလုံးမှိန်ပြီ၊ စားမြိန်တစ်ထုပ်၊ နံ့ပောင်ပုပ်ပြီ၊ တောအုပ်ဟောဝန်၊ ရေတံခွန်၌၊ တွံ... သင် မုဆိုး၊ မိုးကြိုးချုပ်ခဲ့ပြီကော’... ဆိုတာလေ”

တစ်ခါတစ်ခါတော့ အရွှန်းအပြက်လိုလို အလေးအနက်လိုလို သူ ပြောတတ်သည်။ စာအုပ်သည်ပီပီ စာတိုပေစ ပုံတိုပတ်စ အကိုးအထောက်တွေနှင့် သူ ပြောတတ်သည်။ ဘာပဲဖြစ်ဖြစ် သည်နေရာကလေးကို စိတ်ရတိုင်း လာထိုင်ဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီ။

* * *

-၅-

အခုတော့ သည်လမ်းဆုံကိုဖြတ်ကာ မီးရထားလမ်းကူး ခုံးကျော်တံတားသစ် တစ်စင်း တည်ဆောက်နေသည်။ မီးရထားလမ်းကူးကို ခွ၍ ခေတ်မီ လှပသော တံတားသစ်ကြီးတစ်စင်း တည်ဆောက်နေခြင်း ဖြစ်သည်။ ထို့ကြောင့် သည်လမ်းဆုံ၏ လမ်းမွှာတွေ အားလုံးကို တံတားတည်ဆောက်ရေးကာလအတွင်း ဖြတ်ပိတ်ထားသည်။

ဝါးကပ်တွေစီကာ လမ်းမကြီးတစ်လျှောက် ဖြတ်ပိတ်လိုက်သဖြင့် ထိုလမ်းဆုံကို ဖြတ်သန်းရသော ကားတွေက တခြားလမ်းခွဲတွေက သွားရသည်။

အင်းစိန်-ရန်ကုန် ပြေးဆွဲသော ၄၅၊ ၄၈၊ ၈၊ ၄၄၊ နှစ်စီးတွဲ၊ ဟီးနိုး၊ ဒတ်ဆန်း စသည့် ကားဂိတ်တွေလည်း သည်နေရာကဝေးရာကို ပြောင်းရွှေ့ကြရသည်။

ကားတွေက တခြားက လှည့်သွားလို့ ရသော်လည်း (သွားကြသော်လည်း) လူတွေက တစ်ကွေ့ တစ်ပတ်ကြီး သွားနေလို့ မဖြစ်၊ ရသလောက်နေရာကလေးက တိုးကာ ဝှေ့ကာ ဖြတ်သန်းတော့သည်။

ထိုအခါ
ဟီးနိုးဂိတ် မျက်နှာစာတန်းနှင့် ဝါးကပ်ထရံတွေ ကြားမှာ လမ်းကျဉ်းကလေးတစ်ကြောင်း ပေါ်လာရတော့သည်။

* * *

-၆-

အရင်က လမ်းမကြီးပေါ်က သွားချင်သလို သွား၊ ဖြတ်ချင်သလို ဖြတ်၊ လျှောက်ချင်သလို လျှောက်ခဲ့ကြသော လူတွေအားလုံး အခု ထိုလမ်းကျဉ်းကို မဖြစ်မနေ ဖြတ်ရတော့သည်။

လမ်းကျဉ်းကလေးအဝမှာ ဆိုက်ကားဂိတ်နှင့် လက်ဖက်ရည်ဆိုင်တန်းတွေ ရှိသည်။ မိုးတွေသဲသဲမဲမဲ ရွာလျှင် လမ်းကျဉ်းကလေးအဝမှာ ရေအိုင်နေတတ်သည်။ ထိုအခါ ဘောင်းဘီရှည်၊ အတက်ချီကော့စ် ကိုင်ထားသူ ဖြစ်စေ၊ ပုဆိုး-တိုက်ပုံနှင့်ဖြစ်စေ၊ ရောင်စုံ ခြေသည်းများဖြင့်

MMCYBERMEDIA
COMMUNITY FOR ALL

ဝင်းစက်လှပနေတတ်သော ခြေထောက်ပိုင်ရှင် မိန်းမလှလေးတွေပင်ဖြစ်စေ ထိုရေအိုင်ထဲကို နင်းချလိုက်ရမည်သာ ဖြစ်သည်။

ဆယ့်လေးငါးလှမ်း ဆက်သွားလျှင်တော့ ကန့်လန့်ခံနေသော အုတ်ခုံဟောင်း နှစ်ခုကို တွေ့မည်။ အစတုန်းကတော့ သည်အုတ်ခုံဟောင်းတွေကို ဘယ်သူမှ ဂရုတစိုက် မရှိခဲ့။ အခုတော့ လမ်းကျဉ်းကလေးထဲမှာ ထိုးထိုးထောင်ထောင် ရှိလာသဖြင့် သူတို့ကို ဂရုမစိုက်လို့ မရတော့။ ကျော်ချင်လည်း ကျော်သွား၊ မကျော်ချင်လည်း ဝါးကပ်ထရံနှင့် အုတ်ခုံကြားက လူတစ်ကိုယ်စာ နေရာကလေးက ပွတ်ကာသီကာ သွားချင်သွား။

လမ်းကျဉ်းကလေး၏ တစ်ဆစ်ချိုးကွေ့နားမှာ ကြီးမားသော သစ်ငုတ်တိုဟောင်းတစ်ခု ရှိသည်။ ကွေ့ချိုးလိုက်သည်နှင့် စတင်တွေ့ရသော ဈေးဆိုင်ကလေးတွေက ဓာတ်တိုင်နှစ်တိုင်စာလောက် ရှည်သော လမ်းကျဉ်းကလေး၏ အခြားဘက်အထိ စီကာစဉ်ကာ ရှိနေတော့သည်။

လမ်းက ကျဉ်းရသည့်အထဲ ဈေးဆိုင်တွေက တစ်ဖက်တစ်ချက်ဆိုတော့ လူသွားစရာနေရာ နည်းနည်းကလေးပဲ ကျန်သည်။ လမ်းက ပိုမိုကျဉ်းမြောင်းသွားသည်။

အဲသည်အထဲမှာမှ သွားသူတွေ ရှိသည်၊ ပြန်သူတွေ ရှိသည်၊ ရပ်ရင်း ဈေးဆစ်-ဈေးဝယ်သူတွေ ရှိသည်၊ ဧေးမောတွေဝေနေသူတွေ ရှိသည်၊ စဉ်းစားနေသူတွေ ရှိသည်။ နှစ်ပေါင်းများစွာကအကြောင်း၊ မနေ့တစ်နေ့ကအကြောင်း၊ မုန်းသူ့အကြောင်း၊ ချစ်သူ့အကြောင်း ပြောလက်စမဆုံးနိုင်သူတွေ ရှိသည်။

နည်းနည်းဆက်လျှောက်လျှင် စာအုပ်သစ်ဆိုင်ကလေးရှေ့ကို ရောက်မည်။ ရောင်စုံစာအုပ်တွေကို ဖျိုးခနဲဖျတ်ခနဲ ကြည့်နိုင်၊ ဝယ်နိုင်သည်။

ရှေ့မှာတော့ ဝက်သားတုတ်ထိုး ဆိုင်၊ လက်ဖက်-မြေပဲ ဆိုင်၊ စာကလေးခွေဆိုင်၊ ဝက်ဆီဖတ်ဆိုင်၊ ဓာတ်ငွေ့မီးခြစ်ဆိုင်၊ ပလတ်စတစ်လောင်းဆိုင်၊ ပုစွန်ခွက်ကြော်ဆိုင်၊ တိုဟူးဆိုင်၊ မုန့်ပေါက်စီဆိုင်၊ ပေါင်မုန့်ဆိုင်၊ အမွှေးတိုင်ဆိုင်၊ တရုတ်အရက်ဆိုင်၊ သံပရာသီး-မာလကာသီး ဆိုင် စသည် စသည်ဖြင့် ဆိုင်တန်းကလေးတွေ ရှိသည်။

စာအုပ်ဆိုင်က ကျော်လျှင်တော့ လမ်းက ပိုမိုကျဉ်းမြောင်း ဆိုးရွားလာသည်။ ထိုနေရာကလေးမှာ ရေစီးစရာမရှိတော့။ ရေတွေ ခြေမျက်စိမြုပ်လောက် အမြဲတမ်း ရှိနေတတ်သည်။ ထွက်ပေါက်မဲ့ ရေတွေက လူတွေ နင်းပါများတော့ နောက်ကျိပျစ်ချွဲနေသည်။

ပြီးတော့ ပိုပြီးဆိုးတာက ဝါးထရံတွေကို ထောက်ကန်ထားသော သင်ပေါင်းသားတိုင်တွေက လမ်းပေါ်ကထောက်ထားသဖြင့် လမ်းကျဉ်းကလေးကို ကန့်လန့်ခံထားသလို ဖြစ်နေတာပဲ ဖြစ်သည်။

နောက်ကျိပျစ်ချွဲနေသော ရေထဲမှာ လိပ်သဲကျောက် ခပ်ကြီးကြီးတွေ ရှိသည်။ စီကာရီကာ မဟုတ်၊ တောင်တစ်လုံး မြောက်တစ်လုံး။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

လူတစ်ယောက်စ နှစ်ယောက်စ သွားဖို့အတွက် သိပ်အကြောင်းမဟုတ်သော်လည်း လူတွေ ရာပေါင်းများစွာ ဖြတ်သန်းနေတော့လည်း သည်ကျောက်တုံးတွေကို စောင့်နင်းဖို့ မဖြစ်နိုင်။ သည်တော့ ရေထဲကို နင်းရတော့သည်။

အဆိုးဆုံးက ကိုယ်ရေပြားရောဂါသည်တချို့ လမ်းကျဉ်းကလေးထဲမှာ ရှိနေခြင်းပင် ဖြစ်သည်။ သူတို့ခြေထောက်တွေကလည်း သည်ရေထဲမှာ တစ်ချိန်လုံး နှစ်မြုပ်နေတတ်သည်။ ရေစပ်စပ် မြေမာမာပေါ်မှာ ပေါင်းနွှမ်းပိန်ချိုင့်နေသော ဒန်ခွက်ပေါင်းကလေးတွေ ချထားတတ်ကာ မိုးသည်းသည်းမှာရော၊ နေကျဲကျဲမှာပါ မထတမ်း တောင်းရမ်းနေတတ်သည်။

တစ်ခါတုန်းကတော့ ကျွန်တော့်ရှေ့မှာပင် မိန်းကလေးတစ်ယောက် လမ်းကျဉ်းထဲမှာ လဲကျသွားဖူးသည်။ သူမက လူးလူးလှုပ်လှုပ် ကျောက်တုံးတွေပေါ်ကို ကျွန်တော့်အလျင် ဦးအောင်လုပြီး နင်းသည်။ လုတက်လိုက်သော အရှိန်ကြောင့် ဒုတိယကျောက်တုံး တစ်တုံးပေါ်ကို နောက်ခြေတစ်ဖက်က ဟန်ချက်မဲ့စွာ နင်းမိသွားသည်။ ကျောက်တုံးက တစ်ဖက်ကို လိမ့်စောင်းသွားတော့ သူမပါ လဲကျသွားသည်။ ရွံ့ရေထဲကို ရုပ်ပျက်ဆင်းပျက် လဲကျသွားခြင်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် လမ်းကျဉ်းကလေးကို ဖြတ်သန်းရသူချင်း ခဏကလေး ဖြတ်ရတုန်းမှာ တစ်ဦးနှင့်တစ်ဦး နားလည်ဖို့ပဲ လိုသည်။ တစ်ဦးကိုတစ်ဦး ညှာဖို့ပဲ လိုသည်။ ဒါပေမဲ့ တချို့က နားမလည်ကြ။ စက်ဘီးတွေက ပိုဆိုးသည်။ လမ်းက ကျဉ်းရသည့်အထဲ စက်ဘီးတွေ တွန်းဝင်လာတာ ရှိသေးသည်။ တွန်းလာရင်းက လမ်းကျဉ်းကလေးထဲမှာပဲ ရပ် စကားပြောနေကြတာ ရှိသေးသည်။ နောက် အမှုးသမားတွေ... သူတို့ကိုလည်း ရှောင်ရတိမ်းရတတ်သည်။

တစ်ကိုယ်ကောင်းဆန်သော စျေးသည်တချို့ ရှိသည်။ ရာဘာဖိနပ်တွေ တစ်ဖက်နှင့်တစ်ဖက် တဖန်းဖန်းရိုက်ကာ ဖိနပ်ကောင်းကြောင်းကို လူတွေကြားမှာ မလွတ်မလပ် လုပ်ပြနေသူတွေ ရှိသည်။ လမ်းကျဉ်းကလေးထဲမှာပဲ ဆိုင်ကြီး ခုံကြီး ခင်းကာ ရောင်းတတ်သော စားမြိန်ဆိုင်တချို့ ရှိသေးသည်။ လိုချင်မှန်းမသိ မလိုချင်မှန်းမသိ တွန်းထိုးရောင်းတတ်သော စီးကရက်သည်တွေ ရှိသည်။

ညနေစောင်းမှာတော့ လမ်းကျဉ်းကလေးတစ်ခုလုံး ပြည့်သွားတတ်သည်။ ကျောင်းဆင်းချိန်မှာ အစိမ်းရောင် မြွေနဂါးတစ်ကောင်လို လမ်းကျဉ်းကလေးက တလွန့်လွန့် ရှိနေတတ်သည်။ အလုပ်သမားတွေ လွှတ်ချိန်မှာတော့ ပြာမှိုင်းရောင် ရေစီးချောင်းကလေးနှင့် တူနေတတ်ပြန်သည်။

ကိုယ့်ကိစ္စနှင့်ကိုယ် ဆိုတော့လည်း လမ်းကျယ်ကိုရောက်ဖို့ အလုအယက်ရှိရသည်သာ။

* * *

-၇-

မိုးသားတွေ တက်လာပြန်ပြီ။ စျေးရုံထဲမှာ မှောင်မည်းနေသည်။ မီးပျက်နေတော့ လိုတာထက်ပိုပြီး ညို့ရီမှိုင်းအုံ့နေသည်။ ကိုတင်ဝင်းဆိုင်ကလေးထဲက လှမ်းမြင်နေရသော လမ်းကျဉ်းကလေး၏

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

တစ်စိတ်တစ်ပိုင်းကို ကျွန်တော် ငေးနေမိလေသည်။ မီးပျက်နေသဖြင့် ကက်ဆက်သီချင်းသံတွေ မရှိ။ ကိုတင်ဝင်းက လက်ဖက်ရည်တစ်ခွက် မှာသည်။ စီးကရက်တစ်ပွဲ မှာသည်။

"ဘာငေးနေတာလဲ"

"ဘာရယ် မဟုတ်ပါဘူး"

"ဘာလဲ... ဝတ္ထုရေးချင်လို့လား။ ရေးရင် 'လှူခရီး' ဆိုပြီး ခေါင်းစဉ်တပ် ရေးစမ်းပါဗျာ။ ဒီလမ်းကျဉ်းကလေးက ဘဝကိုထင်ဟပ်တယ်ဗျ။ ဒါမှမဟုတ် ကျဉ်းမြောင်းခြင်းနဲ့ ကျယ်ပြော လွတ်လပ်ခြင်း ရသကို ပီအောင်ဖွဲ့ဗျာ"

ကျွန်တော်က ကိုတင်ဝင်း၏စကားတွေကို မကြားတစ်ချက် ကြားတစ်ချက်...

အိပ်တန်းပြန်ချိန်...

လမ်းကျဉ်းကလေးထဲမှာ တွန်းတွန်းထိုးထိုး သွားနေသော လူတွေက မိုးရိပ်ကြောင့် ပိုမိုမြန်ဆန် သွက်လက်နေသည်။ ထိုစဉ်မှာပင် မိုးတွေ ဝေါခနဲ သွန်ကျလာသည်။ ပိုမိုမည်းမှောင်သွားသည်။ အိုက်စပ် ပူလောင်နေရာမှ မိုးသက်လေကြောင့် အေးမြသလို ခံစားနေရသည်။ မိုးက သည်းသထက် သည်းလာသည်။

ကြည့်စမ်း... ထီးတွေ... ထီးတွေ...

လမ်းကျဉ်းကလေး တစ်ခုလုံး ထီးတွေနှင့် ပြည့်နှက်သွားသည်။ ပန်းချီပြပွဲတစ်ခုမှာ ပြသခဲ့ဖူးသော မိတ်ဆွေပန်းချီဆရာ၏ 'ထီးများ' ပန်းချီကားကို ဖျတ်ခနဲ သတိရမိပြန်သည်။

ထီးတွေက ရောင်စုံ။

အနက်တွေကတော့ များသည်။ ခရမ်း၊ အပြာ၊ အဝါ၊ အနီ၊ အစိမ်း၊ အညို၊ အကျားအကျား။ ဘေးနစ်ဖက်နစ်ချက်က စျေးဆိုင်တန်းတွေက အမိုးတွေထုတ်လိုက်တော့ ထီးတွေနှင့်မလွတ်ချင်။ ပြီးတော့ လူပေါင်းများစွာတို့၏ ထီး ရာပေါင်းများစွာတို့က လမ်းကျဉ်းကလေးထဲမှာ ထိစပ်နေသည်။

လွတ်လွတ်လပ်လပ်သွားလို့ မရတော့။ တိမ်းကာယိမ်းကာ ငုံ့ကာစောင်းကာ သွားနေကြရသည်။ ငယ်ငယ်က ရေစီးမြောင်းထဲကို ဗျောက်ပွင့်တွေ မျှောတာနှင့် တူနေသည်။

အထက်စီးက ကြည့်ခွင့်ရလျှင်တော့ ထီးတန်းကို တလှုပ်လှုပ် ရွေ့မျောနေတာ တွေ့ရမည် ထင်သည်။ ဝါးထရုံတွင်း တံတားအလုပ်သမားတွေဆီက ဟေးလား... ဟေးလား... ဗြာသံပေးသံတွေ မိုးရေထဲကို တိုးဖြတ်လာသည်။ မိုးထဲ ရေထဲမှာ လေးလံသော အရာဝတ္ထုတစ်ခုခု ရွှေ့မ နေကြဟန် တူသည်။ ခေတ်မီလှပသော တံတားသစ်တစ်စင်းကို ထုဆစ်နေသူများ...

အခုတော့ မိုးရေပြည့် လမ်းကျဉ်းကလေးထဲမှာ ထီးရောင်စုံတွေ တရွေ့ရွေ့... တိမ်းကာငုံ့ကာ တရွေ့ရွေ့... ဒါကိုပဲ ကျွန်တော် ငေးနေမိခြင်း ဖြစ်လေသည်။

(ရှပ်ရှင်အမြုတေမဂ္ဂဇင်း)

http://www.mmcybermedia.com

# မြေခွေး

-၁-

ကိုကျောက်စီ ဆိုတဲ့လူကို တစ်နယ်လုံးကသိကြတာတော့ မဟုတ်ဘူး။ သူနေတဲ့တဲကလေးနဲ့ တော်တော်လေးလှမ်းတဲ့ တန်းလျား လေးငါးလုံးကလူတွေ (မသကာ ရှိလှရင် လူခြောက်ဆယ်လောက်) ကပဲ သိတာပါ။

ကျောက်စီ ဆိုတဲ့နာမည်ကိုလည်း တချို့က ကျောက်စိ တဲ့၊ တချို့က ကျောက်စီ တဲ့။ ကိုကျောက်စီကလည်း ထူးလိုက်တာပါပဲ။ သူ့ဟာသူတောင် ကျောက်စိ လား၊ ကျောက်စီ လား၊ ကျောက်စည် လား သိတာမဟုတ်ဘူး။

သူ့ပုံက ကျောက်ပွင့်ကလေးတွေစီထားတဲ့ ကျောက်စီတော့ မဖြစ်နိုင်ဘူး။ ဘုန်းကြီးကျောင်းတွေက အင်ကြင်းပင်ကြီးတွေ သိပ်ကြီးသွားလို့ ကျောက်ဖြစ်သွားတဲ့အခါ လုပ်လေ့ရှိတဲ့ ကျောက်စည်းထိုးတဲ့ ကျောက်တုံးကြီးတစ်တုံးနဲ့ တူလို့ ဖြစ်ချင်းဖြစ်ရင် ကျောက်စည် ဆိုတဲ့နာမည်နဲ့က ပိုလိုက်တယ်။

ထားပါတော့၊ ကျောက်စီပဲ။ လူက မည်းလိုက်တာ သပိတ်ကိုသာ ကြည့်တော့။ ခေါင်းတုံးကလည်း အမြဲရိတ်တော့ ဦးပြည်းဟာ ဘယ်တော့မဆို ပြောင်နေလေ့ရှိတယ်။ ရုပ်ကလည်း ဇာတ်ထဲက ဘီလူးခေါင်းစွပ်ကို တွေ့ဖူးတယ် မဟုတ်လား၊ အဲဒီရုပ်မျိုး။ မျက်ခုံးနဲ့ မျက်လုံးတွေက အပေါ်ကို ထောင်တက်နေတော့ အမြဲတမ်း ရန်လိုနေတဲ့ မျက်နှာပေးက ထင်းခနဲ ပေါ်နေတတ်တယ်။

ရင်ဘတ်မှာက မင်ကြောင်ထိုး နဂါးတစ်ကောင် ရှိတယ်။ မည်းနေတဲ့ အသားပေါ်က စိမ်းဖန့်ဖန့်ဆေးမင်ရယ်၊ နဂါးအကြေးနဲ့ ဟသံပြဒါးအနီရယ်ဟာ ရုတ်တရက်ကြည့်ရင် မပေါ်ချင်ဘူး။ ဒါပေမဲ့ နဂါးခေါင်းကတော့ သေသေချာချာကြည့်ရင် သိပ်အနစိတ်တဲ့ခေါင်းမျိုး ဗမာနဂါးလည်း မဟုတ်ဘူး။ အကွေးအတွန့်တွေနဲ့ အမွေးအမှင်တွေများတဲ့ စိန့်တိုင်းက နဂါးရုပ်မျိုး။

အကြေးခွံတွေ အထပ်ထပ်နဲ့ နဂါးကိုယ်လုံးဟာ သူ့ ရင်ဘတ်ကတစ်ဆင့် ညာဘက် လက်မောင်းကနေ ဆင်းသွားလိုက်တာ ညာဘက်လက်ခုံပေါ်မှာ ဆုံးတယ်။ ရင်ဘတ်ကနဂါးခေါင်းက အောက်ဘက်ကို ပါးစပ်ဖြဲ လှည့်ထားတော့ ဝမ်းဗိုက်တစ်ခုလုံးနီးပါးဟာ နဂါးခေါင်းနဲ့ ပြည့်နေလေရဲ့။

"ကျောက်စီတို့ကတော့ 'နတ်၊ ပြာ၊ တွဲ - တောင်' တို့၊ 'တော်၊ ကျွတ်၊ မုန်း - ရှေ့' တို့ မဟုတ်ဘူးဗျ။ အမြဲတမ်း နဂါးခေါင်း အောက်ကိုလှည့်တယ်"

လို့ မူးလာရင် အမြဲပြောတတ်တယ်။ အမြဲပြောနိုင်ဖို့ကလည်း အမြဲမူးနေဖို့ လိုတယ် လို့လည်း တွက်ထားဟန်တူပါရဲ့။ အရက်နဲ့ မျက်နှာသစ်၊ အရက်နဲ့ ပလုတ်ကျင်း၊ အရက်နဲ့ပဲ ထမင်းစား၊ အရက်နဲ့ပဲ ခြေဆေးတယ် ဆိုတဲ့လူ။

MMCYBERMEDIA
COMMUNITY FOR ALL

လောလောဆယ်တော့ သူဟာ လူသူနဲ့ဝေးဝေး တောအုပ်ညို့ညို့ကြီးထဲက တဲကလေးတစ်လုံးမှာ နေတယ်။ သူ့ပတ်ဝန်းကျင်မှာ အင်မတန် နက်ရှိုင်းတဲ့ ကျင်းကြီး၊ ချိုင့်ကြီးတွေ ရှိတယ်။ အတော်အတန် ကြီးတဲ့ သစ်ပင်ကြီးတွေ ရှိတယ်။ တောင်ကုန်းမြင့်မြင့်ကြီးတွေ ရှိတယ်။ ပြီးတော့ သူ တာဝန်ယူစောင့်ရတဲ့ မြေကော်တဲ့ယန္တရားကြီးတစ်လုံးလည်း ရှိတယ်။

ဒီယန္တရားကြီးဟာ အဲသည်ပတ်ဝန်းကျင်က တောတွေ၊ တောင်ကုန်းတွေကို ဖြိုတဲ့ ယန္တရားကြီးပဲ။ ကျင်းတွေ၊ ချိုင့်တွေဟာ အဲသည် ယန္တရားကြီးရဲ့ လက်ချက်ပဲ။ အမြဲတမ်းတော့ မဟုတ်ဘူး၊ လိုအပ်တဲ့အခါ ယန္တရားမောင်းတဲ့လူ ရောက်လာပြီး ကော်တော့တာပဲ၊ ဖြိုတော့တာပဲ၊ တူးတော့တာပဲ။ မလိုအပ်တဲ့အခါ သုံးလေးလ မလာပြန်ဘူး။

ဘာပဲဖြစ်ဖြစ် ကိုကျောက်စီက ပစ္စည်းတွေမပျောက်ပျက်အောင် စောင့်ရတယ်။ စက်ကြီးက တောထဲမှာ နှစ်ပေါက်အောင်ရှိနေတတ်တော့ သူကလည်း နှစ်ပေါက် နေနေရတော့တယ်။ သည်တောထဲမှာကိုပဲ သူနေရတာ ရှစ်နှစ် ပြည့်တော့မယ်။ သောက်ရေအိုးအညှိတက် တစ်လုံး၊ သင်ဖြူးပောင်း တစ်ချပ်နဲ့ မီးဖိုချောင်ပစ္စည်းလေး အနည်းအကျဉ်းက လွဲရင် တဲထဲမှာလည်း ဘာမှမရှိဘူး။

ယန္တရားကြီးအလုပ်ရှိတဲ့အခါ သူ အူစိုတယ်၊ ဆီလေးဘာလေးလည်း ရတယ်၊ ပိုက်ဆံလေးဘာလေးလည်း ရတယ်။ ကျန်တဲ့အချိန်ကတော့ ကလေးတွေပြောသလို လက်ချည်းပဲ။ ရတဲ့လခကလေးနဲ့ စားရတာပဲ။ တစ်လ တစ်လ ရတဲ့လခကလေးဟာ မနီးမဝေးတန်းလျားက အိမ်ဆိုင်ကလေးကို အရက်ဖိုးဆပ်တာနဲ့ ကုန်တာပါပဲ။ လဆန်းရင် ပြန်စ၊ လကုန်ရင် အတိုးဆပ်... သည်လိုနဲ့ လည်ပတ်နေတာပါပဲ။

အိမ်ဆိုင်ကလေးကလည်း အရက်ကောင်းကောင်း ရောင်းတာ မဟုတ်ဘူး၊ တာဖံလို့ ခေါ်တဲ့ ကောက်ညှင်းအရက် ခေါ်မလား၊ ထန်းလျက်အရက် ခေါ်မလား၊ အဲဒါပဲ ရတာ။ ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ ညနေစောင်းရင် သူ့တဲကလေးကနေ နာရီဝက်မရှိတရှိလောက် လျှောက်လာ၊ တန်းလျားခန်းတွေထဲကို ဝင်၊ တစ်ခွက်တစ်ဖလား သောက်၊ ပြီးရင် ပြန်... ဒါဟာ နေ့စဉ် သူလုပ်နေကျပဲ။

အရင်တုန်းကတော့ (သည်ယန္တရားကြီးကို လုံခြုံရေး မစောင့်ရခင်တုန်းကတော့) ဘဝ တော်တော်များများမှာ ကျင်လည်ခဲ့တာ ထားပါတော့၊ အခု ဒီဘက်ရှစ်နှစ်လောက်ကတော့ သူ့မှာ မနက်-ည သည်တန်းလျားလေးကို လာပြီး အရက်သောက်၊ ပြီးရင် ပြန်ပဲ။ တောထဲက တဲကလေးထဲမှာ ညဘက် ဒီဇယ်ဆီ မီးခွက်ကလေးနဲ့ မှိတ်တုတ်မှိတ်တုတ် နေတော့တာပါပဲ။

ခက်တာက ယန္တရားကြီးမလည်ရတာ ကြာပြန်ပြီ။ ယန္တရားမောင်းတဲ့လူကလည်း ယန္တရားမလည်တော့ မလာတော့ဘူး။ သည်တော့ သူ့မှာ တခြားဝင်ငွေလည်း မရှိဘူး။

အစားမှန်မှန် မစားတာရော၊ အရက်တွေ ထောင်းထအောင် သောက်တာရောကြောင့် သူလည်း တစ်စတစ်စ ပိန်ချုံးသထက် ပိန်ချုံးလာတယ်။

http://www.mmcybermedia.com

သူ ပိန်ချုံးလာတော့ သူ့ရင်ဘတ်က နဂါးကြီးကလည်း ပိန်ချုံးလာတော့တာပဲ။ လက်တွေ ခြေတွေလည်း တုန်လာတယ်။ မကြာမကြာလည်း အအေးမိတယ်။ အဆုတ်ကလည်း ပွချင်တယ်။ ခြင်တွေ၊ ဖြုတ်တွေကလည်း သီးနေအောင်ကိုက်ထားတော့ အရေပြားတွေမှာလည်း အနာ့ပဆုပ်တွေ၊ ပွေးတွေ၊ ဝဲစိုတွေ၊ ညှင်းကြီးကွက်တွေနဲ့ အပြည့်ပဲ။

ရေ ဆိုတာကလည်း တူးထားတဲ့ချိုင့်တွေထဲက တင်နေတဲ့မိုးရေကို ချိုးရင် ချိုး၊ သောက်ရင် သောက်၊ ဒါပဲ။ ဘယ်ကမှ ရေသန့်သန့် မရနိုင်ဘူး။

အဲသလိုနဲ့...

အဝါရင့်ရောင် ယန္တရားကြီးရယ်၊ တဲကလေးတစ်လုံးရယ်၊ သူရယ်၊ သူ့ရင်ဘတ်က နဂါးတစ်ကောင်ရယ်၊ ကျင်းတွေချိုင့်တွေရယ်၊ သစ်တောညို့ညို့ရယ်၊ ဖျာတစ်ချပ် ရေအိုးတစ်လုံးရယ်၊ တာဖ်ထည့်တဲ့ ပုလင်းလွတ် လေးငါးလုံးရယ်က လွဲရင် သူ့မှာ တွယ်တာစရာ ဘာသံယောဇဉ်မှ မရှိဘဲ နေလာတာကိုက ပြောခဲ့ပါပြီကော၊ ရှစ်နှစ်လောက်ရှိပြီ လို့။

* * *

-၂-

ရေတမာရွက် ကြမ်းကြမ်းတွေ ကြားက နှင်းဆီပွင့်တွေဟာ ရောင်စုံပဲ။ လှလိုက်တာလည်း မပြောနဲ့တော့။

အဝါလည်း ပါတယ်၊ ပန်းသွေးနုနုတွေလည်း ပါရဲ့၊ ကြက်သွေးရောင် စိုစိုဖတ်ဖတ်ကြီးတွေ ဆိုတာကလည်း မနည်းဘူး၊ နှင်းဆီရနံ့တွေကလည်း သူ့တဲကလေးထဲမှာ ကြိုင်လို့လှိုင်လို့။

လှချင်တိုင်းလှနေတဲ့ နှင်းဆီပွင့်တွေကို ကိုကျော်စီ ငေးတောင်နေမိတယ်။ အပွင့်ရောင်စုံတွေကိုလည်း သူ့လက် ကြမ်းကြမ်းကြီးတွေနဲ့ တယုတယ ပွတ်သပ်ကြည့်မိသေးတယ်။

ကိုကျော်စီက သူ့ရဲ့ ကတုန်ကယင် လက်တွေနဲ့ နှင်းဆီပွင့်ကလေးတွေကို အသာအယာ ဆွဲနုတ်တယ်။ အဝါတွေကို သတ်သတ် ဖယ်တယ်၊ ပန်းရောင်အဖူးကလေးတွေကို သီးသန့်ထားတယ်။ ကြက်သွေးရောင် နီညိုညိုအပွင့်ကြီးတွေကိုတော့ များလွန်းလို့ နီးစမျှင်မျှင်ကလေးတွေနဲ့ အရင် စည်းတယ်။ ငါးပွင့် တစ်စည်း၊ လေးပွင့် တစ်စည်း စည်းတယ်။ ဖြစ်သင့်တာက ဆန်ကောလို၊ လင်ပန်းလို အချပ်ကြီးထဲမှာ စီပြီးထည့်ထားရမှာ။ သူ့မှာ ဆန်ကောမရှိဘူး။ သည်တော့ တောင့်ကပ်ပျောရွက်ကြီးတွေနဲ့ တစ်ရောင်စီ ခွဲထုတ်တယ်။

ရေညှိတက်နေတဲ့ သောက်ရေအိုးက ရေ တစ်ခွက် ခပ်တယ်။ တစ်ဝက်ကို သောက်တယ်။ တစ်ဝက်ကို ပန်းတွေအပေါ် ဖျန်းတယ်။ တဲအပြင်ထွက်ပြီး အလင်းရောင်ကိုကြည့်တယ်။ အချိန် ရှိသေးတယ်၊ ရှိလှမှ သုံးနာရီခွဲပဲ။

MMCYBERMEDIA
COMMUNITY FOR ALL

သူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်တယ်။ တာဖ့်နည်းနည်း သောက်လိုက်တယ်။ ပြီးတော့ တန်းလျားဘက်ကို နှင်းဆီဖက်တွေပိုက်ပြီး ထွက်လာခဲ့တယ်။

တစ်သက်နဲ့တစ်ကိုယ် ကိုကျော်စီ ပန်းရောင်းတာ မတွေ့ဖူးကြတဲ့ တန်းလျားထဲကလူတွေ ကိုကျောက်စီ ပန်းလာရောင်းတယ် ဆိုတော့ အထူးအဆန်းကိုဖြစ်လို့။ ဘယ်လိုဖြစ်တာလဲ၊ ဘာသဘောလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပန်းရောင်းဖြစ်သွားတာလဲ… အဲသလို တွေးကြတယ်။

“ကိုင်း… ပန်းတွေဗျို့… ခြံပန်း လတ်လတ်ဆတ်ဆတ်တွေ၊ နှင်းဆီတွေ…”

တချို့ကလည်း ရယ်ကြတယ်၊ တချို့ကလည်း သနားကြတယ်၊ တချို့ကလည်း ဒီကောင် လုပ်လာပြန်ပြီ လို့ တွက်ကြပြန်တူပါရဲ့ ခပ်တည်တည်ပဲ။

မည်းချိပ်နေတဲ့အသား၊ အင်္ကျီမပါ၊ ဖိနပ်မပါ၊ ပုဆိုးတိုတို (အဲဒီပုဆိုးကလည်း နှစ်ပေါက်ပုဆိုးပဲ)နဲ့ နှင်းဆီပန်းရောင်စုံနဲ့က ဘယ်လိုမှကို ဆက်စပ်ကြည့်လို့ မရဘူး မဟုတ်လား။

တန်းလျား ဟိုဘက်ထိပ်က ဒီဘက်ထိပ်ကို တစ်ခေါက်ပဲ လျှောက်ရတယ်၊ နှင်းဆီပန်းတွေ လုယူလိုက်သလို ကုန်သွားတယ်။

အဲသည် ဝယ်ကြတဲ့မိန်းမတွေထဲမှာ သူလာသောက်နေကျ တာဖ့်ရောင်းတဲ့ဆိုင်က မိန်းမကိုတော့ သူ မရောင်းဘူး။ အဲဒီမိန်းမက နှင်းဆီအဝါတစ်စည်းကို လာကိုင်တယ်။ သူက အတင်းပြန်ယူလိုက်တယ်။ ဘာမှတော့ မပြောဘူး။

အဲသည်မိန်းမက “ရှင့်အရက်ကြွေးနဲ့ မနိမ်ပါဘူး၊ ပိုက်ဆံပေးမှာပါ” လို့ ပြောတဲ့ကြားကကို သူ မရောင်းတာ။ “ခင်ဗျားကို သတ်သတ် အလကားပေးပို့မယ်၊ နောက်မှယူပါဗျာ” လို့ပဲ ပြောတယ်။

အဲသည်မိန်းမလည်း စိတ်ဆိုးသွားတယ်နဲ့ တူပါတယ်၊ “သောက်ကြီးသောက်ကျယ်” လို့ တစ်ခွန်းပဲ ပြောပြီး ပြန်သွားတယ်။ ဒါပါပဲ၊ ကျန်တဲ့မိန်းမတွေအားလုံးကို ရောင်းလိုက်တာပါပဲ။ ဈေးထဲမှာ တစ်စည်းကို ခုနစ်ကျပ် ရှစ်ကျပ် ပေးရမယ့် အစည်းတွေကို လေးကျပ် ငါးကျပ်နဲ့ ရောင်းတော့ နှင်းဆီပန်းတွေအားလုံးဟာ ခဏကလေးနဲ့ ကုန်သွားတယ်။

ကိုကျောက်စီရဲ့ စိတ်တွေဟာလည်း ပေါ့ပါးလွတ်လပ်သွားတယ်။ အဘွားကြီးတစ်ယောက်ကတော့ လူကြီးမဟုတ်လား၊ ကိုကျောက်စီ ပန်းရောင်းတယ်ဆိုတော့ ဝမ်းသာလို့ အားပေးတဲ့အနေနဲ့ တစ်စည်းဝယ်တယ်။

“ငါ့တူ ကျောက်စီလည်း မရောင်းစဖူး ပန်းတွေဘာတွေရောင်းလို့ပါလား။ သာဓုတော်… သာဓု… ကိုယ်တော်လေးဆက်ရမယ်… မှန်း… တစ်စည်းကို ဘယ်လိုရောင်းတုံး”
လို့လည်း ပြောတယ်။ မရောင်းစဖူး ဆိုတာ အဓိပ္ပာယ်ရှိတယ်။ ကောင်းရောင်းကောင်းဝယ် လုပ်စားနေပါရောလား လို့ ပြောလိုက်တာလည်း ဖြစ်တယ်။

သူတို့သိထားတဲ့ကျောက်စီဟာ ဘယ်တုန်းကမှ ကောင်းရောင်း ကောင်းဝယ် ရှိခဲ့တာမှ မဟုတ်တာကိုး။

မနက်မိုးလင်းအောင် သောက်ပြီး သောက်ပြီးရင် စရိုက်ကြမ်းကြမ်းနဲ့ ရိုက်ဖို့နှက်ဖို့လောက် စဉ်းစားနေတဲ့လူ၊ ခိုးဖို့ဝှက်ဖို့ ကြည့်နေတဲ့လူ မဟုတ်လား။ သူ့တဲနဲ့မနီးမဝေး တောထဲမှာ ကိုးကျင်းကိုးကြောင်း လျှောက်သွားနေတဲ့ နွားတစ်ကောင်ရဲ့ တင်ပါးသားတွေချည်းပဲ ရဲတင်းနဲ့ခုတ်ယူရင် ယူလိုက်တဲ့လူ မဟုတ်လား။ တင်ပါးဆုံသား အိအိကြီးတွေ ပါမလာတဲ့ နွားတွေဟာ နည်းတာမှ မဟုတ်တာ။ ပိုင်ရှင်တွေက ကိုကျောက်စီ လက်ချက်မှန်းလည်း သိပါတယ်၊ ခက်တာက ကိုယ်တိုင်မမြင်ဘူးလေ၊ ပြောလည်း မပြောရဲဘူးလေ။

နောက် လုပ်နေကျ ရှိသေးတယ်။ ဟိုဘက်ထိပ် ဒီဘက်ထိပ် ဝုတ်ရိုက်၊ လေးခွသားရေ တင်းတင်းဆွဲချည်၊ ပြီးရင် ထစ်ကလေးတစ်ခု ခံပြီး ကြိုးနဲ့ ခပ်ဝေးဝေးကိုဆွဲထား၊ သားရေကြိုးပတ်လည်မှာ ဆန်စေ့တွေ ကြဲထား၊ စာကလေးတွေက အုပ်လိုက်ဝင်စားပြီ ဆိုတော့မှ ကြိုးနဲ့ခလုတ်ကို ဖြုတ်လိုက်ရင် စာကလေးဆယ်ကောင်လောက်ဟာ တုံးလုံးပက်လက် ကျန်ရစ်ခဲ့ရော။ ဒါဟာ ကိုကျောက်စီအတွက် အမြည်းပဲ။ အဲသည်ညနေဟာ တာဖံနဲ့ စာကလေးကင် ညနေပဲ။

သည့်အရင်ကလည်း ပန်းရန်နောက်လိုက် ဆိုပြီး တစ်ရက် နှစ်ရက် ပန်းရန်လိုက်လုပ်ဖူးတယ်။ နောက်တစ်နေ့ မလိုက်ရတော့ဘူး။ ပန်းရန်ဆရာခေါင်းဆောင်ရဲ့ ညို့သကျည်းကို ခုတ်တူနဲ့ ခုတ်ပစ်ခဲ့လို့ တဲ့။

ကိုကျောက်စီအတွက် တစ်ခုကောင်းတာက သူ့မိခင်ဌာနက သူရှိနေတဲ့တဲကလေးနဲ့ တော်တော်ကြီး ဝေးတဲ့နေရာမှာ ရှိနေတာပဲ။ သည်ယန္တရားကြီးနဲ့ ကိုကျောက်စီ ရှိတဲ့နေရာကို တော်ရုံတန်ရုံ တာဝန်ရှိတဲ့လူကလည်း ရောက်လာလေ့ မရှိဘူး။ ယန္တရားကြီးကပစ္စည်း မပျောက်သရွေ့ ကိုကျောက်စီဟာ ယန္တရားနဲ့အတူရှိသလား မရှိဘူးလား၊ ဂရုတစိုက် စောင့်ကြည့်သလား မစောင့်ကြပ်ဘူးလားလည်း သိပ်စစ်ဆေးလေ့ မရှိဘူး။

သည်တော့ သူ စိတ်ကူးတည့်ရာ လုပ်လေ့ရှိတယ်။ ယန္တရားကြီးကို ပစ်ထားလေ့ရှိတယ်။ ယန္တရားကြီးကို ပစ်ထားပြီး သွားချင်ရာသွားနေတာပဲ။ လုပ်ချင်တဲ့အလုပ် ထွက်လုပ်နေတာပဲ။ လုပ်တိုင်းလည်း ဇာတ်သိမ်းက မကောင်းဘူး။ ပြဿနာနဲ့ ဆုံးတာချည်းပဲ။

တော်ရုံတန်ရုံလည်း ကိုကျောက်စီရဲ့ ပုံပန်းသဏ္ဌာန်နဲ့ သူ့ရင်ဘတ်က နဂါးကြီးကို ကြောက်လို့ မပြောဖြစ်ကြတော့ဘူး။ နောက်တစ်ခါ မဆက်ဆံတာပဲ ရှိတယ်။ သူကတော့ စုံတယ်။ မိန်းမပျက်တချို့ကို ဆက်သွယ်ပေးတဲ့ အလုပ်လည်း လုပ်တယ်၊ ဝက်သေးအိမ်နဲ့ တာဖံသယ်ပေးတာလည်း လုပ်တယ်၊ အငှား ဝက်ပေါ်၊ နွားပေါ်ဖို့ ရဲတင်းတစ်လက်နဲ့ အသင့်စောင့်နေတတ်တာလည်း ရှိတယ်၊ ခပ်တည်တည်နဲ့ မိုက်ကြေးခွဲတတ်တာလည်း ရှိတယ်၊ တာဖံဆိုင်လေးမှာ ခွက်တစ်လုံးနဲ့ လိုက်တောင်းပြီး သူများ သောက်စားနေတဲ့အထဲက ဆိုးခနဲ ဆတ်ခနဲ နှိုက်စားလိုက်တာလည်း ရှိတယ်။

တန်းလျားထဲကလူတွေ သိတဲ့ ကိုကျောက်စီက အဲသလို ကိုကျောက်စီကိုး... အခု ပန်းရောင်းတယ် ဆိုတော့ နားမလည်နိုင်ကြဘူး။ ဘာပဲဖြစ်ဖြစ် ပန်းရောင်းတာဟာ ကောင်းတဲ့အလုပ်ပဲ။ နူးညံ့ပျော့ပျောင်းလာတဲ့ သဘောပဲ။

ကိုကျောက်စီဟာ သည်လိုနည်းနဲ့ သူ့ဘဝကို ပြုပြင်လာတယ် ဆိုရင် ပြီးတာပဲ။ လူဆိုတာ မှားတုန်းက မှားခဲ့တာပဲ။ ကောင်းလာပြီ ဆိုရင်လည်း ဘာပြောစရာရှိမလဲ ခွင့်လွှတ်လိုက်ကြရတာပဲ မဟုတ်လား။

အဲသည်ညနေက ကိုကျောက်စီ အဘွားကြီးကို ပန်းတစ်စည်း အပိုပေးတယ်။ အဘွားကြီးကို မုန့်မုန့်နဲ့ ထိုင်လည်း ကန်တော့လိုက်သေးတယ်။ သူ့အတွက်ပါ ပန်းကပ်ပေးပါ ဆိုပြီး တစ်စည်းသတ်သတ် ပေးလိုက်သေးတယ်။ အဘွားကြီးဆိုတာ သာဓုချင်း မိုးမွှန်သွားတာပဲ။

ကိုကျောက်စီ ပြန်လာတော့ လက်ထဲမှာ ငွေလေးဆယ်ကျော်ကျော် ပါလာတယ်။ တာဖံရောင်းတဲ့ အိမ်ကလေးဆီကို သွားတယ်။ တာဖံရောင်းတဲ့မိန်းမက သူ့ကို ပန်းမရောင်းလို့ မကျေနပ်ပေမယ့် လက်ငင်းပေးသောက်တော့ ရောင်းတာပါပဲ။ တစ်ပိုင်းသောက်တယ်၊ တစ်ပိုင်းကို ပုလင်းငှားထည့်လာပြီး ယူလာခဲ့တယ်။ သူ့တဲကလေးထဲရောက်တော့ ထပ်သောက်တယ်။ အူလည်း မြူးနေတယ်။ ပျော်လည်း ပျော်နေတယ်။

အဲသည်ညက ကိုကျောက်စီ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်တယ်။ ခြင်တွေ ဖြုတ်တွေ တစ်ကိုယ်လုံးမှာ သီးနေတဲ့ကြားက အိပ်မက်တွေတောင် မက်နေလိုက်သေးတယ်။
* * *

## -၃-

နောက်တစ်ရက်မှာတော့ နှင်းဆီပန်းတွေ မဟုတ်ပြန်ဘူး၊ ပန်းတော့ပန်းပဲ။ ဂန္ဓမာတွေ... ရောင်စုံလည်း မဟုတ်ဘူး၊ အဖြူတွေချည်း သန့်သန့်။ ဂန္ဓမာဖြူ ပွင့်တွေဟာလည်း အပွင့်ထွားထွားကြီးတွေပါပဲ။ လှနေတာပါပဲ။

ဂန္ဓမာပွင့်တွေကိုလည်း တောင်ငှက်ပျောဖက်နဲ့ သေသေသပ်သပ် ထုပ်တယ်။ ရေဖျန်းတယ်။ တန်းလျားဘက်ကို ထွက်ရောင်းတယ်။

"ဟော... ကိုကျောက်စီကြီး... နှင်းဆီပန်း မရတော့ဘူးလား"
"အင်း... ကနေ့ ဂန္ဓမာပဲရလာလို့... ကောင်းလိုက်တာ၊ ဂန္ဓမာတွေ ယူပါဦး"
"နေပါဦး... ဘယ်ကယူရောင်းတာလဲ"
"ခြံက... သူငယ်ချင်းခြံက... အဝေးကြီးပါဗျာ။ မတတ်နိုင်ဘူးဗျာ၊ တစ်နေ့ နှစ်ဆယ်ကျန်ကျန် အစိတ်ကျန်ကျန် လုပ်ရတော့တာပဲ"
"ကောင်းတာပေါ့... ဒီအစည်းကြီးက ဘယ်လိုရောင်းတုံး"
"ငါးကျပ်နဲ့ပဲ ယူ"

သည်လိုနဲ့ ဂန္ဓမာတွေလည်း ကုန်သွားတာပဲ။

အဲသည်နေ့ကလည်း ကိုကျောက်စီ မြက်မြက်ကလေးရတယ်။ ငါးဆယ်ကျော်ကျော် ရတယ်။ သည်ကနေ့ တန်းလျားကမိန်းမဆိုင်မှာ သွားမသောက်တော့ဘူး။ ကိုမောင်ကွန့် ဘီအီးဆိုင်ဘက်ကို သွားတယ်။ ပဲခြမ်းသုပ်ကလေးနဲ့ ဘီအီးတစ်ပိုင်းနဲ့ ထိုင်နေလိုက်တာ ညနေခြောက်နာရီကပ်နေပြီ ဆိုတော့မှ ထ တယ်။

အဲသည်ညက ဘီအီးသောက်လာပေမယ့် တဲကိုရောက်တော့ တာဖုံနဲ့ပိတ်တယ်။ တော်တော်လေး မူးတော့မှ ရပ်တယ်။

သူ့မျက်နာကြီးဟာ အဲသည်ညက တော်တော်ကြောက်စရာ ကောင်းနေတယ်။ အရက်မူးနေတဲ့ ဘီလူးတစ်ကောင်နဲ့လည်း တူနေတယ်။ အဲသည်ညက တဲအပြင်မှာ ထိုင်နေရင်းက ပန်းရောင်းရတဲ့ငွေတွေကို ရေတယ်။ တဲခေါင်မိုးမှာ ပိုက်ဆံခေါက်ကို ညှပ်တယ်။

ဘာစိတ်ကူးပေါက်လို့လဲ မသိဘူး၊ ကိုကျောက်စီ တဲရှေ့က ကွင်းပြင်ကို ကြည့်ရင်း ရယ်တယ်။ အားရပါးရကို ရယ်တာ။

တောတွေ၊ တောင်ကမူတွေ၊ ချိမ့်ဝှမ်းတွေ ကြားမှာ အဲသည်ညက ကိုကျောက်စီရဲ့ရယ်သံဟာ ချောက်ချားစရာ ကောင်းနေတယ်။ ကိုကျောက်စီရဲ့ဝမ်းဗိုက်ပေါ်က နဂါးကြီးဟာလည်း အဲသည်ညက မာန်စွယ်တဖွေးဖွေးနဲ့... တလှုပ်လှုပ်နဲ့... ထိလိုက်ရင် ပေါက်လိုက်မယ့် အစွယ်တွေနဲ့... မျက်စောင်းတစ်ချက် ထိုးလိုက်ရင် ပြာဖြစ်သွားလောက်တဲ့ မျက်လုံးတွေနဲ့...

နောက်နေ့တွေ နောက်နေ့တွေမှာလည်း ကိုကျောက်စီ ပန်းရောင်းထွက်တာပါပဲ။ ညနေတိုင်း တောငှက်ပျောရွက်ကလေးနဲ့ စည်းလာတဲ့ အစည်းထဲမှာ ပန်းတွေသာပြောင်းသွားတယ်၊ ပန်းတွေတော့ ပါတာချည်းပဲ။

တစ်ခါတစ်ခေါက်တော့လည်း ပန်းပြတ်သွားတာလည်း ပါတယ်။ မလာဖြစ်ဘူး။ တစ်ခါတစ်ခေါက်လည်း ဆက်တိုက် ရောင်းဖြစ်နေပြန်ရော။ ပန်းရရင် ရသလို ဆိုပါတော့။

ပန်းတွေကတော့ အမျိုးမျိုးပေါ့လေ။

တစ်ခါတစ်ခါ နှင်းဆီ၊ တစ်ခါတစ်ခါ ဂန္ဓမာ၊ တစ်ခါတစ်ခါ ဖယောင်းပန်း ရိုးတံရှည် အနီ-အဖြူ၊ တစ်ခါတစ်ခါ ပေါ်လန်ဒေဇီ၊ တစ်ခါတစ်ခါ အာဖရိကန်ဒေဇီ...။

* * *

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

-၄-

ပထမတော့ ကိုကျောက်စီ ပန်းလာမရောင်းတဲ့ နှစ်ရက်လောက်ကို တန်းလျားစုကလူတွေက သတိမထားမိကြဘူး။ ပန်းမရတဲ့နေ့တွေမှာ ကိုကျောက်စီ လာလေ့မှမရှိဘာကိုး။

ကိုကျောက်စီ သောက်နေကျ တာဇံဆိုင်ကလေးကိုလည်း နှစ်ရက်လောက် မရောက်ဖြစ်ဘူး။ ဒါလည်း ကိုမောင်ကွန့် ဆိုင်ဘက် လှည့်နေတာ ဖြစ်မှာပဲ လို့ တွက်လို့ ရနိုင်တာကိုး။

ကိုကျောက်စီ နှစ်ရက်လောက် ပန်းလာမရောင်းတာဟာ ဘာမှလည်း ထူးဆန်းတာမဟုတ်ဘူး။ ဒါပေမဲ့ မဟုတ်ဘူး... အဲသည်ညနေမှာပဲ ချောက်ချားဖွယ် သတင်းတစ်ခုက တန်းလျားခန်းကလေးတွေဆီကို ရောက်လာတယ်။

ကိုကျောက်စီဟာ သူ့တဲကလေးထဲမှာ သေနေတာ နှစ်ရက်ရှိပြီ ဆိုတဲ့သတင်းပဲ။ တိုက်တိုက်ဆိုင်ဆိုင် ယန္တရားကြီးကို စက်နှိုးဖို့ရောက်လာတဲ့ အော်ပရေတာက အလောင်းကိုတွေ့တာ လို့လည်း ဆိုတယ်။ မြေကော်ယန္တရားကြီးကို စက်နှိုးဖို့များ မရှိရင် ကိုကျောက်စီရဲ့ ရုပ်အလောင်းဟာ ဘယ်လောက်အထိ လူမသိသူမသိ ရှိနေမလဲတောင် မသိနိုင်ဘူး။

သည်သတင်းကိုကြားစက တန်းလျားကလူတွေဟာ ငြိမ်သက်သွားကြတယ်။ အင်္ကျီမပါ ဘာမပါနဲ့ မိုးကလေးတဖြောက်ဖြောက်ကြားမှာ ပုဆိုးကြမ်းကလေးခြုံပြီး တင်းတင်းတောင့်တောင့် သေနေတဲ့ ကိုကျောက်စီကိုလည်း သွားကြည့်ကြဖို့ စိုင်းပြင်းကြတယ်။ ကိုကျောက်စီရဲ့ မိခင်ဌာနက တာဝန်ရှိတဲ့လူတွေလည်း ရောက်နေကြတယ်။

ဝမ်းဗိုက်ကြီးဟာ ကျောက်ပျဉ်တစ်ချပ်လို မာကျောစူထွက်နေတဲ့ ကိုကျောက်စီရဲ့ ရုပ်အလောင်းကိုလည်း သယ်ဆောင်သွားကြတယ်။ တန်းလျားကလူ တော်တော်များများဟာ ကိုကျောက်စီရဲ့ တဲကလေးရှိရာ ရောက်နေကြချိန်မှာတော့ အလောင်းမရှိတော့ဘူး။ ဒါပေမဲ့ လူတော်တော်များများရဲ့ မျက်လုံးတွေက ကိုကျောက်စီရဲ့ တဲကလေးနဲ့ ပတ်ဝန်းကျင်ကို အကဲခတ်မိသွားကြတယ်။

ဘာမှတော့ မဟုတ်ပါဘူး၊ ပန်းခြောက်တွေ...

နှင်းဆီပန်းခြောက်တွေ၊ ဂန္ဓမာပန်းခြောက်တွေ၊ ဟော်လန်ဒေစီ ပန်းခြောက်တွေ၊ ဒေလီယာပန်းခြောက်တွေ၊ အင်မတန်များပြားတဲ့ ရေတမာရွက်ခြောက်တွေ၊ လွမ်းသူ့ပန်းခွေလုပ်တဲ့ ဝါးစအဟောင်းတွေ၊ ကြိမ်ခွေတွေ၊ နှီးစတွေ၊ စက္ကူရောင်စုံအစတွေ၊ ဖဲပြားအနက်စတွေ...

အဲသည်မှာတင် လူတွေဟာ ကိုယ့်အခန်းကို ကိုယ် လေရဲ့ပြင်းထန်တဲ့ အဟုန်မျိုးနဲ့ ပြန်လာကြတယ်။ ဘုရားစင်ပေါ်ကပန်းတွေ၊ နတ်စင်ပေါ်ကပန်းတွေကို ဆွဲချကြတယ်။

ဘုရားစင်၊ နတ်စင်တွေကို ရေဆေးကြတယ်။ အမွှေးနံ့သာတွေ ပက်ကြတယ်။ တောင်းပန် တိုးလျှိုးကြတယ်။ ကန်တော့ပွဲတွေ ထိုးကြတယ်။ ရေစင်အိုးတွေ၊ နတ်အုန်းသီးတွေ လဲကြတယ်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

တချို့မိန်းမတွေက ကျိန်ဆဲကြတယ်၊ တချို့မိန်းမတွေက ငိုကြတယ်၊ တချို့မိန်းမတွေက ဒေါသအမျက် ချောင်းချောင်း ထွက်ကြတယ်၊ တချို့မိန်းမတွေက နံ့သာဖြူကရမက် သွေးရင်း ပါးစပ်က တတွတ်တွတ် ရွတ်ကြတယ်။

အဲသည်ညနေက တန်းလျားကလေးမှာ ဆူညံပွက်ထသွားတာ အမှန်ပဲ။

ကိုကျောက်စီ ပန်းမရောင်းလို့ မဝယ်ဖြစ်တဲ့ တာဖံရောင်းတဲ့ မိန်းမက လွဲလို့ ကျန်တဲ့မိန်းမတွေဟာ ကြက်သီးမွေးညင်း ထကုန်ကြတယ်။

တာဖံရောင်းတဲ့မိန်းမက သူ့ဆီမှာ အရက်အကြွေးသောက်နိုင်ဖို့ အတွက် မသန့်တဲ့ပန်းတွေကို မရောင်းဘဲ ကျေးဇူးသိသွားရှာတဲ့ ကိုကျောက်စီရဲ့စေတနာကို အခုမှ သဘောပေါက်သွားတယ်။

ကျန်တဲ့မိန်းမတွေအားလုံးကတော့ စောစောကများသိရင် ကိုကျောက်စီရဲ့ အလောင်းကိုတောင် တစ်စစီ ဆုတ်ဖြဲပစ်ကြတော့မလား မှတ်ရအောင် ဒေါသတွေဖြစ်နေကြတယ်။ အဲဒီအကြောင်းကို ရက် တော်တော်ကြာတဲ့အထိ တချို့က ကြေကြေကွဲကွဲ ပြောကြတယ်။

* * *

-၅-

တန်းလျားခန်းကလေးက လူတွေဟာ သည်ဖြစ်ရပ်ကို မမေ့နိုင်ကြဘူး။

လူဆိုတာကလည်း ခက်သားပဲ။ ဘယ်လောက်ပဲကြာကြာ ကောင်းတဲ့လူတွေကိုလည်း အောက်မေ့ သတိရနေတတ်တယ်၊ ကောက်ကျစ် စဉ်းလဲတဲ့ လူတွေကိုလည်း အောက်မေ့ သတိရနေတယ် မဟုတ်လား။ တန်းလျားက လူတွေအားလုံးဟာ ကိုကျောက်စီကို သတိရနေကြတုန်းပဲ။

*(မဟေသီ မဂ္ဂဇင်း၊ အမှတ် ၈၊ ၁၉၉၁-ဩဂုတ်လ)*

http://www.mmcybermedia.com

# ဟွန်းတယော

-၁-

ရေဒီယိုက သူ့လက်သံ အခန်းမှာ တယောလက်သံများ လာရင် အမေက အမှတ်တမဲ့ နားထောင်ရာက…

“ကိုကျော်လား…” လို့ လှမ်းမေးတတ်တယ်။

အမေက ရိုးရိုး တယောသံနဲ့ ဟွန်းတယောသံကို ခွဲခြားမသိဘူး။ တယောသံ ဆိုရင် ကိုကျော့်တယောသံပဲ သူ ထင်တယ်။ တယောဆရာဆိုရင် ကိုကျော်ပဲ ရှိတယ်လို့များ ထင်သလား မသိဘူး။

ထင်ချင်လို့သာ ထင်တာ၊ ကိုကျော်က ရွာမှာ ရှိမှရှိသေးရဲ့လားတောင် မသိဘူး။ ရှိရင်တောင် ကြီးလှရော့မယ်။

* * *

-၂-

အမေနဲ့ရွယ်တူ သူငယ်ချင်းတွေ ဆိုတော့ ကိုကျော် တဲ့။ တစ်ခါတစ်ခါတော့ ဟွန်းတယောဆရာ ကိုကျော် တဲ့။ ကျွန်တော်တို့ကတော့ ရွာမှာနေကတည်းက ဦးလေးကျော် လို့ပဲ ခေါ်ခဲ့ကြတာ။ ဟွန်းတယောဆရာ ဆိုပေမယ့် ထရံရိုက်ထားတဲ့တယော စိတ်ကူးရမှ ကသောကမျော ထထိုးတတ်တဲ့ ဝါသနာပါရုံ တယောဆရာတော့ မဟုတ်ဘူး။

ခက်တာက ငွေနဲ့ကြေးနဲ့ ကြေးစားတယောဆရာလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ သူ့ဝါသနာက တော်တော်တော့ ကြီးတယ်။ တယောနဲ့လက်နဲ့က ပြတ်တယ်လို့မရှိဘူး။ အမြဲထိုးနေတာ။ သီချင်းကြီး သီချင်းခံတွေလည်း ရတယ်။

သူတို့ခေတ်က သီချင်းတွေလည်း တော်တော်ရတယ်။ သူ့ကြည့်လိုက်ရင် ဒန်နဲ့လုပ်ထားတဲ့ ဟွန်းခွက်ရှည်ရှည်ကြီးကို တယောအိမ်ကဖြုတ်ပြီး နေ့တိုင်း တိုက်ချွတ်နေတတ်တာလည်း ရှိရဲ့၊ ဂျာမနီတယောပြား ညိုညိုကလေးကိုလည်း အမြဲသန့်စင်နေတာလည်း ရှိရဲ့။ ပန်းပဲဖိုဘေးက သူ့အိမ်ကလေးထဲမှာ အမြဲ တကုပ်ကုပ်နဲ့ သူ့တယောလေးကိုပဲ သ နေတတ်တာ။ ပြီးရင်တော့ ကြိုးပေါ်ကို တယောဘိုးတံကလေး တရွရွ တင်၊ မေးကလေး မှေးကပ်ပြီး ဘိုးတံကို ဆွဲလိုက်ရင် စူးပြီး သြနေတဲ့ တယောသံကြီးက ကျယ်ကျယ်လောင်လောင်ကြီး ထွက်လာရော။

သူ့ပုံကတော့ သူ့တယောသံနဲ့ တခြားစီ။ တကယ့် ဂီတသမားပုံမျိုး ခပ်နွဲ့နွဲ့ရယ်။ နွဲ့တာများသွားလို့ ကိုင်းကွေးကွေး ပိန်ပိန်သွယ်သွယ် ဖြစ်နေတာမျိုး။

MMCYBERMEDIA
COMMUNITY FOR ALL

သူ့မိန်းမ ဒေါ်လေးမြခင်က စျေးထဲမှာ ဆေးရွက်ကြီး တို့၊ ဆေးရိုးတို့ ရောင်းတာဆိုတော့ စျေးမကွဲခင်အထိ သူ့အိမ်ကလေးထဲမှာ ဘယ်သူမှ ရှိမနေတတ်ဘူး။

အဲဒီအချိန်ကလေးဟာ သူ့အချိန်ပဲ။ ဒေါ်လေးမြခင်က တယောသံကို နားမခံနိုင်ဘူး တဲ့၊ နားငြီးသတဲ့၊ ဘာမှမလုပ်ဘဲ အေးအေးဆေးဆေး ထိုင်စားပါ တဲ့၊ ဟွန်းတယောကြီးတော့ မထိုးပါနဲ့ တဲ့... ဟွန်းတယောကြီးကို ရောင်းစားဖို့ချည်း ပြောနေတတ်တာလည်း ရှိရဲ့။

ဦးလေးကျင်က ရောင်းဖို့နေနေသာသာ မနက်တိုင်း ဘုရားမရှိခိုးရင်သာ နေရမယ်၊ အမှူ မဝေရင်သာ ရှိရမယ်၊ တယော မသတဲ့နေ့၊ တယောမထိုးတဲ့နေ့ကို မရှိဘူး။

စျေးပိတ်တဲ့နေ့ တို့၊ ဥပုသ်နေ့ တို့၊ ဒေါ်လေးမြခင် အိမ်မှာရှိတဲ့နေ့ ဆိုရင် ခပ်စောစော အိမ်ကထွက်ပြီး စျေးထိပ်က ကိုတိုင်းကျော် ဆံပင်ညှပ်ဆိုင်ကလေးထဲ သွားထိုင်တော့တာပဲ။

ဆံပင်ညှပ်ဆိုင်ထဲ ရောက်ရောက်ချင်းတော့ မထိုးပါဘူး၊ ထိုင်သေးတယ်။ ဆံပင်ညှပ်ဆိုင်က သစ်သားချိတ်မှာ ဟွန်းတယော ချိတ်ပြီး ဆင်နှစ်ကောင်မခင်စိန် ဆေးလိပ်ကြီးနဲ့ အကြာကြီး မှိန်းနေသေးတာ။ တော်တော်လေးကြာမှ ချိတ်တယောလေးကို ဖြုတ်ပြီး စမ်းလည်း စမ်း၊ ထိုးလည်း ထိုးတော့တယ်။

အဲဒီနေ့ ဆံပင်ညှပ်တဲ့လူတွေတော့ ဟန်ကိုကျလို့။ ကလေးတွေလည်း ဝိုင်းလို့။

ကိုတိုင်းကျော် ဆိုတာကလည်း သူငယ်ချင်းကိုး၊ ကိုကျင် လာတယ် ဆိုတော့ ကာကာဆိုင်က ခပ်ညှံ့ညှံ့ တောလက်ဖက်ရည်ကလေး တစ်ခွက် ဝယ်ခဲ့ပြီး ခုံတန်းရှည်လက်တန်းပေါ် တင်ထားလိုက်တာပဲ။

ဒါ ညှော်ခံတာပဲ။ သောက်ပြီးရင် ထိုးပေတော့ တယောပဲ။ ကိုကျင်က လက်ဖက်ရည်ကို တစ်ကျိုက်ပဲ သောက်တယ်။ ကျန်တာ မသောက်တော့ဘူး။ မကြိုက်လို့လားမသိဘူး။ နောက်ထပ် မသောက်တော့ဘူး။

ဆံပင်ညှပ်တဲ့လူတွေ ပါးပြီ ဆိုမှတော့ ကိုတိုင်းကျော်က ခုံတန်းဘေးမှာ ဝင်ထိုင်၊ မပြောမဆိုနဲ့ ခင်မောင်ရင်ရဲ့ 'စကြာသိုက်' ထဲက သူ့စိတ်ထင်ရာ တစ်ပိုဒ်ပိုဒ်ကို ဖျတ်ခနဲ ဝင်ဆိုလိုက်ရော။

ကိုတိုင်းကျော်က ခင်မောင်ရင့်သီချင်းပဲ ဆိုတယ်။ တခြားသီချင်း မဆိုဘူး။

ကိုကျင်ကလည်း သူ့ စွဲရာ၊ သူ သန်ရာ သူ တောင်စဉ်ရေမရ လျှောက်ထိုးနေရင်းက ဖျတ်ခနဲ အဆိုဝင်လာတာကို အလိုမကျတာမျိုး၊ စိတ်ဆိုးသွားတာမျိုး မရှိဘူး။ ပြုံးပြုံးကလေးပဲ ထိုးလက်စ ရပ်ပြီး ဝင်လာတဲ့သီချင်း လိုက်မေးတော့တာပဲ။

ကိုတိုင်းကျော်နဲ့ ကိုကျင် တွဲပြီ ဆိုရင် တခြားဆိုင်တွေက လာနားထောင်ရတော့တာ လို့ အမေ မကြာမကြာ ပြောဖူးတယ်။ အဲ... စျေးဖွင့်ရက် ဖြစ်လို့ကတော့များ သူ့ အိမ်ကုပ်ကလေးထဲက မထွက်ဘူး။ ဘယ်မှလည်း မသွားဘူး။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

အခဆို ပါချင်ပါ မပါချင်နေ တစ်ခါတစ်ခါ အပီကလေး၊ တစ်ခါတစ်ခါ အကြည်ကလေး၊ တစ်ခါတစ်ခါ အနွဲ့၊ တစ်ခါတစ်ခါ အသွဲ့...

တစ်ခါတစ်ခါများ လွမ်းစရာကြီး...

ညာသံ စူးစူးကလေးကနေ ဘယ်သံ ဝါဝါကြီးကို ကူးတဲ့ပြီး စိမ်ထားလိုက်တာ နားထောင်ရတဲ့လူက အသက်မရှူချင်တော့ဘူး၊ ထိထိခိုက်ခိုက်ကြီး ခံစားရလို့...။

* * *

-၃-

ရွာမှာ တီးဝိုင်းကလေး ဖွဲ့ကြတော့ ဦးလေးကျင်က ဟွန်းတယော၊ ကိုခင်မောင်ကြီးက သံပတ္တလား၊ ကိုပြူးက မယ်ဒလင်၊ ကိုခင်သန်းက ခြောက်လုံးပတ် တီးတယ်။ အခဆိုကတော့ တစ်လှည့်စီ ဆိုကြတာပဲ။ ကလေးမလေးတွေလည်း ပါတာပေါ့။

ပထမတော့ မစုစည်းမိဘူး၊ ရွာမှာ ဗုဒ္ဓပူဇနိယပွဲ လုပ်ကြမယ် ဆိုတော့မှ စဉ်းစားမိတာ။

ဗုဒ္ဓရုပ်ပွားတော်ကို လှည်းကျောင်းဆောင်နဲ့တင်ပြီး ရွာထဲမှာ ဒေသစာရီကြွဖို့ စီစဉ်ကြတော့ တီးဝိုင်းကလေးနဲ့ဆိုရင် ပိုကောင်းမယ် လို့ တွက်ကြတယ်။ စွယ်တော်ကြိုး တို့၊ ရောင်ခြည်တော်ဘွဲ့ တို့၊ ယသော်ဓယာ ယိုးဒယား တို့ တီးရမှာကိုး။

တူရိယာပစ္စည်းလည်း ရှိ၊ အသင့်လည်း တီးတတ်မယ့် ဂီတသမားတွေ ရှာတော့ ထိပ်ဆုံးကမှတ်မိတာ ဦးလေးကျင်ပဲ။

နောက်တော့ တစ်ယောက်တစ်ပေါက်နဲ့ မယ်ဒလင်တော့ ဘယ်သူတီးတာ တွေ့တယ်၊ သံပတ္တလားသံတော့ ဘယ်နားမှာကြားတယ်နဲ့ လိုက်စုလိုက်ကြတာ ရွာတီးဝိုင်းကလေးကို ဖြစ်ရော။ တီးဝိုင်းနာမည်ကိုလည်း အထူးရှာမနေတော့ဘူး။ ဗုဒ္ဓပူဇနိယတီးဝိုင်း တဲ့။ တချို့ကလည်း ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီကြွတာကို ရွာက ဘုရားလေးလှည့်တယ် လို့ အလွယ်ခေါ်ကြရာက ဘုရားလေးဝိုင်း တဲ့။

ဂီတသမားဆိုတာကလည်း ခက်သားပဲ၊ တီးမှုတ်နေရရင်ပဲ ကျေနပ်နေတတ်ကြတာ မဟုတ်လား။ နောက်တော့ ဘုရားလှည့်မှရယ် မဟုတ်တော့ဘူး၊ ရွာက အလှူလေး၊ မင်္ဂလာဆောင်ကလေးတွေမှာလည်း တစ်စတစ်စ လက်ခံပြီး တီးပေးတယ်။

ဦးလေးကျင့် ဟွန်းတယောကတော့ အမြည်ဆုံး၊ အပီဆုံး ပေါ့လေ။ တိုက်ပုံနွမ်းနွမ်းကလေး မချွတ်တမ်းဝတ်တဲ့ပြီး ငုံ့ကိုင်းကိုင်း ခါးနွဲ့ကြီးနဲ့ ဟွန်းတယောကြီး မေးကပ်ပြီး ထိုးနေလိုက်တာ အိမ်မပြန်တော့မယ့်ပုံမျိုး၊ ဘာသံယောဇဉ်မှ မရှိတော့တဲ့ပုံမျိုး။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

နောက်တော့ ကိုယ့်ရွာထဲတင် မဟုတ်တော့ဘူး။ ရွာစဉ်ကိုးပေါက်လှည့် တီး လှည့် စား၊ 'ဆို တီး စား ပြန်' ဝိုင်းကလေး ဖြစ်ရော။

ရွာတွေကဖိတ်လို့ လှည်းနဲ့သွားကြပြီ ဆိုရင် လှည်းပေါ်မှာပဲ တီးကြမှုတ်ကြနဲ့ ပျော်စရာကြီး။

'ပင်ခေါင်တိုင် သပြေကိုင်းနဲ့ ရွှေဝိုင်းလို့ ဘောထိ ဆော်... သွားပေ့ ပျော်ပျော်... အရှေ့ရွာမှာ စင်တော်ရုပ်သေး... နောက်ညတွေ မမြင်ရရင် လွမ်းလှလိမ့်လေး...'

ခင်အုန်းမြင့်လေးရဲ့ 'ရုပ်သေးပွဲ သွားရအောင်' သီချင်းကို အမြူးကလေး တီးကြရင်း ရွာထဲကိုဝင်တော့ ရွာကလည်း ပျော်ကြလို့။ လူငယ်တစ်ယောက်လို လှည်းပေါ်က ပထမဆုံး ခုန်ဆင်းတာ ဟွန်းတယောကြီးနဲ့ ဦးလေးကျင်ပဲ။ သူ့ ဟွန်းတယောကြီးကို ဘယ်သူမှ အကိုင်မခံဘူး။ ပိတ်စကို အိတ်ရှုံ့ကလေးချုပ်ထားတဲ့ ဘိုးတံထည့်တဲ့အိတ်နဲ့ တယောပြားကို တွဲကိုင်ရင်း ခေါင်းရင်းက ခင်းထားတဲ့ သင်ဖြူးဖျာပေါ် တက်ထိုင်လိုက်တာပဲ။ နောက်မှ ခေါင်းရင်းက သံချက်တောင့်တောင့် လိုက်ရှာပြီး တယောကကြိုးကွင်းကလေးနဲ့ ချိတ်တယ်။ ပြီးတော့ မခင်စိန်တစ်လိပ် တိုက်ပုံထဲက ထုတ်ပြီး ဖွာတော့တာပဲ။ အိမ်ရှင်က...

"ကျုပ်ဖြင့် ကိုကျင် ပါမှပါပဲ့မလား လို့"

လို့များ ဆိုရင် သိပ်ကျေနပ်နေတတ်တာ။ တော်တော်လေး ကြာအောင် ဆေးလိပ်ကို တထောင်းထောင်း ဖွာပြီးတော့မှ...

"လာရမှာပေ့ါဗျာ... မောင်ကျင့်ဟွန်းတယော မပါရင် ဘယ်ဖြစ်မှာတုံး"

လို့ အမြဲ ပြောတတ်တယ်။

တကယ်လည်း ဦးလေးကျင်က ရွာသားတွေတိုင်းက ချစ်တဲ့ လူထုဂီတသမား စစ်စစ်ပဲကိုး။

* * *

## -၄-

အသက်ကလေး နည်းနည်းရလာလို့ ရွာတီးဝိုင်းမှာ ဦးလေးကျင် မတီးဖြစ်တော့ပေမယ့် ရွာတီးဝိုင်းကလေးက ရှိတုန်းပဲ။

လူငယ်တွေက လက်ဆင့်ကမ်းကြတယ်။ လူငယ်တွေဆိုတော့ ဟွန်းတယောတော့ မဟုတ်ဘူး။ ရိုးရိုးဖလက်ကလေးတွေ ဖြစ်ကုန်ပြီ။

တစ်ခါတစ်ခါ လူငယ်တွေက ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ပွဲမျိုးတွေ ဆိုရင်တော့ ဦးလေးကျင် တို့၊ ဦးခင်သန်း တို့၊ ဦးပြူးတို့ကို ပြန်ခေါ်ပြီး တီးခိုင်းမှုတ်ခိုင်းပေ့ါ။ ဦးလေးကျင်ကလည်း တစ်နှစ် တစ်ခါနှစ်ခါလောက် ဟွန်းတယောကြီးနဲ့ သွားဖြစ်တာကလွဲရင် သူ့တယောကြီး မထိုးဖြစ်သလောက် ဖြစ်နေပြီ။ လူကလည်း တဖြည်းဖြည်း ကျလာပြီ။ အရွယ်ကလေးကလည်း ရလာပြီ။ ဒေါ်လေးမြခင်လည်း ကြီးပြီလေ။ ကိုယ်တိုင်တောင် စျေးမထွက်နိုင်တော့လို့ တူမကလေးနဲ့ လွှဲထားရပြီး ရသမျှကလေးနဲ့ တူအရီးသုံးယောက် စားကြတာပဲ။

http://www.mmcybermedia.com

ဦးလေးကျင်ကလည်း ဟွန်းတယောကြီး အိမ်ရှေ့ခန်းချိတ်ထားပေမယ့် စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး။ ကိုတိုင်းကျော်ဆိုင်လည်း မရောက်တော့ဘူး။ သူ့အိမ်ကလေးထဲကလည်း ဟွန်းတယောသံ မကြားရတော့ဘူး။ တစ်ခါတလေ လူငယ်တွေက သူ့ ဟွန်းတယောကြီး မက်မက်စက်စက် စျေးပေးဝယ်ကြပေမယ့် သူ့တယောတော့ သူ မရောင်းဘူး။

ဒေါ်လေးမြခင်ကတောင် ငယ်ငယ်တုန်းက နားငြီးတယ် ဘာညာနဲ့ ပြောပေမယ့် အခု အသက်ကြီးလာတော့ သူ့ယောက်ျားဟွန်းတယောကြီး မရောင်းရက်တော့ဘူး၊ မပြောရက်တော့ဘူး။ 'ဒါ တို့ အိမ်ထောင်ဦးပစ္စည်းပါ' တဲ့၊ 'မရောင်းပါရစေနဲ့' တဲ့ ဝင်ပြောဖော်ရနေပြီ။

တစ်နေ့တော့ ရွာကျောင်းက ကျောင်းအုပ်ဆရာကြီးက ဦးလေးကျင်ကို ခေါ်ခိုင်းတယ်။ ရွာကျောင်းက အဲဒီတုန်းက ခုနစ်တန်းကျောင်း။ အလယ်တန်းကျောင်း။ ရွာနီးချုပ်စပ် လေးငါးဆယ်ရွာက ကလေးတွေ သည်ကျောင်းမှာပဲ စုကြရတော့ ကျောင်းသားတွေကိုက မနည်းဘူး။

ဦးလေးကျင်က ဆရာကြီးခေါ်လို့သာ လာရတာ သူလည်း ဘာမှန်းမသိဘူး။ ဦးလေးကျင် ရောက်လာတော့ ဆရာကြီးက ကျောင်းရုံးခန်းထဲမှာ လက်ဖက်ရည်မှာပြီး တိုက်တယ်။ မုန့်လည်း ကျွေးတယ်။ နောက် စကားတွေလည်း ပြောကြတယ်။ ဆရာဝတ် ကျောင်းစိမ်းပုဆိုး တစ်ထည်လည်း ပေးတယ်။

ဦးလေးကျင်က အသက်ခြောက်ဆယ်နား ကပ်ခါမှ ကျောင်းစိမ်းပုဆိုးကြီး ဝတ်၊ သူ့ ဟွန်းတယောကြီး လက်ကကိုင်ပြီး နောက်တစ်နေ့ ညနေပိုင်း ကျောင်းဝင်းထဲ ဝင်လာတော့ ကျောင်းသားတွေ အထူးအဆန်းကို ဖြစ်လို့။

သိပ်မကြာဘူး၊ သက်ဆိုင်ရာ အတန်းပိုင် ဆရာတွေက ကျောင်းသူ ကျောင်းသားတွေကို ရှင်းပြတယ်။ ဦးလေးကျင်ကို တစ်လ ငါးဆယ် ကန်တော့ပြီး ကျောင်းမှာ တယောထိုးဖို့ ငှားလိုက်ပြီ တဲ့။ အဇမ်ဘလီကွင်း လို့ ခေါ်တဲ့ ကျောင်းရှေ့ကွက်လပ်မှာ မနက်တိုင်း ကျောင်းသားတွေစုပြီး ကမ္ဘာမကြေ ဆိုရင် တယောလိုက်ထိုးပေးဖို့ တဲ့။ အဇမ်ဘလီ ပြီးရင် ပြန်ရုံပဲ တဲ့။

ဒါကြောင့် ဒီကနေ့ညနေ တစ်ချိန်စောပြီး ကျောင်းလွှတ်မယ်၊ ပြီးရင် တစ်ကျောင်းလုံးက ကျောင်းသားတွေ ဟွန်းတယောနဲ့ ကမ္ဘာမကြေသီချင်း တိုက်ရမယ် တဲ့။

အဲဒီညနေက ကျောင်းဘေးက ညောင်ကြပ်ပင်အောက်ပင် ကျောင်းသားတွေ စုကြတယ်၊ ကမ္ဘာမကြေ ဆိုကြတယ်။ ဦးလေးကျင် ဟွန်းတယောကြီးကလည်း ဟိန်းထွက်နေတဲ့ အသံတွေအားလုံးကို ကျော်ပြီး စူးထွက်နေတော့တယ်။

မြည်လိုက်တာ မပြောနဲ့တော့။ ကျောင်းသားတွေဆိုတာလည်း ပျော်လို့ပြုံးလို့။ တချို့ကလည်း ကျောင်းစိမ်းဝတ်ထားတဲ့ ဦးလေးကျင်ကြီးကို ကြည့်ပြီး ရယ်မောတဲ့လူက ရယ် ပေါ့လေ။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးလေးကျင်ကတော့ တကယ့်ဆရာတစ်ယောက်လိုကို ဖြစ်သွားတော့တာ။ ခပ်တည်တည်ကြီး။ သူ့ကိုယ်သူလည်း ဂုဏ်ယူနေပုံရတယ်။ သူ့ကို တလေးတစား နေရာပေးတာရော၊ ကလေးတွေအတွက် သူတတ်တဲ့ပညာနဲ့ ဖြည့်ဆည်းပေးရတာကိုပါ ကျေနပ်နေပုံလည်း ရတယ်။

တယောထိုးရင်းက ခဲတံလုံးလောက်ရှိတဲ့ နဖူးကြောကြီးတွေ သုံးလေးကြောင်း ထအောင်ကို ပင့်တင့်ထားတာ။ မျက်ခွံတွေ ပိတ်ထားတာကလည်း မဖွင့်တော့မယ့်ပုံမျိုး။ တစ်ခါ နှစ်ခါ... ဆယ်ခါ... အခါနှစ်ဆယ်... တိုက်ကြစမ်း... ဆိုကြစမ်း... မညီသေးဘူးလား... တိုက်စမ်း ကြိုက်သလောက်... သေပစေ၊ လဲကျသွားပစေ ဆိုတဲ့ပုံမျိုး။

သူ့နဖူးပေါ်မှာ ချွေးသီးချွေးစေးတွေပြန်လာပေမယ့် တစ်ချက်မနားဘူး။ တစ်ချက်ကလေး မတွန့်ဘူး။ မောတယ် လို့ မပြောဘူး။ ကလေးတွေနဲ့ အပြိုင်ပဲ။

နောက်တစ်နေ့မနက်က စပြီး ကျောင်းကို ဦးလေးကျင်လာတယ်။ ကိုင်းကိုင်း ကိုင်းကိုင်းနဲ့... သူ့ ဟွန်းတယောကြီး တစ်ဖက်က ကိုင်ပြီး တလှုပ်လှုပ် လာတာပဲ။

နည်းနည်းစောရင် ကျောင်းရှေ့က စိန်ပန်းပင်တန်းကလေးရဲ့ အရိပ်အောက်မှာ ခဏနားတယ်။ ကျောင်းသားတွေ တန်းစီတာကို စောင့်တယ်။ ကျောင်းသားတွေ တန်းစီတာကို စောင့်ပြီး ဆရာ၊ ဆရာမတွေ နေရာယူတာကို စောင့်တယ်။ ကမ္ဘာမကြေ ဆိုဖို့ အသင့်ဖြစ်ရင် အလံတိုင်ရှေ့က သူ့နေရာကလေးမှာ သူ သွားရပ်တာပဲ။

တယောကြိုးတွေပေါ်ကို ဘိုးတံ မေးတင်ထားရင်း အသင့်စောင့်နေတဲ့ အချိန်ကလေးမှာ ဦးလေးကျင်ဟာ တကယ့်ကျောက်ရုပ်ပဲ။ တိုက်ပုံနွမ်းနွမ်းတွေအပေါ်၊ ဖြူရော်ရော် ဆံစတွေ အပေါ်၊ သူ့ရဲ့ ဟွန်းတယောအိုအိုကြီး အပေါ်... ကျနေတဲ့ နေရောင်ခြည်အောက်မှာ သူဟာ တကယ့် ကျောက်ဆစ်သူရဲကောင်း ပုံမျိုးပဲ။

ဒေါင်ခနဲ အချက်ပေးလိုက်လို့ ကမ္ဘာမကြေ စဆိုတာနဲ့ သူ့တယောဘိုးဆွဲသံဟာ အထက်-အောက် တနွဲ့နွဲ့ စီးဆင်းလိုက်-ဆန်တက်လိုက်နဲ့ သူ့တစ်ကိုယ်လုံးမှာ လှုပ်ရှားနေတာဆိုလို့ ညာဘက်လက်နဲ့ လက်ပေါက်တွေကို လိုက်စမ်းနေတဲ့ ဘယ်ဘက်လက်ချောင်းကလေးတွေပဲ။ ကျန်တဲ့ ကိုယ်ခန္ဓာတစ်ခုလုံးက ပကတိ ငြိမ်...။

ကျောင်းသားတွေကလည်း ဦးလေးကျင့် ဟွန်းတယောကြီးနဲ့ ကမ္ဘာမကြေ ဆိုရတာ သိပ်ခံတွင်းတွေ့တယ်။ သံယောဇဉ်လည်း ဖြစ်ကြရတယ်။ ကမ္ဘာမကြေ ဆိုရမယ့်အချိန်ကိုပဲ မျှော်နေကြတော့တယ်။ သီချင်းပြီးလို့ အတန်းထဲကို ကျောင်းသားတွေ ဝင်သွားကြပြီ ဆိုတာနဲ့ စိန်ပန်းပွင့်တွေ နေရာမလပ်အောင် တရဲရဲကြွေနေတတ်တဲ့ အုတ်စီလမ်းကလေးက ဟွန်းတယောကြီးကိုင်ပြီး တလှုပ်လှုပ် ပြန်သွားတတ်တဲ့ ဦးလေးကျင်ကို ကျောင်းသားတွေက ငေးနေတတ်ကြတယ်။

လကုန်လို့ ဆရာကြီးက ကျောင်းကိုတကူးတကလာပြီး တယောထိုးပေးလို့ အခကြေးငွေရယ် မဟုတ်ဘဲ တစ်နည်းနည်းနဲ့ ပိုက်ဆံပေးရင် ငြင်းတယ် တဲ့။ ဘယ်တော့မှ မယူဘူး တဲ့။ ဒါပေမဲ့ သူ့ဘက်က

http://www.mmcybermedia.com

ဘယ်တော့မှ ဝတ်ပျက်မခံဘူး၊ ရောက်လာတာပဲ။ စိန်ပန်းရိပ်ကို ရောက်လာတာပဲ။ နွေ နွေ... မိုး မိုး... ဆောင်း ဆောင်း... သူ့ ဟွန်းတယောနဲ့ ရောက်လာတာပါပဲ။

တစ်နှစ်ထက်တစ်နှစ် ရင့်အိုလာတဲ့ ဦးလေးကျင်၊ ဟောင်းမြင်းလာတဲ့ သူ့တယောအိုကြီးကို ကျောင်းသားတွေက သိပ်ချစ်ကြတယ်။ ခင်လည်း ခင်၊ လေးလည်း လေးစားကြတယ်။ တလှုပ်လှုပ်နဲ့ ခပ်ကိုင်းကိုင်း လာတတ်ပေမယ့် သူ့တယောသံက ကြောက်စရာကောင်းအောင် ကြည်နူးနေတုန်း၊ စူးစူးသြသြ ရှိတုန်း၊ အားတွေ ပါတုန်း...။

* * *

## (၅)

ပြတင်းဝက မြင်နေရတဲ့လမ်းဟာ မှောင်မည်းတိတ်ဆိတ်လို့။ မိုးစက်တွေက အမိုးကျောက်ပြားပေါ်ကို တဖြောက်ဖြောက် ကျလို့။ လမ်းပေါ်မှာ တစ်နေ့လုံးလိုလို တချွင်ချွင် တဖြောက်ဖြောက် သွားတတ်တဲ့ မြင်းလှည်းတွေလည်း မရှိတော့ဘူး။ မြင်းလှည်းခြူသံလည်း မကြားရတော့ဘူး။ ညဥ့်နက်စပြုပြီ ထင်ပါရဲ့၊ လူရိပ်လူယောင်လည်း တစ်ယောက်မှကို မမြင်တော့တာ။

နှစ်တွေကိုပဲ မနည်းမနော ကြာခဲ့ပြီလေ။ ဘာဖြစ်လို့လဲမသိဘူး၊ မှတ်မှတ်ရရ ဦးလေးကျင်ရဲ့ ဟွန်းတယောသံကြီးကို ကနေ့ည လမ်းမကိုငေးရင်း လွမ်းနေမိတယ်။

*(ရသယဉ်စွန်းတန်း မဂ္ဂဇင်း၊ အမှတ်-၁၊ ၁၉၉၁ ခုနှစ်၊ ဇွန်လ။)*

MMCYBERMEDIA
COMMUNITY FOR ALL

# ကြော်ငြာလှည်း

-၁-

အရင်လိုပါပဲလေ... မြစ်ဆိပ်က တက်ရင် ရွာဘက်ကိုသွားမယ့် မြင်းလှည်းအုပ်စုကလေးတစ်ခုကို တွေ့မယ်။ တစ်စီးစီးပေါ် တက်ပြီးလို့ လူစုံရင် 'ဟ... ဒီမြင်းမဟာ...' ဆိုတဲ့အသံနဲ့ မြင်းလှည်းကလေး ထွက်မယ်။ နာမည်ကျော် သံကိုင်းနဲ့ ကုန်းဖောင်း လမ်းကို ခနော်ခနဲ့ ဒယီးဒယိုင်နဲ့ မိနစ်လေးဆယ်လောက် ဖြတ်မယ်။

မြင်ရတဲ့အိမ်တွေ အားလုံးဟာလည်း အရင်ကအတိုင်းပဲ။ ဘာမှ ပိုထူးလာတာ မရှိဘူး။ အဲသည်မှာ မြင်နေကျမြင်ကွင်းကလေးတွေကတော့ သွေးနွေးစရာကောင်းတာ အမှန်ပါ။

ပထမဆုံး မြစ်ထဲကိုရေဆင်းတဲ့ ရိုးချောင်း ဖောက်နက်နက်ကို တွေ့မယ်။ သူနဲ့ကပ်လျက်က မြစ်ဘက်ကို မျက်နှာလှည့်ထားတဲ့ အညာဘုန်းကြီးကျောင်းအိုကြီး တစ်ကျောင်း။ နောက်တော့ မြင်ကွင်းထဲမှာ ကန္တာရပင်ပုကလေးတွေ၊ ထနောင်းပင်ကြီးတွေ၊ ငွေရောင်မြားတံတွေပွင့်တတ်တဲ့ ကိုင်းပင်ရိုင်းရိုင်းတွေကို ဖြတ်ပြီးရင်တော့ မြင်းလှည်းက ခရီးရဲ့ သုံးချိုးတစ်ချိုးလောက်ကို ကျော်ခဲ့ပြီ ဆိုတာ သိနိုင်ပြီ။

သံကိုင်းနဲ့ ကုန်းဖောင်း သွားတဲ့လမ်းက တခြားသူတွေအတွက် ဘာမှ သိပ်ထူးခြားမှာ မဟုတ်ပေမယ့် ကျွန်တော့်အဖို့တော့ သည်မြင်ကွင်းကလေးကို တွေ့ချင်လွန်းလို့၊ ခံစားချင်လွန်းလို့ ဘယ်တော့မှ အလွတ်မခံဘူး။

မြင်းလှည်းပေါ်က အညာသူတွေရဲ့ တစ်ဖက်ကမ်းက ရေနံချောင်းဈေး၊ ရန်ကုန်ဈေး အကြောင်းတွေ၊ မကွေးမှာ က,သွားတဲ့ ဇာတ်ပွဲအကြောင်း၊ ပဲကြောင်း၊ နှမ်းကြောင်း၊ ဝါဈေးအကြောင်း၊ ကျောင်းတော်ရာဘုရားပွဲအကြောင်းတွေကို နားကကြားနေရပေမယ့် စိတ်မဝင်စားနိုင်ဘူး။ မြင်ကွင်း အကွက်အကွက်ကလေးတွေကိုပဲ လိုက်ကြည့်နေမိတယ်။

သည်လမ်းမှာ အလှပဆုံးက ထနောင်းပင်ကြီးတွေပါ။ ပင်စည်တွေက ဝါဝင်းနေပြီး အညာနေ ပူပူထဲမှာ စိမ်းရင့်ရင့်အရွက်တွေက မြင်ကွင်းခြောက်ခြောက်ထဲမှာ ထင်းခနဲ ကြွထနေတတ်တယ်။

ပြည်တောင်းလောက်ရှိတဲ့ ကျောက်တုံး ကြမ်းကြမ်း လမ်းပေါ်ကို မြင်းလှည်းက သွားရတာ ဆိုတော့ ဘီးက ကျောက်တုံးပေါ် တည့်တည့်တက်သွားလိုက်၊ ဂလုတ်ခနဲ ချော်ကျလိုက်၊ ဖြည်းဖြည်းကလေး ရုန်းလိုက်၊ အလိုက်သင့်ကလေး ပြေးလိုက်နဲ့ စီးရတဲ့အရသာကလည်း အရင်နှစ်ပေါင်းများစွာကနဲ့ သိပ်မထူးလှပါဘူး။

http://www.mmcybermedia.com

ခပ်နိမ့်နိမ့် ထနောင်းကိုင်းတွေက မြင်းလှည်းအမိုး တာပေါ်လင်စကို ပြိခနဲ ပြိခနဲ ကုတ်ခြစ်လိုက်တဲ့ အသံတွေကလည်း အရင်ကအတိုင်းပဲ။

ကုန်းဇောင်းရွာထဲ ဝင်ခါနီးကျတော့ မြင်ကွင်းက ကျယ်ပြန့်သွားပြီ။ အရှေ့ဘက် အနားသတ်မျဉ်းက ဧရာဝတီမြစ်ရိုး။ အနောက်ဘက်က ငှက်ပျောတောညို့ညို့၊ အဝေးက တိမ်အုပ်ဖြူဖြူနဲ့ ဆန်စက်မီးခိုးတွေ ရောထွေးနေတတ်တာလည်း ရှိရဲ့။

ဖွဲပြာမှုန့်တောင်ကုန်းတွေ ဝိုင်းနေတတ်တဲ့ စက်တန်း (ဆန်စက်တွေ တန်းစီ ရှိနေလို့) ရပ်ကွက်ကို ရောက်တော့ မြင်းလှည်းက လမ်းမပေါ်ကို ရောက်စပြုပြီ။ ရွှံ့တွေပေနေလို့ မနည်းဖတ်ရတဲ့ ‘ကုန်းဇောင်းမြို့မှ ကြိုဆိုပါ၏’ ဆိုတဲ့ ကွန်ကရစ်ဆိုင်းဘုတ်ကလေးက သူ့ဘေးက သက်ငယ်မိုး ဝါးတဲကလေးတွေကို သိပ်သဘောမတွေ့တဲ့ပုံနဲ့ ငူငူကြီးရပ်လို့။

အဲဒီကမှ ရွာထဲဝင်လာတော့ အနောက်ဘက်မုန်းချောင်းက အရှေ့ဘက် ဧရာဝတီမြစ်ထဲကို ဖြတ်သွယ်ထားတဲ့ ဆည်မြောင်း လက်တံ မြောင်းကြီးကို တွေ့မယ်။ စိုက်ချိန်ပျိုးချိန်မို့ မြောင်းမကြီးတွေ ရေရရှိတဲ့ အခါလည်း ရှိ၊ ရေမလွှတ်လို့ ခြောက်တဲ့အခါလည်း ခြောက် ပေါ့လေ။

အညာရွာကလေးတစ်ရွာမှာ ရှားတောင့်ရှားပါး ရေများများ ထုနဲ့ထည်နဲ့မြင်နိုင်တဲ့ နေရာကလေးပေါ့။ မြောင်းပေါင်က လှမ်းကြည့်ရင် သရက်ပင်တန်း၊ အကြော်ဆိုင်တန်း၊ နောက် ကြံရည်ဆိုင်ကလေး၊ နောက် ပျစ်ချွဲနေအောင် ဖျော်တတ်တဲ့ လက်ဖက်ရည်ဆိုင်ကလေး။

မြင်းလှည်းက မြောင်းကူးအုတ်တံတား ကုန်းမြင့်မြင့်က ဆက်ဆင်းလာရင် ညာဘက်မှာ ကွက်လပ်ကျယ်ကြီးတစ်ခု။ အရင်က သည်နေရာမှာ ရုပ်ရှင်ပြနေကျလေ။ အဲသည်တုန်းက လျှပ်စစ်မီးမရှိ ဘာမရှိနဲ့ နေခဲ့ရတဲ့ သည်ရွာကလေးမှာ အင်ဂျင်မီးစက်နဲ့ပြလို့ရတဲ့ ရုပ်ရှင်ကားတွေ သည်နေရာမှာကြည့်ခဲ့ရတာ ဘယ်နည်းမှာလဲ။

ဝိမာန၊ ဝရမ်းပြေးဘိုးသိန်း၊ ရှင်မအောင်ဖြူ၊ လူရိုးလူမိုက်၊ ကြွေတစ်လက် ကြက်တစ်ခုန်၊ တောကဖိုးတုတ်... အများကြီးမှ အများကြီး၊ မှတ်တောင် မမှတ်မိချင်တော့ဘူး။ အခုတော့ ဘာမှမရှိပြန်ဘူး။ မြက်ပင်တစ်ပင်မှ မပေါက်တဲ့ ကွက်လပ်ပြောင်ပြောင်ကြီးပဲ ရှိတော့တယ်။ ဘာရုပ်ရှင်မှလည်း မပြတော့ဘူးနဲ့ တူပါရဲ့။

အညာကိုလာတိုင်း၊ သည်နေရာကလေးကို တွေ့တိုင်း ငယ်ငယ်က အကြောင်းတွေကို ထိထိခိုက်ခိုက် ခံစားရတယ်။ မြင်းလှည်းနဲ့ ဖြတ်သွားတိုင်းလည်း အမှတ်တရ ငုံ့ကြည့်နေကျ။ အစတုန်းကတော့ သည်နေရာမှာ ဆီးတော်ပင်ကြီးတွေ အများကြီးရှိတဲ့နေရာပေါ့။

ဆီးပင်တွေအောက်မှာ ဆီးသီးကောက်ရင် ကောက်၊ ကစားရင် ကစား၊ ဆီးရိပ်မှာ တစ်နေကုန် တစ်နေခန်းရှိနေတတ်တဲ့ ကျောင်းသားတွေကို ဆရာကြီးက လာလာချောင်းတတ်တယ်။ အဲဒီအခါ ပြေးကြ၊ လဲကြ၊ အရိုက်ခံကြရ... နောက်တော့ ဒီခြံကြီးကိုဝယ်တဲ့လူက ဆီးပင်တွေ ခုတ်လှဲပစ်တယ်။

MMCYBERMEDIA
COMMUNITY FOR ALL

တိုက်တိုက်ဆိုင်ဆိုင် ဆီးပင်တွေခုတ်လှဲတဲ့ လက ဆီးသီးတွေ ခဲနေအောင် သီးတဲ့လကြီး။ တစ်ကျောင်းလုံးက အရိပ်ခိုရတဲ့ ဆီးတောကြီး ပြုလဲသွားတော့ ဝမ်းနည်းလိုက်ရတာ မပြောနဲ့တော့။

နောက်တော့ သည်နေရာကလေးမှာပဲ ရိုင်ပတ်တွေကာပြီး ရုပ်ရှင်ပြတယ်။ စက်တစ်လုံးတည်းနဲ့ပြတဲ့ ရုပ်ရှင်စက်က ညစ်ထေးထေး ခပ်စုတ်စုတ်ပေမယ့် ဒီရွာကလေးမှာတော့ ခေတ်မီနေရတာပေါ့လေ။ စလင်း၊ ဆင်ဖြူကျွန်း စတဲ့ ဒေသတွေမှာ ဖန်တရာတေအောင် ပြခဲ့တဲ့ ဇာတ်ကားဟောင်းတွေပေမယ့် ဒီရွာကလေးမှာ ဇာတ်ကားသစ် ဖြစ်နေပြန်ရော။

မြင်းလှည်းပေါ်က ဖျတ်ခနဲမြင်လိုက်ရတဲ့ နေရာကလေးက အတွေးစများစွာကို ခေါ်ဆောင်လာခဲ့ပြန်တယ်။

* * *

-၂-

ရွာမှာ ရုပ်ရှင်ပြပြီ ဆိုရင် အင်မတန်ပျော်တယ်။
သည်ရွာကလေးမှာ မြို့နဲ့အဆက်အသွယ်ရှိတဲ့ လူကလွဲလို့ ရုပ်ရှင် လို့ ဘယ်သူကမှ မခေါ်ဘူး။

ဘိုင်စကုတ် တဲ့...

'ရန်ကုန်က ဘိုင်စကုတ်သမားတွေ ရောက်လို့တဲ့တော့်' ဆိုတဲ့ အရီးစိန်မယ်ရဲ့ မောင်းသတင်းက မပြခင် နှစ်ရက်လောက်ကတည်းက ကြားနေရတာ။ သူ့သား ခင်ဦးက ဘိုင်စကုတ်အဖွဲ့လာရင် တောက်တိုမည်ရ ခေါ်ခိုင်းနေကျကိုး။

အဲသည်တုန်းက ရွာမှာတစ်လုံးတည်းရှိတဲ့ ဥပသကာအဖွဲ့ပိုင် အသံချဲ့စက်ကို ဖွင့်တဲ့ ဦးလေးစိန်ကလည်း အလုပ်များနေရပြီ။ ဘိုင်စကုတ်အဖွဲ့မှာ ဓာတ်စက်တစ်လုံး အပိုပါပေမယ့် ရွာကစက်ကိုလည်း ငှားလေ့ရှိတယ်။

ကျွန်တော်တို့ ကလေးတွေကလည်း အိမ်မပြန်နိုင်တော့ဘူး။ ထမင်းမဆာတော့ဘူး။ ဦးလေးစိန် ခါးကြားက သော့နဲ့ ဓာတ်စက်သေတ္တာ ဖွင့်မယ့်အချိန်ကိုပဲ စောင့်နေကြရတာ။ သော့ဖွင့်လိုက်လို့ ဓာတ်ပြားတွေ စီစီရီရီတွေ့ရရင်ပဲ ဝမ်းတွေသာလို့။

ရေကင်းဘောက်ပြား ကောက်ရိုက်ပြီးရင် ပထမဆုံး 'ရှာပုံတော်ကျူး... ကျူးလို့ပင်...' ဆိုတဲ့ အကော်ဒီယံအုန်းကျော်သီချင်း စဖွင့်တော့မယ်ဆိုတာ ကျွန်တော်တို့ ကလေးတွေ သိပြီးသား။ ဦးလေးစိန်က အကော်ဒီယံအုန်းကျော်ကို သိပ်ကြိုက်တယ်။

မိုးလုံးပတ်လည်ထဲက 'ရွှေမိုး အမှုန်ရယ်... မရွာပါနဲ့ဦးလို့ တောင်းပန်ပါတယ်လေ...' ဆိုတဲ့စာသားက အညာနဲ့ သိပ်မကိုက်ပေမယ့် ရွာကလည်း ဒီသီချင်းကို သဘောကျကြတယ်။

http://www.mmcybermedia.com

MMCYBERMEDIA COMMUNITY FOR ALL

ဘိုင်စကုတ်ရုံဘက်က စက်ဖွင့်ရင် ဈေးသည်တွေက ဈေးသိမ်းချင်ပြီ။ ကောက်သင်းကောက်၊ ပဲနတ်သူတွေကလည်း စောစောပြန်ချင်ပြီ။ ဘီလိယက်ခုံက၊ ဘုံဆိုင်က၊ ထန်းရည်ဆိုင်က၊ လက်ဖက်ရည်ဆိုင်က ဦးကြီးဘကြီးတွေကလည်း ကိစ္စစောစောသိမ်းကြပြီ။

ဘိုင်စကုတ်ဆရာတွေကလည်း မပြခင်တစ်ရက်လောက်က မီးစက်တွေဘာတွေ စမ်းလို့၊ ကာဗွန်လေးဘာလေး ချိန်လို့။ ပိတ်ကားလေး ဘာလေး ချိတ်ပြီးတာနဲ့ နောက်တစ်နေ့ ရွာက မြင်းလှည်းတစ်စီး ငှားတော့တာပဲ။

ပင်တိုင်ငှားနေကျက ဦးကျောက်မောင်း မြင်းလှည်း။ ဦးကျောက်မောင်းကြီးကလည်း ဘိုင်စကုတ်ဝါသနာအိုး။ မင်းသားကြီးရွှေဘဆို အသည်းစွဲ။ ရွှေဘနဲ့တွေ့ဖို့ (ရန်ကုန်သွားဖို့) ပိုက်ဆံစုနေရတယ် လို့ လူထူရင် ပြောပြီ။ ဟုတ်တာမဟုတ်တာ ဘေးချိတ်၊ ရန်ကုန်မှာ ရွှေဘနဲ့တွေ့ခဲ့တယ် လို့များ ဆိုရင် အဲဒီလူကို အိမ်ခေါ် ထမင်းဖိတ်ကျွေးတော့တာ။ ရွှေဘနဲ့ စကားပြောခဲ့ရတယ် ဆိုရင်တော့ အဲဒီလူ တစ်ပတ်လောက် အိမ်မပြန်နိုင်းတော့ဘူး။ ထမင်းကျွေး၊ အရက်တိုက်၊ အဲသလောက်ကို ကြိုက်တာ။ ဘိုင်စကုတ်အဖွဲ့က သူ့မြင်းလှည်းငှားတယ် ဆိုရင်တော့ စဉ်းစားသာကြည့်တော့။ ရွှေဘကား ဆိုရင်တော့လည်း ခြေထောက် မြေမကျတော့ဘူး။

"ငါ့ချီး... ညကျရင် ရွှေဘကြီး ဘယ်လိုများ ချဦးမှာလဲ မသိဘူးဟ..."
လို့ တစ်မနက်လုံး မြင်းလှည်းတပ်ကတည်းက တဖွဖွ ပြောနေတတ်တာ။ ရုံရှေ့က ဘုတ်ပြားမှာ အနားတွေစုတ်နေတဲ့ ဇာတ်ဝင်ဓာတ်ပုံတွေ ချိတ်တာလည်း သူပဲ။ ကနီ၊ သာစည်ဘက်က ထန်းရည်မှာတာလည်း သူပဲ။ မြင်းလှည်းဘေးနှစ်ဖက်က တဖျပ်ဖျပ်လှုပ်ရှားနေတဲ့ ဇာတ်ကားနာမည်ပိတ်စ ချိတ်တာလည်း သူပဲ။ အဲသလိုများ လုပ်နေရရင် မြင်းစာကျွေးဖို့ မေ့၊ မြင်း ရေတိုက်ဖို့ မေ့၊ သူကိုယ်တိုင် ထမင်းစားဖို့လည်း မေ့နေတတ်တဲ့လူမျိုး။ မနက်စောစော ရွာခိုင်ရွာလောက်၊ အနောက်ကိုင်းရွာလောက်ကို ကြော်ငြာတွေတစ်ထပ်ကြီးတင်ပြီး မြင်းလှည်းစထွက်တယ် ဆိုရင်ပဲ သူ့မျက်နှာက လှည်းဦးမှာ ပြုံးပြုံးကြီး။

ဦးလေးစိန်ကလည်း သူ့ရဲ့ နာမည်ကျော် 'ရှာပုံတော် ကျူး... ကျူးလို့ပင်...' ကို ဖွင့်ပြီး ရွာထဲကဖြတ်မောင်းသွားရင် တယ်ရင်ဖိုရတာကိုး။
* * *

-၃-

ရွာအနောက်ဘက် သချိုင်းအစပ်လောက်က ဘိုင်စကုတ်ကြော်ငြာလှည်း အသံကြားရင် အိမ်ရှေ့လမ်းပေါ် ကျွန်တော်တို့ ရောက်နေကြရပြီ။ မြင်းလှည်းပေါ်က ကြဲချမယ့် ကြော်ငြာစာရွက် တောင်းရမှာလေ။ ဘောင်းဘီဝတ်ထားရင်လည်း ဘောင်းဘီကို မ,တင်၊ ပုဆိုးနဲ့ဆိုရင်လည်း ပုဆိုးကို တိုတိုပြင်ဝတ် ပေါ့။

ကလေးတစ်ရာလောက်ကို ကြော်ငြာစာရွက် တစ်ရွက်နှုန်းလောက် စွန့်ကြဲပေးသနားမယ့် ကြော်ငြာစာရွက်ဟာ ကံကောင်းထောက်မရင် ကိုယ်ရနိုင်တာပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် မျှော်လင့်ခွင့်တော့ ရှိသေးတာပဲ။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

လုရင်းလိုက်ရင်း စုတ်ပြဲသွားတဲ့ ကြော်ငြာပေမယ့် စက္ကူနဲ့ဖာပြီး ထရံမှာကပ်ထားရရင်ပဲ လာလာကြည့်ကြတဲ့ လူတွေက နည်းတာမှ မဟုတ်တာ။ ကြော်ငြာစာရွက်ရတဲ့ကလေးက အဲဒီနေ့ ထမင်းမစားတော့ဘူး၊ ပျော်လို့။ တစ်ခါတလေ လုရင်းက သူတစ်ခြမ်း ကိုယ်တစ်ခြမ်း ဖြစ်နေပေမယ့် သဘောထားကြီးကြီးနဲ့ တစ်ယောက်ကိုတစ်ယောက် ပေးချင်ကြတာမှ မဟုတ်တာ။

ကြော်ငြာထဲမှာပါတဲ့ ဓာတ်ပုံ ခပ်မှိန်မှိန်ကို ကြည့်ပြီး ဇာတ်ကားတစ်ခုလုံးကို နေ့ခင်းကတည်းက ပုံဖော်ရတာကလည်း အရသာပဲ။ ကြော်ငြာထဲမှာ ထိုးခန်းကြိတ်ခန်းပါပေမယ့် တကယ်ပြတော့ ပါချင်မှပါတာ။ တစ်ခါတလေ ကြော်ငြာထဲမှာ မင်းညီမင်းသားအဝတ်အစားနဲ့ တွေ့ရပေမယ့် (အိပ်မက်ခန်း ထိုးဇာတ်တွေ ဖြစ်မှာပေါ့လေ) ပြတော့လည်း ပါချင်မှပါပြန်ရော။

အနယ်နယ်အရပ်ရပ်မှာ အဖန်တစ်ရာတေအောင် ပြခဲ့တဲ့ ရုပ်ရှင်ဖလင်တွေ မီးလောင်လို့ ဖြတ်ပစ်လိုက်ရလို့ ပျောင်းမြင်းစုတ်ပြတ်သွားလို့ ဇာတ်ဝင်ခန်းတော်တော်များများ လျော့သွားတတ်တာ ငယ်ငယ်တုန်းက ဘယ်သိမှာလဲ။

တစ်ခါတလေ တစ်ခန်းနဲ့တစ်ခန်း အဆက်အစပ်မရှိရင်၊ ကြော်ငြာစာရွက်ထဲကအကွက် တစ်ကွက်တလေ ပါမလာရင် 'ကားမခိုးနဲ့ဗျို့…' လို့ အော်ရတာ ရင်ထဲပေါ့သွားရတာ အမှန်ပဲ။

"ကုန်းဇောင်းရွှေမြို့တော်ကြီးက ရုပ်ရှင်ကြည့် ဝါသနာအိုးများအတွက် မြနန္ဒီ ရုံတော်မင်္ဂလာကြီးမှာ ယနေ့ည ရုံတင်ကာ ပြသမယ့် ဇာတ်ကားကတော့ ဝရမ်းပြေးဘိုးသိန်း… ဝရမ်းပြေးဘိုးသိန်းအဖြစ် ဘယ်ပုံဘယ်နည်း ရောက်သွားရတာလဲ ဆိုတာကိုတော့ ပြည်တော်ချစ်မင်းသားကြီး ရွှေဘ… ဟုတ်ကဲ့… လူထုရဲ့ ရွှေဘကြီးက ယနေ့ညပဟေဠိကို အဖြေညှိပါလိမ့်မယ်ခင်ဗျ။ ဘယ်လိုများ ကြမ်းကြမ်းရမ်းရမ်း အသုံးတော်ခံမလဲ ဆိုတာ ကနေ့ည အကဲဖြတ်လှည့်ကြပါဦးလို့… နော် ခင်ဗျာ"

ဟော… ဦးကျောက်မောင်းကြီးရဲ့ ကြော်ငြာလှည်းအသံ။
တောက်… ကောင်းလိုက်မယ့် ကား။
ဝရမ်းပြေးဘိုးသိန်း တဲ့…
တို့ ရွှေဘကြီးကတော့…
ရင်ထဲမှာ တလှပ်လှပ်…
မြင်းလှည်းကိုတော့ မမြင်ရသေးဘူး။
အသံက ညောင်ပင်ကွေ့လောက်က အသံ…
ကွေ့ကျော်ရင် ရောက်လာတော့မှာ… ရောက်လာတော့မှာ… ရောက်လာတော့မှာ…
တွေ့ပြီ…

ဟွန်းထိပ်က ဥပသကာအဖွဲ့ ဆိုတဲ့ စာလုံးတွေကို တွေ့ရပြီ။ မြင်းလှည်းဦးက ကြေးခေါင်းလောင်းကို တချွမ်ချွမ် ခေါက်လိုက်၊ ကြော်ငြာတွေ ကြဲချလိုက်၊ မြင်းဇက်ကြိုးကို ထိန်းလိုက်နဲ့… ဦးကျောက်မောင်းကြီး။

ပါးစပ်ကလည်း မက်နဲ့အော်လိုက်သေးတယ်။

လက်ထဲမှာလည်း ကျော်ငြာတွေ တစ်ထပ်ကြီးနဲ့။

လေတိုက်လို့ ဘေးနှစ်ဖက်ကို ကားခနဲ ကားခနဲ ဝဲပျံနေတဲ့ ဇာတ်ကားပိတ်စကလည်း လက်ယပ်ခေါ် နေသလိုပဲ။

ကုန်းဖောင်း ရွှေမြို့တော်ကြီးတဲ့...

သည်ရွာကလေးကို သည်လိုသုံးနှုန်းတာ ဦးကျောက်မောင်းကြီးရဲ့ ဉာဏ်တွေပဲ နေမှာ။ သူက အပြောကောင်း အဟောကောင်းလေ။ သက်ငယ်မိုး၊ ဝါးထရံကာ၊ ဖုန်တသောသောနဲ့ ရွာကလေးကို ရွှေမြို့တော်ကြီး တဲ့။

ရွာက လူကြီးတွေက ပြုံးတယ်။

အဖေကတော့ 'တတ်လည်းတတ်နိုင်တဲ့ ငရှုး...' တဲ့။

ဦးကျောက်မောင်းကြီး စိတ်ကူးရရင်ရသလောက် ကြဲချသွားတဲ့ (မိန်းကလေးထုထုဆိုရင် တော်တော်များများ ကျတတ်တယ်) ကြော်ငြာစာရွက်လောက် ရရင်ပဲ အိမ်ထဲကို အော်ပြေးလာပြီး တစ်ထိုင်တည်း ထိုင်ဖတ်ပစ်လိုက်တာပဲ။

အဘွားကတောင်မှ 'ဟဲ့... ကျယ်ကျယ်ဖတ်ပါဟဲ့... နင် တစ်ကိုယ်ကောင်းမဆန်နဲ့...' ဆိုပြီး ကြော်ငြာကို လုသေးတာကလား။

"ကိုင်း... ကန္နေ့ညမှာတော့ဖြင့် ပုလိပ်မောင်တင်နဲ့ ဝရမ်းပြေးဘိုးသိန်းတို့ရဲ့ သူနိုင်ငါနိုင် အပြိုင်ကြဲကြပုံများ ရှုစားလှည့်ကြပါ လို့... အချိန်ဆွဲပြီး ထဘီလဲမနေကြဘဲ၊ အချိန်မဖြုန်းဘဲ တစ်အိမ်လုံးကြွခဲ့ကြပါ လို့..."

ကြော်ငြာလှည်း ဝေးသွားတော့မှ ရင်လည်း ငြိမ်တော့တယ်။ ဦးကျောက်မောင်းအော်သံကိုက ကြည့်ချင်စရာ။

ဘိုင်စကုတ်အဖွဲ့ ရွာကိုရောက်စက ဦးကျောက်မောင်းကြီးက လှည်းမောင်းရုံသက်သက်ပါ။ ကြော်ငြာလှည်း လိုက်ရုံပဲ။ နောက်တော့ ရန်ကုန်က စက်ဆရာတွေနဲ့ တွဲပါများလာတော့ သူ့ကို သင်ပေးတယ်၊ စမ်းစမ်းပြီး အော်ခိုင်းတယ်။ နောက်တော့ စက်ဆရာတွေတောင် မလိုက်တော့ဘူး။ ဦးကျောက်မောင်းကြီးနဲ့ လွှတ်ထားတော့တာပဲ။ တစ်ခါတစ်ခါ ဦးကျောက်မောင်းညွှန်းသလောက် ဇာတ်ကားက ကောင်းတာမဟုတ်ဘူး။ မဟုတ်တာတွေရော ဟုတ်တာတွေရော သောကောရောကော ကြော်ငြာတော့တာ။

ညဘက် ရုံထဲရောက်တော့ ဦးကျောက်မောင်းကြီး ကြော်ငြာတာနဲ့ တခြားစီ။ ဒီတော့ ဦးကျောက်မောင်းကြီးကို ရွာက မယုံတော့ဘူး။ မယုံပေမယ့် သည်ရွာကလေးကို လေးငါးနှစ်မှ တစ်ခါ ဆိုသလို လာတတ်တဲ့ ဘိုင်စကုတ် ဆိုတော့လည်း ကြည့်ကြရတာပဲ။ လိမ်မှန်းသိပေမယ့်လည်း သည်းခံရတော့တာပဲ။

MMCYBERMEDIA
COMMUNITY FOR ALL

ပိုဆိုးတာက ဦးကျောက်မောင်းကြီးက အပိုတွေ ထည့်အော်တာပဲ။ အသစ်ရောက်ရှိလာတဲ့ ရုပ်ရှင်စက်သစ်ကြီးနဲ့ ပြမှာ တဲ့။ တောက်တိုမည်ရနိုင်းတဲ့ ကိုခင်ဦးကို မေးကြည့်တော့လည်း 'အလကားပါ' တဲ့၊ 'မရောက်ပါဘူး' တဲ့၊ 'အရင်စက်ဟောင်းပဲ' တဲ့...

တုန်တဲ့အခါ တုန်၊ မှုန်တဲ့အခါ မှုန် (အမြဲ မှုန်တာပါပဲ) တစ်ခါတစ်ခါ ဖောက်ထိုး၊ တစ်ခါတစ်ခါတော့ ဖလင်က ခွနေသေးတယ်။ အရုပ်ပေါ်တာက အပေါ်တစ်ဝက် အောက်တစ်ဝက်၊ တစ်ခါတစ်ခါတော့လည်း ခါးတစ်ပိုင်း ခေါင်းတစ်လုံးတည်း ပေါ်နေလေရဲ့။ နောက်မှ ပြန်ချိန်၊ တစ်ပိုင်းပြီးရင် တစ်ပိုင်း ရပ်၊ ဖလင်ထည့် ပြန်ပြ...

ပြတာကလည်း ကြည့်ဦး...

ည ရှစ်နာရီတိတိမှာ ပြမယ် ဆိုတဲ့ ဘိုင်စကုတ်ဟာ ည ဆယ်နာရီထိုးလောက်မှ ရောက်းရိုက်တာ။ ရေကင်းကလည်း ဓာတ်ပြားနှစ်ဖက်စလုံး ကုန်အောင် စိမ်ရိုက်နေတာ... မပြီးနိုင်တော့ဘူး။ အလံတော် စပြလို့ နမူနာတစ်ပိုင်းလောက် ထိုးပြီးရင် မီးတွေပြန်လင်းပြီး ရေကင်းရိုက်ပြန်ရော။ လူတွေကတော့ သည်းခံကြပါတယ်။ ရုံထဲရောက်နေပြီကိုး။ ပြပြန်တော့လည်း စက်ပျက်လို့၊ ဖလင်ပျက်လို့၊ မီးလောင်လို့၊ ကားပိုင်းတွေမှားနေလို့၊ ဖလင်အတည့် မရစ်ရသေးလို့နဲ့ အကြာကြီး။

စောင့်ပေဦး...

ကျွန်တော်တို့ ကလေးတွေက နေ့လယ်နေ့ခင်း ရုံပေါက် သွား သွား ကစားတာ ကြာလာတော့ ဘိုင်စကုတ်အဖွဲ့က လက်ဖက်ရည်လေး ဝယ်ခိုင်း၊ ကြံရည်လေး ဝယ်ခိုင်းနဲ့ တစ်စတစ်စ ရင်းနှီးလာတယ်။ တဖြည်းဖြည်းနဲ့ စက်ခန်းပေါ်တက်ခွင့် ရလာတယ်။ စက်ခန်းထဲ ဝင်ခွင့်ရတာက တကယ့်အခွင့်အရေးကြီး။ ကံကောင်းရင် ပြတ်နေတဲ့ ဖလင် တစ်ပေစ နှစ်ပေစလောက် ရနိုင်တယ်လေ။

ညဘက်ကျတော့လည်း ရုံဝင်ခ ပေးစရာမလိုဘူး။ ဟန်ကိုကျလို့။ ဒါပေမဲ့ ဟန်မကျတာက ဦးလေးကျောက်မောင်းကြီး။ စက်ခန်းထဲမှာ အရက်သောက်နေတာတို့၊ မူးလဲနေတာတို့၊ ဖဲရိုက်နေတာတို့၊ မိန်းမတွေနဲ့တွေ့နေရတာတို့ အဖေ့ကိုပြောပြတော့...

"ဒီကောင် ပျက်ပြီ" တဲ့...

မြင်းလှည်းတောင် မှန်မှန်မမောင်းချင်တော့ဘူး။ ကြော်ငြာလှည်း သက်သက်လောက်ပဲ သုံးတော့တယ်။ ရုံရှေ့ တမာပင်ရိပ်မှာ သူ့လှည်းကို မြင်းဖြုတ်ပြီး လက်တံနှစ်ဖက် ထောင်ထားလိုက်တာ တစ်နေကုန်။

* * *

-၄-

မြင်းလှည်းက ဘိုင်စကုတ်ရုံရှေ့ ကွက်လပ်ကို တော်တော်ကျော်တော့မှ အတွေးပြတ်တော့တယ်။ သာသနာ့ဗိမာန်ကိုတောင် တွေ့နေရပြီပဲ။

http://www.mmcybermedia.com

"ဆရာကြီးက မြင်းလှည်းမောင်းတာ ကြာပြီလား"

မြင်းလှည်းဆရာကို ဦးကျောက်မောင်းကြီးအကြောင်း မေးချင်လို့ စကားစကြည့်လိုက်တယ်။

"အင်း... လေး ငါး ဆယ်နှစ်လောက်တော့ ရှိပါပြီဗျာ။ ဆရာလေးက ဒီရွာကလား... မဟုတ်ဘူး ထင်ပါရဲ့"

"ဒီရွာသားပါ။ ရန်ကုန်ကိုရောက်နေတာ ကြာပြီ။ အခု လာလည်တာပါ။ မြင်းလှည်းမောင်းတဲ့ ဦးကျောက်မောင်းကြီးကို သိလား"

"ဟာ... သိတာပေါ့ဗျာ။ ရွာမကြီးထဲက ကိုကျောက်မောင်း၊ ဆုံးသွားပါပြီ"

"ဩော်... ဆုံးသွားပြီလား"

"ကြာပြီ ဆရာလေးရဲ့... အရက်သောက်တာက မတရားပဲ၊ သိပ်ဆိုးတာပေါ့။ သေတဲ့အထိ ရွာကို ဒုက္ခပေးသွားတာကော..."

"ဩော်..."

"အစကတော့ လူကောင်းပါ။ မြို့က ဘိုင်စကုတ်ဆရာတွေနဲ့ တွဲမိတော့မှ ပျက်တာ"

"သူက အပြောကောင်းအဟောကောင်း ဆိုတော့ သူ့ခြေသူ့လက်ချည်းပဲ ဆိုပါတော့"

"ဟုတ်ကဲ့..."

"ဘိုင်စကုတ်တွေ ရွာမှာမပြဖြစ်တော့ သူလည်း အရက်စွဲ၊ ဖဲစွဲ၊ ထန်းရည်စွဲ ကျန်ရစ်ခဲ့ရော"

မြင်းလှည်းနောက်က မှန်းဆိပ်၊ ရှောက်တော ဘက် သွားမယ့် အမျိုးသမီးတွေကလည်း ငြိမ်လို့။ မြင်းလှည်းဆရာ့စကားကို နားထောင်နေကြပုံရတယ်။

"နောက်တော့ အရက်မူးရမ်းတာတို့၊ ရန်ဖြစ်တာတို့၊ ပေါင်းပင်မှာ နွားခိုးပေါ်တာတို့... စုံလို့ပါဗျာ၊ မကောင်းတာမှန်သမျှ အကုန်လုပ်တာပါပဲ"

"ဩော်..."

ငယ်ငယ်ကတည်းက မြို့ရောက်နေတဲ့ ကျွန်တော်ကတော့ ဒါတွေထိ မသိတော့ဘူးလေ။ ကြော်ငြာလှည်းထိပ်က လေကောင်းကောင်းနဲ့ ကြော်ငြာတတ်တဲ့ ဦးကျောက်မောင်းကြီး မျက်နှာကို သတိရနေမိတယ်။

"ဒီလိုနဲ့ ရွာကလည်း မခံနိုင်တော့ဘူး။ ဘယ်သူမှလည်း အဖက်မလုပ်တော့ဘူး။ မြင်းတွေ ထုတ်ရောင်း၊ အိမ်တွေ ထုတ်ရောင်း၊ စီးပွားရေးတွေကျ၊ စုတ်ပြတ်သတ်သွားတာပဲ ဆရာလေးရာ... ဒါပေမဲ့ မြင်းလှည်းအိမ်ကလေးတော့ သံဒိုးဖို့ တဲ့... ထားခဲ့တယ်"

သံဒိုး... မှတ်မိတာပေါ့... ဦးကျောက်မောင်းသား သံဒိုးနဲ့ ရွာကျောင်းမှာ အတူတူ နေခဲ့ဖူးသေးတာပဲ။

"သံဒိုးတို့ အခု ဘယ်မှာနေသလဲ။ ရွာမကြီးထဲမှာပဲလား"

"ဩော်... သံဒိုးကို ဆရာလေး သိသလား။ ရွာမကြီးထဲကအိမ်က ရောင်းလိုက်ပြီလေ။ အခု တာလမ်းဘေးမှာ အိပ်ကုပ်ကလေးနဲ့ နေတယ်။ ဟောဟိုးရှေ့နားမှာတင်ရယ်..."

MMCYBERMEDIA
COMMUNITY FOR ALL

မြင်းလှည်းက အနောက်ရိပ်သာကို ကျော်လာခဲ့ပြီ။ ရိပ်သာဘေးက ရေတွင်းကလေးကိုလည်း မှတ်မိရဲ့။ ရေတွင်းကလေးက ကျော်တော့ နေပူထဲမှာ မောင်းလာတဲ့ ဆိတ်အုပ်ကို မြင်းလှည်းက ရပ်စောင့်တယ်။ ဖုန်လုံးကြီးတွေ အလိပ်လိပ် ထလို့...

“ဟောဒီအိမ်ကလေးပဲ... သံဒိုးတို့အိမ်”

ကျွန်တော် ငုံ့ကြည့်လိုက်တော့ မန်ကျည်းပင်ကြီးတစ်ပင်ရဲ့ဘေးမှာ အိမ်ကလေးတစ်လုံး။ အိမ်ဘေးမှာက မြင်းလှည်းအိုတစ်စီး။ လက်တံနစ်ဖက်က မိုးပေါ်ကိုထောင်လို့။ အသားမည်းမည်း လူတစ်ယောက်က မြင်းလှည်းဘီးတွေကို ဆေးခွက်ကလေးကိုင်ရင်း ဆေးသုတ်နေတယ်။ ဒီမြင်ကွင်းကို မြင်းလှည်းဆရာက သဘောကျသွားပုံရတယ်။

“အောင်မာ... သံဒိုးက သူ့အဖေလှည်းဟောင်း ဆေးတွေဘာတွေ သုတ်လို့ပါလားဟေ့...”

ကျွန်တော်ကတော့ ခပ်ဝေးဝေးကမြင်ရတဲ့ သံဒိုးကို ပုံဖမ်းကြည့်နေမိတယ်။ မျက်နှာကို မမြင်ရတော့ ပုံဖမ်းလို့ မရဘူး။ တောသူတောင်သားပီပီ ညိုညိုကြမ်းကြမ်းကြီး ဆိုတာတော့ မြင်သာတယ်။

“မြင်းလှည်း ဆေးသုတ်မှာပေါ့ ကိုရင်ရဲ့... ရွာလယ်က ဦးမြတို့က ရန်ကုန်က ဗွီဒီယို ဆိုတာကြီး ဝယ်လာတယ်။ မနက်ဖြန် သန်ဘက်ခါ ပြတော့မယ် ဆိုလား... အဲဒါ သံဒိုးမြင်းလှည်းကို ကြော်ငြာလှည်းတပ်ခိုင်းထားတယ်။ မြင်းလည်း ဝယ်ပေးထားတယ်”

တစ်ချိန်လုံး ငြိမ်နားထောင်နေတဲ့ အမျိုးသမီးတွေထဲက တစ်ယောက်က ဝင်ပြောတယ်။ မြင်းလှည်းဆရာက ပြုံးတယ်။

“ကောင်းပေါ့ဗျာ... သံဒိုးကလည်း သူ့အဖေလို အပြောက ခပ်ကောင်းကောင်းရယ်...”

မြင်းလှည်းဆရာကြီးကတော့ ပြုံးပြုံးကြီးလုပ်နေတုန်း။ သူဘာတွေ တွေးနေသလဲတော့ မသိဘူး။ ဆိတ်အုပ်ကြီး လွန်တော့မှ မြင်းလှည်း ဆက်ထွက်တယ်။ ကမန်းကတန်း ငုံ့ကြည့်လိုက်တော့ မန်ကျည်းပင်ရိပ်မှာ သံဒိုးက သူ့အဖေမြင်းလှည်းဟောင်းကြီးကို ဆေးသုတ်နေတုန်းပဲ။

*(ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ် ၁၁၅၊ ၁၉၉၀ ပြည့်နှစ်-ဇူလိုင်လ။)*

MMCYBERMEDIA
COMMUNITY FOR ALL

## ထဘီဖာ လိုပါသေးရဲ့၊ တဘက်ဖာ လိုပါသေးရဲ့၊ ဘီးနဲ့မှန် လိုပါသေးရဲ့...

-၁-

ရွာက သူကြီးဟောင်း ကိုတက်ရိုးက ဖလံကျင်းသူ မမြသင်နဲ့ မင်္ဂလာဆောင်တော့မယ် ဆိုတော့ သက်ကယ်တန်းတစ်ရွာလုံးက ရယ်လိုက်ကြတာ အုန်းအုန်းထလို့။

တချို့ကတော့လည်း မရယ်နိုင်ကြဘူး။ ကိုယ့်ရွာက သူကြီးဟောင်းကို သိပေမယ့် ဖလံကျင်းသူ မမြသင်ကို တချို့က မမြင်ဖူးကြဘူးကိုး။ သက်ကယ်တန်းနဲ့ ဖလံကျင်း ဆိုတာ တစ်နယ်တော့ တစ်နယ်တည်းပဲ၊ ဒါပေမဲ့ နည်းနည်းတော့ လှမ်းတယ်။ နေ့ဝက်ခရီးလောက် သွားရတယ်။

မမြသင်က သက်ကယ်တန်းက ရီးပေါက်စတို့နဲ့ ဆွေရိပ်မျိုးရိပ် မကင်းတော့ သက်ကယ်ပျစ်ချိန်ဆိုရင် သက်ကယ်ပျစ်ဖို့ တစ်နှစ်တစ်ခေါက် ရောက်လာတတ်တယ်။ အသားဖြူဖြူ မျက်နှာဝိုင်းကလေးနဲ့။ ရှိလှမှ အသက်က နှစ်ဆယ်ကျော်ရင် တစ်နှစ် ပဲ။ ရွာက သူကြီးဟောင်း ကိုတက်ရိုးကတော့ အသက် ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ် သီသီဝေ့နေပြီ။ ကညာပျိုနဲ့ ဇရာအို ရယ်လို့တောင် မဟုတ်ပါဘူး၊ တချို့က မြေးအဘိုးတဲ့၊ တချို့ကလည်း နမြောလို့ တဲ့ စုတ်တသပ်သပ်နဲ့၊ တချို့ကလည်း ‘ဘဝအကြောင်းကိုး တော်ရဲ့’ တဲ့၊ တချို့ယောက်ျားတွေကတော့ ‘မိန်းကလေးနယ်... ကြိုက်စရာရှားလို့ကွာ။ ချီး...’ ဆိုတဲ့ အာခံတွင်းသံကြီးနဲ့။

ဘာပဲဖြစ်ဖြစ်လေ... ပဲ၊ နှမ်း လေး ပေါ်တာနဲ့ မင်္ဂလာဆောင်တော့မယ် ဆိုတာကတော့ သေချာနေပြီ။ ရီးပေါက်စကပဲ ကမကထလုပ်ပြီး မကွေးဘက် တက် လက်ဖက်လေး ဆေးလေး ဝယ်လို့၊ အိပ်ရာခမ်းနားလေး ဝယ်လို့၊ မမြသင်ဖို့ အဝတ်အစားလေးဘာလေး ဝယ်လို့... တစ်တိတစ်တိနဲ့ လုပ်နေကြပတဲ့။ မမြသင်ဘက်က မိဘဆွေမျိုးများကလည်း သက်ကယ်တန်းကိုလိုက်လာတာ နှစ်ခါတောင်ရှိပတဲ့။

* * *

-၂-

သူကြီးဟောင်း ကိုတက်ရိုးလို့သာ ပြောရတာ ဘကြီးတက်ရိုး၊ ဒါမှမဟုတ် ဘိုးတက်ရိုးတောင် ဖြစ်နေပါပြီ။ သျှောင်တစ်စောင်းကလေးနဲ့ ပိတ်ဖြူကလေး ကပိုကရို ရစ်ခွေပတ်ထားတတ်တာလည်း ရှိရဲ့။ ကြာဆံချောင်းတွေလို ဆံပင်ဖြူဖြူကျားကျားတွေက ပိတ်စခေါင်းပေါင်းပဝါကြားက ထွက်နေလိုက်တာ အမျှင်မျှင်ထလို့။

သွား ဆိုတာကလည်း ဘယ်တုန်းကမှ တိုက်ခဲ့ပုံမရဘူး၊ နီညစ်ညစ်နဲ့။ ကွမ်းသွားချေးတွေ တက်နေလိုက်တာလည်း ရွံစရာကြီး။

MMCYBERMEDIA
COMMUNITY FOR ALL

သည်ကြားထဲ သွားတွေက ကျိုးနေလိုက်သေးတယ်။ စိုက်သွားလေး ကူထားလို့ ပါးချောင်နားချောင်တော့ သိပ်မကျလှသေးဘူး။ အသားကတော့ တောသူ တောင်သားပီပီ ညိုတဲ့ဘက် ကျော်ပြီး မှောင်တဲ့ဘက်ရောက်နေလို့ သူနဲ့ရာထူးတူတဲ့ သူကြီးချင်းကတောင် 'သက်ကယ်တန်းသူကြီးက နချီးပိုးထိုး' တဲ့။

သူ့ သူကြီးဘဝတုန်းကတော့ ဘာအကြောင်းလဲ။ သူကြီးအာဏာ လက်တစ်ဆုပ်လောက်ပေမယ့် ရွာမှာတော့ ဖိန့်ဖိန့်တုန်ထဲကပဲ။ ရွာဘုရားပွဲတွေမှာ သူများသူကြီးတွေလို နှစ်လုံးပြူးတွေဘာတွေ ကိုင်မနေပါဘူး။ ဝါးရင်းတုတ်ကြီးကြီး လက်တစ်ကိုင်လောက်ကို သူ့အရပ်နဲ့ တိုင်းဖြတ်ပြီး ကိုင်ထားရုံပဲ။ သူ့နောက်က ရာအိမ်မှူးငမှုံကို ခေါ်ခဲ့ပြီး ပွဲခင်းတစ်ခင်းလုံး လှည့်နေတော့တာ။

သက်ကယ်တန်းသူကြီး ကိုတက်ရိုး ဆိုလို့ကတော့ မူးတဲ့လူတောင် အမူးပြေလောက်အောင် ကြောက်တယ်။ မိုက်လို့ဆိုးလို့များတော့ ရိုက်စရာရှိရင် ကျွဲရိုက်နွားရိုက်ပဲ။

လူတိုင်းတော့ အကြောင်းမဲ့ ရိုက်နက်နေတာ မဟုတ်ပါဘူး၊ တော်တော်ဆိုးမှပါ။ သူပိုင်တဲ့ လယ်တွေချောင်းတွေ ဆိုတာလည်း မပြောနဲ့တော့။ အနောက်ကွင်း နတ်ကွန်းစင်ဘက်ကနေ လက်ညှိုးသာထိုးလိုက်၊ မြစ်နားတန်းညို့ညို့အထိက သူ့လယ်ချည်းပဲ။ မြေပဲခင်း၊ နှမ်းခင်း ဆိုတာတော့ မမြင်ချင့်အဆုံး။

အရက်ကလေးကလည်း ကြိုက်တယ်။ ဒါကလည်း တမင်ကျင့်ထားရတာ။ ဝန်ထောက်တို့၊ မြို့ပိုင်တို့ လာရင် ဒါမှအဆင်ပြေတာကိုး။ ကက်တော့ တော်တော် ဝါသနာကြီးတယ်။ သူကြီးရင့်မကြီးလုပ်ပြီး နေ့လယ်နေ့ခင်း ဈေးလယ်ကောင် ကက်သွားဆွဲချင် ဆွဲနေတတ်တာ။ ဝါးရင်းတုတ်ကြီး တိုင်ဘေးထောင်ပြီး တစ်နေကုန် ထုံးခွေကြေး ကက်ဆွဲကြတော့ သူ့မျက်နှာ ထုံးတွေ အစင်းလိုက်ပဲ။

သူများမျက်နှာတွေလည်း ထုံးတွေ အချောင်းလိုက်ပဲ။ ညနေ မိုးချုပ်ခါနီး ကက်ဝိုင်းပြီးလို့ ပြန်လာရင် မျက်နှာသစ်လာတာ မဟုတ်ဘူး။ ထုံးကြောင်းအရစ်အရစ်တွေနဲ့ သည်အတိုင်း အိမ်ပြန်လာတာ။ အိမ်ရောက်တော့မှ မျက်နှာသစ်တယ် (သူကြီး ဆိုတော့လည်း မျက်နှာကထုံးတွေနဲ့ ရယ်စရာကြီး ဖြစ်နေပေမယ့် လမ်းတွေ့တဲ့လူကလည်း မရယ်ရဲဘူး)။

'ကနေ့ အဖေချည်းရှုံးတာပဲ သမီးရေ...' ဆိုပြီး အိမ်ပေါ်တက်လာတော့ သမီးကြီး (တတိယသမီး) မတင်ဥက 'အဖေကလည်းတော်... သူကြီးလုပ်နေပြီး မျက်နှာ ထုံးတွေနဲ့။ မရှက်ဘူးလား' လို့အမြဲ ပြောတတ်တယ်။

'ဟ... သူကြီး ဘာဖြစ်တုံး... သူကြီးလည်း လူပဲဟ' ဆိုပြီး မျက်နှာသစ်တယ်။ နောက်တစ်နေ့ နေ့လယ် ကက်ဝိုင်းသွားမြဲပါပဲ။ တစ်ခါတလေ ကစားဖက်က နိုင်လို့ သူကြီးမျက်နှာ ထုံးမခွေရဲဘူး ဆိုရင်...

"ဟကောင်... ခွေလကွာ... သူကြီးမို့ ထုံးမခွေဘူး ဆိုရင် ဘယ်တရားပွဲမလဲကွ။ ကက်ဆွဲရတာ ဘယ် အရသာရှိတော့မှာလဲ။ လုပ်ပါ ငါ့ကောင်ရ... ခွေပါ..." လို့ ပြောပြီး မျက်နှာထိုးပေးတတ်တယ်။

http://www.mmcybermedia.com

တကယ်က ကိုတက်ရိုးက သူကြီးမျိုးမဟုတ်ဘူး။ ပညာကတော့ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်းလောက်ပါပဲ။

သူ့အရင် သက်ကယ်တန်းသူကြီးက ကိုကံရင် တဲ့။ အဲဒီတုန်းက ကိုတက်ရိုးက သူကြီးရဲ့ ညာလက်ရုံး။ သူကြီးကိုကံရင်မှာ သားမရှိဘူး၊ သမီးတွေချည်း မွေးထားတာ။ သူကြီး ကိုကံရင် အသက်ကြီးတော့ သူ့သမီးတွေထဲက မကျင်လှကို ကိုတက်ရိုးနဲ့ ပေးစားတယ်။ ဒါဘာပွဲ တို့၊ မင်းပွဲတို့မှာ ကိုတက်ရိုးကို ပွဲထုတ်တယ်။

ကိုကံရင် သေတော့ သမက်ကိုတက်ရိုး သူကြီးဖြစ်လာတာပါပဲ။ သူကြီးဖြစ်တဲ့နှစ်က ကိုတက်ရိုး ပိုက်ဆံတော်တော်ကုန်တယ်။ မြို့ပိုင် တို့၊ နယ်ပိုင် တို့ ရွာကိုကြွတော်မူတယ်ဆိုရင် ကိုတက်ရိုးက အရိုးခံ မဟုတ်လား၊ ဘာမှမလုပ်တတ်ဘူး။ သူ့မိန်းမ မကျင်လှက သူကြီးသမီး ဆိုတော့ ဘာလုပ်ရမလဲ ဆိုတာ သိတယ်။ ဒီလို ဒီလို လုပ် ပေါ့၊ ဒီဟာ ဒီဟာ ကျွေး ပေါ့၊ ဒါလေး ဒါလေး ပေး ပေါ့ ဆိုတော့မှ သူကြီးပါးဝသွားတော့တယ်။

မကျင်လှနဲ့က နှစ်အစိတ်လောက် ပေါင်းလိုက်ရတယ်။ မကျင်လှ မီးယပ်သွေးဆုံးနဲ့သေတော့ ကိုတက်ရိုးက ငါးဆယ်ကျော်ရုံရှိသေးတယ်၊ အရွယ်ကောင်းတုန်း။ သားနှစ်ယောက်၊ သမီးသုံးယောက် ကျန်ရစ်တယ်။ ငတင် တဲ့၊ ငမှင် တဲ့၊ မတင်ဥ တဲ့၊ မကျင်နု တဲ့၊ မခင်ပု တဲ့။

သားကြီးကိုတင်က ခေတ်ပညာတတ်တယ်။ မကွေးမှာ ကျောင်းထားတယ်။ သူကြီးလည်း လုပ်ချင်ပုံမရတော့ သားလတ်ကိုမှင်ကို နားသွင်းရတယ်။ သူကြီးလက်စွဲလေး ဘာလေး ဖတ်ခိုင်း၊ ရပ်အမှု ရွာအမှုတွေ စစ်တော့ နားထောင်ခိုင်း၊ သူကြီးအစည်းအဝေးလေးဘာလေး စာရေးလုပ်ခိုင်း၊ ကောက်ခိုင်းနဲ့ သူကြီးထရိန်နင် ပေးလာလိုက်တာ ရွာက တော်ရုံကိစ္စ ကိုမှင်နဲ့တင် ပြီးတယ်။

မကျင်လှ ဆုံးပြီးလို့ လေးနှစ်လောက်ကြာတော့ ကိုတက်ရိုး မိန်းမထပ်ယူတယ်။ သက်ကယ်တန်းကပါပဲ။ ဆွေကြီးမျိုးကြီးထဲကပါ။ မငြိမ်း တဲ့။

မငြိမ်းက အပျိုစစ်စစ်တော့ မဟုတ်ဘူး၊ မုဆိုးမ။ သူ့ အရင်ယောက်ျားက အပေါင်ဆိုင်ဖွင့်ထားတဲ့ တရုတ်ကိုကျင်မိုန်။ ရွှေလေးငွေလေးနဲ့ ချမ်းချမ်းသာသာပါပဲ။ ကိုကျင်မိုန်နဲ့ ကလေးမရဘူး။ အပေါင်ဆိုင် တရုတ် ဆုံးတော့ ကျီးကြည့်ကြောင်ကြည့်ဖြစ်နေတုန်း သူကြီးကိုတက်ရိုးက ကောက်ယူလိုက်တာ။

အပေါင်ဆိုင်တရုတ်နဲ့ ကလေးမမွေးတဲ့ မငြိမ်းက သူကြီးကိုတက်ရိုးနဲ့ကျတော့ မွေးလိုက်တာမှ ရှင်မွေးလွန်း ဖြစ်ကရော၊ ဆယ့်တစ်ယောက်တောင် (ဒါတောင် ကြားထဲမှာ နှစ်ယောက် ပျက်ကျသေးတယ်)။ ကိုတက်ရိုးရဲ့ အရင်မယားကရတဲ့ သားသမီးတွေနဲ့က အဆင်မပြေတော့ ဝိုင်းထဲမှာပဲ အိမ်သတ်သတ်ဆောက်ပြီး ထားတယ်။

အရင်မယားက သားသမီးတွေနဲ့ မငြိမ်းနဲ့သာ အဆင်မပြေတာ၊ ကလေးတွေချင်းကျတော့ အဆင်ကိုပြေလို့၊ ချစ်ကြတယ်။ ကိုတက်ရိုးကလည်း မငြိမ်းမို့ မျက်နှာသာမပေးဘူး၊ အရင် သားသမီးတွေမို့လို့လည်း ဦးစားမပေးဘူး၊ မျှမျှတတပဲ။

ခြံဝိုင်းကြီးထဲ စပါးကျီ၊ ပဲကျီ ကြီးကြီးဆောက်ပြီး ရလာတဲ့ စပါး၊ ပဲ၊ နှမ်း လှောင်ထားတာပဲ။ မျိုးချန်စရာရှိတာ ချန်၊ ရောင်းစရာရှိတာ ရောင်း၊ စားဖို့သိမ်းတာ သိမ်းနဲ့ ရသမျှ တစ်စုတစ်စည်းတည်း ထားတာပါပဲ။

ကိုတက်ရိုး အသက်ခြောက်ဆယ် တော်တော်ကျော်လာတော့ သူကြီးအလုပ် စိတ်ကုန်လာတယ်။ အသက်ကလည်း ရလာပြီ၊ လယ်တွေ ချောင်းတွေကလည်း ရှိသေးတယ်၊ ရွာကိစ္စတိုင်းကို ထစ်ခနဲဆို သူ မသွားနိုင်တာလည်း ပါတယ်၊ ဆိုင်ရာဆိုင်ရာနဲ့ ညှိနှိုင်းပေးကမ်းပြီး သူ့သား မှင်ကို သူကြီးရာထူးအပ်ပြီး သူက နားတယ်။

သျှောင်တစ်စောင်းနဲ့ သူကြီးဦးတက်ရိုး နေရာမှာ ဘိုကေနောက်မြင့်နဲ့ သူကြီးဦးမှင် ပြောတာကလွဲရင် သက်ကယ်တန်းရွာက သူကြီးအပြောင်းအလဲကို သိတောင်မသိလိုက်ကြဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ရွာကလေးမှာ သူကြီးအပြောင်းအလဲကို သိပ်ဂရုစိုက်နေကြတာလည်း မဟုတ်ဘူး။

တစ်နေ့ ငမှင် သူကြီးဖြစ်မယ် ဆိုတာ ကြိုသိနေကြတော့လည်း အသွားမပျက် အစားမပျက်ပါပဲ။ ကိုမှင် သူကြီးဖြစ်လို့မှ မကြာသေးဘူး။ သူ့အဖေ သူကြီးဟောင်းကိုတက်ရိုးရဲ့ နောက်မယား မငြိမ်း သေပြန်ရော။ မငြိမ်းသေတော့ သူကြီးဟောင်း ကိုတက်ရိုးက ခုနစ်ဆယ်ကို သုံးနှစ်စွန်းနေပြီ။ လယ်လေးကိုင်းလေးလည်း ကွပ်ကဲရသေးတယ်၊ ရပ်မှုရွာမှုကလည်း တစ်ဖက်၊ ညီအစ်ကို မောင်နှမတွေအရေးက တစ်ဖက်နဲ့ ဂျင်ခြေကိုလည်လို့။

ညီအစ်ကိုမောင်နှမတွေကို အိမ်စောင့်ချသင့်သူ ချ၊ ကျောင်းထားဖို့ မြို့ကိုပို့သူ ပို့၊ လယ်ထဲကိုင်းထဲ ဆင်းခိုင်းသင့်တဲ့သူ ဆင်းခိုင်း၊ လုပ်နေတုန်းမှာပဲ သူကြီးဟောင်းကိုတက်ရိုးက ပုတီးကလေး လည်ပင်းဆွဲပြီး ဘုန်းကြီးကျောင်း သွားသွားနေတာ နေ့တိုင်း။

ဘုန်းကြီးကျောင်း သွားတဲ့ လမ်းမှာ ရီးပေါက်စတို့ သက်ကယ်ပျစ်တဲ့ တဲကြီး ရှိတယ်။ ဟိုရွာ သည်ရွာက မိန်းကလေး တော်တော်များများလည်း ရီးပေါက်စတို့အိမ်မှာ နေရင်း သက်ကယ်ပျစ်ကြတယ်။ အဲဒီအထဲမှာ ဖလံကျင်းက မမြသင်လည်း ပါတယ်။

အိမ်ရှေ့ ဖြတ်ဖြတ်သွားတဲ့ သူကြီးဟောင်း ကိုတက်ရိုးကို ရီးပေါက်စက 'အိမ်များလည်းဝင်ပါဦး သူကြီးရဲ့... ဝင်ကောင်းပါတယ်' ဘာညာ ဆိုတော့ သူကြီးလည်း ဝင်ဖြစ်ရော။ ဝင်ရင်းဝင်ရင်းကပဲ သူကြီးဟောင်း ကိုတက်ရိုး မိန်းမလိုချင်လာရော။ ဒါကို ရီးပေါက်စက သိတယ်။

ရီးပေါက်စက ဒါကိုတင်သိတာ မဟုတ်ဘူး၊ သူကြီးဟောင်းရဲ့ လယ်တွေ ချောင်းတွေကိုလည်း သိတယ်။ အရင်မယားတွေက ကျန်ခဲ့တဲ့ ကြံဆစ်လက်ကောက်တွေ၊ ပန်းတစ်လိမ်နန်းတစ်လိမ် ဘယက်တွေ၊ အမ်စီကြိုးတွေကိုလည်း သိတယ်။ သေတ္တာနဲ့နှစ်လုံးလောက် ကျန်ရစ်တဲ့ ထဘီတွေ အဝတ်အစားတွေကိုလည်း သိတော့ မမြသင်ကလေးနဲ့ အောင်သွယ်တယ်။ အောင်သွယ်ခလေး စားလိုက်၊

MMCYBERMEDIA
COMMUNITY FOR ALL

နားလေးချလိုက်နဲ့ နှစ်နှစ်လောက်ကြာတော့ မင်္ဂလာဆောင်ဖို့ ရက်သတ်တဲ့အထိ ဖြစ်လာတယ်။ ပထမတော့ မမြသင်က ငြင်းတယ်၊ ခုနှစ်အိုကျား ရှစ်အိုကျားကြီး မယူချင်ပေါင် တဲ့။

နောက်တော့ ရီးပေါက်စကလည်း အပို့ကောင်း၊ မမြသင်မိဘများကလည်း သည်းသတင်းကြားတော့ တွန်း၊ ကြာတော့ မမြသင် 'အင်း' လိုက်ရတယ် ဆိုပါတော့။

အဲဒီမှာတင် သူကြီးဟောင်းကိုတက်ရိုးနဲ့ ဖလံကျင်းသူ မမြသင် မင်္ဂလာဆောင်တော့မယ် ဆိုတဲ့သတင်း ထွက်လာလိုက်တာ ပျားတူအုံ တုတ်နဲ့ထိုးသလိုပဲ။

* * *

-၃-

မင်္ဂလာဆောင်မယ့် အကြိုညက မဏ္ဍပ်ထဲမှာ အောက်လင်းဓာတ်မီးတွေဆိုတာ ထိန်လို့။ မကွေးကိုတက်ငှားတာ ဓာတ်မီးဖိုးကချည်း တစ်ရာလောက် ကျတယ်။ ချက်တဲ့လူက ချက်၊ ပြုတ်တဲ့လူက ပြုတ် ပေါ့။ သူကြီးကိုမှင် မျက်နှာနဲ့ ဟိုရွာသည်ရွာက လာပို့တဲ့ ဝက်တို့ကြက်တို့ ဆိုတာ ဖောချင်းပဲ။ အရက် ဆိုတာတော့ မပြောနဲ့တော့။ ပလတ်စတစ်ပုံးကြီးတွေနဲ့ ထည့်ထားတာ၊ သောက်စမ်း... ကြိုက်သလောက် သောက်။

ရွာကတီးဝိုင်းကလည်း ရသမျှသီချင်းလေးတွေနဲ့ ဧည့်ခံလို့။ သူကြီးဟောင်းကိုတက်ရိုးကတော့ တစ်ခါမှ ထုတ်မပေါင်းဖူးတဲ့ ပန်းနုသွေးမင်္ဂလာရောင် ခေါင်းပေါင်း နှစ်ပတ်ကျော့လေးနဲ့ တကယ့် ကာလသားလေး ကျနေတော့တာ။ လည်ကတုံးအင်္ကျီ လျှာဖတ်လတ်မှာ ရွှေသီး ဆိုတာ တစ်လုံး တစ်လုံးကို မန်ကျည်းစေ့လောက်ရှိတယ်။ တစ်ချက်မှလည်း ဣန္ဒြေမရဘူး။ ရပ်မိရပ်ဖတွေထိုင်တဲ့ လူကြီးဝိုင်းပဲ ဝင်ထိုင်ရတော့မလိုလို၊ ကာလသားတီးဝိုင်းထဲဝင်ပြီး 'မေတ္တာသဘ္ဘော အနန္တော... မြတ်ရှင်စော ဟောကြားကာရယ်...' ပဲ ဟဲရတော့မလိုလိုနဲ့။

သူကြီးကိုမှင်ကတော့ ဖအေ သတို့သားကြီးကို ကြည့်ရင်းက ပြုံးပြုံးကြီး။ မငြိမ်းနဲ့ရတဲ့ ကလေးတွေကလည်း သူတို့အဖေ အိုကြီးအိုမကို ကြည့်ပြီး ရက်တဲ့သူက ရက်လို့၊ မူးတဲ့သူက မူးလို့၊ ပျော်တဲ့သူက ပျော်လို့။ မမြသင်ကိုတော့ မတွေ့ရဘူး။ ရက်လို့ပဲလား၊ ညွှတ်နေအောင် ဆင်ထားတဲ့ ရွှေတွေနဲ့ မနေတတ်မထိုင်တတ်လို့လား မသိဘူး၊ မဏ္ဍပ်ထဲ တစ်ခါမှ မလာဘူး။ တချို့ကလည်း ရီးပေါက်စတို့အိမ်မှာ ငိုနေလိုက်တာ ရှိုက်ကြီးငင်ကြီး တဲ့။ တချို့ကလည်း မဟုတ်ပါဘူး တဲ့၊ သင်းကြူကြူပေါင်ဒါလေး လိမ်းလိုက်၊ သီချင်းလေး ညည်းလိုက်နဲ့ပါ တဲ့။

ခက်တာက မမြသင်ရဲ့ အဖေနဲ့ အမေပဲ။ သူကြီးဟောင်းရဲ့ ယောက္ခမသာ ပြောရတယ်၊ သမက်က သူတို့ထက်ကြီးနေတော့ 'သား' ပဲ ခေါ်ရမှာလား၊ 'မောင်တက်ရိုး' ခေါ်ရမှာလား၊ 'သူကြီး' လို့ လွယ်လွယ်ခေါ်ရမှာလား မဝေခွဲတတ်ဘူး ဖြစ်နေတယ်၊ ကိုတက်ရိုးကလည်း ယောက္ခမတွေကို ခေါ်ရင် 'ဒီမယ်' တဲ့။

MMCYBERMEDIA
COMMUNITY FOR ALL

နောက်တစ်နေ့ မိုးလင်းလို့ ဘုန်းကြီးကျောင်း မင်္ဂလာဆွမ်းအုပ်ပို့ပြီးတာနဲ့ ရွာက ရွာမိရွာဖတွေ ထမင်းကျွေးဖို့ စီစဉ်တယ်။ ထမင်းမကျွေးခင် ဟိုဘက်ဒီဘက် ဆွေမျိုးမိဘတွေ၊ လူကြီးသူမတွေ ခေါင်းရင်းဘက် တန်းစီထိုင်ပြီး သတို့သမီး-သတို့သား မင်္ဂလာစကားပြောမယ် လုပ်တော့ မမြသင်နဲ့ ကိုတက်ရှိးက ပီဘိ ကျုံ့ကျုံ့ကလေး ထိုင်လို့။

မမြသင်ကတော့ စံပယ်ပွင့်တွေ ဝေနေအောင် ပန်ထားတယ်။ မျက်နှာကလည်း ပန်းသွေးထနေလိုက်တာ ရဲလို့။ ခေါင်းကလည်း ငုံ့ထားလိုက်တာ ဇက်ကျိုးတာကမှ လှုပ်လိမ့်ဦးမယ်။ မိန်းမသုံးယောက်နဲ့ မင်္ဂလာဆောင်ဖူးသွားပြီဖြစ်တဲ့ ကိုတက်ရှိးကတော့ ရှိုးတိုးရှန့်တန့်တော့ မဖြစ်ဘူး၊ ဒါပေမဲ့ ရှက်တော့လည်း ရှက်တာပါပဲ။ သူ့သဘောအတိုင်းဆို မင်္ဂလာဆောင်ဖို့ စိတ်မကူးဘူး၊ သည်အတိုင်း ပေါင်းလိုက်ရုံ တွက်ထားတာ။ ဒါပေမဲ့ မမြသင်ဘက်က လက်မခံဘူး။ သူ့သမီး အပျိုနုနုထွတ်ထွတ်ကို မင်္ဂလာဆောင်ယူရမယ် ဆိုလို့သာကိုး။

မမြသင်ရဲ့ မိဘနှစ်ပါးနဲ့ ရပ်မိရပ်ဖတွေ၊ သူ့သား သူကြီးကိုမှင်တို့ ခေါင်းရင်းခန်း နေရာဝင်ယူတော့ လာသမျှဧည့်သည်တွေကလည်း အထူးအဆန်းဖြစ်လို့။ ငြိမ်လို့... ပြုံးကြလို့... ဒါပေမဲ့ မင်္ဂလာစကားကို ဘယ်သူက စပြောမယ် ဆိုတာ ညှိမထားတော့ တိတ်ဆိတ်နေလိုက်တာ အကြာကြီး။ တစ်အောင့်နေတော့မှ ရွာက စက်ပိုင်ဦးဘရှင်က...

"မောင်မှင်... မင်းကရွာမှာ သူကြီးပဲ။ မင်းက စပြောကွာ" တဲ့။

ကိုမှင်က ဘယ်လိုမှ မျှော်လင့်ထားတာမဟုတ်ဘူး။ သူ စကားပြောရမယ် လို့လည်း မထင်ဘူး။ ပြောလည်း မပြောသင့်ဘူး လို့ တွက်ထားတာကိုး။ ဒါကြောင့် ဦးဘရှင်ကပြောခိုင်းတော့ တွန့်သွားတယ်။

"ဟာ... မဟုတ်တာ... ဘကြီးဘရှင်ပဲ ပြောပါဗျာ"

"အေးပါ... တို့လည်း ပြောမှာပါ။ ဟိုဘက်ဒီဘက် မိဘများကလည်း ပြောရမှာလေ။ မင်းက မင်းအဖေဘက်က လူကြီးတစ်ယောက်အနေနဲ့ရော ရွာကသူကြီးအနေနဲ့ပါ မင်း စပြောမှ တင့်တယ်မှာပေါ့"

အဲဒီတော့မှ ရွာကလူတွေကလည်း စိတ်ဝင်စားလာကြတယ်။ ကိုမှင်က သူ့အဖေ သတို့သားကို ဘယ်လိုပြောမှာပါလိမ့် ပေါ့။ ကိုမှင်ကတော့ ချွေးတွေသံတွေတောင် ထွက်လာတယ် လို့ ထင်တယ်။ သူ့ရှေ့က ဖလားစုံကွမ်းအစ်ကြီးထဲက ကွမ်းသီးတစ်ဖတ် ကောက်ဝါးထည့်ပြီး အကြာကြီး နေတော့မှ...

"အဟမ်း..."

ချောင်းမဟန့်ချင်ဘဲဟန့်တော့ လူတွေက တဝေါဝေါ စကားပြောနေကြတာ ငြိမ်သွားတယ်။

"အဖေနဲ့... အဲ... အဖေနဲ့ပေါ့လေ... မမြသင်နဲ့..."

ကိုမှင်က ဆက်ပြောလို့မရသလို ရပ်သွားတယ်။ ကွမ်းသီးတစ်ဖတ် ထပ်နိုက်တယ်။ ဝါးတယ်။ မဆီမဆိုင် ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့တယ်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

"အဖေနဲ့ မမြသင်နဲ့ ဘာသာဘာဝ ထိမ်းမြားကြလို့ မင်္ဂလာစကား ပြောပါ ဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်၊ ပုဆိုးတန်းတင် အကြွင်လင်မယား တဲ့... အဟမ်း... အရှေ့ ခုနစ်အိမ်၊ အနောက် ခုနစ်အိမ် သိကြလို့ မြန်မာ့ထုံးစံ ကန်တော့ပွဲနဲ့... ကွမ်းဆေး လက်ဖက်နဲ့ ဧည့်ခံလို့ လင်မယားအရာမြောက်ပြီ ဆိုတာနဲ့..."

ကိုမှင်က ငုံ့ထားတဲ့ ရေနွေးကြမ်းပန်းကန်ကို ယူပြီး ရှုတ်ခနဲ သောက်တယ်။ သူကြီးဟောင်း ကိုတက်ရိုးကတော့ သူ့သား ကိုမှင်ကို မျက်ထောင့်နီကြီးနဲ့ ကြည့်နေတယ်။ လူတွေက ရယ်ချင်ပေမယ့် မရယ်ဘဲ တင်းထားတဲ့ရုပ်တွေနဲ့။ ကိုမှင်ကလည်း သူ့စကား အမြီးအမောက် မတည့်တာ သူ့ဟာသူ သိတယ်။ ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ခဏနေတော့မှ...

"ဒီတော့ကာ... မမြသင်ကလည်း မယားဝတ္တရား တဲ့... ငါးပါးနဲ့တူတယ်... အဲဒါရှိတယ်။ အဖေကလည်း လင့်ဝတ္တရားငါးပါးနဲ့အညီ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နော်ဗျာ... ရသမျှဥစ္စာကိုလည်း တူအမျှ၊ ရသမျှကုသိုလ်လည်း တူအမျှ ဆိုသလို... အဲ... ဆိုသလို... မမြသင်ကလည်း ကိုယ့်လင်သားကို လင်သားလို၊ အစ်ကိုလို... အဖေလို ဆက်ဆံရမယ်... အဖေကလည်း ဒီလိုပဲနော်။ အဖေကလည်း ခါတိုင်းလို မမိုက်နဲ့တော့..."

သူကြီးဟောင်း ကိုတက်ရိုးက သူ့သား ကိုမှင် ပြောနေတာကို ဒေါသပဲဖြစ်နေလို့လား၊ စိတ်ပဲ မကောင်းလို့လား မသိဘူး။ မျက်လုံးကြီးတွေကလည်း ပြူးလို့။

"မမိုက်နဲ့ ဆိုတာက အဖေ ကက်လည်းဖြတ်တော့။ အရက်လည်း ဖြတ်တော့။ အသက်ကလည်း နားထင်ဆောင့်နေပြီ"

ကိုတက်ရိုးက သူ့သားကိုမှင်ရဲ့ မင်္ဂလာစကားထဲမှာ ကက်တွေ ရော၊ အရက်တွေရော၊ မမိုက်နဲ့တော့ရော ပါလာတဲ့အထိက ဘာမှမပြောသေးဘူး၊ အသက် နားထင်ဆောင့်နေပြီ ဆိုရော...

"ဟော့ကောင် ငမှင်... ခွေးသား... တော်တော့ကွာ" တဲ့။

အော်လိုက်တာ မင်္ဂလာပွဲလာကြတဲ့လူတွေ ဆိုတာ အုံးခနဲ ထရယ်တာ ပတ်တုတ်ယူရတယ်။

* * *

-၄-

အရင်မယားနစ်ယောက် ယူခဲ့တုန်းက မယားတွေသာသေခဲ့တဲ့ သူကြီးဟောင်း ကိုတက်ရိုး မမြသင်နဲ့ညားလို့ ခြောက်လလောက်လည်း ကြာရော သည်တစ်ခါသေတာ သူကိုယ်တိုင် ဖြစ်သွားတော့တယ်။

အဲဒီတုန်းက မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းတဲ့ရောဂါ ဆိုတာလည်း မပေါ်သေးပါဘဲနဲ့ သူကြီးဟောင်းကိုတက်ရိုးကတော့ တပိန်ပိန်တလိန်လိန်နဲ့ လုံးပါးပါးပြီး သေသွားတာ။ ဘာရောဂါရယ်လို့ မည်မည်ရရလည်း မရှိဘူး။

သူကြီးဟောင်းကိုတက်ရိုး ခုနစ်ဆယ်ကျော်လို့ သေသွားတာက သတင်းမဟုတ်ပေမယ့် ကျန်ရစ်ခဲ့တဲ့ မမြသင်ကတော့ ကိုယ်ဝန်နစ်လ ကျန်ခဲ့တယ် ဆိုတာကမှ သတင်းဖြစ်နေတော့ ရွာကလူတွေက 'ဟယ်... ဟုတ်ပဲ့မလား...' ပေါ့။

မဖြစ်နိုင်ပါဘူး ပေါ့။

သူကြီးဟောင်း သေပြီးလို့ မကြာပါဘူး၊ မမြသင် ဗိုက်ကလေးစူလာတော့မှ လူတွေက...

"ဟုတ်ပဲ့တော်... သူကြီးဟောင်း ကိုတက်ရိုးတို့များ သေခါနီးတောင် ခုနစ်ထွေကလေးနဲ့"...တဲ့။

MMCYBERMEDIA
COMMUNITY FOR ALL

# ကွဲအက်နာရီ

-၁-

ကိုပေတောမှာ နာရီဟောင်းတစ်လုံး ရှိတယ်။ Sandoz လို့ ခေါ်တဲ့ သာမန် နှစ်ရာကျော်ကျော်လောက်သာ တန်တဲ့ နာရီတစ်လုံးပေါ့။ အဲဒီနာရီ အရင်ကလည်း သူ့မှာ နာရီအတော်များများ ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဖိုးနည်းဝန်ပါတွေချည်းပဲ။ တစ်ထောင်ကျော်တန်တဲ့နာရီ တစ်လုံးမှ မပါဘူး။ ငါးရာတောင် မကျော်ပါဘူး။ နည်းနည်းကောင်းကောင်းဆိုလို့ ဖဲဝိုင်းပြန် အိုရီဂျီဘယ်နာရီ ပါးပါးကလေး တစ်လုံးပဲ ပါဖူးတယ်။

ကိုပေတောက နာရီကလိတတ်တဲ့လူတော့ မဟုတ်ဘူး။ ထူးဆန်းတာက နာရီ ရယ်လို့ ဝယ်လိုက်လို့ သူ့မှပတ်ပြီ ဆိုရင် နာရီက ပျက်တာ များတယ်။ သွားနေရင်းက ရပ်သွားတာမျိုး...

တစ်ခါကဆိုရင် မြို့ထဲကဝယ်လာတာ သူနေတဲ့ ရပ်ကွက်တောင် မရောက်သေးဘူး၊ ကားပေါ်မှာတင် နာရီက ရပ်သွားတယ်။ ဒါနဲ့ ကားပေါ်က ပြန်ဆင်းပြီး ပြန်ပြောတော့ ဆိုင်ရှင်က ဖြုတ်ကြည့်တယ်။ 'အသစ်မို့လို့ပါ' တဲ့။ 'ဒါက ဝိုင်ဒင်တိုက်နော်' တဲ့။ 'သံပတ် နေ့စဉ်ပေးဖို့လည်း မမေ့နဲ့တဲ့' တဲ့။ 'ခြောက်လအတွင်း ရပ်သွားရင်၊ ပျက်သွားရင် ပြန်သာယူခဲ့' တဲ့။ ကိုပေတော ကျေနပ်သွားတယ်။ ပြန်ပတ်လာတယ်။ မရပ်ဘူး။

နောက်တစ်ရက် ရပ်သွားတယ်။ သူ တော်တော်လည်း စိတ်ပျက်သွားတယ်။ ဆိုင်ကို တစ်ခါ ပြန်သွားတယ်။ ဆိုင်ရှင်က မျက်နှာမကောင်းဘူး။ ဘာဖြစ်သွားလို့ ဆိုလား ပြန်လုပ်ပေးလိုက်တယ်။ သူ ပြန်ယူလာတယ်။ တစ်ပတ်တိတိကြာတဲ့နေ့မှာ စက်ရပ်သွားပြန်ရော။

ဒီတစ်ခါတော့ နာရီရောင်းတဲ့သူက ဝယ်တဲ့နာရီဈေးပေါ်မှာ အခြေခံပြီး တခြားနာရီတစ်လုံးကိုသာ ယူသွားပါတော့ တဲ့။ ငွေနည်းနည်း ထပ်ဆောင်းပေးပါ ဆိုတော့ သူ့စိတ်ကြိုက်တစ်လုံး ထပ်ယူလာတယ်။ ငွေတစ်ရာ ထပ်ပေးခဲ့ရတယ်။ အဲဒီနာရီလည်း ခြောက်လအာမခံပဲ။

တိုက်တိုက်ဆိုင်ဆိုင် ခြောက်လပြည့်တဲ့နေ့ရဲ့ နောက်တစ်နေ့ မိုးလင်းတော့ နာရီစက်ရပ်သွားတယ်။ သူ ရက်တွေပြန်စစ်တယ်။ ဟုတ်တယ်၊ တကယ့်ကို ခြောက်လ တစ်ရက်စွန်း ဖြစ်နေတယ်။ သူ ရောင်းတဲ့ဆိုင်ကို မသွားတော့ဘူး။ နာရီပြင်ဆိုင်မှာ ပြင်တယ်။ ကောင်းတယ်၊ ပတ်တယ်၊ ဓာတ်ဆီ-ဓာတ်စံ ပြက်လုံးလိုပဲ 'ပေးရင်းကတော့ ငါးကျပ်ပဲ၊ ပေါက်လိုက် ရွေးလိုက်က ငါးဆယ် ကျတယ်' ဆိုသလိုပဲ၊ ပြင်ခကချည်း နာရီဖိုး ကျော်သွားတယ်။

ဒီတော့ သူ ရသလောက်နဲ့ ရောင်းလိုက်တယ်။ နောက်တစ်လုံး ဝယ်တယ်။ ချက်ချင်းတော့ ဝယ်လိုက်နိုင်တာမဟုတ်ဘူး၊ တော်တော်ချိုးခြံပြီး စုဝယ်ရတာ။ နောက်နာရီတွေလည်း သည်လိုပဲ။ ဒါပေမဲ့ သူ စိတ်မပျက်ဘူး၊ ငြီးငွေ့တယ်ရယ်လို့လည်း မရှိဘူး။ 'နာရီဖိုးမျိုး ခံနိုင်သူကို ကျွန်မဖြင့် တွေ့မမြင်ပြီ...

ဩော်... ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့... လူပါမသိုးရုံဖြင့် မှာလိုက်ချင်သည်’ ဆိုတာ ကိုပေတောမှ အစစ်ပဲ။ နောက်ပြီး နာရီ ကောင်းနေတုန်းပေမယ့် ချေးဆေးရင်လည်း ဆေးတတ်တယ်။

ဆိုင်က ‘ခင်ဗျားနာရီ ကောင်းနေသေးပဲဗျ’ ဆိုတော့ သူက ‘အဝတ်အထည်လိုပဲပေါ့ဗျာ၊ သိပ်မပေခင် ဖွပ်တော့ ပိုမကောင်းဘူးလား’ တဲ့။ နာရီပြင်ဆရာက ‘ကောင်းပါတယ်၊ ဒါပေမဲ့ ခင်ဗျားအဝတ်က မစွန်းထင်းသေးဘဲနဲ့တော့ အစွန်းချွတ်ဆေးထဲ နှစ်စရာမလိုဘူး မဟုတ်လား’ ဆိုတော့ သူ စိတ်ဆိုးသွားတယ်။ ‘ခင်ဗျားက ရပ်နေတဲ့နာရီကိုပဲ ချေးဆေးတတ်တဲ့လူပဲ၊ ကောင်းနေတဲ့နာရီကို ချေးမဆေးတတ်ဘူးထင်ပါရဲ့’ လို့ ပြောပြီး ပြန်ယူလာတတ်တယ်။ နောက်တစ်ဆိုင် ပြောင်းတယ်။

နောက်တစ်ဆိုင်ကလည်း အဲသလို ပြောတာပါပဲ။ ဒီတော့ သူက ‘ရော... ခက်ပါလား... ခင်ဗျားတို့ နာရီပြင်ဆရာတွေဟာ လက်စသတ်တော့ တစ်ကျောင်းထည်းဆင်းတွေပါလား’ ဆိုပြီး ပြန်ယူလာပြန်ရော။ ဒါပေမဲ့ ချေးဆေးချင်တဲ့စိတ်က မကုန်ဘူး။ ဒီတော့ နောက်တစ်ဆိုင်မှာ ‘စက် ခဏခဏရပ်တယ်ဗျာ၊ ချေးဆေးပေးပါဦး’ လို့ ပြောပြီး အပ်တယ်။ ဒီတော့မှ ‘ထားခဲ့လေ’ တဲ့။ ဒီတော့ သူက နာရီကိုချွတ်ရင်း ‘ခင်ဗျားတို့ နာရီပြင်ဆရာတွေလည်း ရောဂါပဲ’ တဲ့၊ ‘စက်ရပ်မှ ကိုင်ချင်ကြတာကိုး’ လို့လည်း ပြောသေးတာ။

ဒါပေမဲ့ စောစောကပြောသလိုပဲ သူ့လက်ထဲမှာ နာရီက ခဏခဏပျက်တာပဲ ဆိုတော့ သူက နာရီတွေကို အပြစ်မတင်ချင်တော့ဘဲ သူ့လက်ကောက်ဝတ်ကိုပဲ သံသယရှိလာတယ်။

ဘယ်ဘက်က ညာဘက် ပြောင်းပတ်ကြည့်တယ်၊ ပျက်တာပဲ။ နောက် ညာဘက်က ပြန်ပတ်တယ်၊ ပျက်တာပဲ။ လက်ကောက်ဝတ်နဲ့ နာရီရဲ့ သမူဟာမဖြစ်ခြင်းသဘော၊ ဒါမှမဟုတ် ဝိရောဓိဖြစ်ခြင်းသဘောကို သူ ဘယ်လိုမှ စဉ်းစားလို့မရဘူး ဖြစ်နေတယ်။ အခုတော့ Sandoz နာရီလေး ပတ်ဖြစ်နေပြန်တယ်။ သည်နာရီလေးကတော့ မဆိုးပါဘူး။ တော်တော်လည်း ခံတယ် ပြောရမယ်။ တစ်နှစ်နီးပါးရှိပြီ။ ဒါပေမဲ့ ဝတ္တရားမပျက် ချေးတော့ မှန်မှန်ဆေးပေးရတာပေါ့လေ။

နောက်တစ်ခုက ကိုပေတော့မိန်းမမှာလည်း နာရီတစ်လုံးရှိတယ်။ မိန်းမပတ် CQ နာရီလေး။ လေးထောင့် စောင်းသိမ်း(ဆယ်ပြားစေ့) နာရီကလေး။ နာရီဖင်ဘက်မှာ Stainless Steel လို့ ရေးထားပေမယ့် သံချေးတွေတော့ ရှိတယ်။ Water Proof ဆိုပေမယ့် ရေစလေးတွေ မှန်မှာသီးနေတတ်တယ်။ ဒါပေမဲ့ နာရီက စက်တော့ကောင်းသေးတယ်။

ဒါပေမဲ့ သူ့မိန်းမ CQ နဲ့ သူ့ Sandoz ကို တိုက်ကြည့်လိုက်တိုင်း အချိန်က ခုနစ်မိနစ်လောက် ကွာနေတတ်တယ်။ ဒါက အမြဲဖြစ်နေတာ။ သူမှန်တယ် ငါမှန်တယ် အမြဲ ငြင်းနေကျ။ တစ်ခါတော့ မြန်မာ့အသံနဲ့ လင်မယားနှစ်ယောက် အချိန်တိုက်ကြတယ်။ လင်မယားပေမယ့် အလောင်းအစားလေးတော့ ပါတယ်။ များများမဟုတ်ပါဘူး၊ ဆီချက်တစ်လုံးကြေးပါ။ ရှေ့မှာ ရေဒီယိုကြီးဖွင့်ထားပြီး မွန်းတည့် ဆယ့်နှစ်နာရီ ‘ဒေါင်ဒင်ဒေါင်’ ကြီး လာတော့မယ့်အချိန် ဧည့်ခန်းထဲမှာ နှစ်ယောက်သား ငြိမ်ပြီးထိုင်နေကြတယ်။ ကိုပေတောက ရင်တထိတ်ထိတ်နဲ့။

ဆီချက်ဝယ်ကျွေးရမှာကို ကြောက်လို့ မဟုတ်ဘူး၊ သူ ရှုံးမှာ စိုးရိမ်လို့။ သူ့နာရီက မှားနေတယ် ဆိုတာကို မဖြစ်ချင်ဘူး။ သူ့ Sandoz က အဖိုးမတန်ရင်သာရှိမယ်၊ ကမ္ဘာပေါ်မှာ အတိကျဆုံးနာရီ လို့

သူ့ဟာသူ ထင်နေတဲ့ ရောဂါအခံကလည်း ရှိတော့ သူ့နာရီရှုံးတယ် ဆိုတာ မဖြစ်ချင်ဘူး။ ပြီးတော့ သူ့နာရီက… 'ကျွမ်းကျင်တဲ့ ခွဲစိတ်ကု သမားတော်ရဲ့ ဓားသွားကမှ အပိုအလိုရှိလိမ့်ဦးမယ်၊ ကျုပ်နာရီက ကွက်တိပဲ' လို့ အမြဲပြောတတ်တဲ့လူ မဟုတ်လား။

ဒေါင်ဒင်ဒေါင် ကြီးလည်း လာရော သူ ရှုံးတယ်။ သူ့မိန်းမ နာရီကလည်း တိတိကျကျကြီးတော့ မဟုတ်ပါဘူး။ တစ်မိနစ်မရှိတရှိ လိုနေတယ်။ ထားပါတော့၊ အနီးဆုံး မှန်တယ် ပြောပါတော့။

ဒါကိုလည်း ကိုပေတောက မကပ်ပါဘူး။ သူ့မိန်းမနာရီကို အမှန်ပေးလိုက်ပါတယ်။ ဆီချက်တစ်လုံးဖိုးလည်း ပေးလိုက်တာပါပဲ။

ဒါပေမဲ့ သည် ဒေါင်ဒင်ဒေါင် ကိုလည်း သူ မယုံပြန်ဘူး။ သူလည်း နာရီတစ်လုံးပဲ။ သူကလည်း လွဲနေနိုင်တာပဲ လို့ သူ ထင်တယ်။

သူ့မိန်းမက 'ရှင် ရူးနေသလား။ ဒါက စံတော်ချိန် ရှင့်' ဆိုတော့ 'နာရီတွေသာ လူဆိုရင် သူမှန်တယ် ငါမှန်တယ် လို့ ငြင်းခုံကြရင်းက အုပ်စုတွေကွဲပြီး နာရီကမ္ဘာစစ်တောင် ဖြစ်သွားနိုင်တာပါပဲ' တဲ့။ 'သိပ်မထင်ပါနဲ့' တဲ့။

ဒီတော့ သူ့မိန်းမက 'နာရီကမ္ဘာစစ်သာဖြစ်ရင် ရှင့် Sandoz အမျိုးအစား အစုတ်ပလုတ်က စခံရမှာပဲ' တဲ့။ ရှင့် Sandoz က ဘာမှသာ မဟုတ်တယ်၊ လေကျယ်လွန်းလို့' ဆိုတော့ 'တော်စမ်းပါကွာ' တဲ့၊ 'နင်နဲ့ငါနဲ့ သည်နာရီအတွက်နဲ့ လင်မယားကွဲလိမ့်မယ်' တဲ့။

ပြောတုန်းရှိသေးတယ်။ သူတို့ဧည့်ခန်းထဲက တိုင်ကပ်နာရီဟောင်းကြီးဆီက ဆယ့်နှစ်ချက်ထိုးသံ ကြားရတယ်။

ကိုပေတော တော်တော် စိတ်ပျက်သွားတယ်။ သူ့နာရီနဲ့က ဆယ်မိနစ်ကျော်ကျော်တောင် ကွာတယ်၊ ဒေါင်ဒင်ဒေါင်ကြီးနဲ့က ငါးမိနစ်လောက် ကွာနေတယ်။ စိတ်ပျက်ပေမယ့် အဲဒါကိုက သူ့အတွက် ပြောစရာ အခွင့်အရေး မဟုတ်လား။

"ကိုင်း… ငါမပြောဘူးလား။ ဘယ်ဟာမှ ပုံသေမတွက်နဲ့၊ အနီးဆုံးပဲမှန်ကြတယ် ဆိုတာ ယုံပြီလား။ နာရီတွေက သံသယဖြစ်စရာ ကောင်းမလာဘူးလား' တဲ့။

သူ့မိန်းမက သူ့နာရီလေးကို ဖြုတ်ပြီး စားပွဲပေါ်မှာ လှမ်းတင်တယ်။

'ရှင်ဟာလေ… မန်းလေပြလေပဲ။ ကျွန်မကတော့ ရှင့်ကို တုပြောနေမှာမဟုတ်ဘူး။ ဒီမယ်… နာရီတစ်လုံးရဲ့သိက္ခာ ဆိုတာ ရှိတယ် ရှင့်။ နည်းနည်းပါးပါး အချိန် ပိုတာ လိုတာနဲ့ သိပ်မဆိုင်ဘူး။ အဲဒီနာရီနဲ့ နာရီပတ်တဲ့သူရဲ့ အချင်းချင်းယုံကြည်မှုပဲ'
ဆိုတော့ သူ သိပ်နားလည်ပုံမရဘူး။ ဒါပေမဲ့ ကိုပေတော အလျှော့မပေးဘူး။ နာရီနဲ့ပတ်သက်လို့ကတော့ ဘယ်တော့မှ အလျှော့လည်း မပေးချင်ဘူး မဟုတ်လား။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ဒီတော့... ဒီတော့... သူနိုင်ရာနဲ့ ကိုင်တယ်။

'နာရီမှာ သိက္ခာရှိတာမရှိတာ ငါမသိဘူး။ မိနစ်ခြောက်ဆယ် တစ်နာရီ၊ စက္ကန့်ခြောက်ဆယ် တစ်မိနစ် ကတော့ အတူတူပါပဲ' တဲ့။

ကိုင်း... ကောင်းရော။

အဲဒီနေ့ တစ်နေ့လုံး ကိုပေတော သူ့ Sandoz နာရီကို သူ လုံးဝမကျေနပ်ဘူး။ စက်လည်း သွားနေတယ်။ ကောင်းလည်း ကောင်းနေတယ်၊ ဒါဆိုရင် ဘာပဲဖြစ်ဖြစ် အချိန်က မှန်နေရမယ် လို့ သူတွက်တယ်။

စောစောကပြောခဲ့သလိုပဲ သူ့လက်ကောက်ဝတ်တွေကိုပဲ ပိုပြီး သံသယရှိလာတယ်။ နာရီရဲ့ အနေး-အမြန်ဟာ လက်ကောက်ဝတ် သွေးတိုးနှုန်းကြောင့်များလား လို့လည်း စဉ်းစားတယ်။

ဒါကို အသေးစိတ်လေ့လာပြီး 'လက်ကောက်ဝတ်နဲ့ နာရီတို့၏ ဖြစ်တတ် ပျက်တတ်သော သဘောသဘာဝများ သို့မဟုတ် ကာလယန္တရားနှင့် လက်ကောက်ဝတ် သွေးတိုးနှုန်းတို့၏ ဆက်စပ်မှုသီအိုရီ' ဆိုပြီးတောင် သူ သီအိုရီတစ်ခု ထုတ်ချင်လာတဲ့အထိ သံသယရှိတယ်။

အဲဒီညက သူ အိပ်မပျော်ဘူး။ ဆေးပြား တော်တော်များများကို ရေအေးအေးတစ်ခွက်နဲ့ သောက်ပြီးတာတောင် စိတ်က လှုပ်ရှားနေတုန်းပဲ။

အိပ်ရာထဲမှာ အိမ်ရှေ့ခန်းနာရီကြီးက ကြားနေရတဲ့ ညဆယ့်နှစ်နာရီ ထိုးသံ၊ ည တစ်နာရီ ထိုးသံ၊ နှစ်နာရီ ထိုးသံတွေက သူ့ကို ခြောက်လှန့်နေတယ်။ မိုးသာလင်းသွားတော့တယ်၊ သူ့မှာ ချွေးစေးတွေထွက်ပြီး အနေရခက်နေတုန်းပဲ။ သူ့မိန်းမကတော့ အိပ်နေလိုက်တာ သိုးလို့။

သူ ထတယ်။ သူ့မိန်းမချွတ်ထားတဲ့ နာရီကို ယူတယ်၊ သူ့ Sandoz ကိုလည်း ယူတယ်၊ နောက် ဧည့်ခန်းကိုသွားပြီး တိုင်ကပ်နာရီကြီးကို ဖွင့်တယ်၊ လက်တံတွေကို ရွှေ့တယ်။ နာရီသုံးလုံး တစ်ထပ်တည်းကျအောင် ညှိပြီးတော့မှ ပြန်လာတယ်။ ပြန်အိပ်တယ်၊ မျက်လုံးတွေ မှေးစင်းသွားတယ်။ အဲဒီတော့မှ အိပ်ပျော်သွားလိုက်တာ အသေကောင်အတိုင်းပဲ။

* * *

## -၂-

ကိုပေတောမှာ သားတစ်ယောက်ရှိတယ်။ နာမည်က ပေါက်စီ တဲ့။ အိမ်မှာ ကိုပေါက် လို့ ခေါ်တယ်။ သူ့မှာတော့ နာရီမရှိဘူး။ နာရီမရှိလို့လည်း ပူတဲ့ပုံမပေါ်ဘူး။ ဧည့်ခန်းမှာ ရှေး တိုင်ကပ်နာရီကြီးတစ်လုံး ရှိတယ်။ သူ အပြင်ထွက်တိုင်းလည်း ဘယ်သူ့ဆီကမဆို ဘယ်နှနာရီထိုးပြီလဲ လို့ မေးရရင် အချိန်ကိုသိနိုင်တာပဲ မဟုတ်လား။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

ဒါကြောင့် ပေါက်စီအတွက် နာရီဟာ သိပ်အကြောင်းမဟုတ်သလို ဖြစ်နေတယ်။ နာရီမရှိလည်း နေလို့ရသလို ဖြစ်နေတယ်။ ဒါကို ကိုပေတော ဘဝင်မကျဘူး။ လူဟာ နာရီမရှိရင် ဘဝမှာ လူဖြစ်ရှုံးတာပဲ၊ နာရီမရှိတဲ့လူဟာ သေနေတဲ့လူတစ်ယောက်လိုပဲ လို့ သူ ခံယူထားတယ်။

ဒါကြောင့် သူ့သားပေါက်စီကို နာရီတစ်လုံးဝယ်ပေးဖို့ ခဏခဏ ကြိုးစားဖူးတယ်။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ၊ နာရီတစ်လုံးရဲ့ဈေးကလည်း နည်းတာမဟုတ်ဘူး။ လမ်းဘေးက ခြောက်ဆယ်တန် ပလတ်စတစ် ဂဏန်းနာရီတွေလည်း ဝယ်မပေးချင်ဘူး။ နာရီဆိုတာ စက်သွားတွေနဲ့ ခံ့ခံ့ညားညားရှိရမယ် လို့ သူ ခံယူထားတယ်။ နာရီပီပီသသ ဆယ့်နှစ်ကွက်နာရီက ဖျတ်ခနဲ ဖျတ်ခနဲပေါ်တဲ့ အချိန်ပြဂဏန်းတွေကို သူ သိပ်မုန်းတာလည်း ပါတယ်။

တနေ့တော့ သူ့သားပေါက်စီကို မေးတယ်။

“မင်းမှာ နာရီမရှိလို့ ဖြစ်ရဲ့လား... အဖေ ဝယ်ပေးမယ်။ နေဦးကွ... Sandoz လေး တစ်လုံးလောက် ဝယ်ဖို့ အဖေ ချေးငွေတင်ဦးမယ်”
ဆိုတော့ သူ့သားက...
“မလိုပါဘူးအဖေရာ... အိမ်မှာလည်း နာရီတွေရှိသားပဲ။ နာရီမရှိလို့လည်း ဘာမှမဖြစ်ပါဘူး”
လို့ ပြန်ဖြေတာကို သူ ဘဝင်မကျဘူး။

“ကိုင်းကွာ... အိမ်မှာ နာရီတစ်လုံးမှမရှိဘူး ဆိုပါတော့။ မင်း ဘယ်လိုလုပ်မလဲ”
ဆိုတော့...
“ရပါတယ်... ရတာပါပဲ။ သဘာဝတရားဟာ နာရီတစ်လုံးပါပဲ။ တချို့ ကျေးလက်ကအိမ်တွေမှာ နာရီမရှိပါဘူး။ ဒါပေမဲ့ သူတို့အလုပ် သူတို့ လုပ်နေကြတာပဲ” တဲ့။

ကိုပေတော ဘာမှမပြောတော့ဘူး။ ဒီကောင့်ကို ပညာပေးရမယ်လို့ သူ့စိတ်ထဲမှာ တွက်တယ်။ ဒီကောင် သိပ်ကြီးကျယ်တဲ့ကောင်... ကျေးလက် တဲ့၊ သဘာဝတရား တဲ့...

အဲဒီမှာတင် သူ့စီမံကိန်းကို ဆွဲတယ်။ ပထမဆုံး သူ အိမ်ကတိုင်ကပ်နာရီကြီးကို ရပ်သွားဖို့ သူ ကြိုးစားတယ်။ ခက်တာက ကောင်းနေတဲ့ နာရီတစ်လုံးကို ရပ်သွားဖို့ ဆိုတာလည်း တကယ်တော့ မလုပ်တော့ မလုပ်ကောင်းဘူး မဟုတ်လား။ ဒါပေမဲ့ မဖြစ်မနေလုပ်ဖို့ ပိုင်းဖြတ်လိုက်တယ်။

သံပတ်မပေးတော့ဘဲ ထားရင် နာရီကြီး ရပ်သွားမှာပဲ ဆိုတာ သူသိတယ်။ ဒါပေမဲ့ သူ့မိန်းမက သံပတ်ပေးလိုက်ရင် နာရီက သွားနေဦးမှာပဲ။ ဒီတော့ ဒီနာရီ ပျက်ရမှဖြစ်မယ် ဆိုပြီး နာရီထဲက ခွေးသွားစိတ် တစ်ခုကို အားစိုက်ပြီး တွန်းလိုက်တယ်။

ခွေးသွားစိတ်ဘီးတွေဟာ တစ်ဘီးနဲ့တစ်ဘီး ချိတ်မဆွဲနိုင်တော့ဘဲ နာရီကြီး ရပ်သွားတယ်။ သူ ကျေနပ်သွားတယ်။ စီမံကိန်းပြီးလို့ နာရီပြန်ကောင်းချင်ရင် ဆိုင်ပြန်သွား၊ ခွေးသွားစိတ်ချင်း ချိတ်မိအောင် လုပ်ပေးလိုက်ရင် ပြီးတာပဲ လို့ စိတ်ကူးထားတာကိုး။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

နောက်တစ်ခါ သူ့နာရီ Sandoz ကို ကောင်းနေလျက်နဲ့ ဈေးဆေးဖို့ ဆိုင်ပို့လိုက်တယ်။ သူ့မိန်းမနာရီကိုလည်း လူအလစ်မှာ သံပတ်တင်းပြီး ထစ်သွားအောင် တအားဖိလှည့်လိုက်တယ်။

သူ့မိန်းမက ပထမတော့ သံသယရှိပုံရတယ်၊ နောက်တော့ ဆိုင်ပို့တာပါပဲ။ ဆိုလိုတာက နာရီအားလုံးဟာ ရပ်ဆိုင်းသွားတယ်။ သူတို့အိမ်က နာရီသုံးလုံးဟာ လုံးဝ အချိန်မပြနိုင်တော့ဘဲ ရပ်ဆိုင်းသွားတယ်။ ပျက်တာက ပျက်၊ ဆိုင်ရောက်တာက ရောက်။

ပထမဆုံး နေမထိထိုင်မသာ ဖြစ်နေရတာက ကိုပေတော ကိုယ်တိုင်ပဲ။ ဒါပေမဲ့ နာရီမရှိဘဲ နေလို့ရတယ် ဆိုတဲ့ သူ့သားပေါက်စီကို လက်တွေ့က ရတဲ့အသိ သူပေးချင်နေတာကိုး။ သူကိုယ်တိုင် အောင့်အည်း သည်းခံရင်း ပေါက်စီရဲ့ အခြေအနေကို အကဲခတ်တယ်။

ပေါက်စီက ဘာမှမဖြစ်ဘူး။ ကျောင်းသွားစရာရှိတာ သွားတယ်၊ ည ဆယ်နာရီခွဲမှာ အိပ်တယ်။ သုံးရက်လောက်ကြာတော့ သူ ဖွင့်မေးရတော့တယ်။ 'ဘယ့်နှယ်လဲ' ပေါ့၊ 'နာရီမရှိတော့ ဒုက္ခရောက်နေပြီ မဟုတ်လား' ပေါ့။

ပေါက်စီက ခပ်အေးအေးပါပဲ...

"ဟင့်အင်း... ဘာမှမဖြစ်ပါဘူးအဖေရေ... မနက် ခြောက်နာရီ ပဲပြုတ်သည် လာတယ်။ ဒါက ခန့်မှန်းပြောတာ မဟုတ်ဘူး၊ နာရီရှိကတည်းက ပဲပြုတ်သည်လာရင် ခြောက်နာရီပဲ ဆိုတာ ကျွန်တော် သတိထားမိတယ်။ ညနေဘက် ဂန္ဓမာပန်းသည်ရဲ့ 'ဟောဒီက ဂန္ဓမာပန်း၊ မေမြို့ပန်း...' လို့ အော်တဲ့အသံက ညနေ သုံးနာရီမှ လိုရင်ပိုရင် ငါးမိနစ်ပဲ။ အိမ်ဘေးက မြို့ပတ်ရထား ဖြတ်သွားချိန်တွေကို အကြမ်းတွက်ယူရင် ရသေးတယ်။ နောက် ရေဒီယို ဖွင့်ထားရင်လည်း သိနေနိုင်တာပါပဲ။ လိုရင် နည်းနည်းပေါ့ အဖေရ... အပြင်ထွက်သွားလို့ကတော့ ငါးထောင်တန် နာရီကို မေးမလား၊ ကွာ့ဇ်နာရီကို မေးမလား၊ Pilot နာရီမျိုးကို မေးမလား၊ ရွှေသားအစစ် နာရီမျိုး မေးမလား။ တချို့နာရီဆိုရင် ဂရင်းနစ်စံတော်ချိန်တောင် ပါသေးတယ်။ အရှေ့-အနောက်-တောင်-မြောက်တောင် ပါသေး။ သံလိုက်အိမ်မြှောင်လည်း ပါသေး။ ရက်စွဲ-ခုနှစ်-လ-ရက်-တနင်္လာ-အင်္ဂါ တောင်ပါသေး။ ဂဏန်းပေါင်းစက်လည်း ပါသေး။ နှိုးစက်တွေတောင် ပါသေး။ ကိုင်း... အဖေက ဘာလိုချင်သေးတုံး၊ ရလိုက်တာမှ... အဖေ့ Sandoz က အောက်နေသေးတယ်"

ကိုပေတော ဘာမှမပြောနိုင်တော့ဘူး။

ပဲပြုတ်သည်တို့၊ ဂန္ဓမာ ပန်းသည်တို့၊ မြို့ပတ်ရထားတို့၊ ရေဒီယိုတို့ အားလုံးကို ဖြစ်နိုင်ရင် လိုက်တောင်ရိုက်ပစ်ချင်စိတ် ပေါက်သွားတယ်။

သူ့စီမံကိန်းလည်း ပျက်ရော။ နာရီတွေဖျက်မိတာပဲ အဖတ်တင်သွားတာကိုး။

ဒါပေမဲ့ သူ့ရောဂါ စင်မသွားဘူး။ လူမှန်ရင် နာရီတစ်လုံးတော့ ရှိရမယ်၊ အဲဒီနာရီဟာ သူ့ Sandoz နာရီလို အမြဲတမ်း တိကျနေရမယ် ဆိုတဲ့ရောဂါက သေးကျုံ့မသွားဘဲ ကြီးထွားသထက် ကြီးထွားလာတယ်။

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

သူ့သားပေါက်စီ ပြောတဲ့အထဲမှာ 'အဖေ့ Sandoz ကြီးက အောက်နေပြီ' ဆိုတာကို သူ အခံရအခက်ဆုံးပဲ။ သည့်ထက်အခံရခက်သွားတာက နာရီတွေအားလုံး ပြန်ပြင်လိုက်ရတာ တစ်ရာကျော်ကျော် ကျသွားတာပဲ။

* * *

-၃-

ကိုပေတောရဲ့ရောဂါ ရင့်လာတယ် လို့ ပြောရမယ်။

တစ်ရက် သူ ဘတ်စ်ကားနဲ့ မြို့ထဲသွားတယ်။ ဘတ်စ်ကားပေါ်မှာ မိန်းမတစ်ယောက်က ဘယ်သူရယ်ဘယ်ဝါရယ် မဟုတ်ဘူး 'ဘယ်နနာရီများတောင်ထိုးပြီလဲ မသိပါဘူး၊ အချိန်ကလည်း အကုန်မြန်လိုက်တာ မပြောပါနဲ့တော့' လို့ ညည်းတာကို အနားက နာရီပတ်ထားတဲ့ လူတွေက အသိစိတ်နဲ့ ကိုယ့်နာရီကိုယ် ငုံ့ကြည့်ပြီးတော့ ပြောကြတယ်၊ တစ်ပြိုင်နက်လိုလိုပါပဲ။

တစ်ယောက်က ကိုးနာရီ ငါးမိနစ် တဲ့၊ တစ်ယောက်က ကိုးနာရီ ခုနစ်မိနစ် တဲ့၊ တစ်ယောက်က ရှစ်နာရီ ငါးဆယ့်ငါးမိနစ် တဲ့။

ကိုပေတောကလည်း သူ့နာရီကို သူ ငုံ့ကြည့်တယ်။ သူ့နာရီက ကိုးနာရီနဲ့ တစ်မိနစ် တိတိ။ အားလုံးငြိမ်သွားတော့မှ 'ကျုပ်နာရီက ကိုးနာရီ တစ်မိနစ် တိတိ ရှိသွားပြီ၊ ဒါ အမှန်ဆုံးပဲ။ ခင်ဗျားတို့နာရီတွေကို ကျွန်တော်ပြောချင်တာက ဖြစ်နိုင်ရင် ရိုက်ခွဲပစ်လိုက်ကြဖို့ပဲ' လို့ အော်ပြောတော့ ကားပေါ်ကလူတွေဆိုတာ ငြိမ်ကျသွားတယ်။ သူတို့လည်း သနားတဲ့မျက်လုံး၊ ရယ်ချင်တဲ့မျက်လုံးတွေ၊ ဒေါသထွက်တဲ့မျက်လုံးတွေနဲ့ ဝိုင်းကြည့်လိုက်ကြတာ ပြာဖြစ်သွားလောက်တယ်။ အဲဒါက တစ်ခါ။

တစ်ခါက ကိုပေတောအိမ်ကို လေးစားလောက်တဲ့ ဧည့်သည်တစ်ယောက် လာတယ်။ ကိုပေတောက လက်ဖက်ရည်ကလေး၊ မုန့်ကလေးနဲ့ ဧည့်ခံလို့ တော်တော်လေးလည်းကြာရော ဧည့်သည်က သူ့နာရီကို သူ ကြည့်ပြီး 'ပြန်ဦးမှဗျား... ဆယ့်နှစ်နာရီတောင် ခွဲတော့မယ်' ဆိုတော့ ကိုပေတောက 'အတိအကျပြောပါဗျာ' တဲ့။ ဧည့်သည်က ရိုးရိုးမေးတယ် အောက်မေ့ပြီး 'အဲ... နေဦးဗျ... ဆယ့်နှစ်နာရီနဲ့ နှစ်ဆယ့်ရှစ်မိနစ်' ဆိုတော့ ကိုပေတော အားရပါးရရယ်တယ်။ ဧည့်သည်လည်း ကြောင်သွားတယ်။ ဘာပါလိမ့် ပေါ့။

တော်တော်ကြာအောင် ရယ်ပြီးမှ 'နာရီကလည်း စုတ်လှချေလား' ဆိုတော့ ဧည့်သည်က နောက်တယ်ထင်ပြီး 'စုတ်ကာမှစုတ်ရောဗျာ... ကမ္ဘာကျော် ရိုးလက်စ်မှ အစစ်ဗျ။ ဖောရင်းက ပါလာတာ။ အချိန်ကလည်း ကိုက်လိုက်သမှ ကွက်တိပဲ' လို့ ပြောရော ကိုပေတော ဘာမှပြန်မပြောဘူး။ သူ့လက်မှာပတ်ထားတဲ့ နှစ်ရာတန် Sandoz ကို ထိုးပြရင်း လက်တစ်ဖက်က အနားက စာအုပ်ဖိတဲ့ဖန်တုံးကို လှမ်းပေးတယ်။

ဧည့်သည်က 'ဘာလဲဗျ' ဆိုတော့ 'ခွဲသာပစ်လိုက် ဆရာရေ... ခင်ဗျား ရိုးလက်စ်ကို အခိုးထွက်သွားအောင် ခွဲသာပစ်လိုက်တော့' တဲ့။

http://www.mmcybermedia.com

ညော့သည်ခမျာ ပြန်သာသွားရတယ်၊ ကိုပေတောကို ဘယ်လိုနားလည်ရမှန်း သိသွားပုံမရဘူး။

ကိုပေတောမိန်းမနဲ့ သူ့သားပေါက်စီကလည်း ကိုပေတောကိုပဲ အကဲခတ်နေကြတယ်။ ကိုပေတော ပြောပုံဆိုပုံတွေဟာ ပုံမှန်မဟုတ်တော့တာ သတိထားမိကြတယ်။ ကိုပေတောရဲ့ အသားအရေတွေ၊ မျက်လုံးတွေကိုလည်း မကြိုက်ဘူး။

ခုတလော ကိုပေတော မျက်လုံးတွေက စင်းပြီး လည်နေတယ် လို့ ထင်နေကြတယ်။ ကိုပေတောကတော့ ဘယ်သူ့မှ ဂရုစိုက်မနေပါဘူး။ ရုံးကို မနက်ကတည်းက ထွက်သွားလိုက်တာ မိုးချုပ်မှချည်း ပြန်တယ်။

တစ်နေ့ ကိုပေတောမိန်းမက 'ရှင် ဘယ်သွားနေတာလဲ။ အရေးအကြောင်း ဆိုရင် ရှင့် ဘယ်လို လိုက်ရှာရမလဲ' ဆိုတော့ 'အကြောင်းကိစ္စ ရှိရင် ဆူးလေနားက စိန်စက္ကန့် နာရီဆိုင်ကို လာခဲ့' တဲ့။ သူဟာ နာရီတစ်လုံးရဲ့အတွင်းသား တည်ဆောက်ပုံကို သွားလေ့လာနေတာ တစ်လခွဲ ပြည့်တော့မယ် တဲ့။

သူ့မိန်းမက 'ရှင် နာရီပြင်တဲ့ပညာ သွားသင်တာလား' ဆိုတော့ ကိုပေတော တော်တော် ဒေါကန်သွားတယ်။ 'နာရီပြင်တဲ့ပညာ သွားသင်တာ မဟုတ်ဘူး၊ ငါက နာရီပြင်စားမယ့်ကောင်လည်း မဟုတ်ဘူး။ နာရီတစ်လုံးရဲ့ တည်ဆောက်ပုံကိုသာ လေ့လာနေတာ... ငါ့ဟာငါ နာရီတစ်လုံးကို တည်ဆောက်ကြည့်မလို့' ဆိုတော့ ကိုပေတောမိန်းမက 'ငါ့ယောကျ်ားတော့ ပစ်လိုက်ရပြီထင်ပါရဲ့' ဆိုတဲ့ မျက်လုံးတွေနဲ့သာ ကြည့်နေရတော့တယ်။

တစ်ညတော့ မိသားစုအားလုံး ထမင်းစားပြီးတဲ့အချိန် ညော့ခန်းထဲမှာ ဆုံမိကြတယ်။ ကိုပေတောကလည်း သူ့အတွေးနဲ့ သူ၊ ကိုပေတော မိန်းမနဲ့ သားကလည်း သူတို့ကိစ္စနဲ့ သူတို့ ထိုင်နေကြတယ်။

အဲဒီအချိန်မှာ ညော့ခန်းနံရံမှာ ချိတ်ဆွဲထားတဲ့ တိုင်ကပ်နာရီဟောင်းကြီးက တဒင်ဒင်နဲ့ ခုနစ်နာရီထိုးသံ ပေါ်လာတယ်။ နာရီသံ တစ်ချက်ချင်းကို မိသားစု သုံးယောက်သား ပီပီသသကြီး ကြားနေရတယ်။ နာရီသံလည်း ဆုံးရော ကိုပေတောက ခေါင်းကို တွင်တွင်ခါတယ်။ ပြုံးလည်း ပြုံးတယ်။

"ဒီနာရီကြီးဟာ တို့ဘိုးဘွားလက်ထက်က နာရီကြီးပဲ။ ဒါပေမဲ့ ဒီနာရီကြီးက သစ္စာမရှိတော့ဘူး။ အဲဒီတော့ ငါတို့ကလည်း သံယောဇဉ်ထားစရာ မလိုတော့ဘူး။ နာရီတစ်လုံးဟာ အချိန်မမှန်တော့ဘူးဆိုရင်၊ လိမ်ချင်ကောက်ချင်လာပြီဆိုရင် ဘာလုပ်တော့မလဲ။ ဒါ ဘာဖြစ်လို့ ပြောသလဲဆိုတော့ အဖေဟာ နာရီတွေနဲ့ပတ်သက်လို့ အမျိုးမျိုးလေ့လာပြီးပြီ။ နာရီတစ်လုံးရဲ့ အတွင်းသား လျှို့ဝှက်ချက်တွေ၊ တည်ဆောက်ပုံတွေ၊ နာရီသမိုင်းတွေ အားလုံး လေ့လာပြီးပြီ။ မင်းအမေရဲ့ CQ နာရီရော၊ ငါပတ်နေတဲ့ ငါသိပ်အထင်ကြီးနေတဲ့ Sandoz နာရီပါ တကယ်တော့ ညာဝါးနေတဲ့နာရီတွေ ဖြစ်နေတာ တွေ့ရတယ်။ တကယ်တော့ စက်နဲ့လုပ်ထားတဲ့ နာရီအားလုံးဟာ လူတွေကို ညာနေကြတာ သေချာသွားပြီ။

MMCYBERMEDIA COMMUNITY FOR ALL

ဖေဖေ ပြောရဲတာယ်ကွာ… ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နာရီဖြစ်ဖြစ် အလိမ်အညာတွေချည်းပဲ။ ဒါ အဖေရဲ့ လေ့လာမှုအား၊ အဖေရဲ့ ပါရမီ၊ အဖေရဲ့ ထက်မြက်တဲ့ဉာဏ်ပညာနဲ့ အကဲဖြတ်ပြီးမှ ရလာတဲ့ အဖြေပဲ”

ပထမတော့ သားအမိနှစ်ယောက်စလုံးက နာရီနဲ့ပတ်သက်လို့ ကိုပေတော ဘာပြောပြော စကားနည်းရန်စဲ နေနေကျထုံးစံအတိုင်း နားထောင်ရုံသက်သက်ပဲ နေခဲ့ကြတာပါပဲ။

ဒါပေမဲ့ ကိုပေတောရဲ့စကားတွေက ပုံမှန်မဟုတ်တော့ဘူး ဆိုတာ သိလာတော့ ပေါက်စီက စောဒကတက်တယ်။

“ကမ္ဘာပေါ်မှာ အင်မတန်ထင်ရှားတဲ့ နာရီကြီးတွေ ရှိတယ် အဖေရဲ့… ပြင်သစ်နိုင်ငံ ခရပ်ဇ်မြို့က နာရီကြီးက အချိန်တွင်သာ မကာဘူး နေကြတ်၊ လကြတ်မယ့် ကာလတွေကိုတောင် ပြနိုင်တယ်။ လန်ဒန်မြို့က ဘစ်ဘင်း…”

“တော်ပြီ ငါ့သား… မင်းမပြောနဲ့… ငါပြောမယ်… အဲဒီ ဘစ်ဘင်းနာရီကြီးဟာ အချင်း သုံးဆယ့်နှစ်ပေတောင် ရှိတယ်။ ချိန်သီးရဲ့အလေးချိန်က ပေါင် လေးရာ့ငါးဆယ်လောက် လေးတယ်။ နယူးယောက်မှာရှိတဲ့ ကိုးလ်ဂိတ် နာရီကြီး ဆိုရင် သူ့ထက်နှစ်ဆကြီးတယ်။ ဒီနာရီကြီးရဲ့ မိနစ်တံက ဆိုရင် သုံးဆယ့်ခုနစ်ပေတောင် ရှည်တယ်။ အင်မတန်တိကျတဲ့နာရီကြီးတွေ လို့ တစ်ကမ္ဘာလုံးက လက်ခံထားကြတယ်။ ဒါပေမဲ့ ငါ့သား… ဒီကနေ့ ငါပြောမယ်… အဲဒီနာရီတွေဟာလည်း လိမ်ညာနေတာပဲ”

ကိုပေတောက သူ့သားအစဖော်ပေးတာကို သူက ချက်ကျလက်ကျ ပြန်ချေပနိုင်တယ် ဆိုပြီး မျက်နှာကြီးကို ပင့်ထားတယ်။ ကိုပေတောမိန်းမကတော့ မျက်စောင်းတစ်ချက် ထိုးတဲ့ပြီး လက်ဖက်ခွက်ထဲက လက်ဖက်တစ်ဖတ်ကို နှိုက်ပြီး မြုံ့နေလိုက်တယ်။

“ကိုင်း… နာရီတွေအကြောင်း အဖေပြောမယ်။ မင်းတို့ သည်းတော့ခံကြ။ နာရီတွေရဲ့ ဆင့်ကဲဖြစ်စဉ်နဲ့ နာရီတွေရဲ့သမိုင်းကို ငါပြောမယ်။ ပညာရှိတွေဟာလည်း နည်းနည်းတော့ ကြောင်တယ် ဆိုတာလည်း မင်းတို့ ကြားဖူးမှာပေါ့။

အဟမ်း… ဒီလိုကွ… ကမ္ဘာဦးတုန်းက ကျောက်ခေတ်လူသားတွေဟာ နေကို နာရီ လို့ သတ်မှတ်တယ်။ သူတို့က သူတို့နေတဲ့ဂူရဲ့ အမိုးအက်ကြောင်းတွေထဲက ကျလာတဲ့ နေရောင်ခြည်ကို မှတ်ကြတာ။ ရွှံ့တွေကိုလုံးပြီး နေရောင်ခြည်ကျတဲ့နေရာတွေကို လိုက်ကပ်ကြတယ်။ အမဲလိုက်ရမယ့်အချိန် စသဖြင့်ပေါ့။ ဒါပေမဲ့ နေသွားရာလမ်းကြောင်းက မှန်တာမဟုတ်ဘူး။ နေရောင်ခြည်ဆိုတာကလည်း အမြဲရှိနေတာ မဟုတ်ဘူး။ ကမ္ဘာဦးက ရာသီဥတုကလည်း မှန်တာမဟုတ်ဘူး။ နှင်းမှန်တိုင်းတွေ၊ မိုးမုန်တိုင်းတွေ လနဲ့ချီပြီး ကြာတတ်တယ်။ ဒီတော့ နေဟာ နာရီဟုတ်နိုင်ပါ့မလား။ ဒါက တစ်ချက်…”

ကိုပေတောက သူ့မိန်းမနဲ့ သားကို ကြည့်တယ်။ ငြိမ်နေမှန်း သိတော့ ဆက်ပြောတယ်။

“နောက်တစ်ဆင့်က နေဟာ နေရာရွှေ့တတ်တယ်။ နောက်တော့ နေဟာ လမ်းကြောင်းနဲ့ သွားတတ်တယ် ဆိုတာ လူတွေသိလာတာပဲ။ ဒါကြောင့် နေကိုမကြည့်တော့ဘဲ အရိပ်ကိုကြည့်တဲ့စနစ်ကို

MMCYBERMEDIA
COMMUNITY FOR ALL

တီထွင်တယ်။ နေနာရီ ဆိုတာလေ ... တုတ်တစ်ချောင်းကိုစိုက်ပြီး ကျောက်ခဲတွေနဲ့ မှတ်တဲ့ စနစ်ပေါ့။ တိုင်ပတ်လည်က အရိပ်တွေကို အသေမှတ်ပြီး အချိန်ကို ခန့်မှန်းယူကြတယ်။ အဲဒါ ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ခုနစ်ရာ ကတည်းက ဖြစ်နေတဲ့စနစ်ပဲ။ ဒါပေမဲ့ ဒါလည်း မမှန်ပါဘူး။ ရေပြင်ပေါ်မှာ ဘယ်လို ခဲလုံးမျှမှတ်နိုင်မလဲ။ နေထွက်တာ နေဝင်တာ ဟာလည်း မှန်တာမဟုတ်တော့ အရိပ်ဟာလည်း ဘယ်မှန်နိုင်ပါ့မလဲ"

ကိုပေတောက ရေနွေးတစ်ခွက် ငှဲ့သောက်တယ်။ ကိုပေတော မိန်းမက လက်ဖက်မြုံ့နေတုန်းပဲ။ ပေါက်စီကတော့ ဝါးခနဲတစ်ချက်သမ်းတယ်။ သူ့ဇက်ပိုးကိုသူ ရိုက်တယ်။

"ဘီစီ ၃၀၀ လောက်မှာတော့ ဗက်ဘီလုံးမြို့က ကဗာရောဆပ်ဆိုတဲ့ပုဂ္ဂိုလ်က သတ္တုလုံးခြမ်းနာရီကို ထွင်တယ်။ အခေါင်းပါတဲ့ သတ္တုခွက်ပေါ်မှာ မှတ်သားထားတဲ့ မျဉ်းကြောင်းတွေကတစ်ဆင့် ဖတ်တဲ့နည်းပဲ။ ဒါကလည်း မမှန်နိုင်ပါဘူးကွာ။ နေဟာ ကောင်းကင်မှာ ဆောင်းဆိုရင် ဆယ်နာရီလောက်ပဲကြာပြီး နွေဆိုရင် ဆယ့်လေးနာရီတောင် ကြာတတ်တာ သူတို့မသိဘူးလား။ သိပ်ညံ့ဖျင်းတဲ့ကောင်တွေ... ထားပါတော့... အဲဒီနည်းလည်း မစွံဘူး။ ဒါပေမဲ့ အလယ်ခေတ်တစ်လျှောက်လုံး နေနာရီကို ဆင့်ပွားယူတဲ့စနစ်တွေ တီထွင်ရင်းနဲ့ပဲ ပြီးရတာပါပဲ"

သည်တစ်ခါတော့ လက်ဖက်ဝါးရင်းကပဲ ကိုပေတောမိန်းမက သမ်းပြန်ရော။ ကိုပေတောက သူ့ကို ထောက်ခံတယ်ထင်လို့လား မသိဘူး၊ ပိုတောင်ကျယ်လာသေးတယ်။

"နောက် ရေနာရီ... ကြားဖူးမှာပေါ့... ကြေးဖလားကို ဂေါ်ရီအရွယ်အပျိုဆံပင် ဆယ့်ခြောက်ချောင်း ဝင်ရုံ အပေါက်ဖောက်၊ ရေထည့်ပြီး ရေကုန်ရင် တစ်မောင်းမှတ်တယ် ဆိုတာလေ။ အေး... သူတို့ဆီမှာလည်း အဲသလိုပဲ။ မြေအိုးဖင် အပေါက်ဖောက်ပြီး ရေတစ်စက်ချင်း ကျတာကို မှတ်တယ်။ ဒါပေမဲ့ မြေအိုးဆိုတော့ ရေကိုမမြင်နိုင်ဘူးလေ။ ဒီတော့ ဖန်အိုးကိုထွင်တယ်။ ဖန်အိုးကလည်း ရေများများရှိနေရင် ခပ်မြန်မြန်ကျပြီး ရေနည်းသွားတော့ ရေကျနှေးသွားပြန်ရော။ နောက် အပေါက်ဆို့သွားတာ တို့၊ အပေါက်ကျယ်သွားတာ တို့၊ ရေ ခဲသွားတာ တို့ ရှိသေးတယ်။ အဲဒီနည်းကလည်း မဟုတ်လှပါဘူးကွာ"

ဒီတစ်ခါတော့ ကိုပေတောကိုယ်တိုင် လက်ဖက်နည်းနည်း မြုံ့တယ်။

ပေါက်စီက စားပွဲပေါ်ကမဂ္ဂဇင်းတစ်အုပ် လှမ်းဆွဲပြီး ကိုပေတောမိန်းမကတော့ ဆက်တီနောက်မှီကို ခေါင်းကပ်ပြီး မှေ့ထားတယ်။ ဘာတွေစဉ်းစားနေတာလဲတော့ မသိဘူး။

"တစ်ခါ... သဲနာရီ ပေါ်လာပြန်ရော။ ဖန်ပွှန်ထုလုံးရှည်တစ်ခုကို ခါးသိမ်သွားအောင်ညှစ်ထားတဲ့ ကိရိယာလေးပါပဲ။ အထဲမှာ အင်မတန်နူးညံ့တဲ့ သဲ ထည့်ထားတယ်။ အပေါ်ကသဲ အောက်အကုန်ကျသွားရင် တစ်နာရီပဲ၊ နောက် ပြောင်းပြန်လှန်... အောင်မယ်... သဲနာရီက အခုထိ အနောက်နိုင်ငံလွှတ်တော်တွေမှာ သုံးတုန်းနော်။ ဒါပေမဲ့ သဲနာရီတွေဟာ တစ်ခုနဲ့တစ်ခု မတူကြပြန်ဘူး။ ဘယ့်နယ်လုပ်မလဲ... သဲနာရီတစ်လုံးကို သွားလေရာ ဘယ်လိုယူသွားမလဲ။ နောက် ဖယောင်းတိုင်ကို

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

အရာမှတ်မှတ်ပြီး မီးထွန်းတာတို့ ဘာတို့လည်း ရှိသေးတယ်။ ထားပါတော့ကွာ... အဲဒါတွေအားလုံးရဲ့ အဖြေဟာ မတိကျမရေရာဘူး ဆိုတာပဲ"

သည်မှာတင် ကိုပေတောမိန်းမက ဆတ်ခနဲ ခေါင်းမတ်လိုက်တယ်။ ဒေါသတွေလည်း ထွက်နေတယ်။ မျက်လုံးတွေလည်း ပြူးထားသေးတယ်။

"ဒီမယ်... ရှင် ပြောကောင်းတိုင်း ပြောမနေနဲ့။ ရှင့် နာရီကိစ္စချည်း လူတိုင်းခေါင်းထဲမှာရှိနေတာ မဟုတ်ဘူး။ မနက် ဘာချက်ရမလဲ စဉ်းစားနေတာ၊ ရှင် နည်းနည်းမှမသိတတ်ဘူး"

ဒါပေမဲ့ ကိုပေတောက သူ့ မပြောသလိုပဲ။
ဘာကိုမှ ဂရုမစိုက်တဲ့ပုံပဲ။ စာသင်ခန်းထဲက ပါမောက္ခတစ်ယောက်ရဲ့ လေနဲ့ ဆက်ပြောတယ်။

"ခရစ်ယာန်ဘုရားကျောင်းကြီးတွေမှာ ခေါင်းလောင်းတီးတဲ့ စက်တွေ၊ နောက် ပါရီက အန်းရီဒါဗစ်ရဲ့ နန်းတွင်းနာရီကြီးတွေဟာ ကနေ့နာရီတွေရဲ့ ဖခင် လို့ ဆိုရမယ်။ အဲဒီမှာ ဂလီလီယို ဆိုတဲ့ ငနဲတစ်ကောင်က လေတိုက်လို့ လွှဲနေတဲ့မီးအိမ်ကြီးကို ကြည့်ရင်း ချိန်သီးရဲ့သဘောကို တွေ့သွားပြန်တယ်။ လွှဲကျယ် ကျယ်သွားရင် ပိုမြန်တာ၊ လွှဲကျယ် ကျဉ်းရင် ပိုနှေးတာ သတိထားမိသွားကြတယ်။ အဲဒီ ချိန်သီးစနစ်နဲ့ လူတွေကို သွေးတိုးနှုန်းတိုင်းဖို့ ဆရာဝန်တွေကို သူ ပြောခဲ့တာပေါ့။ နာရီတော့ ဖြစ်မလာသေးဘူးပေါ့လေ။ နောက်တော့ ဒတ်ချ်လူမျိုး ဝိုင်းဂင်က နာရီတစ်လုံးကို လုပ်တယ်"

ကိုပေတောမိန်းမက ထိုင်ရာက ထတယ်။ အိပ်ခန်းဘက် ဝင်သွားတယ်။
ပေါက်စီက မဂ္ဂဇင်းကိုပစ်ချရင်း တစ်ခါ သမ်းပြန်ရော။ သူလည်း ထမယ် လုပ်တော့ ကိုပေတောက ဒေါကန်သွားတယ်။

"အေး... အဲဒါ ခက်တာပေါ့... ငါ အခုပြောနေတာ ဖြစ်စဉ်ပဲရှိသေးတာကွ၊ အနှစ်သာရ မပါသေးဘူး။ ငါ့ရဲ့တွေ့ရှိချက်ကို ငါ မပြောရသေးဘူး။ ငါ တစ်သက်လုံး လျှို့ဝှက်ထားဖို့ စဉ်းစားထားတဲ့ တစ်ချက် ရှိတယ်။ ဒါပေမဲ့ မနက်လင်းရင် ငါ ပြောတော့မှာပါ။ နေဦး... အခုနစကား ဆက်ရဦးမယ်။ ဒီလိုကွာ... နာရီနဲ့ပတ်သက်လို့ ကျေးဇူးတင်ရမယ့်လူတွေ ရှိတယ်။ ဂျက်ကော့ဖေး တို့၊ ဂရူးအီး တို့၊ နစ်ကိုဖတ်ဒရူး တို့... ဒါပေမဲ့ကွာ... သူတို့နာရီတွေကလည်း ခပ်ညံ့ညံ့တွေ ဖြစ်နေတယ်။ နောက်ပိုင်းပေါ်တဲ့ လျှပ်စစ်နာရီတို့၊ ကွာ့ဇ်တို့၊ ခရစ်စတယ်လ်တို့၊ ပိုင်ဇိုအီလက်ထရစ်တို့၊ ကွန်ပျူတာရိုက်စ်တို့ဟာ တော်တော်ကို မှန်တယ် လို့လည်း ပြောကြတယ်။ နှစ်ပေါင်းသုံးထောင်မှာဖြစ်ဖြစ်၊ နှစ်ပေါင်းတစ်သောင်းမှာဖြစ်ဖြစ်၊ နာရီတစ်လုံးရဲ့ တာဝန်ဟာ အချိန်ပြရုံသက်သက်ပဲ ဆိုရင် ဘာလုပ်ရမှာလဲ။ တစ်စက္ကန့်မှ နောက်မကျဘူးဆိုရင်လည်း ဘာလုပ်ရမှာလဲ။ ဒါပေမဲ့ ဒါဟာ လူတွေရဲ့အထင်ပါ။ တကယ်က နာရီတွေအားလုံးဟာ မှားနေတယ်။

အဖေပြောခဲ့တာအားလုံး ကို ပြန်ချုပ်ရင် ကမ္ဘာဦးကနေ ကနေ့အထိ ပေါ်ခဲ့တဲ့ နာရီစနစ်တွေဟာ မှားနေတယ်။ နာရီအချိန်တွေကလည်း လွဲနေတယ်။ ဖြစ်နိုင်ရင် တစ်ကမ္ဘာလုံးက နာရီတွေအားလုံးကို ရိုက်ခွဲဖျက်ဆီးပစ်ရမယ်။ တစ်ကမ္ဘာလုံး ဘယ်နေရာမှာဖြစ်ဖြစ် နာရီတစ်လုံးမှကို မရှိတော့ဘူး ဆိုတာ သေချာပြီ ဆိုတော့မှ အဖေ့ရဲ့ နာရီကို ထုတ်ပြချင်တယ်။ အင်မတန်ထူးဆန်းတဲ့ နာရီတစ်လုံး အဖေ့မှာ ရှိနေပြီ။ မနက်မိုးလင်းရင် အဖေ ပြတော့မယ်။ ကိုင်း... အိပ်တော့ ငါ့သား..."

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

အခုမှ ပေါက်စီလည်း စိတ်လွတ်လက်လွတ် ဖြစ်သွားရတော့တယ်။

ကိုပေတော ‌ အိပ်ခန်းထဲဝင်သွားတော့ ကိုပေတောမိန်းမက အိပ်နေလိုက်တာ အိပ်မက်တောင် မက်နေလောက်ပြီ။

* * *

-၄-

မနက် မိုးလင်းလို့ အားလုံး အိပ်ရာကနိုးတော့ ဧည့်ခန်းထဲက တိုင်ကပ်နာရီကြီးဟာ ကွဲနေတယ်။ လက်တံတွေ လိမ်ကောက်နေတယ်။ မှန်စတွေဟာလည်း ကွဲကြေပြန့်ကျဲနေတယ်။ ဖိနပ်ချွတ်အုတ်ခုံပေါ်မှာ ကိုပေတောရဲ့ Sandoz နာရီရော၊ သူ့မိန်းမရဲ့နာရီရော တူနဲ့ထုထားသလို ပြားကပ် ကြေမွနေတယ်။

ကိုပေတောကတော့ ဧည့်ခန်းထဲမှာ မျက်လုံးပြူးကြီးနဲ့ ထိုင်နေတယ်။ မျက်လုံးသူငယ်အိမ်တွေက လည်နေတယ်။ မျက်နှာက ဖြူးယောင်သန်းနေတယ်။ ပါးစပ်က တတွတ်တွတ်နဲ့ ရွတ်နေတယ်။ နဖူးမှာ ချွေးတွေလည်း သီးထနေတယ်။

ကိုပေတောမိန်းမရော ပေါက်စီပါ နိုးတဲ့အချိန်မှာ အားလုံးဟာ နောက်ကျသွားပြီ။ သားအမိနှစ်ယောက်ဟာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး သဘောပေါက်သွားကြသလို သက်ပြင်းတွေချလိုက်ကြတယ်။ ဧည့်ခန်းထဲကို သားအမိနှစ်ယောက် ဝင်လာတာတွေ့တော့ ကိုပေတောမျက်နှာ တည်သွားတယ်။

"ကိုင်း... လာကြ... ကနေ့တော့ ငါ အစောကြီးနိုးနေတာ။ ညကငါပေးတဲ့ ကတိအတိုင်း ငါ့ရဲ့နာရီကို ပြမလို့ပဲ။ အင်မတန် ထူးဆန်းတဲ့ နာရီတစ်လုံး ငါ ရထားပြီ။ မကြာခင်မှာ ဒီနာရီရဲ့အာနိသင်ကို ငါပြောတော့မယ်"

ကိုပေတော တစ်လုံးချင်းပြောနေတာကို သားအမိနှစ်ယောက်က ငြိမ်ပြီးနားထောင်နေရတယ်။ သည်အချိန်ဟာ ကိုပေတောပြမယ့်နာရီ ဆိုတာထက် ကိုပေတောကို ဘာလုပ်ရမလဲ ဆိုတာပဲ သူတို့ စဉ်းစားနေရတော့တယ်။ ပေါက်စီက သူ့အမေကိုကြည့်လိုက်တော့ သူ့အမေက ခေါင်းညိတ်ပြတယ်၊ သွားပြီ ဆိုတဲ့သဘောပေါ့။

"ကိုင်း... ဒီမယ် ကြည့်..."

ကိုပေတောက အင်္ကျီကိုချွတ်လိုက်တယ်။ ချက်အပေါ် လက်လေးလုံးလောက် ဗိုက်တည့်တည့်က မွေးရာပါမှဲ့ကြီးတစ်လုံးကလွဲရင် ဘာမှမရှိဘူး။

"ဟောဒီမှာ... ငါ့ရင်ဘတ်မှာ နာရီတစ်လုံး မြင်ရဲ့လား။ ငါ့ရဲ့ နို့သီးခေါင်းနှစ်ခုကြားမှ လက်တံတွေ တွေ့ရဲ့လား။ လည်စလုတ်အောက်က ချိုင့်ကလေးက ဆယ့်နှစ်နာရီ နေရာ၊ ဘယ်ဘက်နို့သီးခေါင်းက

http://www.mmcybermedia.com

MMCYBERMEDIA
COMMUNITY FOR ALL

သုံးနာရီ နေရာ၊ ညာဘက်နို့သီးခေါင်းက ကိုးနာရီ နေရာ၊ ပေါင်အိမ့်ကြီးက ခြောက်နာရီ နေရာ။ ဒီနာရီ ငါ့မှာပေါ်လာတာ တစ်ပတ်လောက် ရှိသွားပြီ။ ငါလည်း စမ်းပြီးပြီ။ လက်တံတွေ နောက်ပြန်လှည့်ကြည့်တော့ ငါ့ဆံပင်တွေ ပြန်နက်ကုန်တယ်၊ ရှေ့ကိုလှည့်ကြည့်တော့ ဆံပင်တွေ တစ်ခေါင်းလုံး ဖြူဆွတ်သွားတယ်။ ဘဝကိုပါ Rewind လုပ်နိုင်တဲ့ နာရီပဲ။ ဒါကြောင့် ဒီမနက်မှာ လိုအပ်စွာပဲ ငါ့နာရီရဲ့ လက်တံတွေကို ချိုးပစ်လိုက်ရတယ်။ ဒီနာရီက အင်မတန်တိကျတဲ့ အချိန်ကို ပြရုံတင် မကဘူး၊ နာရီပိုင်ရှင်ဖြစ်တဲ့ ငါ့ကိုပါ ငယ်စေနိုင်-ကြီးစေနိုင်တယ်။ ဒီအတိုင်းလည်း ရပ်ထားနိုင်တယ်။ ဆိုလိုတာက နာရီလက်တံတွေ နောက်ကို ခပ်များများ လှည့်ပေးရင် ငါ ငယ်သွားမယ်၊ ရှေ့ကို များများလှည့်လိုက်ရင် ငါ အိုသွားမယ်၊ ဒါပဲ”

“ဒါပေမဲ့ ငါ အခုအခြေအနေကို အကြိုက်ဆုံးပဲ။ အခုအချိန်ဟာ ငါ့အတွက် အကောင်းဆုံးအချိန်ပဲ၊ ငါ့အတွက် အရင့်ကျက်ဆုံး အချိန်ပဲ။ ဒီအချိန်ကို ငါ အမိအရ ဖမ်းထားလိုက်တယ်။ ဆိုလိုတာက ငါ့နာရီစက်တွေကို ငါ ဒီမနက်ပဲ ရပ်ပစ်လိုက်ပြီ။ ဒါကြောင့် ငါဟာ ဒီအတိုင်းပဲ တည်ရှိနေတော့မယ်။ မင်းတို့သားအမိကတော့ ကံကုန်နေ့စေ့တဲ့အထိ တဖြည်းဖြည်း ကြီးရင့်ရင်း သေသွားကြသည့်တိုင် ငါဟာ ဒီအတိုင်း ကျန်ရစ်ခဲ့လိမ့်မယ်။

ငါဟာ နှစ်သန်းပေါင်းများစွာ ဒီအတိုင်းကျန်ရစ်ခဲ့လိမ့်မယ်။ အရိမေတ္တေယျမြတ်စွာဘုရားကို ငါ စောင့်ဖူးမယ်။ ငါဟာ အခုအခြေအနေက တစ်ရွေးသားမှ အပွန်းအရှ မခံနိုင်ဘူး။ ဒါကြောင့် ငါ့နာရီစက်တွေကို ငါ ဒီမနက်ပဲ ရပ်ပစ်လိုက်တာပဲ။ တစ်ကိုယ်ကောင်းဆန်တယ် မထင်နဲ့၊ ဒါဟာ ပါရမီကဖြစ်လာတဲ့ အသီးအပွင့်ပဲ။ ဒါကို ငါ ခူးဆွတ်ခံစားတာပဲ ဖြစ်တယ်။

အဖေ့ကို ခွင့်လွှတ်ကြပါ။ ငါ ဒီအခြေအနေအတိုင်းပဲ ငါ နေခဲ့ပါရစေတော့။ ငါဟာ အရင်က နာရီတစ်လုံးဟာ အချိန်မှန်ဖို့ပဲ လိုတယ်လို့ ခပ်တိမ်တိမ် တွေးမိတယ်၊ လူတွေဟာ နာရီမရှိရင်လည်း မရနိုင်ဘူးလို့ပဲ ထင်ခဲ့တယ်၊ လက်ကောက်ဝတ်သွေးကြောတွေကို ငါ အထင်လွဲခဲ့ဖူးတယ်။ အခုတော့ ငါ့ဟာငါ ပြန်ရှက်နေတယ်။ ငါ တစ်ခုပဲဝမ်းနည်းတာက လွဲမှားနေတဲ့ နာရီတွေနဲ့ ကမ္ဘာကြီးဟာ ယောင်တိယောင်န ခရီးသွားနေတာကိုပဲ…”

အဲဒီအချိန်မှာပဲ ကိုပေတောမိန်းမက အိမ်ဘေးက ယောက်ျားကြီး လေးငါးယောက်ကို သွားခေါ်တယ်။ ပေါက်စီက ပေါ်တာကက်တစ်စီး သွားငှားတယ်။ ကိုပေတောကို ချော့ပြီး ကားပေါ်တင်တယ်။ ကိုပေတောကလည်း ငြိမ်ငြိမ်ကလေး ထိုင်လိုက်တာပါပဲ။

ကိုပေတောမိန်းမက ကားထွက်ခါနီးမှ အိမ်တံခါး ပြန်ဖွင့်တယ်၊ အိမ်ထဲ ပြန်ဝင်တယ်။ တော်တော်ကြာမှ စာအုပ်တွေ၊ စာရွက်စာတမ်းတွေနဲ့ ပြန်ထွက်လာတယ်။ နောက် သူ့သားကို လှမ်းပြောတယ်။

“တော်သေးတယ်… သတိရလို့၊ မင်းအဖေ အရင်တစ်ခါ Shock ရိုက်ဖူးတဲ့ လူနာမှတ်တမ်းဟောင်းတွေ မေ့ကျန်ရစ်ခဲ့တော့မလို့” တဲ့။

ကားထွက်လာတော့ ပေါ်တာကက်ကားရဲ့ အရိပ်ဟာ နေနာရီနဲ့သာဆိုရင် ရှစ်နာရီသာသာလောက် ရှိပြီ ဆိုတာကို ပြနေတယ်။

(စံပယ်ဖြူမဂ္ဂဇင်း၊ အမှတ် ၆၃၊ ၁၉၉၁ ခုနှစ် - ဧပြီလ)

http://www.mmcybermedia.com